" သံဃာငါးပါးနှင့် ဆောင်ရမည့်ကံကို တပည့်တော်ဆန္ဒကတော့ သံဃာနှစ်ဆယ်ပါးနှင့် ကံဆောင်စေချင်တယ်၊ သံဃာ နှစ်ဆယ်နှင့် ကံဆောင်ရမည့် အဗ္ဘာန်ကံကို သံဃာလေးဆယ် မရှိတောင်မှ သုံးဆယ်တော့ ရှိစေချင်ပါတယ်။ ဘာ့ကြောင့် ခုလိုသံဃာ အပိုဆောင်ရတာလဲဆိုရင် ဒီသံဃာ့ပရိသတ်ထဲ ပါရာဇိကကျပြီးသား ရဟန်း ဘယ်နှစ်ပါး ပါမယ်မှန်းမှ မသိတာ၊ ပါရာဇိက ဒုတိယအာပတ်က ခက်သား၊ သင့်လို့သင့်မှန်းသိ သင့်နေတတ်တယ်။ တော်တော်လေးသိမ်မွေ့တယ်၊ ဒါကြောင့် အရေးကြီးတဲ့ သံဃာ့ကံမျိုးမှာက အပိုဘက်က ယူထားတာ ကောင်းပါတယ် "

---

" အခုကာလမှာက ငွေမစွန့်ဘဲ ဒေသနာကြားကြတယ်၊ သိမ်ထဲဝင် ဥပုသ် ပြုကြတယ်၊ အာပတ်မစင်ကြယ်ဘဲနှင့် စင်ကြယ်တယ်လို့ ဝန်ခံပြီး ဘုရားကို လိမ်နေကြတယ်၊ ဒီတော့ ဥပုသ်မပြုတော့လည်း ဒုက္ကဋ် အာပတ်၊ အာပတ်တန်းလန်းရှိတဲ့ ပုဂ္ဂိုလ်တွေနှင့် ဥပုသ်ပြုလည်း ဒုက္ကဋ်ပဲလေ၊ ဒါကြောင့် သံဃာ့ဥပုသ် မပြုဖြစ်တော့ဘူး "

---

" ရဟန်းတစ်ပါးက မိမိကို သင်္ကန်းလှူဒါန်းလာတယ်၊ ဒါကိုလည်း မိမိကိုယ်တိုင် သုံးမယ်လို့ စိတ်ဆုံးဖြတ်ရင် ရူတင်ပျက်သလားဆိုရင် မပျက်ပါဘုရား၊ ဘာကြောင့်လဲဆိုရင် ဂဟပတိဒါနစီဝရလို့ စာကဆိုတဲ့အတွက် လှူဒါယကာရဲ့ သင်္ကန်းမဟုတ်လို့ ရူတင်မပျက်တာပါဘုရား "

---

" တပည့်တော်က စက်နှင့်ချုပ်တဲ့ သင်္ကန်းကို တောင်မှ သံသယဖြစ်လို့ မအပ်ဘူးထင်ပြီး အရင်က လက်နှင့် ချုပ်ခဲ့ဖူးတာပါဘုရား၊ အခုတော့ အများကလည်း သင်္ကန်းလို့ သတ်မှတ်ထားပြီးပြီ၊ စာနှင့်လည်း ညီညွတ်နေပြီဆိုရင်တော့ ကိစ္စနည်းအောင် နေတာပဲ ကောင်းပါတယ်ဘုရား "

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး

ရန်ကင်းတောင် နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာ ကျင့်သီလ ✻ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

ရန်ကင်းတောင်စာစဉ်(၃၅)

# နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာ ကျင့်သီလ

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

# နဘူးကျောင်းဆရာတော်ကြီး၏
# စံနမူနာယူစရာ ကျင့်သီလ

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်
Email : ven.khemananda.brahmana@gmail.com
Website : dhammatrainingcenter.com

## ရန်ကင်းတောင်စာစဉ်အမှတ် (၃၅)

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက် (၀၀၂၉၆)
အမှတ် (၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း– ၀၁–၅၅၄၄၇၄

ထုတ်ဝေသူ – ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃)

ဖြန့်ချိရေး – **ရန်ကင်းတောင်စာစဉ်**

**နေပြည်တော်**

ဖုန်း ၀၉–၄၃၀ ၇၅၇၀၄၊ ၀၉–၄၂၀ ၇၁၂၇၅၈၊
၀၉–၈၃၀ ၄၄၄၆၊ ၀၉–၇၉၇ ၃၀၃၀၂၁

**ရန်ကုန်**

ဖုန်း ၀၉ ၇၃၀ ၉၃၃၅၅၊ ၀၁ ၆၄၅ ၈၉၄၊ ၀၉ ၅၁၄ ၈၄၇၈

**သစ္စာမဏ္ဍိုင်ပိဋကစာပေ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)**

ဖုန်း ၀၉–၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉


အုပ်ရေ – ၃၀၀၀ အုပ်

တန်ဖိုး – ၁၈၀၀ ကျပ်

ထုတ်ဝေခြင်း – ပထမအကြိမ် (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ)

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)**

| |
|---|
| ၂၉၄ ·၃ |
| အရှင်ခေမာနန္ဒ(ရန်ကင်းတောရ) သပြေပင်။ |
| နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာ ကျင့်သီလ |
| ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၁၇။ ၃၂၀ စာ၊ ၁၃ ·၉၇ x ၂၀ ·၃၂ စင်တီ။ |
| (၁) နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာ ကျင့်သီလ |



ကျေးရှူးရှင် နဘူးကျောင်းတောရဆရာတော်ကြီး

(မြန်မာ ၁၂၈၃ - ၁၃၆၆) (ခရစ် ၁၉၂၁ - ၂၀၀၄)

" ငွေမကိုင်ရင် ငွေမကိုင်တဲ့ အဝန်းအဝိုင်းမှာပဲနေရင် မသိသာဘူး၊ သူလည်း ငွေမကိုင်ဘူး၊ ကိုယ်လည်း ငွေမကိုင်ဘူးဆိုတော့ ဘာမှမထူးဘူး၊ ငွေကိုင်တဲ့ ကြားထဲနေပြီး ကိုယ်တစ်ပါးထဲက ငွေ မကိုင်ရင်တော့ ဖေါ်ကောင်ဖြစ်သွားတယ် "

**ရဟန်းကျင့်ဝတ် တစ်ပါးချို့က**

**လူ့နတ် မကြိုက် ကဲ့ရဲ့ထိုက်၏ ။**

(မဃဒေဝလင်္ကာ)

**ရဟန်းကျင့်ဝတ် တစ်ပါးတတ်က**

**လူ့နတ် ဦးခိုက် ပူဇော်ထိုက်၏ ။**

(စတုဓမ္မသာရ ကိုးခန်းပျို့)

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(က) ကြည်ညိုဖွယ်ရာ သန္တုဋ္ဌိ၊ သလ္လေခနှင့် နိဝါတ၊ နိမာနဂုဏ်** | |
| * | ကျေးဇူးဥပကာရမော်ကွန်း | ဇ |
| * | အတ္ထုပ္ပတ္တိအကျဉ်း | ည |
| * | ဒိဋ္ဌာနုဂတိသို့ လိုက်၍ သီတင်းသုံးတော်မူလျက်ရှိသည့် တောပျော်ထေရ်ရှင်များ | ဃ |
| ၁။ | နဘူးကျောင်းဆရာတော်ကြီးသည် နိုင်ငံတော်မှ ဘွဲ့တံဆိပ်ဆက်ကပ်လာလျှင် အနာမာသဝတ္ထုငွေပါမည်ဖြစ်၍ လက်ခံတော်မမူပါ | ၂ |
| ၂။ | နဘူးကျောင်းဆရာတော် ကောင်းကင်ပျံသည်ကို ဖူးမြင်ကြရသူတို့အတွက် နတ်များကပင် ဖန်ဆင်းပြလေသလော | ၅ |
| ၃။ | ရွာအဝင် ဆွမ်းခံလမ်း၌ ရဟန္တာကို ဖူးမြင်ချင်သည့်ဒါယကာ | ၇ |
| ၄။ | လျက်ဆားပုလင်းထဲက နဘူးကျောင်းဆရာတော်ကြီး၏ ဆံပင်အလုံးများ | ၉ |
| ၅။ | ရဟန်း၏ ပိုင်ဆိုင်မှုဟူသည် သီလ | ၁၂ |
| ၆။ | နဘူးကျောင်းဆရာတော်ကြီးသည် လူလာမည်စိုးသဖြင့် ကျောင်းဝင်းတံခါး ပိတ်ထားတော်မူသည် | ၁၅ |
| ၇။ | ကျောင်းကို လူမလာလေ ကောင်းလေ | ၁၈ |
| ၈။ | လူပရိသတ်ကို ရှောင်ရှားတော်မူလေ့ရှိသည့် ဆရာတော် | ၂၂ |
| ၉။ | သူတော်ကောင်းတို့မည်သည် သံယောဇဉ်နှောင်ဖွဲ့ခြင်းကို လိုလားတော်မမူပါ | ၂၅ |
| ၁၀။ | သူတော်ကောင်းကြီးများသည် ဘဝ၏နေဝင်ချိန်ထိတိုင်သီလကို ဖြည့်ကျင့်တော်မူကြပါသည် | ၂၇ |
| ၁၁။ | သီလယူရန်လာသည့် မယ်တော်ကြီးကို နွားကျောင်းသားတစ်ယောက် ခေါ်ခိုင်းတော်မူသည် | ၃၃ |
| ၁၂။ | သူတော်ကောင်းကြီးတို့၏ သိရခက်သည့်သဘော | ၃၄ |
| ၁၃။ | နဘူးကျောင်းဆရာတော်ကြီးသည် သူခိုးလက်ထဲ ရောက်သွားသည့် နာရီကို သူခိုး၏ ပစ္စည်းဖြစ်ပြီဟု နှလုံးသွင်းတော်မူသည် | ၃၇ |
| ၁၄။ | လာဘ သက္ကာရ သိလောကကို ရွံရှာတော်မူသည့် ဆရာတော်ကြီး | ၄၀ |
| ၁၅။ | ရှေ့ကဦးဆောင်ရွတ်ပါဘုရား တပည့်တော် နောက်ကအသာလိုက်ရွတ်ပါ့မယ် | ၄၃ |
| ၁၆။ | နဘူးကျောင်းဆရာတော်သည် သီလပေး၊ တရားဟောရန် စိတ်အားမထက်သန် | ၄၆ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(ခ) လဒ္ဓိသူမွန်ရဟန်းမြတ်တို့၏ ဓူတင်ကျင့်မြတ်ပဋိပတ်** | |
| ၁၇။ | မြတ်ဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးသူ မရှိတော့လျှင် သာသနာကွယ်သည် | ၅၁ |
| ၁၈။ | ယနေ့ခေတ် တောရသာသနာ့အမွေကို လက်ဆင့်ကမ်း ပေးတော်မူခဲ့သည့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး၏ ဥပနိဿယ | ၅၅ |
| ၁၉။ | သက်တော်(၈၄)ကျော်မှ ရွာဦးကျောင်းစွန့်ကာ တောရကျောင်းမှီသည့် ရွှေဒါးတောရ ဆရာတော်ကြီး | ၆၀ |
| ၂၀။ | ဝနဝါသီ နဘူးကျောင်း ဆရာတော်ကြီးသည် တောရနေ ရဟန်းတော်များကို ကောင်းကင်ကြယ်ကြည့်နည်း အနည်းငယ်မျှဖြစ်စေ သိစေချင်ပါသည် | ၆၇ |
| ၂၁။ | ရေဆွမ်းဖြင့် မျှတခဲ့ရသည့် ထိုတစ်နေ့ | ၇၃ |
| ၂၂။ | ဧကာသနိက်ဓူတင် ဆောင်ပါသလားဘုရား | ၇၈ |
| ၂၃။ | သူတော်ကောင်းကြီးတို့၏ ဓူတင်ကျင့်စဉ်နှင့် ဝိနည်းသီလအကျင့်တို့သည် သိမ်မွေ့လွန်းပါသည် | ၈၃ |
| ၂၄။ | ရာသက်ပန် ဓူတင်ဆောင်တော်မူသွားပါသည် | ၉၀ |
| ၂၅။ | ဗေဒင်ဆရာက သီလပြည့်စုံတဲ့ ရဟန်းကို သင်္ကန်းဒွိစုံနှင့် ငွေငါးကျပ် တစ်မတ်လှူခိုင်း | ၉၄ |
| ၂၆။ | ဒီဘုန်းကြီးတွေကို ဆွမ်းလောင်းနေလည်း ဘာအကျိုးမှထူးတော့မှာ မဟုတ်ပါဘူး | ၉၇ |
| ၂၇။ | သူတော်ကောင်းကြီးများ၏ကျင့်စဉ် သိရခဲပါသည် | ၁၀၂ |
| ၂၈။ | မည်မျှပင်ခက်ခဲပါစေ အာရညကင်ဓူတင် မဖျက်ခဲ့ဘူးပါ | ၁၀၆ |
| ၂၉။ | ပံ့သကူကောက်ရလာသည့် သင်္ကန်းအရောင် အဆုံးအဖြတ် | ၁၀၈ |
| ၃၀။ | ဓူတင်ဆောင်ပုဂ္ဂိုလ်ကို“အရှင်ဘုရား ဓူတင်ဆောင်ပါသလား”ဟု မေးခံရလျှင် ပြန်လည်၍ ဖြေကြားနည်း | ၁၁၀ |
| ၃၁။ | အရညဝါသီ ရဟန်းတော်၏ ရဂုံမြိုင်ခရီး | ၁၁၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၃၂။ | တောဟူသည် သူတော်ကောင်းကြီးတို့ မြတ်နိုးရာဌာနဖြစ်ပါသည် | ၁၁၉ |
| ၃၃။ | တောထဲ ဆွမ်းခံလမ်းဘေးမှ ပုံ့သကူသားကောင် | ၁၂၉ |
| ၃၄။ | သုံးမြဲသက်နှင်းအဟောင်းဖြင့်သာ ခရီးကြွတော်မူလေ့ရှိပါသည် | ၁၃၁ |
| ၃၅။ | လမ်းခုနစ်လမ်းသို့ အလှည့်ကျ ဆွမ်းခံကြွတော်မူသည် | ၁၃၂ |
| ၃၆။ | သပိတ်ဖုံးနဲ့ ပတ္တပိုဏ်ဓုတင် အဆုံးအဖြတ် | ၁၃၄ |
| ၃၇။ | ဆွမ်းခံအပြန် ဆွမ်းစားဇရပ်၌ ရဟန်းသာမဏေ၊ လူဒါယကာတို့ ဆွမ်းလောင်းလျှင် ပျက်နိုင်သည့်ဓုတင် | ၁၃၅ |
| ၃၈။ | ပံ့သကူဓုတင်ဆောင်ရဟန်းသည် သင်္ကန်းအလှူခံရုံမျှဖြင့် ဓုတင်ပျက် မပျက် ဝိနိစ္ဆယ | ၁၃၆ |
| ၃၉။ | ဝိနည်းတိစီဝရိတ်နှင့် ဓုတင်တိစီဝရိတ်အဓိဋ္ဌာန် ခြားနားမှု သိကောင်းစရာ | ၁၃၉ |
| ၄၀။ | တိစီဝရိတ်ဓုတင်ဆောင် ပုဂ္ဂိုလ်များအတွက် အံသကိုဋ္ဋ အဆုံးအဖြတ် | ၁၄၁ |
| ၄၁။ | ဓုတင်တိစီဝရိတ်ဆောင်ပုဂ္ဂိုလ်သည် သားရေနွယ်ဆောင်မှ ဓုတင်ပြည့်စုံသည် မဟုတ်ပါ | ၁၄၃ |
| ၄၂။ | နိဿဂ္ဂိထိုက်၍ စွန့်ထားသော ပစ္စည်းဘဏ္ဍာကို ပံ့သကူအဖြစ် ကောက်ယူလျှင် အာပတ်သင့် မသင့် | ၁၄၄ |
| ၄၃။ | စတီး သပိတ်(ဝါ) ခွက် အပ်မအပ်ဝိနိစ္ဆယ | ၁၄၆ |
| ၄၄။ | အာရညကင်ဓုတင်နှင့် ဥတု | ၁၄၈ |
| ၄၅။ | ပက်လက်ကုလားထိုင်ဖြင့် ကျိန်းခြင်းအပေါ် သဟသေယျအာပတ်နှင့် နိသဇ္ဇဓုတင်အဆုံးအဖြတ် | ၁၅၀ |
| ၄၆။ | တောရဆောက်တည်ကာ ဓုတင်ဆောင်လိုကြသည့် ရဟန်းမြတ်များ အတွက် တောကျောင်းအင်္ဂါရပ်များ | ၁၅၄ |
| ၄၇။ | ဓုတင်ဆောင်ရန် သဒ္ဓါတရား ထက်သန်တော်မူကြသည့် အရှင်မြတ်များ ဧကန်လေ့လာရမည့် အကြောင်းအရာများ | ၁၅၆ |
| ၄၈။ | သုသာန်ဓုတင်ရရန် တောရကျောင်းဝင်းအတွင်း လူသေကောင်မြှုပ်ကြ၊ ဖုတ်ကြသည် | ၁၆၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(ဂ) ဝိနည်းသည်သာ မှီခိုရာ၊ အားထားရာ၊ လဲလျောင်းရာ** | |
| ၄၉။ | ကမ္မဝါဖတ်စဉ် စကားပြောမိပါက ကန့်ကွက်သည့်နှယ် ဖြစ်တတ်သည် | ၁၇၂ |
| ၅၀။ | ဆရာတော်ကြီးကိုယ်တိုင် ဖယောင်းတိုင်မီးကိုင်၍ ကမ္မဝါဖတ်ပေးပါသည် | ၁၇၅ |
| ၅၁။ | ရဟန်းတော်များ အာပတ်သင့်ခြင်းနှင့် ဝတ်ဆောက်တည်ခြင်း | ၁၇၉ |
| ၅၂။ | မပြုဒုက္ကဋ်မှု ပြုဒုက္ကဋ်မှု | ၁၈၃ |
| ၅၃။ | လဇ္ဇီနှင့် အလဇ္ဇီရဟန်းတို့ အများအားဖြင့် ဥပုသ်အတူတကွ ပြုနေကြရတယ် | ၁၈၅ |
| ၅၄။ | သံသယရှိလျှင် သိက္ခာထပ်ကြပါသည် | ၁၈၈ |
| ၅၅။ | သံဃာတစ်ပါး လိုနေသောကြောင့် ကျောက်ဆင်းတုကို ရဟန်းလောင်းရွှေ့ချကာ ကမ္မဝါဖတ်သည့် ရဟန်းခံပွဲ | ၁၉၁ |
| ၅၆။ | ဒုလ္လဘရဟန်းခံခြင်းဖြင့် သာသနာမကြီးပွားသောကြောင့် အားမပေးပါ | ၁၉၅ |
| ၅၇။ | ရဟန်းဘဝနှင့် ပစ္စည်းလေးပါး | ၁၉၉ |
| ၅၈။ | ဘုရားစကား နားထောင်လိုက်တာနှင့်ကို အစစအရာရာ ပြည့်စုံပါတယ် | ၂၀၄ |
| ၅၉။ | ဆွမ်းတစ်နပ်ကို အလွတ်ခံတော်မူပြီး သင်ပြပေးခဲ့သည့် ဝိနည်းသင်ခန်းစာ | ၂၁၀ |
| ၆၀။ | အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူသင့် မယူသင့် | ၂၁၄ |
| ၆၁။ | ဟိုဟိုဒီဒီ ယူသွားလို့မရရင် သံဃိက၊ ဟိုဟိုဒီဒီယူသွားလို့ရရင် ပုဂ္ဂလိက | ၂၁၆ |
| ၆၂။ | လူတို့၏ ရေတွင်းမှရေကို ရဟန်းသုံးခြင်းနှင့် ကျောင်းဝင်းမှရေကို လူတို့သုံးခြင်းဆိုင်ရာ အဆုံးအဖြတ် | ၂၁၉ |
| ၆၃။ | ကျောင်းဝင်းထဲမှ သစ်ပင်ခိုးခုတ်သူကို ခွင့်ပြုပေးက ကုလဒူသန၊ ခုတ်ပြီးထင်း ပြန်ထားခိုင်းပါက ဘဏ္ဍာစားဆိုင်ရာ အဆုံးအဖြတ် | ၂၂၁ |
| ၆၄။ | လယ်ဝေးမြို့ ရန်ကင်းတောရ၏ စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်၏ ကြည်ညိုဖွယ်ရာပုံရိပ်များ | ၂၂၃ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **(ဃ) ဝိနည်းတည်လျှင် သာသနာတည်သည်** | |
| ၆၅။ | တောရသာသနာကို ကြည်ညိုတတ်စေချင်ပါသည် | ၂၃၀ |
| ၆၆။ | ငွေမကိုင်ရင် ဖော်ကောင်ဖြစ်ပြီ | ၂၃၅ |
| ၆၇။ | လှူဒါန်းလာသည့် စာအုပ်ကြားထဲ ငွေစက္ကူ ပါလာမည်ကို စိုးရိမ်သဖြင့် ဦးစွာခါချပြီးမှ ဖတ်ရှုတော်မူပါသည် | ၂၃၇ |
| ၆၈။ | သဒ္ဓါလွန်ကဲ အသိဉာဏ်မဲ့သည့် ဒါယကာတို့၏ မျက်ကန်းယုံကြည် ချဉ်းကပ်မှုကြောင့် ဆရာတော်ကြီးများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည် | ၂၃၉ |
| ၆၉။ | နဝကမ္မဝတ္ထုငွေကို ပယ်ရုံမက ကပ္ပိယကာရကထံ ဝတ္ထုငွေအပ်နှံခြင်းကိုပင် ပယ်တော်မူသည့် ဆရာတော် | ၂၄၄ |
| ၇၀။ | ငွေစက္ကူကို ဓာတ်မီးထဲက ဓာတ်ခဲကိုပတ်ပြီး တောရဆောက်တည်သွားသည့် ကိုယ်တော်ကြီး | ၂၄၅ |
| ၇၁။ | မအပ်မစပ်သည့်ပစ္စည်း အကျိုးမပေးပါစေသား | ၂၄၇ |
| ၇၂။ | ဆင်စီး၍ကြွရသည့် ကျောက်ဖျာရွာ သိမ်သမုတ်ပွဲ | ၂၅၁ |
| ၇၃။ | အခက်အခဲကြုံခဲ့ရသည့် သိမ်သမုတ်ပွဲ | ၂၅၆ |
| ၇၄။ | သိမ်သမုတ်ရာ၌ သံသယဖြစ်တတ်သည့် နိမိတ်ဆိုင်ရာ အယူအဆများ | ၂၆၂ |
| ၇၅။ | သတိထားသင့်သည့် သိမ်သမုတ်ကံ ပျက်ရသည့်အကြောင်း | ၂၆၅ |
| ၇၆။ | သိမ်နုတ်ကမ္မဝါစာ | ၂၇၂ |
| ၇၇။ | ပဝါရဏာပြုခဲ့သည့်ဘုန်းကြီး တရားရုံး၌အမှုနိုင်သည် | ၂၇၆ |
| ၇၈။ | ရဟန်းတော်များ အမှတ်မထင် ဝါကျိုးတတ်ပါသည် | ၂၇၉ |
| ၇၉။ | ဝါပန်ပြီး တရားဟောသွားနိုင်သော်လည်း တရားနာသွားလျှင် ဝါကျိုးတတ်သည် | ၂၈၁ |
| ၈၀။ | သံဃာတော်များ လပြည့်၊ လကွယ်နေ့တိုင်း ဥပုသ်ပြုကြပါသည် | ၂၈၅ |
| ၈၁။ | မထေရ်မြတ်များသည် စာပေ၌ မွေ့လျော်တော်မူကြပါသည် | ၂၉၁ |
| ၈၂။ | ပါရမီဓါတ်ခံအားလျော်စွာ တောင်းဆုကွဲပြားသည် | ၂၉၄ |
| * | စာမျက်နှာအညွှန်း | ၃၀၀ |
| * | မြန်မာရာဇဝင်ပါခေတ်များ | ၃၀၂ |

**ဤကောင်းမှု ကုသိုလ်ကြောင့်**

**ကမ္ဘာပေါ်တွင်**

**မြတ်ဗုဒ္ဓသာသနာတော်**

**အစွန့်ရှည်ကြာ တည်တံ့၍**

**ကမ္ဘာသူ ကမ္ဘာသားများ**

**ဝိမုတ္တိသုခကို**

**ရရှိခံစားနိုင်ကြပါစေသော်(ဝ်)**

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

## ကျေးဇူးဥပကာရမော်ကွန်း

နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာ ကျင့်သီလစာအုပ် ဖြစ်မြောက် နိုင်ရေးအတွက် နတ်မောက်မြို့နယ်၊ လဲဘူးကျေးရွာမှ သက်တော်ရှည် လဲဘူးတောရ ဆရာတော်၊ မော်ဘီသာသနာ့ ဝန်ဆောင် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ၊ ရန်ကုန်မြို့ဗဟန်း ဝိသုဒ္ဓါရုံ ပရိယတ္တိသိုလ်ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သိရီကဥ္စနာဘိဝံသ (အဂ္ဂမဟာအကျော်၊ ဒွိပိဋကပါဠိပါရဂူ၊ ပိဋကတ္တယ ပါရဂူ)၊ နေပြည်တော် ထန်းတစ်ပင်တောရကျောင်းနှင့် ဆုတောင်းပြည့် ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေဝလ၊ ရွှေဒါးတောရ ဆရာတော် ဘဒ္ဒန္တကောသလ္လ အရှင်မြတ်နှင့် ဘဒ္ဒန္တဇာဂရတို့သည် အနှိုင်း အဆမဲ့ ကျေးဇူးဥပကာရများ လွှမ်းလှပါသည်။

ကျေးဇူးရှင် ဆရာတော်အရှင်မြတ်များ၏ သွန်သင်ဆုံးမ လမ်းညွှန်မှု ဩဝါဒသာ မရရှိခဲ့ပါမူ ဤစာအုပ် ပေါ်ထွက်လာမည် မဟုတ်ပေ။

**အရှင်ခေမာနန္ဒ ရန်ကင်းတောရ၊ သပြေပင်ကျေးရွာ၊**
**နေပြည်တော်၊ လယ်ဝေးမြို့။**

## ဤစာအုပ်အကြောင်း

နဘူးကျောင်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိကိုထပ်မံ ဖြည့်စွက်ရေး သားရန် မလိုအပ်လောက်အောင်ပင် ဦးသိမ်းဆောင်မှ ပြည့်စုံစွာရေးသား ထုတ်ဝေထားပြီး ဖြစ်ပါသည်။

သို့ပါသော်လည်းသံဃပိတု ဖြစ်တော်မူသည့် ဆရာတော်ကြီးက တပည့်ကြီးများကို ကာလရှည်ကြာ ဩဝါဒပြုတော်မူခဲ့သည့် ထန်းတစ်ပင် တောရကြီးထဲမှ မှတ်သားဖွယ်ရာ အဆုံးအမစကားများ၊ ဗဟုသုတမာနိတ

ဖြစ်တော်မူသည့် ဆရာတော်ကြီး၏ ခက်ခဲနက်နဲသည့် ဓုတင်ဆိုင်ရာ၊ ရဟန်းအကျင့်မြတ် သီလတော်ဆိုင်ရာ အဆုံးအဖြတ်များနှင့် အနီးနေ တပည့်ကြီးများကသာ အကဲခတ် သိမှီခဲ့ရသည့် ဆရာတော်ကြီး၏ အဓိဂမအပ္ပိစ္ဆဂုဏ်နှင့် ဓုတင်္ဂအပ္ပိစ္ဆဂုဏ်တို့ကိုမူ သာမညအနေအားဖြင့် မှတ်တမ်းတင်ရန်ပင် ခက်ခဲလွန်းလှပါသည်။

သို့ဖြစ်ပါသောကြောင့် ဆရာတော်ကြီး လွန်တော်မူပြီး ဆယ်စုနှစ်တစ်စု ကျော်လွန်ခဲ့ပြီး ဖြစ်ပါသော်လည်း ယနေ့ကာလထိတိုင် ဆရာတော်ကြီးကို ကြည်ညိုတော်မူကြသည့် နိုင်ငံတစ်ဝန်းမှ ရဟန်းပရိသတ်များက ဆရာတော်ကြီး၏ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ကျယ်ပြန့်လှသည့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို မပြည့်မစုံ တစ်စွန်းတစ်စ တစ်ဆင့်ကြား သုတ အသိဖြင့်သာ ဝိုးတဝါး ကြည်ညိုနေကြရပါသည်။

ဤစာအုပ်၌လည်း ဆရာတော်ကြီး၏ ပရိယတ္တိဝိသာရဒ၊ ဗဟုဿုတရေ၊ သန္တုဋ္ဌိသလ္လေခ၊ ယထာလာဘ သန္တောသစသည် ဂုဏ်များစွာတို့ကို ပြည့်စုံစွာ ဖေါ်ပြထားပါ၏။ ဤမျှသာဖြစ်ပါ၏ဟု မဆိုဝံ့ပါပေ။ စာရေးသည့် ဘုန်းကြီး လက်လှမ်းမမှီနိုင်ခဲ့သည့် သူတော်ကောင်းတို့၏ ဂုဏ်မြောက်များစွာ ပင် ဆရာတော်ကြီး၌ ရှိနေဦးမည်မှာ သေချာပါသည်။

ခင်မွန်ဆရာတော်ကြီးက ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရုံ ဆရာတော်လောင်းလျာအား *"ဦးကောသလ္လ၊ ဝိနည်းပို့ချပြီး တစ်ခေါက်ပေါက်ရင် ကျင့်စရာသိက္ခာပုဒ်တွေ ငါးခု၊ ခြောက်ခု တိုးလာတယ်၊ တိုးလာတိုင်း ကျင့်ပြီးထားလိုက်။ နောက်ထပ် တစ်ခေါက်ပေါက်ရင် ကျင့်စရာငါးခု၊ ခြောက်ခု တိုးလာပြန်တယ်၊ ကျင့်ပြီးထားလိုက်"*ဟု မိန့်တော်မူဖူးပါသည်။ ဤစာအုပ်ကို ဖတ်ရှုရသည့် ထေရ်ရှင်များအနေဖြင့်လည်း တစ်ခါဖတ်မိတိုင်း နဘူးကျင်း ဆရာတော်ကြီး ကျင့်သုံးတော်မူသွားခဲ့သည့် ကျင့်စရာအကျင့်မြတ် တစ်ခုမျှ ရလျှင် ကောင်းပေစွဟု စိတ်ဝယ်တိတ်တခိုး ဆန္ဒပြုမိပါသည်။

# အတ္ထုပ္ပတ္တိအကျဉ်း

ရမည်းသင်းခရိုင်၊ နဘူးကျောင်းရွာ၊ အဘ-ဦးဘ အမိ-ဒေါ်အေးမှန်တို့မှ ၁၂၈၃-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၆)ရက်၊ ၁၉၂၁-ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက် စနေနေ့ နေလွဲစက် ၂-နာရီ၊ ၃၀-မိနစ် အချိန်တွင် ဖွားမြင်သော၊ အတိဇာတ သားဦးရတနာ ဖြစ်ပါသည်။

၉-နှစ်သားအရွယ်ရှိသောအခါ နဘူးကျောင်းရွာမှ ၁-မိုင်ခန့်ဝေးကွာသော၊ သရက်ကန်ကျောင်း ဆရာတော်ကြီး၏ထံသို့ ရောက်၍၊ ၁၂၉၇-ခု၊ ကဆုန်လ၊ ၁၃-နှစ်သားအရွယ်၌ ရှင်သာမဏေ အဖြစ်သို့ ရောက်ပြီးလျှင်၊ သရက်ကန်ဆရာတော်ထံ၌ပင် ၁၃၀၂-ခုနှစ်၊ တပေါင်း လပြည့်ကျော် (၁၂)ရက် တနင်္ဂနွေနေ့ နံနက် စက် ၇-နာရီ ၅၅-မိနစ် အချိန်တွင် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

## သင်ယူခဲ့ဖူးသော ကျမ်းစာများ

ရဟန်းဖြစ်၍ (၂)ဝါရရှိသောအခါ၊ ဇာတိရွာမှ ၆-မိုင်ခန့် ဝေးကွာသော၊ ဇီးဖြူကုန်းရွာ ဂန္ဓကုဋိရတိုက် ကျောင်းသစ် ဆရာတော်၏ အထံတော်သို့ရောက်၍ ကစ္စည်းပါဠိတရဏီအဋ္ဌကထာ၊ ဋီကာကျော်၊ ဝိနည်း ၅-ကျမ်း ပါဠိတော်နှင့် အဋ္ဌကထာ၊ အဘိဓမ္မာ ၇-ကျမ်း၊ အဋ္ဌကထာ၊ အဘိဓာန်၊ အလင်္ကာဆန်း စသည့် ကျမ်းဂန်များအပါအဝင် မာတိကာ နှင့် ဓါတုကထာ၊ ယမိုက်, ပဋ္ဌာန်းစသော ညဝါ ကျမ်းစာများကို နှစ်ကြိမ်စီ ၅-နှစ်တိုင်တိုင် သင်ယူ ဆည်းပူးခဲ့ပါသည်။

၁၃၁၀-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်နေ့၊ ရန်ကုန်မြို့ ဘုရားဖြူဆရာတော်ထံတော်သို့ ရောက်လာပြီးလျှင်၊ ပါရာဇိကဏ် အဋ္ဌကထာ ပါစိတျာဒိ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်နှင့် နေတ္တိပါဠိတော် စသော ကျမ်းစာများကို ဆက်လက် သင်ယူတော်မူခဲ့ပါသည်။

## အောင်မြင်တော် မူခဲ့သည့် စာမေးပွဲများ

၁၃၁၁-ခုနှစ် ဝိနယာနုဂ္ဂဟ အငယ်၊ ပဋ္ဌမငယ်၊ ၁၃၁၂-ခုနှစ် ဝိနယာနုဂ္ဂဟအလတ်၊ ပဋ္ဌမလတ်၊ ၁၃၁၃-ခုနှစ် ဝိနယာနုဂ္ဂဟ အကြီးတန်း၊ ၁၃၁၄-ခုနှစ်တွင် အစိုးရ ပဋ္ဌမကြီးတန်း အောင်မြင်တော်မူပါသည်။ ၁၃၁၅-ခုနှစ် ခရစ် ၁၉၅၄-ခုနှစ်တွင် စာချတန်းစာမေးပွဲကို အောင်မြင်တော်မူပါသဖြင့် သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို နိုင်ငံတော် အစိုးရမှ ဆက်ကပ်ပါသည်။

## နဘူးကျောင်းဆရာတော်ကြီး ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် ရေးသားပြုစုတော်မူခဲ့သည့် စာပေနှင့်ကျမ်းများမှာ

၁။ မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ ပထမကျောင်းတည်ဆရာတော် အရှင်ဥက္ကံသ၏ ထေရုပ္ပတ္တိအကျဉ်းမှတ်တမ်း၊

၂။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဝိနယာနုဂ္ဂဟအသင်းကြီး တည်ထောင်တော်မူခဲ့သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသ မဟာထေရ်၏ အန္တိမပူဇာ၊ ထေရုပ္ပတ္တိ ဂါထာအကျဉ်း သံဝေဂယူဖွယ်စာစောင်၊

၃။ မြန်မာပြည် အမြို့မြို့အနယ်နယ်တွင် တောရဆရာတော် ဦးဆောင်၍ သမုတ်ခဲ့သော ရာပြည့်သိမ်တစ်ရာ (၁၀၀)၏ သိမ်သမုတ်မှတ်တမ်းများ၊
၄။ အရုဏုဂ္ဂကာလ ဝိနိစ္ဆယခေါ် အရုဏ်တက်ချိန်အဆုံးအဖြတ် ကျမ်း၊
၅။ စီဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း၊
၆။ ဆန္ဒဒါနဝိနိစ္ဆယခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း၊
၇။ ဓုတင်္ဂဝိနိစ္ဆယခေါ် ဓူတင်အဆုံးအဖြတ်ကျမ်း၊
၈။ ဓမ္မသံယုတ္တဂါထာခေါ် တရားနှင့်ယှဉ် နေစေချင်နှင့်
၉။ ဝန္ဒနာစုံကျမ်းတို့ ဖြစ်ပါသည်။

အရုဏုဂ္ဂကာလ ဝိနိစ္ဆယခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ် ကျမ်း၊ စီဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းနှင့် ဓုတင်္ဂဝိနိစ္ဆယခေါ် ဓူတင်အဆုံးအဖြတ်ကျမ်းများသည် ဓူတင် ဆောက် တည်တော်မူကြသည့် အရှင်မြတ်များနှင့် သီလမြတ်နိုးသည့် ရဟန်း တော်များအတွက် အလွန်အားထားရသည့် ကျမ်းစာအုပ်များ ဖြစ်ပါ သည်။

## ဒိဋ္ဌာနုဂတိတို့ လိုက်ပါကြသည်

နဘူးကျောင်းဆရာတော်ကြီး ကျင့်သုံးတော်မူသွားသည့် ဓူတင် အကျင့်မြတ်နှင့် သီလကို နည်းနာခံယူကာ ဆရာတော်ကြီးနည်းတူ သီလနှင့် ဓူတင်ကို မြတ်နိုးတော်မူကြသည့် ရဟန်းတော်များစွာသည် မြန်မာ့မြေပေါ်တွင် ယနေ့ထိတိုင် သီတင်းသုံးတော် မူနေကြပါသည်။ ကျောင်းတိုက်စုစုပေါင်း (၇၆) ကျောင်း ရှိနေပါသည်။ ထိုထိုကျောင်း

တိုက်များစွာတွင် ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်ကာ အောင်မြင်သော သိမ်ပေါင်း (၁၇၀)ကို သမုတ်ပေးတော်မူခဲ့ပါသည်။

နဘူးကျောင်းဆရာတော်ကြီး မျက်ကွယ်ပြုတော်မူသည်မှာ ဆယ်စုနှစ်များပင်ကျော်လွန်လာခဲ့ပြီးဖြစ်ပါသည်။ ဆရာတော်ကြီး၏ သားတပည့်ကြီးများ ကျင့်သုံးတော်မူလျှက်ရှိသည့် ဓူတင်နှင့် ဝိနည်းသီလအကျင့်တော်မြတ်ကို အတုယူအားကျလာသည့် တောပျော်ထေရ်ရှင်ငယ်များပင် ရာဂဏန်းမက ရှိလာပါသည်။ ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူကြသည့် ဆရာတော်ကြီး၏ မြေးတပည့် သံဃာ့ ပရိသတ်တို့က နဘူးကျောင်းဝံသ ဆရာကောင်းတပည့်များပီပီ သာသနာ့တာဝန်ကို ပခုံးပြောင်းကာ လက်ဆင့်ကမ်းထမ်းရွက်တော်မူ စွမ်းပေတော့မည်ဟု ယုံကြည်မှုတိုး၊ မျှော်ကိုးနေမိပါသည်။

နဘူးကျောင်းဆရာတော်ကြီး၏ ဒိဋ္ဌာနုဂတိသို့ လိုက်ပါကြသည့် တောရပျော်ထေရ်ရှင်တို့သည် ဘုရားဟော ဝိနည်းတော်ကို ဦးထိပ်ပန်ဆင်ကာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပရဟိတ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူနေကြရုံမက ဆရာကောင်းတပည့် ပီပီ မိမိတို့စွမ်းရာ စွမ်းရာ ဓူတင်ကျင့်မြတ်များကိုလည်း ကျင့်သုံးတော်မူနေကြမည်ဟု ထင်မိပါသည်။

# ဒိဋ္ဌာနုဂတိသို့ လိုက်၍ သီတင်းသုံးတော်မူလျက်ရှိသည့် တောပျော်ထေရ်ရှင်များ

## ၁။ ပြည်ထောင်စုနယ်မြေ နေပြည်တော်

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၁ | အရှင်စန္ဒာသိရီ | သမဏသုခတောရ | ဇလောင်းရွာ | ပုဗ္ဗသီရိ |
| ၂ | အရှင်ဝိသဓ | ဇယျသိဒ္ဓိတောရကျောင်း | နန်ချွန်ရွာ | ပုဗ္ဗသီရိ |
| ၃ | အရှင်ပညာဝံသ | ရွှေညောင်ပင်တောရ | ဇလောင်းရွာ | ပုဗ္ဗသီရိ |
| ၄ | အရှင်ကေဝလ | ထန်းတစ်ပင်တောရ/ ဆုတောင်းပြည့်ကျောင်း | ထန်းတစ်ပင်ရွာ | ဒက္ခိဏသီရိ |
| ၅ | အရှင်ဉာဏဗလ | မဟာမြိုင်တောရ | ကျွန်းတက်ပဲ့ရွာ | ဒက္ခိဏသီရိ |
| ၆ | အရှင်ကုန္ဒဝံသ | ညီအစ်မကောင်းမှုတောရ | ကျွန်းတက်ပဲ့ရွာ | ဒက္ခိဏသီရိ |
| ၇ | အရှင်သြဘာသ | ညီအစ်ကိုကောင်းမှုတောရ | ကျွန်းတက်ပဲ့ရွာ | ဒက္ခိဏသီရိ |
| ၈ | အရှင်ခေမာနန္ဒ | ရန်အောင်မြင်တောရ(မြို့တော်ဝန်ကျောင်း) | ဒက္ခိဏသီရိ | ဒက္ခိဏသီရိ |
| ၉ | အရှင်ပညာဝရ | ဝေဠုဝန်တောရ | ဇလောင်းရွာ | ဥတ္တရသီရိ |
| ၁၀ | အရှင်ကုမာရ | အရိယာတောင်တောရ | ကူးတို့ဆိပ်ရွာ | ပျဉ်းမနား |
| ၁၁ | အရှင်လာဘ | နန္ဒမူတောရ | သစ်ဆိမ့်ပင်ရွာ | ပျဉ်းမနား |
| ၁၂ | အရှင်ပညာဗလ | သန္တိသုခပုဂံတောင်တောရ | အောင်မြေကုန်းရွာ | လယ်ဝေး |
| ၁၃ | အရှင်စန္ဒိမာ | ရန်ကင်းတောရ | သပြေပင်ရွာ | လယ်ဝေး |
| ၁၄ | အရှင်ဉာဏဓဇ | ဓမ္မပါလတောရ | ကန်သာရွာ | လယ်ဝေး |
| ၁၅ | အရှင်သောဘန | ကျားတက်တောင်တောရ | ချင်းစု၊ တောင်ဘို့သာ | တပ်ကုန်း |
| ၁၆ | အရှင်တေဇနိယ | သာဓုကန်တောရ | ချင်းစုရွာ | တပ်ကုန်း |
| ၁၇ | အရှင်ဥက္ကဋ္ဌ | ရေငံတောင်တောရ | ဆည်တိုရွာ | တပ်ကုန်း |
| ၁၈ | အရှင်တေဇနိယ | ရတနာ့ဂုဏ်ရည်တောရ | သာယာအေးရွာ | တပ်ကုန်း |
| ၁၉ | အရှင်ဥတ္တမ | ချောင်းဆုံတောရ | သရက်ပင်ရွာ | တပ်ကုန်း |
| ၂၀ | အရှင်သာသန | နန္ဒဝန်တောရ | သဲကွဲရွာ | တပ်ကုန်း |

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

## ၂။ ကရင်ပြည်နယ်

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၂၁ | အရှင်ကဝိနန္ဒ | အေးချမ်းသာယာတောရ | ကော့ဝါလဲ | ကော့ကရိတ် |
| ၂၂ | အရှင်စက္ကိန္ဒ | အင်းကြီးတောရ | အင်းကြီးရွာ | ကော့ကရိတ် |
| ၂၃ | အရှင်ဝရဝံသ | ရေကျော်တောရ | ရေကျော်ရွာ | ကော့ကရိတ် |
| ၂၄ | အရှင်သုမင်္ဂလ | ရသေ့ဂူတောရ | ရသေ့ဂူရွာ | ကော့ကရိတ် |
| ၂၅ | အရှင်နန္ဒဝံသ | နဘူးစိန်တိုင်ဂူတောရ | နဘူးရွာ | ကော့ကရိတ် |
| ၂၆ | အရှင်နန္ဒိယ | ဇောတိကာရုံကျောင်း | သုခလင်းလင်းရွာ | မြဝတီ |

## ၃။ စစ်ကိုင်းတိုင်းဒေသကြီး

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၂၇ | အရှင်သံဝရ | ကန်ဆွယ်တောရ | ရွာတန်းရှည်ရွာ | ခင်ဦး |
| ၂၈ | အရှင်ဣန္ဒက | သစ်တစ်ရာတောရ | သစ်တစ်ရာရွာ | ပုလဲ |
| ၂၉ | အရှင်ကုသလ | သုသာန်ကျောင်း | ဆိပ်ခွန်ရွာ | ရွှေဘို |

## ၄။ ပဲခူးတိုင်းဒေသကြီး

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၃၀ | အရှင်စန္ဒောဘာသ | မှန်တောင်တောရ | သာဂရ | ရေတာရှည် |
| ၃၁ | အရှင်ကောဏ္ဍည | ဟိုင်းတောင်တောရ | နတ်တောင် | ရေတာရှည် |
| ၃၂ | အရှင်စိန္တာသာရ | ဖိုးပျံတောင်တောရ | ဂုံမင်းကွင်း | ရေတာရှည် |
| ၃၃ | အရှင်ဝိသုဒ္ဓ | အေးရိပ်ငြိမ်တောရ | ဂုံမင်းကွင်း | ရေတာရှည် |
| ၃၄ | အရှင်ဝိသုဒ္ဓ | ဝိဝေကတောရ | စည်ပင်အေးရွာ | ရေတာရှည် |
| ၃၅ | အရှင်ဝိသုဒ္ဓ | အေးရိပ်ငြိမ်တောရ | အလယ်မြောင်ရွာ | ရေတာရှည် |
| ၃၆ | အရှင်ကုလဝံသ | မာလာမြိုင်တောရ | ဆီဆုံကုန်းရွာ | ရေတာရှည် |
| ၃၇ | အရှင်သုဇာတ | ဓမ္မသုခတောရ | ရေငံရွာ | ရေတာရှည် |
| ၃၈ | အရှင်ကုသလ | သန္တိသုခစိမ့်ဝိုင်းဘေးမဲ့တောရ | | ရေတာရှည် |
| ၃၉ | အရှင်ဝါယာမသာရ | သံတောင်တောရ | နဘဲရွာသစ် | မိုးညို |
| ၄၀ | အရှင်ဣန္ဒာစာရ | မဟာဂန္ဓာရုံ၊ ကရင်ဆည်တောရ | သာယာကုန်း | မိုးညို |
| ၄၁ | အရှင်ဝိဝေကာစာရ | ကျောက်ကြီးတောင်တောရ | | ပေါက်ခေါင်း |
| ၄၂ | အရှင်စန္ဒာသိရီ | ကျောက်အိုးတောရ | သစ်ယာကုန်းရွာ | ဆွာ |
| ၄၃ | အရှင်နန္ဒက | အေးရိပ်ငြိမ်မွန်ဓမ္မဝိဟာရ | ကျားအိုရွာ | ကြံခင်း |
| ၄၄ | အရှင်သုမန | မဟာမြိုင်တောရ | ပဲခူး(၁၀)မိုင်ကုန်း | ပဲခူး |

## ၅။ မကွေးတိုင်းဒေသကြီး

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၄၅ | အရှင်ဂန္ဓမာစာရ | ရန်ကင်းတောရ | ကိုင်းတောလေးရွာ | စကု |
| ၄၆ | အရှင်နေမိန္ဒ | ရန်ကင်းတောရ | မြောင်းဦးရွာ | စကု |
| ၄၇ | အရှင်ကုမာရ | ထုံးတောင်တောရ | ငမင်ရွာ | တောင်တွင်းကြီး |
| ၄၈ | အရှင်ဓမ္မပိယ | ထုံးတောင်တောရ | ငမင်ရွာ | တောင်တွင်းကြီး |
| ၄၉ | အရှင်ဓမ္မစာရ | ထနောင်းရိပ်တောရကျောင်း | ယာတောကြီးရွာ | တောင်တွင်းကြီး |
| ၅၀ | အရှင်နယန | လဲဘူးတောရ | လဲဘူးရွာ | နတ်မောက် |

## ၆။ မန္တလေးတိုင်းဒေသကြီး

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၅၁ | အရှင်ဂမ္ဘီရ | မဟာပုရိသဘူမိ၊ သမဏဆာယာဝိဟာရတောရ | သာယာအေးရွာ | ရမည်းသင်း |
| ၅၂ | အရှင်ဇာဂရိယ | ရန်ကင်းတောရ | နဘူးကျင်းရွာ | ရမည်းသင်း |
| ၅၃ | အရှင်စန္ဒိမာ | အင်ကြင်းမြိုင်တောရ | နဘူးကျင်းရွာ | ရမည်းသင်း |
| ၅၄ | အရှင်သောဘိတ | တမာတောင်တောရ | ပင်းစုရွာ | ရမည်းသင်း |
| ၅၅ | အရှင်နိမ္မလ | သစ္စာဂုဏ်တောရ | အလယ်ကုန်း | ရမည်းသင်း |
| ၅၆ | အရှင်တေဇောသာရ | ရန်ရှင်းတောရ | အလယ်ကုန်း | ရမည်းသင်း |
| ၅၇ | အရှင်ဉာဏိန္ဒ | မင်္ဂလာတောရ | အလယ်ကုန်း | ရမည်းသင်း |
| ၅၈ | အရှင်ပညာဒီပ | ရန်ငြိမ်းတောရ | သဲကွဲ | ရမည်းသင်း |
| ၅၉ | အရှင်နန္ဒဝံသ | ရွှေဒါးတောရ | ရွှေဒါးရွာ | ရမည်းသင်း |
| ၆၀ | အရှင်တိလောက | ချောင်းဖျားတောရ | ချောင်းဖျားရွာ | ရမည်းသင်း |
| ၆၁ | အရှင်ဝိသုဒ္ဓ | ရန်အောင်မြေဘေးမဲ့တောရ | အလယ်ကုန်းရွာ | ရမည်းသင်း |
| ၆၂ | အရှင်ကုမာရ | ရွှေတမာကန်တဲတောရ | တမာကုန်းရွာ | ပျော်ဘွယ် |
| ၆၃ | အရှင်တေဇနိယ | ပြဟ္မစရိယတောရကျောင်း | ဖက်တောရွာ | ပျော်ဘွယ် |
| ၆၄ | အရှင်ပညာနန္ဒ | ခြောက်ဆူတောင်တောရ | သပြေရိုးရွာ | ပျော်ဘွယ် |
| ၆၅ | အရှင်ဝိလာသဂ္ဂ | အထက်ကန်တောရ | အေးသာယာရွာ | ပျော်ဘွယ် |
| ၆၆ | အရှင်ဥက္ကဋ္ဌ | ကျောက်တိုင်တောရ | ကျောက်တိုင်ရွာ | ပျော်ဘွယ် |
| ၆၇ | အရှင်ဓမ္မာနန္ဒ | နတ်လမ်းတောင်တောရ | လမ်းသစ်ရွာ | မိတ္ထီလာ |
| ၆၈ | အရှင်စန္ဒိမာ | တောရခင်တောရ | မြင်းတွင်းရွာ | မလိုင်မြို့နယ် |
| ၆၉ | အရှင်ဉာဏိန္ဒ | စောလှကုန်းတောရ | ဖောင်ဇင်းရွာ | စဉ့်ကိုင် |
| ၇၀ | အရှင်ဉာဏိန္ဒ | နတ်ကန်ချောင်းတောရ | ပလဝါရွာ | ဝမ်းတွင်း |

### ၇။ မွန်ပြည်နယ်

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၇၁ | အရှင်သူရိယ | ကျွဲဒညင်းတောရ | ဖားအောက်အုပ်စု | မုဒုံ |

### ၈။ ရန်ကုန်တိုင်းဒေသကြီး

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၇၂ | အရှင်ပညာသီရိ | ကျောက်ဘုရားတောင်တောရ | ဘိုးဒေါနကုန်းရွာ | မှော်ဘီ |
| ၇၃ | အရှင်ဝိဇ္ဇာနန္ဒ | မဟာဝိဟာရတောရနှင့် စာသင်တိုက် | ဘိုးဒေါနကုန်းရွာ | မှော်ဘီ |

### ၉။ ဧရာဝတီတိုင်းဒေသကြီး

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၇၄ | အရှင်ဝါယမ | မြစေတီ | လက်ပံကွင်း | မြန်အောင် |
| ၇၅ | အရှင်ဝိသုတ | သစ္စာမဏ္ဍိုင်တောရ | ညောင်ကြီးပေါင်းရွာ | မြန်အောင် |

### ၁၀။ မလေးရှားနိုင်ငံ

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | ရပ်ကွက်/ကျေးရွာ | မြို့နယ် |
|---|---|---|---|---|
| ၇၆ | အရှင်ဥတ္တမဝံသ | သာသနာ့ရက္ခိတတောရ | - | - |

* မှတ်တမ်းများ မပြည့်စုံသေးသဖြင့် ပြည့်စုံသည့် မှတ်တမ်းဖြစ်မြောက်ရေးအတွက် ဖုန်းအမှတ် - ၀၉ ၄၃၀ ၇၅ ၇၀၄ သို့ ဆက်သွယ်ကာ ကျောင်းထိုင်ဆရာတော်၏ ဘွဲ့အမည်၊ ကျောင်းတိုက်အမည်တို့ကို မိန့်ကြားတော်မူပေးပါရန် မေတ္တာရပ်ခံ လျှောက်ထားအပ်ပါသည် ဘုရား။

# (က) ကြည်ညို့ဖွယ်ရာ

## သန္တုဋ္ဌိ၊ သလ္လေခနှင့် နိဝါတ၊ နိမာနဂုဏ်

# ၁။ နဘူးကျောင်းဆရာတော်ကြီးသည် နိုင်ငံတော်မှ ဘွဲ့တံဆိပ်ဆက်ကပ်လာလျှင် အနာမာသဝတ္ထုငွေပါမည်ဖြစ်၍ လက်ခံတော်မမူပါ

နိုင်ငံတော်အစိုးရက နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)အား သာသနာတော်အတွက် အရေးပါသည့် ဝိနိစ္ဆယကျမ်းများကို ရေးသား ပြုစုတော်မူခဲ့ပါသဖြင့် ပညာရေးဆိုင်ရာ **'အဂ္ဂမဟာ ပဏ္ဍိတ'** ဘွဲ့ဖြစ်စေ၊ သိမ်အလုံးပေါင်းများစွာကို သမုတ်တော်မူခဲ့ပြီး တောရဆောက်တည်ခြင်း၊ တောရဆောင် ထေရ်ရှင်များစွာတို့ကို ဒိဋ္ဌာနုဂတိသို့ရောက်အောင် ကျင့်သုံး နေထိုင်တော်မူခဲ့ပါသဖြင့် စွမ်းဆောင်ရည်ဘွဲ့၊ သာသနာပြုဘွဲ့ဖြစ်သည့် **'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ'** ဘွဲ့ဖြစ်စေ ဆက်ကပ် လှူဒါန်းနိုင်ရန် အလှူခံနိုင်ပါကြောင်း လျှောက်ကြားလာပါသည်။ သို့ဖြစ်ပါ၍ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)က -

*"ဆရာတော်ဘုရားကြီး လက်ခံတော်မူမည်ဆိုပါလျှင် ဘုရားတပည့်တော် ကိုယ်စားပြုကာ ဆောင်ရွက်ပေးပါမည်ဘုရား"* ဟူ၍ လျှောက်ထားရာတွင် ဆရာတော်ကြီးက-

*"မောင်မင်းကြည်၊ မင်း ရဟန်းဘဝမှာလည်း ဓမ္မာစရိယဘွဲ့ရ ရဟန်းပညာရှိ၊ လူ့ဘဝမှာလည်း B.A ဘွဲ့ရ လူပညာရှိဖြစ်တယ်။*

*နိုင်ငံတော်က ဆက်ကပ်တဲ့ ဘွဲ့တွေမှာ ဆွမ်းဆန်တော်စရိတ် နှစ်စဉ် လှူတော့ ငွေပါနေတယ်၊ စာချဘုန်းကြီးဘဝကစပြီး ငွေအလှူမခံ စွန့်လွှတ်ခဲ့ပြီးဖြစ်လို့ ဘွဲ့တံဆိပ် အလှူခံခြင်းကို လက်မခံ သဘော မတူပါ”*ဟု မိန့်တော်မူလိုက်သည်။ ထိုအခါ ဦးမင်းကြည်က-

*“ငွေကို နှစ်စဉ် ရွှေတိဂုံဘုရားမှာ တပည့်တော် လှူလိုက် ပါမည်”* ဟု ထပ်ဆင့်၍ လျှောက်ရာတွင် ဆရာတော်ကြီးက-

*“မင်းပြောတာ သဘောတူရင် ငွေလက်ခံရာ ရောက်မသွား ပြန်ဘူးလား”*ဟု မိန့်တော်မူသဖြင့် ဦးမင်းကြည် လက်လျှော့လိုက် ရလေသည်။

*နဘူးကျောင်းဆရာတော်ကြီးက ဆက်လက်၍ သတိပေး မိန့် ကြားတော်မူသည်မှာ-*

*“ဒီဘုန်ကြီးကို နိုင်ငံတော်အစိုးရက ဘွဲ့ဆက်ကပ်ဖို့ လျှောက် ထားတာ လက်မခံပါဘူးလို့လည်း ကျမ်းစာတွေရဲ့နိဒါန်းမှာ ထည့် မရေးနှင့်ဦး”*

နဘူးကျောင်းဆရာတော်ကြီးသည် အနာမာသဝတ္ထုငွေကို ကိုယ် တိုင် ကိုင်တွယ် သုံးစွဲရန်ဝေးစွ ကပ္ပိယလက်ဝယ်၌ပင် ထားရှိတော် မမူပါ။ ဒါယကာ လှူဒါန်းထားသည့် နဝကမ္မဝတ္ထုငွေကို ကပ္ပိယကာရကမှ အပ်စပ်စွာ လျှောက်ထားကာ ကပ္ပိယလက်ဝယ် ထားမည်ဆိုလျှင် ဝိနည်းအဖြစ် မရှိနိုင်ပေ။ သို့သော် ဆရာတော်ကြီးက *“ငါ့ပိုက်ဆံ ကပ္ပိယ လက်ထဲ ဘယ်ရွေ့၊ ဘယ်မျှလောက် ရှိနေသေးတယ်ဆိုတဲ့ တဏှာ လောဘက ဖြစ်နေဦးမှာ၊ ဒါကြောင့် ကပ္ပိယကိုပါ ပယ်လိုက်တော့ ဖြစ်ခွင့်ရှိတဲ့ ကိလေသာ မဖြစ်တော့ဘူး”*ဟု ထန်းတစ်ပင်တောရ၌

တောရ ဆောက်တည်တော်မူနေကြသည့် သံဃာတော်များကို မိန့်ကြား တော်မူဖူးပါသည်။ ထို့ကြောင့် ယနေ့သာသနာတော်၌ အနာမာသ ဝတ္ထုငွေကို ပယ်စွန့်ထားရုံမက ငွေကိုစောင့်ရှောက်ပေးမည့် ကပ္ပိယ ကိုပါ ပယ်စွန့်တော်မူထားသည့် ဆရာတော်ကြီး ဖြစ်ပါသည်။

## အရောင်ဆိုးပြီး မကိုးကွယ်ချင်ကြပါနဲ့

နဘူးကျောင်းဆရာတော်ကြီး၏ ဘွဲ့တံဆိပ် ပယ်သည့်ကိစ္စကို ထိုစဉ်ကာလ သာသနာရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဓမ္မာစရိယ ဦးဌေးလှိုင်က ကြားသိသွားသဖြင့်-

*"မင်းတို့နှယ်ကွယ်၊ ဒီလိုဆရာတော်ကြီးမျိုးကို ဘာမဟုတ်တဲ့ ဘွဲ့တံဆိပ်လောက်နှင့် ပူဇော်တယ်ဆိုပြီးတော့ ဘာလို့ တန်ဖိုးဖြတ်ပြီး နှိုင်းယှဉ်ချင်ရတာလဲ၊ ဒို့က ဘွဲ့တံဆိပ် လက်မခံကြောင်းသိရလို့ အလွန် ကြည်ညိုပါတယ်၊ ဒီနေ့ကစပြီး ဆရာတော်ကြီး ရှိရာအရပ်ကို ရည်မှန်း ပြီး မပျက်မကွက် ရှိခိုးပါ့မယ်၊ အသားအတိုင်းပဲ ကောင်းပါတယ်ဗျာ၊ အရောင်ဆိုးပြီး မကိုးကွယ်ချင်ကြပါနဲ့"*

---

**ကျမ်းညွှန်း**

* သိမ်းဆောင်(ရမည်းသင်း)၏ နဘူးကျောင်းတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိသရမထေရ်မြတ်၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး၊ (၂၀၁၁-ခု) ပထမအကြိမ်။ (နှာ-၂၅၀)

## ၂။ နဘူးကျောင်းဆရာတော် ကောင်းကင်ပျံသည်ကို ဖူးမြင်ကြရသူတို့အတွက် နတ်များကပင် ဖန်ဆင်းပြလေသလော

နဘူးကျောင်းဆရာတော်ကြီးသည် သက်တော် (၅၀)အထိ မကွေးတိုင်းဒေသကြီး မင်းဘူး၊ စကုနယ်များရှိ တောထဲတွင် တောရ ဆောက်တည်ကာ သီတင်းသုံးတော်မူခဲ့ပါသည်။ အနေရိုးပြီး ဆွမ်း သက်န်း ကျောင်း ဆေးတို့ကို ခြိုးခြံချွေတာကာ ခေါင်းပါးစွာဖြင့် တောထဲတွင်သာ သီတင်းသုံးတော်မူသည့် ဆရာတော်ကြီး၏ အကျင့် မြတ်တို့ကို ဒါယကာ ဒါယိကာမများမှ သိရှိရန်ဝေးစွ၊ ရိပ်မိရန်ပင် ခက်ခဲလှပါသည်။

သို့ဖြစ်၍ထင့် *'ဆရာတော်ကြီး ရွှေစက်တော်ဘုရား ရင်ပြင် ဘက်ကို ကောင်းကင်ပေါ်က ပျံသွားတာ မနက်က ဖူးလိုက်ရတယ်'* ဟူ၍လည်းကောင်း *'မနေ့ညနေက ကျိုက်ထီးရိုးဘုရားဘက်ကို ကောင်းကင်ပေါ်က ပျံကြွသွားတာ ဖူးလိုက်ရတယ်'*ဟူ၍လည်းကောင်း သတင်းစကားများ တီးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်လီ ဖြစ်လာပါသည်။ ဆရာတော် ငေါက်ငန်းမည်ကိုစိုး၍ မမေးလျှောက်ဝံ့ကြချေ။

## နတ်တွေကလည်း အယောင်ဆောင်ပြတတ်တယ်

သတင်းများ ပို၍၊ ပို၍ကျယ်ပြန့်လာသဖြင့် စကုဆရာတော် ထံပါး ဒါယကာများက သွားရောက် မေးလျှောက်ထားကြရာ-

*"ဆရာတော်ဘုရား နဘူးကျောင်းဆရာတော် ဦးတိဿရက ရဟန္တာဖြစ်ပြီးတော့ ရွှေစက်တော်၊ ကျိုက်ထီးရိုးဘုရားတွေကို ကောင်း ကင်ခရီးနှင့် ကြွတော်မူနေပါတယ်ဘုရား၊ ရွာကလူတွေကလည်း နေ့စဉ်လိုလို မြင်တဲ့သူတွေ ရှိလာပါတယ်ဘုရား"*ဟု လျှောက်ရာ

နဘူးကျောင်းဆရာတော်ဘုရားနှင့် အကျွမ်းတဝင်ရှိပြီး အကျင့်သီလ တူမျှသည့် စကုဆရာတော်ဘုရားက-

*"ရဟန္တာဆိုတာ လောဘ၊ ဒေါသ၊ မောဟစတဲ့ စိတ်ရဲ့ အညစ် အကြေး ကိလေသာတွေ အပြီးပယ်ခွါထားတဲ့ ပုဂ္ဂိုလ်ကိုပြောတာ၊ စိတ်တိုတတ်တဲ့ ဦးတိဿရက ရဟန္တာမဟုတ်တာ သေချာပါတယ်"* ဟု မိန့်ကြားတော်မူပြီး ခေတ္တစဉ်းစားကာ-

*"ဦးတိဿရက ဝိနည်းသီလ၊ ဓုတင်အရာမှာ ထိပ်တန်း ဖြစ်တော်မူတယ်။ ဒါကြောင့် သာသနာတော်ကို ကြည်ညိုတဲ့ နတ် တွေက ဆရာတော်ကို ကြည်ညိုလေးစားပြီး အယောင်ဆောင် လုပ်ပြတာမျိုးလည်း ဖြစ်နိုင်တာပဲ"*ဟု စဉ်းစဉ်းစားစား ချိန်ချိန်ဆဆ မိန့်ကြားတော်မူပါသည်။

မာရ်နတ်၏ ကိုယ်စားလှယ် နတ်ယုတ်တို့ကလည်း ဆရာတော် ၏ အကျင့်မြတ် ပဋိပတ်ကို ဖျက်စီးနိုင်ရန်အလို့ငှါ ကောင်းကင် ပျံပြ ခြင်းလည်း ဖြစ်နိုင်သည်သာ။ အဘယ်ကြောင့်ဆိုသော် နာမည် ဂုဏ်သတင်း ကျော်စောလာပါက လူပရိတ်သတ် များလာမည်။ ထိုအခါ လာဘ်လာဘ ပေါများလာတော့မည်။ ဤသည်ပင်လျှင် မြတ်သောအကျင့်ကို ကျင့်နေသည့် ကျင့်ဆဲပုဂ္ဂိုလ်များအတွက် ကြီးလေးသော အနှောင့်အယှက် ဖြစ်လာလေပြီ။ ခံတ်ခံအင်အား နည်းပါးသည့် ပုဂ္ဂိုလ်အတွက် ဤပလိဗောဓကပင် သီလညှိုးနွမ်း ကြောင်း၊ ကမ္မဋ္ဌာန်းပျက်ကြောင်း ဖြစ်လာနိုင်ပါသည်။

ဝိနယဂရုကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်၊ သန္တုဋ္ဌိ သလ္လေခဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော်ဘုရားကြီးကမူ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ လွန်တော်မူသည့်တိုင်အောင် တစ်ခွန်း တစ်ပါဒမျှ မိန့်ကြားတော်မူခြင်း မရှိဘူးပေ။

# ၃။ ရှာအဝင် ဆွမ်းခံလမ်း၌ ရဟန္တာကို ဖူးမြင်ချင်သည့်ဒါယကာ

နဘူးကျောင်းဆရာတော်ကြီးသည် အကျဉ်းအားဖြင့် (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်းခြင်းဟူသော ပါတိမောက္ခ သံဝရသီလ၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဟူသော ဣန္ဒြေ ခြောက်ပါးကို စောင့်စည်းခြင်းဟူသော ဣန္ဒြိယသံဝရသီလ၊ ဗေဒင် ဟော၊ ဆေးကု၊ ဓာတ်ရိုက်၊ ဓာတ်ဆင်စသောအနေသန (၂၁)မျိုး၊ ဒါယကာတို့ သဒ္ဓါတရားကို ပျက်စေတတ်သော လုပ်ရပ်(၈)မျိုးဟူသော မှားယွင်းသော အသက်မွေးမှု မိစ္ဆာဇီဝမဖြစ်အောင် စင်ကြယ်သော အသက်မွေးမှုကို စောင့်စည်းခြင်းဟူသော အာဇီဝပါရိသုဒ္ဓိသီလ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟူသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ စင်ကြယ်သော သုံးဆောင်မှုဟူသော ပစ္စယသန္နိဿိတသီလတော်မြတ်တို့ကို အသက်ထက်မက စောင့်စည်း လုံခြုံမှု ရှိတော်မူပါသည်။

ဝိနည်းတရားတော်ကို အစွန်းအထင်းမရှိအောင် လေးစားစောင့်ထိန်းတော်မူနေသည့် ဆရာတော်ကြီး၏ ခန္ဓာကိုယ်တော်ကို

အသည်းရောဂါက ဝါးမျို ဖျက်ဆီးနေသည့်တိုင်အောင် ဓူတင် အကျင့်တော်မြတ်ကို ကျင့်သုံးမြဲ ကျင့်သုံးတော်မူခဲ့ပါသည်။

ထိုသို့ မကျန်းမမာဖြစ်နေပါသော်လည်း ဆရာတော်ကြီးသည် အဝတ်သင်္ကန်း၌ ရောင့်ရဲခြင်း - စီဝရသန္တောသအကျင့်၊ ဆွမ်းဘောဇဉ်၊ ချိုး ချဉ်ရသာတို့၌ ရောင့်ရဲခြင်း - ပိဏ္ဍပါတသန္တောသအကျင့်၊ ကျောင်းအဆောက်အအုံ နေရာထိုင်ခင်းတို့၌ ရောင့်ရဲခြင်း - သေနာသနသန္တောသအကျင့်၊ ဘာဝနာ ပွားများစီးဖြန်းခြင်း၌ မွေ့လျော်ခြင်း- ဘာဝနာရာမတာ အကျင့်မြတ်ဟူသော အရိယာပုဂ္ဂိုလ်မြတ်တို့ အကျင့်ဂုဏ်တို့နှင့်လည်း ကုံလုံ ပြည့်စုံတော်မူပါသည်။

ထို့ကြောင့်ထင့် မဲဒီးရွာအဝင် ဆွမ်းခံလမ်း၏ အလယ်၌ ဒါယကာတစ်ဦးက ရှိခိုးဦးချအပြီး စကား အဆက်အစပ်မရှိ-

*"ဆရာတော် ရဟန္တာဖြစ်ပြီလားဘုရား"*ဟု မေးလျှောက်လာပါသည်။ *"ဒကာကြီးပြောတဲ့ ရဟန္တာဆိုတာ ဒီဘုန်းကြီးလည်းဖြစ်ချင်တာပဲ၊ မဖြစ်သေးဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး"*ဟု ဟန်ဆောင်မှုမပါ ပကတိ ရိုးသားပွင့်လင်းစွာဖြင့် မေးခွန်းရှင်ကို ပြန်လည် မိန့်ကြားတော်မူပါသည်။

# ၄။ လျက်ဆားပုလင်းထဲက နဘူးကျောင်းဆရာတော်ကြီး၏ ဆံပင်အလုံးများ

ထန်းတစ်ပင်တောရ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် ထန်းတစ်ပင်ရွာ ရှိပါသည်။ ထိုရွာသည် နဘူးကျောင်းဆရာတော်ကြီး၏ ဂေါစရဂါမ် ဆွမ်းခံရွာ ဖြစ်ပါသည်။ ဆရာတော် တောရဆောက်တည် တော်မူသည့် တောရကိုလည်း ထန်းတစ်ပင်တောရဟူ၍ ခေါ်တွင်ပါသည်။ ဤတောရကျောင်းသည် လွတ်လပ်ရေး မရခင်ကာလကပင် ပေါ်ပေါက်ခဲ့သည့် ရှေးဦးမဆွ တောရဖြစ်ပါသည်။

ရှေးယခင်က ပျဉ်းမနားမြို့နယ် ကြာပင်ရွာသူကြီးက အင်္ဂလိပ် မင်းထံ တောရကျောင်း မြေဂရန်ရရှိရေးအတွက် လျှောက်ထားခဲ့သဖြင့် ကြာပင်တောရဟူ၍ ယနေ့တိုင် အစိုးရစာရင်း ပေါက်ပါသည်။ သို့သော် ဤတောရကျောင်းသည် လယ်ဝေးမြို့နယ်၌ တည်ရှိနေပါသည်။

အနယ်နယ်အရပ်ရပ်မှ ဒါယကာ၊ ဒါယိကာမများသည် နဘူးကျောင်းဆရာတော်ကို ကြည်ညိုကြသကဲ့သို့ ထန်းတစ်ပင် ရွာသူ၊

ရွာသားများကိုလည်း ချစ်ခင်ကြပါသည်။ ရွာသူရွာသားများသည် ဝိနည်းအရာ ထိပ်တန်းကျသည့် တောရဆရာတော်တို့အား ဆွမ်းလောင်းခွင့်၊ ဝေယျာဝစ္စလုပ်ခွင့် ရရှိထားသည့် ကံပါရမီ ထူးသူများဖြစ်ကြပေသည်။

ထန်းတစ်ပင်ရွာမှ ဒါယကာဦးကြည်တင်က နဘူးကျောင်း ဆရာတော်ကြီး ဆံချတော်မူစဉ်က ဆံပင်အနည်းငယ်ကို သတင်းစာစက္ကူကို ကတော့ချိုးကာ အိမ်သို့ ယူဆောင်လာပါသည်။ ညပိုင်းတွင် သူသုံးလက်စ ဦးချိန်တီ လျက်ဆားပုလင်း ယူလျက်ရာ လျက်ဆားကုန်သွားပါသည်။ ထို့ကြောင့် လျက်ဆားပုလင်းကို သေချာစွာဆေးကြောကာ နံနက်ခင်းက ယူလာခဲ့သည့် ဆရာတော်၏ ဆံပင်ကို ပုလင်းထဲ ထည့်ပါသည်။ ထို့နောက် ပုလင်းအဖုံးကို ပြောင်းဖူးရိုးဖြင့် ပိတ်ကာ သက်ကယ်မိုးထားသည့် သူ့အိမ်ခေါင်းမိုး၌ ထိုးထားလိုက်ပါသည်။ ကာလအတန်ပင် ကြာညောင်းသွားပါသည်။ နွေအကုန်၊ မိုးဦးအခါကာလ၌ သက်ကယ်မိုးရန် ပြင်ဆင်သည့်အခါမှ ခေါင်မိုးထိုးထားသည့် လျက်ဆားပုလင်း ထွက်ကျလာပါသည်။ ပုလင်းထဲမှ ဆံပင်များမှာ အလုံးကြီးတစ်လုံးနှင့် အလုံးငယ်တစ်လုံး စုစုပေါင်းနှစ်လုံး လုံးနေသည်ကို အံ့သြဖွယ် တွေ့ရှိရပါသည်။

## ငြိတတ်၊ ဖွဲ့တတ်လို့ လုံးနေတာ

ဒါယကာ ဦးကြည်တင်က စာရေးသည့်ဘုန်းကြီးကို ပြသဖြင့် လျက်ဆားပုလင်းကို အပြန်ပြန် အလှန်လှန် သေချာစေ့ငု ကြည့်မိပါသည်။ ထို့နောက် ဆရာတော်ကြီးထံပါး ချဉ်းကပ်ခါ ထန်းတစ်ပင်

ရွာမှ ဦးကြည်တင်က ဆရာတော်၏ဆံပင်ကို သူသုံးနေကျ ဦးချိန်တီ လျက်ဆားပုလင်းခွံထဲထည့်ပြီး အိမ်ခေါင်မိုး ထိုးထားခဲ့ရာ တစ်နှစ်ခန့် ကြာသောအခါ ဆံပင်လုံးနေသည်ကို ဖူးမြင်နေရကြောင်းနှင့် ဆံပင် လုံးရသည့်အကြောင်း မည်မျှရှိကြောင်းကို မေးမြန်း လျှောက်ထား ပါသည်။ ဆရာတော်ကြီးက -

*"ဆံပင်ဆိုတာက ဖွဲ့နေတတ်တဲ့သဘာဝ၊ တွဲနေတတ်တဲ့ သဘာဝရှိတယ်၊ ဒါကြောင့် ပုလင်းကျဉ်းထဲ ထည့်ထားရင် တစ်ခုနှင့် တစ်ခု ဖွဲ့သွားတတ်တယ်၊ တွဲသွားတတ်တယ်၊ လုံးလုံးလေးတွေ ဖြစ်သွားတတ်တယ် ပကတိလုံးတာ မဟုတ်ဘူး၊ တစ်ခုနှင့်တစ်ခု တွဲသွားတာပါ။ ဘယ်သူ့ဆံပင် ထည့်ထားထား သူ့သဘာဝအတိုင်း ဒီလိုဖြစ်တာပါ"*ဟု ဖြေကြားပေးတော်မူပါသည်။ သာမန်အားဖြင့် ဆိုလျှင် ဤကိစ္စသည် ချဲ့လျှင် ချဲ့သလောက် ကျယ်သွားနိုင်ပါသည်။ သို့သော် ဆရာတော်ကြီး၏ စိတ်သဘောကား အလွန်ပင် ဖြူစင်ကာ ရိုးသားလွန်းပါသည်။

ဆရာတော် မိန့်တော်မူသည့်အတိုင်း အခြားသူများ၏ ဆံပင် ကို ပုလင်းငယ်များဖြင့် ထည့်ထားရာတွင်လည်း ကာလ အတန်ကြာ သောအခါ လုံးလာသည်ကို တွေ့ခဲ့ရဖူးပါသည်။

# ၅။ ရဟန်း၏ ပိုင်ဆိုင်မှုဟူသည် သီလ

နဘူးကျောင်းဆရာတော် (AD ၁၉၂၁-၂၀၀၄)နှင့် လဲဘူးဆရာတော်တို့နှင့်အတူ လယ်ဝေးမြို့နယ် ကြို့ဇလုပ်ရွာ သိမ်သမုတ်ပွဲကို လိုက်ပါခဲ့ရပါသည်။ ဆရာတော်ဘုရားကြီးများနှင့်အတူ အေလာမြို့မှ ဆရာတော်ဦးဇာဂရလည်း အတူပါလာသည်။

သိမ်သမုတ်မည့် ကျောင်းသို့ရောက်သော် ဆရာတော်ကြီးသည် ကျောင်း၏အပြင် ထန်းလက်မိုး တဲကလေးအောက်က ကုတင်ပေါ်တွင် သီတင်းသုံးတော်မူပါသည်။ လဲဘူးဆရာတော်၊ ဦးဇာဂရနှင့် စာရေးသည့် ဘုန်းကြီးတို့မှာ ခုံတန်းလျားပေါ်တွင် သီတင်းသုံးကာ လဲဘူးဆရာတော်ထံပါးမှ ရှေးဟောင်းနှောင်းဖြစ် မှတ်သားဖွယ်ရာများကို နာယူ မှတ်သားနေပါသည်။

## နဘူးကျောင်းဆရာတော်ကြီး၏ ပိုင်ဆိုင်ပစ္စည်းအစုစု

ထိုစဉ် ဆရာတော်ကြီးက ယနေ့သမုတ်မည့် သိမ်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ ရေးမှတ်ရန် စိတ်ကူးပေါ်လာဟန်တူပါသည်။ ဘောလ်ပင်ရှာရာ မတွေ့တော့သဖြင့် "*ဘောပင်က ပျောက်နေပြန်တယ်*"ဟု မိန့်သံကြားရပြီးနောက် တစ်ဆက်တည်း ဆရာတော့်ခြေရင်းတွင် ချထားသည့် အလျားတစ်ထွာ အနံတစ်မိုက်ခန့်ရှိ သက်န်းစဖြင့် ချုပ်ထားသော လွယ်အိတ်အသေးကို ပြောင်းပြန်လှန်၍ သွန်ချလိုက်ပါသည်။

လွယ်အိတ်ထဲမှ တစ်ဖက်ချော စက္ကူအပိုင်းသေး တစ်ရွက်၊ ခတ်ခဲနာရီ သေးသေးတစ်လုံး၊ အဖုံးမပါတော့သည့် ဘောလ်ပင်

ခပ်ညံ့ညံ့ အမျိုးအစားတစ်ချောင်း၊ သွားကြားထိုးတံ နှစ်ချောင်း၊ မှတ်စုစာအုပ် အငယ်တစ်အုပ်၊ လက်ကိုင်ပုဝါ အနွမ်းတစ်ထည်နှင့် ရှူဆေးဘူးတစ်ခု ထွက်ကျလာပါသည်။ နဘူးကျောင်းဆရာတော်ကြီး၏ ပိုင်ဆိုင်သမျှ ဥစ္စာအကုန် ဖြစ်ပေလိမ့်မည်။ အလုံးစုံလည်း သည်မျှပင် ဖြစ်မည်ထင်ပါသည်။

ကျောင်းမှာလည်း ဓာတ်မီးတစ်လက်၊ သပိတ်တစ်လုံး၊ သင်္ကန်း သုံးထည်နှင့် ကျမ်းစာအုပ်များသာ ရှိပါသည်။ ဒါယကာတစ်ယောက်က ထိုခေတ်ကာလ ရှားပါးပြီး အားသွင်း၍သုံးရသည့် ဓာတ်မီး လာလှူသည်ကို လက်မခံခဲ့ပေ-

*"ဓာတ်ခဲထည့်လို့ရတဲ့ ဓာတ်မီးရှိတယ်"* ဟု မိန့်တော်မူပါသည်။ ညအခါ ဖယောင်းတိုင်ထွန်းရန် မီးခြစ်ကို တစ်လုံးသာထားသည်။

*"မီးခြစ် (၂)လုံး (၃)လုံး ရှိလာရင် ဒီတစ်လုံးက ဘယ်နေရာ ထားရပ့်၊ တစ်ခါ ကြွက်တွေ တိုက်မိသွားရင် လိုတဲ့အခါ ရှာမတွေ့ဘဲ ဖြစ်ပြန်မယ်နှင့် စဉ်းစားနေရတယ်၊ ဒါကြောင့် မီးခြစ်တစ်လုံး၊ ဓာတ်မီး တစ်လက်ဆိုရင် ငါ မီးခြစ် ဘယ်ထားမိပါလိမ့်၊ ဓာတ်မီး ဘယ်များ ရှိမလဲနေဉ်လို့ စိတ်ရှုပ်စရာ မလိုတော့ဘူး"* ဟု မိန့်တော်မူဖူးသည်။

## အနေရိုးသည့်ဆရာတော်

သက်တော်ရှည် လဲဘူးဆရာတော်ဘုရားကြီးက-

*"တပည့်တော် ဆရာတော့်ဆီမှာ ၄-နှစ် စာဝါ လိုက်ဖူးပါတယ်။ အဋ္ဌကထာကျမ်းတွေရယ်၊ ယမိုက်ကျမ်းရယ်၊ ဝိနယသင်္ဂဟ အဋ္ဌကထာ လည်း ဆရာတော်ကြီးဆီ ဘုရားဖြူတိုက်မှာပဲ စာဝါလိုက်ခဲ့ရတာ ဦးခေမာ၊ စာသင်တိုက်မှာကတည်းကရော၊ လွန်တော်မမူခင်အထိကိုပဲ*

*ဆရာတော်ကြီး နေတာထိုင်တာ အလွန်ကို ရိုးပါတယ်ဘုရား၊ ပြော လောက်အောင်ပါပဲ။ စာဖတ်ဖတ်၊ စာရေးရေး၊ ဆွမ်းစားစား၊ ဘာလုပ် လုပ် သူ့နေရာမှာ ရှုပ်ရှုပ်ပွေပွေရယ်လို့ ဘာမှ မတွေ့ရဘူး။ ခေတ်ပေါ်၊ ခေတ်မီပစ္စည်းတွေဆိုရင်လည်း မသုံးတာများတယ်။ တပည့်တော် ကဖြင့် ဟိုဟာလေး ဒီဟာလေး သုံးမိနေသေးတယ် ကိုယ်တော်၊ ဆရာတော် အနားမှာက ရိုးရှင်းနေတယ်။ ခေါင်းအုံးတောင် သစ်သား တုံးလေးရယ်၊ သားရေနွယ်အခင်း အဟောင်းလေးရယ်၊ ယပ်ခတ်ဖို့ မြက်ယပ်တောင် အပြဲကလေးရယ်၊ စာအုပ်တွေရယ် ဒါတွေပဲရှိတာကို မြင်ဖူးတယ် ကိုယ်တော်”*

## ရဟန်းချမ်းသာ (သမဏသုခ)

ရွှေငွေစပါး သိမ်းထားမလို၊
အပြစ်ကင်းငြား ဆွမ်းများရှာဆို၊
ဆွမ်းကိုဘုဉ်းပေး ငြိမ်းအေးသကို၊
မင်းဒုက္ခ မုချလွတ်ကင်းဆို။
ပစ္စည်းမမက် ကိုယ့်တွက်မလို၊
ခိုးသူရန်ဘေး ကင်းဝေးသကို၊
လူရှင်မရော စိတ်ဇောအေးပို၊
သွားလိုရှိ သွားဘိရပ်တိုင်းကို။

---

**ကျမ်းညွှန်း**

* (က) သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓဝံသဋ္ဌကထာ၊ စာမျက်နှာ(၉၈)

* (ခ ) ဒူရေနိဒါန သုမေဓကထာ၊ အပဒါနဋ္ဌကထာ၊ စာမျက်နှာ(၉)။

# ၆။ နဘူးကျောင်းဆရာတော်ကြီးသည် လူလာမည်စိုးသဖြင့် ကျောင်းဝင်းတံခါး ပိတ်ထားတော်မူသည်

နဘူးကျောင်းဆရာတော်ကြီးသည် အစောပိုင်း ဝါများကို မင်းဘူး စကုတောများ၌သာ ဝါဆိုတော်မူရာမှ နောက်ပိုင်း သက်တော် ဝါတော် ရလာသောကာလတွင်မူ လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရနှင့် ရမည်းသင်းမြို့နယ် နဘူးကျောင်းတောရတို့တွင် အခါအားလျော်စွာ ဝါဆိုတော်မူပါသည်။

လူအသွားအလာ၊ အဝင်အထွက် မရှိစေရန် ဝါဆိုရာ ကျောင်းဝန်း၏ သံတံခါးကို ပိတ်ထားတော်မူလေ့ ရှိပါသည်။ လူသား၏ သဘာဝမှာ 'မလာပါနဲ့'ဟု တားမြစ်ထားလျှင် မဖြစ် ဖြစ်သည့် နည်းရှာကာ လာလေ့ ရှိကြသော်လည်း ကုသိုလ်ယူစေချင်၍ ကျောင်းကိုခေါ်လျှင်မူ လာချင်မှလာပါသည်။

## အရုဏ်၊ နေထွက်၊ နေဝင်ချိန် မှတ်တမ်း

ဆရာတော်ကြီးသည် နံနက်အရုဏ်တက်ချိန်ကို နာရီနှင့် ခါတ်မီးကို လက်ထဲကိုင်ကာ နေလုံးအပြည့်အဝ ထွက်ပြူပြီးသည် အထိ ကြည့်ရှုတော်မူပြီး နေထွက်ချိန်ကိုလည်း မှတ်သားတော်မူ ပါသည်။ ထို့နောက် ဆွမ်းခံကြွတော်မူသည်၊ ဆွမ်းဘုဉ်းပြီးလျှင် ရံခါ ကျမ်းစာရေးသားပြီး၊ ရံခါ စာဖတ်တော်မူလေ့ ရှိပါသည်။ နေ့မွန်း တည့်ခါနီး အချိန်တွင် နာရီကို လက်ထဲကိုင်ကာ ကျောင်းပေါ်မှ

ဆင်းကြွလာပြီး နေနာရီကို ကြည့်ရှု မှတ်သားတော်မူပါသည်။ ထို့နောက် ညနေ(၅)နာရီခန့်တွင် ကျောင်းရှေ့ရှိ သစ်သား ပက်လက် ကုလားထိုင်ပေါ်တွင် သီတင်းသုံးတော်မူကာ နေဝင်ခါနီးလျှင် နေဝင် ချိန်ကို ကြည့်ရှုရန် နာရီကို လက်ထဲကိုင်ပြီး ကျောင်းဝင်းအပြင် ကြွတော်မူပါသည်။ ဤဆောင်ရွက်ချက်များသည် တစ်နေ့ တစ်လ၊ တစ်နှစ်မျှ ဆောင်ရွက်သည်မဟုတ်ဘဲ ရာသက်ပန် ဤသို့ပင် ကျင့်သုံးတော်မူသွားပါသည်။

## မဝင်ရဆိုင်းဘုတ်ကို ခေါင်းငုံ့ဝင်လာသည်

ခရစ်သက္ကရာဇ် ၂၀၀၀-ပြည့်နှစ်၏ ဝါတွင်းကာလက ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ထန်းတစ်ပင် တောရတွင် ဝါဆိုတော်မူပါသည်။ ဝါတွင်းရက်တစ်ရက်၏ မွန်းတည့်ခါနီးအချိန်တွင် လူရည်သန့် ဒါယကာသုံးဦးက 'မဝင်ရ'ဟု ရေးသား တားမြစ်ထားသည့် ဆိုင်း ဘုတ်အောက် ခေါင်းငုံ့ဖြတ်ကျော်ကာ ထန်းတစ်ပင်တောရ ကျောင်း ဝင်းထဲ ဝင်လာကြပါသည်။

ထို့နောက် သူတို့သည် ဆရာတော်ကြီး သီတင်းသုံးတော် မူရာ ကျောင်းရှေ့သို့ တန်းတန်းမတ်မတ် သွားကြပါသည်။ ဆရာတော် ကြီး၏ တိုက်ကျောင်းတံခါးမှာ အတွင်း၌ မင်းတုပ်ထိုးကာ ပိတ် ထားပါသည်။ ထိုပိတ်ထားသည့် တံခါးရွက်ကို သုံးဦးစလုံးက ကျောဖြင့် မှီပြီး တင်ပလ္လင်ခွေ၍ မျက်စိမှိတ်ကာ ထိုင်ကြလေသည်။ ဤသို့ ပြုကြခြင်းမှာ လောကီဂိုဏ်းဆရာ၏ တိုက်တွန်းချက်ကြောင့်လော၊

ပေဒင်ယတြာကြောင့် ပင်လော မသိရပါ။ ဆရာတော်ကြီးမှာ မွန်း မတည့်သေးသဖြင့် ကျောင်းထဲတွင်ပင် ကျမ်းစာများ ရေးသားနေတော်မူနေပေဟန် တူပါသည်။

နေမွန်းတည့်ချိန် နီးလာပြီဖြစ်သဖြင့် ကျောင်းရှေ့၌ရှိသည့် နေနာရီ ကြည့်ရှုစစ်ဆေးရန် ဆရာတော်ကြီးက တံခါးဖွင့်ပါသည်။ မင်းတုပ်ကို ဖြုတ်၍ ပုံမှန် တွန်းနေကျအတိုင်း တွန်းပါသော်လည်း တံခါးမှာ ဖွင့်မရဘဲ ဖြစ်နေပါသည်။ မွန်းတည့်ချိန် အလွန်နီးနေပြီ ဖြစ်သဖြင့် ဆရာတော်ကြီးက အားစိုက်ကာ အဖန်ဖန် တွန်းသော်လည်း တံခါးမှာ ပွင့်မလာပေ။

## တံခါးရှေ့ မျက်စိမှိတ်ပြီး အူတူတူသုံးယောက် ထိုင်နေတယ်

ထို့ကြောင့် အနောက်ဘက်ကုဋီ တံခါးဘက်မှ ရှေ့သို့ ကြွလာတော်မူရာ လူသုံးဦး တံခါးကိုမှီကာ မျက်စိမှိတ်လျက် တုတ်တုတ်မျှ မလှုပ်ဘဲ ထိုင်နေသည်ကို ထူးဆန်းစွာ မြင်တော်မူပါသည်။ ညနေစာရေးသည့် ဘုန်းကြီး ဆရာတော်ကြီးထံပါး ရောက်သွားရာ-

*"လူသုံးယောက်က မဝင်ရဆိုတဲ့ဆိုင်းဘုတ်ကို ကျော်လာခဲ့တယ်၊ ပြီးတော့ ဒီကျောင်းတံခါးရှေ့ မျက်စိမှိတ်ပြီး အူတူတူနှင့် ထိုင်နေလိုက်တာ တံခါးဖွင့်လို့ မရလိုက်ဘူး၊ ဒါနှင့် ဒီနေ့ နေမွန်းတည့်ချိန် ကြည့်တာ နောက်ကျသွားတယ်"* ဟု မိန့်တော်မူပါသည်။

# ၇။ ကျောင်းကို လူမလာလေ ကောင်းလေ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် လဲဘူးတောရ၌ သီတင်းသုံးတော်မူသည့် သက်တော်ရှည် လဲဘူးဆရာတော်ဘုရားကြီးသည် နဘူးကျောင်းဆရာတော်ကြီး ရန်ကုန်ဘုရားဖြူ စာသင်တိုက်၌ စာချစဉ်ကပင် စာလိုက်ခဲ့သည့် တပည့်တစ်ပါး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး တောရဆောက်တည်ကာ တောထဲ၌ သီတင်းသုံးတော်မူသည့် အခါတွင်လည်း ဆရာတော်၏ ခြေရာကို အမှီလိုက်တော်မူသည့် တပည့်ကောင်းတစ်ပါး ဖြစ်ပါသည်။ နဘူးကျောင်းဆရာတော်ကြီးထက် သက်တော်ဝါတော် တစ်နှစ်၊ တစ်ဝါမျှသာ ငယ်ပါသည်။

*"ကိုယ်တော် မေးလျှောက်လာမှပဲ သတိရလို့ ဆရာတော်ကြီး ဆွမ်းဘုဉ်းတာလေး ပြောရဦးမယ်။ ဆရာတော်ကြီး ဆွမ်းဘုဉ်းရင် လက်ချောင်းလေးချောင်းနှင့်ပဲ ဘုဉ်းပေးတော်မူတယ်၊ သူများတွေလို သပိတ်တွေ၊ လက်တွေ ပေကျံနေအောင် ဘုဉ်းပေးတာ တစ်ခါမှကို မတွေ့ဖူးဘူး။ ဆွမ်းဘုဉ်းတာနှင့် ပတ်သက်လို့ ဆရာတော်ကြီး မိန့်တော်မူဖူးတာက ဆွမ်းဟင်းခွက်အားလုံး နှိုက်တာ မနှိုက်တာ အရေးမကြီးဘူးတဲ့။ ကိုယ်နှင့် သင့်တင့်မျှတတာကို ဘုဉ်းပေးရမှာတဲ့။ ဆွမ်းနည်းနည်းလေးကို ကြာကြာဝါးတယ်၊ ဒါကြောင့် ဆွမ်းတစ်ခါ ဘုဉ်းရင်*

*တစ်နာရီလောက် ကြာတယ်။ နာရီရွှေ့ချထားပြီး ဘုဉ်းပေးတာလေ။ တပည့်တော် စာသင်သားဘဝတုန်းကတည်းက ဆရာတော်ကြီးက ဒီမူတွေအတိုင်းပဲ ကျင့်သုံးတော်မူလာတာ သက်တော် (၈၃)နှစ် အသည်းကင်ဆာရောဂါဖြစ်ပြီး လွန်တော်မူတဲ့ထိအောင်ပါပဲဘုရား"*

## ၆-လသာ ခံတော့မည်

နဘူးကျောင်းဆရာတော်ကြီး ပျံလွန်တော်မူလောက်မည့် အသည်းကင်ဆာရောဂါ ဖြစ်မှန်းမသိ ဖြစ်နေကာ နာတာရှည် မမာမကျန်းဖြစ်နေသည်မှာ ၂၀၀၄-ခုနှစ်၏ နှစ်ဆန်းကာလတွင် (၆)လခန့်ပင် ကြာမြင့်ခဲ့လေပြီ။ ဒါယကာများက ရန်ကုန်မြို့သို့ ကြွကာ ဆေးစစ်ရန် လျှောက်ထားကြပါသည်။

ရန်ကုန်မြို့လမ်း (၃၀) အသည်းအထူးကု ဒေါက်တာခင်မောင်ဝင်း၏ ဆေးရုံ၌ ဆေးစစ်ကြပါသည်။ ဆေးစစ်ပြီးသည့်အခါ သွေးအဖြေ၊ တီဗွီဓာတ်မှန် အဖြေအရ ခန္ဓာကိုယ်တွင်း၏ ရောဂါတွေ့ရှိချက်မှာ အသည်းတစ်ခြမ်းလုံး ကင်ဆာဖြစ်ကာ အလုပ် မလုပ်တော့သဖြင့် အလွန်ဆုံး (၆)လသာ ခံတော့မည်ဖြစ်ကြောင်း အနီးကပ်စောင့်ရှောက်တော်မူနေကြသည့် သံဃာတော်များအား ဆရာဝန်ကြီးများက တိတ်တဆိတ် လျှောက်လာကြပါသည်။ သာဂရမြို့ မှန်တောင်တောရဆရာတော်က ဆရာတော်ကြီးထံပါး အခြေအနေ အရပ်ရပ်ကို အသေးစိတ် လျှောက်ကြားတော်မူကာ-

*"ဆရာဝန်၊ သမားတော်များရဲ့ သုံးသပ်ချက်အရ (၆)လသာ အသက်ရှင်ခွင့် ရှိတော့မှာဖြစ်တဲ့အတွက် ဆရာတော်ဘုရား ပြင်ဆင်*

*စရာရှိတာ ပြင်ဆင်နိုင်အောင် ဘုရားတပည့်တော်အနေနှင့် အရဲစွန့် လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"*ဟု ပြည့်စုံစွာ လျှောက်ထားကာ နိဂုံးချုပ်ပါသည်။

သာမန်အားဖြင့် ဤစကားမျိုးကို ကြားရသူအဖို့ ရူးသွပ်မတတ် ခံစားရမည်ဖြစ်ပြီး၊ စိတ်မထိန်း နိုင်သူဆိုလျှင် အော်ဟစ်ကာ လူးလိမ့် ငိုကြွေးပေတော့မည်။ သို့သော် ဆရာတော်ကြီး၏ နှုတ်တော်မှ မမျှော် လင့်ထားသည့် စကားကို ကြားရပါသည်-

*"ဆရာဝန်က ၆-လလောက်ပဲ နေရတော့မယ် ပြောတယ်လို့ လျှောက်နေကြတယ်၊ ဒီဘုန်းကြီးကတော့ ကိုယ့်ကိုယ်ကို ၃-လ လောက်ပဲ နေရတော့မယ်လို့ တွက်ထားပြီးသားပါ"*ဟု အေးဆေးသော မျက်နှာသွင်ပြင်၊ တည်ငြိမ်သည့် အသံတော်ဖြင့် မိန့်ကြားတော် မူပါသည်။

ထို့နောက် တောရကျောင်းကို ပြန်ချင်ကြောင်း မိန့်တော်မူပါ သည်။ တစ်သက်တာ တော၌ မွေ့လျော်တော်မူခဲ့သည့် ဆရာတော် ကြီးသည် မိမိဘဝ၏ နောက်ဆုံးအချိန်ကိုလည်း တောထဲ၌ပင် ဆုံးခန်း တိုင်စေလိုဟန် တူပါသည်။

တစ်ဖက်ကလည်း ဆေးဝါးကုသပေးနေသည့် အနောက်တိုင်း ဆရာဝန်ကြီးများနှင့် မြန်မာသမားတော်များကလည်း *"နောက်ကျ သွားပါပြီ ဘုရား"* နိဂုံးချုပ် လျှောက်ထားကာ လက်လွှတ်လိုက်ပြီ ဖြစ် သဖြင့် ဆရာတော်ကြီး သက်တော်ရှည်ရန် မျှော်လင့်ချက် ရောင်ခြည် မှာ မှေးမှိန်ကွယ်ပျောက်၍သွားပြီး ဖြစ်လေသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ ဆန္ဒတော်အတိုင်း လယ်ဝေးမြို့ ထန်းတစ်ပင်တောရ သို့ ပင့်ဆောင်လာကြပါသည်။

## လူမလာအောင်လည်း စောင့်ရှောက်ပေးကြပါ

*“ဘုန်းကြီး ခြောက်လပဲခံတော့မယ်ဆိုတဲ့သတင်း ဒီကလူတွေကို ဘာလို့ပြောရတာလဲ၊ အခုလိုပြောထားလို့ ဒီကျောင်းမှာ လူအလာများနေတာထင်တယ်’*ဟု မိန့်တော်မူပြီးနောက် -

*“ဂိလာနစောင့်ရှောက်တယ်ဆိုပြီး ဘုန်းကြီးအနားမှာ နေ့ဆိုင်းညဆိုင်းနှင့် သံဃာတွေ ရောက်နေကြတယ်၊ လူတွေ ဘုန်းကြီးရှေ့မလာအောင်လည်း အဆိုင်းနှင့် စောင့်ရှောက်ပေးကြပါဦးလား”*ဟု မိန့်တော်မူပါသည်။

ရပ်ထဲရွာထဲတွင် လူတစ်ဦးဦး နေမကောင်းဖြစ်နေပါက-

*“ဟိုလူ မလာသေးဘူးလား” “ငါနေမကောင်းဖြစ်နေတာသူသိရက်နှင့် အခုထိ ဒီလူ ရောက်မလာသေးဘူး”*ဟူ၍သာ ပြစ်တင်သည့်လေသံဖြင့် ပြောလေ့ရှိကြပါသည်။ အနားမှ လူနာမေးသည့်လူများ ဝိုင်းဝိုင်းလည်နေမှသာ လူမမာက နေသာသည့်နှယ် ရှိပါသည်။ အားရှိလာသည်ဟူ၍လည်း ခံစားကြပါသည်-

*“မနက်က မျက်လုံးကို မဖွင့်တာ အခု ခင်ဗျားလာတော့မှ လူမမာက အားရှိလာလိုက်တာဗျာ၊ ရွှင်လန်းနေတာပဲ ညနေလည်း လာပေးပါဦးနော်”*ဟု မအားလပ်သူ၊ မလာချင်သူကိုပင် အားနာပြီးနောက်ထပ် လာရောက်ရန် ဖိတ်ကြားတတ်ကြပါသည်။ သူတော်ကောင်းကြီးတို့၏ အလုပ်အတွက်မှာမူ လူများနေခြင်းကပင် ကြီးစွာသော အနှောင့်အယှက် ဖြစ်နေပေတော့သည်။

# ၈။ လူ့ပရိသတ်ကို ရှောင်ရှားတော်မူလေ့ရှိသည့်ဆရာတော်

နဘူးကျောင်းဆရာတော်သည် သံဃာ့ပရိသတ်ကို မြတ်နိုးတော်မူသော်လည်း လူပရိသတ်ကိုမူ အတတ်နိုင်ဆုံး ရှောင်ရှားတော်မူလေ့ရှိပါသည်။ လဲဘူးဆရာတော်က-

*"ဆရာတော်က လူရှုပ်ရှုပ်ဆိုရင်ကို မကြိုက်တာ၊ သာရေးနာရေး မလိုက်ဘူး၊ ကျောင်းမှာ ကထိန်မခင်းဘူးဘုရား၊ ဒါကို ထန်းတစ်ပင်ရောက်စ တစ်နှစ်က ဝါကျွတ်တော့ ကြာပင်တောရက ဦးပညာဝံသဆီမှာ အရင်အရင် နှစ်တွေကလိုပဲ ကထိန်ခင်းကြတယ်၊ ကထိန်တရားကို ဆရာတော်ဟောပေးဖို့ လာလျှောက်ကြတယ်၊ ဆရာတော်က 'မင်းတို့ကထိန်တရား ဒီဘုန်းကြီး မဟောပါရစေနဲ့'လို့ မိန့်တော်မူတယ်။ ရွာက ဒကာတွေကလည်း မလျှော့ဘူး တရားဟောပေးဖို့ကို ဇွတ်လျှောက်ကြတယ်၊ ဒါနှင့်ဆရာတော်က 'ဘုရားဟော ဝိနည်းတော်အတိုင်း ဒီဘုန်းကြီးက ကထိန်တရား ဟောရမလား'လို့ မေးတော်မူတယ်၊ ဒကာတွေကလည်း စိတ်အား ထက်သန်လာပြီးတော့ 'ဝိနည်းတော်အတိုင်း ဟောတာကို နာကြားလိုပါတယ်ဘုရား'လို့ လျှောက်ကြတယ် ဦးခေမာ။ ဆရာတော်က 'ဘုရား ဥပဒေတော် ဝိနည်းအတိုင်းသာ ကထိန်တရားဟောရင် ဒကာတို့ကထိန်အောင်မှာမဟုတ်ဘူးနော်၊ ကထိန်ပွဲပျက်လိမ့်မယ်'လို့ ပွင့်ပွင့်လင်းလင်းကြီး မိန့်တော်မူမှ သူတို့က လက်လျှော့သွားကြတာဘုရား"*ဟု စာရေးသည့်ဘုန်းကြီးအား မိန့်ကြားတော်မူပါသည်။

# ကိုယ့်ကထိန်သူလာရင်၊ သူ့ကထိန်လည်း ကိုယ်သွားပေးရမှာ

ဆက်လက်၍ ဆရာတော်ကြီးကိုယ်တိုင် ကထိန်မခင်းသည့် အကြောင်းကို မိန့်ကြားတော်မူသည်မှာ-

*"ဟိုတုန်းက ဆရာတော်နားမှာ နည်းခံဖို့ သီတင်းသုံးတော်မူကြတဲ့ သံဃာတော်တွေအားလုံးက တိစီဝရိတ်စူတင်နှင့် ပံ့သုကူ သင်္ကန်းစူတင်စတဲ့ စူတင်တွေကို ဆောက်တည်ထားကြတယ်၊ ကထိန်လက်ခံလိုက်ရင် သင်္ကန်းအလှူခံရတော့မယ်၊ 'ဒါယကာလှူတဲ့ သင်္ကန်းကို ပယ်ပါ၏' လို့ စူတင်အဓိဋ္ဌာန်တင်ထားတဲ့ ပုဂ္ဂိုလ်အတွက် အခက်အခဲ ဖြစ်လာမှာကြောင့်လည်း ကထိန်မခင်းတာ ဖြစ်မယ် ထင်တယ်ဘုရား၊ ကိုယ့်သင်္ကန်းကို ဝိနည်းနှင့်အညီ စောင့်ရှောက်ထားတာဆိုတော့ ကထိန်မခင်းလို့ အာပတ်သင့်စရာ မရှိပါဘူးတဲ့၊ နောက်တစ်ခု ဆရာတော်မိန့်တော်မူတာက ကထိန်ခင်းရင် သံဃာတွေ ပင့်ရတော့မယ်၊ ကိုယ့်ကထိန် သူလာရင်၊ သူ့ကထိန်ကျတော့လည်း ကိုယ်က သွားပေးမှဖြစ်မယ်၊ ဒါနှင့်ပဲ ငွေကိုင်ရတဲ့ အဆင့်ထိ ရောက်သွားတော့မှာလို့လည်း မိန့်တော်မူဖူးတယ်၊ ပရိသတ်ရှောင်ချင်တာလည်း တစ်ကြောင်းပါတာပေါ့"* ဟု လဲဘူးဆရာတော်က အကျယ်တဝင့် ရှင်းလင်းပြတော်မူပါသည်။

## ဒီဘုန်းကြီးကို ပစ်မှားထားတာမရှိဘူး

လူပရိသတ်ကိုရှောင်ရှားကာ နေတော်မူသည့် ဆရာတော်သည် ကားဖြင့် သိမ်သမုတ်ပွဲတစ်ခုသို့ ကြွတော်မူရာ ခရီးတစ်နေရာ၌ လမ်းပျက်နေသဖြင့် လမ်းလုပ်သားများ လမ်းခင်းနေကြပါသည်။ ထို့ကြောင့် ကားကို ခေတ္တရပ်ထားရပါသည်။ ကားရပ်ထားရာနေရာသို့ လူတစ်စုလာရောက်ကာ ဩကာသ ကန်တော့ချိုးဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိသော် ထိုအပြစ်တို့ ပျောက်ပါစေခြင်း အကျိုးငှါဟု ရွတ်ဆိုကာ ကန်တော့ကြပါသည်။ ဆရာတော်က ဒကာတို့ ဘယ်ကလဲဟု မေးတော်မူပါသည်။ ဒါယကာများက သူတို့ နေထိုင်ရာ ဒေသများကို ကိုယ်စီ ပြန်လည်လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်ကြီးက-

*"ဒါဆိုရင် ဒီဘုန်းကြီးကို ဒကာတို့က သိလည်းမသိ၊ ကြုံလည်း မကြုံဘူးတော့ ပြစ်မှားမိတာလည်း မရှိနိုင်ဘူး၊ ပြစ်မှားမယ့်ပြစ်မှားရင် ဒီနားရွာက ဘုန်းကြီးတွေကိုပဲ ပြစ်မှားမိမယ် ဒါကြောင့် သူတို့ကိုပဲ ကန်တော့ တောင်းပန်ကြပါ"*ဟု မိန့်တော်မူပြီး ခရီးဆက်ကြွတော်မူ၏။ နဘူးကျောင်းဆရာတော်ကြီးသည် ပရိသတ် အခြံအရံ ကျော်စောမှုကို စံနမူနာထားရလောက်အောင်ပင် နှောင်ဖွဲ့တော်မူခြင်း ရှိတော်မမူပေ။

## ၉။ သူတော်ကောင်းတို့မည်သည် သံယောဇဉ်နှောင်ဖွဲ့ခြင်းကို လိုလားတော်မမူပါ

နဘူးကျောင်းဆရာတော်ကြီးသည် ဒါယကာများက မိမိအပေါ် ကျေးဇူးပြုခဲ့ဖူးသည်ကို အသိအမှတ် ပြုတော်မူပါသော်လည်း ဒါယကာများနှင့် သံယောဇဉ် ဖွဲ့ခြင်းကိုမူ အစဉ်အမြဲ ရှောင်ရှားတော်မူလေ့ရှိပါသည်။

ဆရာတော်ကြီး စကုမင်းဘူးမှသည် လယ်ဝေးနယ်သို့ ခြေလျှင်ခရီးကြွတော်မူပါသည်။ လမ်း၌ လယ်ဝေးနယ် မဲဒီးရွာမှ ဒါယကာတစ်ဦးနှင့်တွေ့သဖြင့် ထန်းတစ်ပင်တောရအကြောင်း လျှောက်ထားရာမှ ထန်းတစ်ပင်တောရသည် တောရအင်္ဂါနှင့် ညီညွတ်ပြည့်စုံမှု ရှိမရှိကို စီစစ်နိုင်ရန် မေးမြန်းတော်မူပါသည်။ ထိုဒါယကာက သူသိမှိသမျှ လျှောက်ထားရာမှ ဆရာတော်က ကိုယ်တိုင် မျက်မြင်ကြည့်ရှုလိုသည့် ဆန္ဒရှိသည်ကို ဒါယကာက ရိပ်မိသဖြင့်-

*"ဆရာတော်ကြွလိုတဲ့ ဆန္ဒရှိရင် ဘုရားတပည့်တော် လမ်းပြပါမည်ဘုရား"*ဟု လျှောက်ထားပါသည်။

## တောရဆရာတော် ပျင်းနေမည်ကို စိုးရိမ်သည့်ဒကာ

ထိုစဉ် အခါကာလက ထန်းတစ်ပင်တောရသည် တောရအင်္ဂါ ပြည့်စုံပါသော်လည်း ထန်းတစ်ပင်ရွာ ကျောင်းအနေဖြင့်သာ တည်ရှိပြီး ဘုန်းကြီးဦးပညာဝံသ သီတင်းသုံးတော်မူလျက် ရှိပါသည်။ ထန်းတစ်ပင် ကျောင်းသည် တောရအင်္ဂါ ပြည့်စုံနေသည်ကို နဘူးကျင်း ဆရာတော် ကြီးက နှစ်သက်တော်မူသဖြင့် ရက်ကာလ အတန်ကြာ သီတင်းသုံး တော်မူပါသည်။ ထိုဒါယကာကြီးကလည်း ဆရာတော်ကို ကြည်ညို၍ ဆရာတော်ကြီးတစ်ပါးတည်း တောထဲ ပျင်းနေမည်ကို စိုးရိမ်သဖြင့် နေ့စဉ်နေ့တိုင်း မနက်ခင်းလာပြီး ညနေ နေစောင်းမှ ပြန်လေ့ရှိပါသည်။ တစ်နေ့ ညနေတွင် ဒါယကာက-

*"အရှင်ဘုရား တပည့်တော် ကြံစိုက်စရာရှိလို့ မနက်ဖန်ကစပြီး တော်တော်ကြာကြာ ရောက်နိုင်မှာ မဟုတ်ပါဘုရား"*ဟု လျှောက်သည်။ သာမန်အားဖြင့်ဆိုလျှင်-

*"ဒကာကြီးအားကိုးနှင့် ဒီတောရကျောင်းမှာ နေနေတာ၊ ဒကာကြီးမလာရင် ဘုန်းကြီးတစ်ပါးထဲ ပျင်းနေတော့မှာ၊ သိပ်မကြာနှင့် မြန်မြန်ပြန်လာပါနော်"*ဟု စသည်ဖြင့် ပြောလိမ့်မည်ဟု ထင်စရာ ရှိပါသည်။ ဆရာတော်ကြီးကမူ-

*"ဒီဘုန်းကြီးကလည်း မင်းကို မလာနဲ့တော့လို့ ပြောချင် ပေမယ့်၊ မင်းက ငါ့အပေါ် ကျေးဇူးရှိနေလို့ ငဲ့နေရတာ၊ အခုတော့ မင်းလည်းကောင်းသွားပြီ၊ ဒီဘုန်းကြီးလည်း လွတ်လပ်သွားပြီ"*ဟု မိန့်တော်မူလိုက်ပါသည်။ သူတော်ကောင်းတို့၏ သဘောက သာမန် လူတို့ တွေးထင်သည်နှင့် ရံခါ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ချင် ဖြစ်နေတတ်သဖြင့် အထူးသတိပြုကာ ချဉ်းကပ်သင့်ပေသည်။

# ၁၀။ သူတော်ကောင်းကြီးများသည် ဘဝ၏နေဝင်ချိန်ထိတိုင် သီလကို ဖြည့်ကျင့်တော်မူကြပါသည်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် အသည်းရောဂါဖြင့် လွန်တော်မမူမီ ရက်သတ္တ-၆ ပတ်ခန့်အလိုတွင် ရန်ကုန်မြို့၌ ဆေးဝါးကုသမှု ခံယူတော်မူနေပါသည်။ သီတင်းသုံးတော်မူရာ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ယောဆရာတော်ကြီး၏ကျောင်းမှ သန်လျင်တံတားကြီး အလယ်တည့်တည့်သို့ နေ့စဉ်နံနက်(၄း၀၀)နာရီတွင် ကြွတော်မူပါသည်။ ယမန်နေ့၊ ယမန်နေ့များက အတိုင်းပင် ယနေ့လည်း အရုဏ်လာသည်အထိ တံတားပေါ်တွင် အရုဏ်ခံယူတော်မူပြီး ဒါယကာများက ပြန်လည်၍ ပင့်ဆောင်လာကြပါသည်။ ဓုတင်ဆောင်မထေရ်မြတ်ကြီးသည် ရန်ကုန်မြို့ကြီး၌ ဆေးကုသမှု ခံယူစဉ်တွင်ပင် အာရညကင်ဓုတင်ကို မပျက်မကွက် ဆောက်တည်နေခြင်းဖြစ်ပါသည်။

## အနာနှိပ်စက်ပါစေ အကျင့်မြတ်ကိုမဖျက်ပါ

ကားအဆင်းအတက်ကိုပင် ဘေးမှ ဖေးမတွဲယူနေရပါသည်။ ဖိနပ်ကိုပင် ကိုယ်တိုင်စီးရန် ခက်ခဲနေသဖြင့် တပည့်များက နေသားတကျစီးဖြစ်ရန် ဆောင်ရွက်ပေးနေရပါသည်။ တံတားသို့ကြွရန် သက်နိုးရုံရာ၌လည်း ဝိုင်းဝန်း ကူညီပေးနေရပါသည်။ သို့သော်

ဆရာတော်ကြီးသည် အသက်ရှင်နေသေးသမျှ ရောဂါက မည်မျှပင် နှိပ်စက်နှိပ်စက်၊ အခံရမည်မျှပင်ခက်ခက် ဓူတင်ကိုမဖျက်ဘဲ မပျက်မကွက် ဆောက်တည်တော်မူနေခြင်းမှာ မြန်မာနိုင်ငံသာသနာတော်အတွက် မော်ကွန်းမှတ်တမ်းတစ်ရပ် ဖြစ်ရုံမက နောင်လာနောက်သားများအတွက်လည်း အတုယူ အားကျစရာ စံနမူနာကောင်းတစ်ရပ် ဖြစ်ပါသည်။

## မအေပ်စပ်သည့်ကုထုံး မသုံးလို

နဘူးကျောင်းဆရာတော်ကြီး၏ တပည့်တစ်ပါးသည်လည်း နာတာရှည် အသည်းရောဂါ ခံစားနေရရှာပါသည်။ ဆွမ်းခံ အသွားသာ သွားနိုင်ပြီး အပြန်လမ်း၌မူ လယ်ကန်သင်း၌ပင် သားရေနွယ်ခင်းပြီး လှဲအိပ်ကာ နားရသည်ထိ အားအင် ကုန်ခမ်းလာပါသည်။ သို့သော် ဆွမ်းခံဝတ်ကိုမူ မပျက်စေပါ။

ဆေးဆရာအမျိုးမျိုးပြောင်း၊ ဆေးအမျိုးမျိုးပြောင်းကာ ကုသပါသော်လည်း ရောဂါမှာ တစ်နေ့ထက် တစ်နေ့ ဆုတ်သည်မရှိ တိုး၍ တိုး၍သာ လာနေပါတော့သည်။ တပည့်ရဟန်းများ၊ ဒါယကာများက ကေန်ပင် မာရဏန္တိကဝေဒနာ(သေလုမြောပါးဖြစ်သော ရောဂါဝေဒနာ) ကျရောက်လာလေပြီဟု နှလုံးသွင်းကာ ဂိလာနပြုစုနေကြသည်။ ထိုစဉ်ကာလ ဒါယကာတစ်ဦးက ဆေးဆရာပင့်လာရာ -

*“တပည့်တော် အရှင်ဘုရားရောဂါမျိုး ကောင်းကောင်း ကုတတ်တယ်။ တပည့်တော်ပေးတဲ့ဆေးသာ နှစ်ကြိမ် ဘုဉ်းပေးပါဘုရား၊ သုံးကြိမ်ပင် ဘုဉ်းပေးရန် မလိုပါ ရောဂါပျောက်ပါတယ်။ တပည့်တော်*

*အရှင်ဘုရားကို ကြည်ညိုလို့ ဆေးဖိုးလည်း မယူပါဘုရား။ ဆေးနည်း ကပ္ပိယကို ပေးထားခဲ့ပါမယ်”*ဟု လျှောက်ထားကာ ဝတ်ပြုပြီး ဆေးဆရာ ပြန်သွားပါသည်။ ညနေရောက်သော် ကပ္ပိယဒါယကာက အနားလာလျှောက်ပါသည်-

*“ဆေးတစ်ခွက်တည်းနှင့် ပျောက်မယ့်ရောဂါလို့ ပြောတယ် ဘုရား၊ သူ့ဆေးကိုတော့ ယုံယုံကြည်ကြည် သုံးပါလို့ လျှောက်ခိုင်း ပါသေးတယ်။ ရောဂါပျောက်ဖို့ သူတာဝန်ယူပါတယ်တဲ့ဘုရား။ ဆေး ဖိုးကိုတော့ တပည့်တော်ရဲ့ညီမက လှူဒါန်းမယ်လို့ မနေ့ကတည်းက လျှောက်လိုက်ပါသေးတယ်ဘုရား”*

*“ဆေးရောက်လာပြီလား”*ဟု ကပ္ပိယကို အရှင်မြတ်က မေးရာတွင်-

*“ဆေးက တောထဲရှာရမှာပါဘုရား၊ ဒီညရှာနိုင်ရင် မနက်ဖြန် တော့ ရမှာပါဘုရား၊ တစ်ခါတည်း နှစ်ကောင်ရရင်တော့လည်း နှစ်ခွက်စာရပြီပေါ့ဘုရား။ တပည့်တော်တို့ ဒကာ, ဒကာမတို့က အရှင်ဘုရား ကျန်းကျန်းမာမာ ဖူးမြင်ချင်လှပါပြီဘုရား”*ဟု ကပ္ပိယမှ ရွှန်းရွှန်းဝေဝေ လျှောက်ထားအပြီးတွင် အရှင်မြတ်က-

## နှစ်ကောင်ဆိုတာ ဘာလဲ

*“ခုနစကားထဲမှာ ဆေးကတောထဲမှာ ရှာရမယ်ဆိုတာရယ်၊ နှစ်ကောင်ရရင်တော့လည်း နှစ်ခွက်စာ ရမယ်ဆိုတာရယ် ပါနေတယ်၊ ဘယ့်နှယ့်ကြောင့် ဆေးက ညမှရှာရတာလဲ? နှစ်ကောင်ဆိုတာက ဘာအကောင်လဲ”*ဟု ပက်လက်ကုလားထိုင်ထက် လဲလျောင်းနေရာမှ မေးမြန်းတော်မူရာ ကပ္ပိယက-

*"အရှင်ဘုရားရောဂါအတွက် အဆင်ပြေမှာပါဘုရား၊ အရှင်ဘုရားဝမ်းထဲက နာတာရှည်ရောဂါ ပျောက်မှာပါဘုရား"*

*"ဟုတ်ပါပြီ အကောင်ဆိုတဲ့ စကားကဘာလဲ၊ ညဆိုတာက ဘယ်လိုလဲ?"*

ကပ္ပိယက သွယ်သွယ်ဝိုက်ဝိုက် ကွယ်ကွယ်ဝှက်ဝှက် လျှောက်ထားနေပါသည်။ အရှင်မြတ်က ဝိနည်းရှုထောင့်ဖြင့် သုံးသပ် ဆင်ခြင်နေဟန် ရှိပါသည်။ တစ်ပါးနှင့်တစ်ဦး အမြင်ရှုထောင့် မတူညီဘဲ ဖြစ်နေပါသည်။

*"ညည ထွက်တာပေါ့ဘုရား၊ ဒါက အရှင်ဘုရားရောဂါအတွက်ပါ အပ်စပ်မှာပါ၊ ပံသုကူပေါ့ဘုရား"*

*"ကပ္ပိယ တည့်တည့်လျှောက် ဘယ့်နှယ်ပံသုကူ ဖြစ်ရပြန်တာလဲ? ညညထွက်တာက ဘာသတ္တဝါလဲ။ ဆေးဖြစ်တိုင်း သုံးမရဘူး။ ဘုရားရှင်ခွင့်ပြုထားတဲ့ ဆေးပဲသုံးပြီး အသက်ရှင်ချင်ပါတယ်၊ ဘာဆေးလဲ တည့်တည့်ပဲလျှောက်ပါ"* ဟု မိန့်လိုက်မှ ကပ္ပိယက ဆေးဆရာပေးသည့်ဆေးမှာ မြွေပွေးနှစ်ကောင် ရှာဖမ်းပြီးသတ်၊ ဖိုက်ခွဲပြီးတော့ သည်းခြေကို ဇွန်းနှင့်ယူပြီး ဘုန်းကြီးကပ်ရမည်၊ အရုဏ်ဆွမ်း မဘုဉ်းခင် ဆေးဘုဉ်းပေးရမည်ဟု လျှောက်သည်ဟူ၏။

## အသားကြီးဆယ်မျိုး မအပ်ပါ

*"ကပ္ပိယ ရဟန်း မဘုဉ်းပေးကောင်းတဲ့ အသားကြီး ဆယ်မျိုးထဲမှာ မြွေသားပါတယ်"*

*"မဟုတ်ဘူးဘုရား၊ ဒါကမြွေသားမဟုတ်ဘူး၊ သည်းခြေပါ ဘုရား၊ မြွေသားကို ချက်မကပ်ပါဘူးဘုရား၊ တပည့်တော်တို့ပဲ စားမှာပါဘုရား"*

*"ကပ္ပိယ ဘုရားခွင့်မပြုတဲ့ အသားကြီးဆယ်မျိုးရဲ့ အရိုး၊ အရေ၊ အသား၊ အသွေး၊ အမွေးပါ မသုံးရဘူး၊ ရှောင်ရမယ်"*

*"ဆေးကုတာလည်းစုံပြီ၊ ဒီဆရာကြီးက သိပ်စွမ်းတာဘုရား၊ ဒီဆေးနှင့်မှ မကုရရင်တော့ ဒီရောဂါ ပျောက်မယ်မထင်ဘူး"*

*"ဘုရားခွင့်မပြုတဲ့ ဆေးကိုသုံးပြီး အသက်ရှင်တာ အလို မရှိပါဘူး။ ဘုန်းကြီးရောဂါနှင့် ဘုန်းကြီးနေပါရစေ၊ သေဖို့အကြောင်း မပြည့်စုံသေးလို့ ရှင်နေတာ။ ရှင်ဖို့အကြောင်းကုန်ရင် သေမှာပါ။ မိမိကြောင့် သတ္တဝါတွေ မသေပါစေနဲ့၊ သတ်ဖြတ်ဖို့ရာ စကားကျွံထား ရင်လည်း ပြန်ရုပ်သိမ်းကြပါ။ ဘုရားရှင် မကြိုက်လို့မို့ ဒကာတို့ရဲ့ ဆေးကို မသုံးပါရစေနဲ့"*

## မအပ်စပ်သောအမယ်ပါလျှင် ဆေးကိုပင် ပယ်ကြဉ်တော်မူပါသည်

လေ့သင်းမင်းကျောင်း ဆရာတော် (AD ၁၈၅၃-၁၉၂၆) သည် ရံခါ မကျန်းမာသည်ကိုပင် အသိမပေး။ တပည့်များသိ၍ ဆေးဝါး ကပ်သောအခါ ဆေးထဲပါဝင်သည့် ဆေးအမယ်များကို သေချာ စိစစ် မေးမြန်း၍ သုံးတော်မူပါသည်။ ရောဂါအတွက် မည်မျှပင် အကျိုးပြု သော ဆေးဖြစ်စေကာမူ မအပ်သောအမယ်များပါလျှင် ပယ်မြစ်တော် မူ၏။ တစ်ခါက သမားတော်ကြီး ဆရာသဲက တိရစ္ဆာန် သည်းခြေများ

ပါဝင်သောဆေးကို ဆက်ကပ်ရာမအပ်၍ မှီဝဲတော်မမူ။ သီလကို ထိုမျှ အလေးမူသည်။

ဆင်တူယိုးမှား ပုဂ္ဂိုလ်ထူးများစွာ ရှိတတ်ကြရာ သီလ စသော မှတ်ကျောက်ဖြင့် ခွဲခြား ကြည့်ညိုကြရသည်။ ဟန်ဆောင်မှု မှန်သမျှ ရေရှည် မခံတတ်ချေဟု ဓမ္မာစရိယ ဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ကျမ်းစာအုပ်၌ ဖော်ပြထား ပါသည်။

ရဟန်းတော်များ လိုက်နာရသည့် ဘုရားဥပဒေမှာ သိမ်မွေ့ လွန်းပါသည်။ အသက်ကို ငဲ့ကွက်ရန်ထက် သီလကို ငဲ့ကွက်ရန်သာ လိုလားတော်မူကြပါသည်။

*“ကိုယ်ပင်ပန်းလှပါပြီ ဂိလာနလည်းဖြစ်နေပြီ၊ ထို့ကြောင့် အနည်းငယ် လျှော့ပေါ့ကျင့်တော်မူပါ။ ကျန်းမာရေးကောင်းမှ ကျင့်လျှင် ပို၍ သင့်ဖွယ်ရှိပါမည်”*ဟု တပည့်များကလည်းကောင်း၊ ဒါယကာတို့ကလည်းကောင်း မလျှောက်ထားကြဘဲ သူတော်ကောင်း ကြီးများ ဖြည့်ကျင့်လိုသည့် ကုသိုလ်တို့ကိုသာ စွမ်းနိုင်သမျှ ကူညီ စောင့်ရှောက်ပေးသင့်ပါသည်။

**ကျမ်းညွှန်း**

* သိမ်းဆောင်(ရမည်းသင်း)၏ နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိဿရမထေရ်မြတ်၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး၊ (၂၀၁၁-ခု) ပထမအကြိမ်။ (နှာ-၂၅၀)

* ဓမ္မာစရိယဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (၁၉၉၃-ခုနှစ်) နဝမအကြိမ်။ (နှာ-၃၄၂)

* (၂၈၀) မနုဿမံသ ပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက မဟာဝဂ္ဂပါဠိ (နှာ-၃၁၀)

* (၂၈၁) ဟတ္ထိမံသာဒိ ပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက မဟာဝဂ္ဂပါဠိ (နှာ-၃၁၄)

# ၁၁။ သီလယူရန်လာသည့် မယ်တော်ကြီးကို နွားကျောင်းသားတစ်ယောက် ခေါ်ခိုင်းတော်မူသည်

နဘူးကျောင်းဆရာတော်ကြီးသည် လူအများနှင့် ရောယှက်နှောင်ဖွဲ့မှုနှင့် တောရကျောင်းတွင် လူအများစုဝေးခြင်းကို အတတ်နိုင်ဆုံး ရှောင်ရှားတော်မူလေ့ ရှိပါသည်။ ရန်ကုန် ဘုရားဖြူ စာချ ဆရာတော် ဘဝမှသည် တောရနေ ဓုတင်ဆောင်ရဟန်းဘဝသို့ ရောက်ရှိလာပြီး ဇာတိ နဘူးကျောင်းရွာ၏အပြင် သုသာန်အနီးမှ တောရကျောင်းတွင် သီတင်းသုံးတော်မူပါသည်။

ဥပုသ်နေ့ တစ်နေ့၏ နံနက်ခင်းပိုင်းတွင် နဘူးကျောင်းရွာမှ မယ်တော်ကြီး ဒေါ်အေးမှန်သည် ရွာကျောင်းတွင် သီလမယူဘဲ သားရဟန်းထံ သီလယူရန် တောကျောင်းသို့ ရောက်လာပါသည်။

မယ်တော်ကြီးတစ်ဦးတည်း တောရကျောင်းသို့ ရောက်ရှိလာပြီး သီလပေးရန် လျှောက်ထားပါသည်။ ထိုအခါ-

*"ဒကာမကြီး သုသာန်နားက တောစပ်မှာ နွားတွေတွေ့တယ်၊ အဲဒီမှာ နွားကျောင်းသား ရှိလိမ့်မယ်၊ နွားကျောင်းသား တစ်ယောက်နှင့် အတူတူလာပြီး သီလယူပါ"*ဟု မိန့်တော်မူပါသည်။

မယ်တော်ကြီးသည် သားရဟန်း၏ သီလစင်ကြယ်ရေးအတွက် အသိသက်သေ ယောကျ်ားတစ်ဦး အနီးမှာ ရှိရမည်ဆိုသည်ကို သဘောပေါက်မိဟန် မတူပေ။ အကြောင်းမှာ-

*"မယ်တော်ကြီး လာနိုးနိုး ဘုန်းကြီးက စောင့်နေတာ ညနေကျတော့မှ သတင်းစကားတစ်ခု ရောက်လာတယ် 'မယ်တော်ကြီး ရွာကျောင်းမှာပဲ သီလယူလိုက်ပါပြီ' တဲ့ အဲဒီက နောက်ဘယ်သူမှ*

*သီလပေးစရာ မလိုတော့တာ ဒီနေ့အထိပါပဲ"*ဟု မိန့်ကြားတော်မူပါသည်။ သီလကို မြတ်နိုးတော်မူကြသည့် ထေရ်ရှင်များအတွက် ကြည်ညိုဖွယ် စံနမူနာယူစရာပေတည်း။

## ၁၂။ သူတော်ကောင်းကြီးတို့၏ သိရခက်သည့်သဘော

နဘူးကျောင်းဆရာတော်ကြီးသည် နိုင်ငံတစ်ဝန်းသို့ ကြွရောက်တော်မူလျက် သိမ်အလုံးပေါင်း (၁၇၀)ကို သမုတ်တော်မူခဲ့ပါသည်။ သိမ်သမုတ်ပွဲ ပြီးစီးသည့်အခါ အခမ်းအနားမှူး ဆရာတော်က-

*"သံဃာတော်များမှ မေတ္တာသုတ် ပရိတ်တရားတော်များ ချီးမြှင့် ပေးသနားတော်မူပါရန်"* လျှောက်ထား ပန်ကြားလေ့ ရှိတတ်ပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက *"ကရဏီယကစကြစို့"*ဟု သံဃာတော်များကို တိုက်တွန်းတော်မူလေ့ ရှိပါသည်။

နဘူးကျောင်းဆရာတော်ကြီး၏ စိတ်ထဲတွင် သာမညနှင့် ပဓာန ခွဲခြားထားပြီးဖြစ်ဟန် တူပါသည်။ ထို့ကြောင့် ဆရာတော်၏ အမြင်တွင် ဤနေရာတွင် ဤမျှချဲ့လျှင် သင့်ပြီဟု သတ်မှတ်ထားသည့် ကိစ္စရပ်အတွက် အကျယ်ကို လိုလားဟန် မတူပေ။ သိမ်နုတ် သိမ်သမုတ် စသည့် ကိစ္စရပ်အတွက်မှာမူ တိကျ၊ သေချာ၊ ပြည့်စုံ၊ ခိုင်မာမှုကို အထူး ဂရုထားတော်မူပါသည်။ ထိုအခါ ဘေးအမြင်တွင် *"ဒီလောက်ကြီး ချဲ့ဖို့ လိုအပ်လို့လား"*ဟူ၍ပင် တိတ်တခိုး ဝေဖန်သံများကိုလည်း ကြားရ ဖူးပါသည်။

## ပထမဆုံးနှင့် နောက်ဆုံးအကြိမ်မဖြစ်ပါစေ

နဘူးကျောင်းဆရာတော်ကြီးသည် လူအများနှင့် ရောယှက်နှောင်ဖွဲ့မှုကို ရှောင်ရှားတော်မူလေ့ရှိရာ တစ်ခုသော ဆောင်းအခါကာလ၌ ထန်းတစ်ပင်တောရကျောင်းတွင် ဇရပ်များ၊ ကျောင်းများလှူဒါန်းသည့် ဒါယကာက သီလပေးရန် လျှောက်ထားလာသည်ကိုပင်-

*"သီလပေးမယ့်ဘုန်းကြီး ဆုတောင်းပြည့်တောရမှာ ရှိတယ်၊ သွားကြ၊ သွားကြ"*ဟု မိန့်တော်မူလိုက်ပါသည်။

ဤနည်းနှင်နှင်ပင် တပည့်ဖြစ်သူ ဆရာတော်တစ်ပါးက နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ မွေးနေ့ပူဇော်ပွဲ လက်ကမ်းကြော်ငြာဝေငှပြီး ဂုဏ်ပုဒ်များကို ရေးသားသီကုံးကာ ဖတ်ကြားပူဇော်ခဲ့ကြောင်းကို ကြားသိတော်မူရာ ထိုတပည့်ကို *"ပထမဆုံးနှင့် နောက်ဆုံးအကြိမ်ဖြစ်ပါစေ"*ဟု ပြတ်ပြတ်သားသား သတိပေး ဆုံးမတော်မူခဲ့ပါသည်။

## ပိုက်ဆံတွေ အကုန်မခံချင်စမ်းပါနဲ့

ပျဉ်းမနားမြို့မှ ဒါယကာ ဦးခင်မောင်က ဆရာတော်ကြီး စာပေကိစ္စများ ဆောင်ရွက်ရန် ရန်ကုန်ကြွမည်ဟု ကြားသိမိသဖြင့်-

*"ဒီတစ်ကြိမ် ခရီးစဉ်အတွက် တပည့်တော် ကားလှူပါရစေဘုရား၊ ကပ္ပိယအဖြစ်လည်း လိုက်ပါရစေဘုရား"*ဟု ခွင့်တောင်းလာပါသည်။

*"ငါ့ကို ရထားတင်ပေးပြီး ရန်ကုန်က မောင်သိမ်းဆောင်၊ မောင်ညွန့်လှိုင်တို့ကို ဖုန်းဆက်၊ သူတို့ လာကြိုလိမ့်မယ်၊ အပြန် ရန်ကုန်ကနေ ရထားစီးလာမယ်၊ ပျဉ်းမနားဘူတာမှာ မင်းကြိုပါ၊ မလိုအပ်ဘဲ ပိုက်ဆံတွေ အကုန်မခံပါနဲ့"*ဟု ဆုံးမတော်မူပါသည်။

တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်ပိုင်ရှင် ဦးအောင်ခက ရမည်းသင်းမြို့နယ် နဘူးကျင်းတောရမှ လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရသို့ ဆရာတော်ကြီး ကြွတော်မူတိုင်း ဂျစ်ကားဖြင့် ပင့်ဆောင်လေ့ရှိပါသည်။ ဆရာတော်ကြီး ရမည်းသင်း နဘူးကျင်းတောရမှ ထန်းတစ်ပင်တောရသို့ ကားဖြင့် ကြွလာသည့် လမ်းခရီး၌-

*"ဦးအောင်ခ ထန်းတစ်ပင်နှင့် နဘူးကျင်းကို ဒီကားနှင့် အသွားအပြန် ဆီဘယ်လောက်များ ကုန်သလဲ"*

*"ဆီတစ်ပုံး ကုန်ပါတယ်ဘုရား"*

*"ဆီတစ်ပုံးဆိုတာ တန်ဖိုးဘယ်လောက်ရှိသလဲ" "ဆီတစ်ပုံးဖိုး တစ်ထောင် ကျသင့်ပါတယ်ဘုရား"*

*"ဟာ. . အကုန်အကျ သိပ်များတာပါလား၊ နောက်ဆိုရင် မပင့်နှင့်တော့ ဒီဘုန်းကြီးက တစ်ထောင်မတန်ဘူး"*ဟု မိန့်တော်မူဖူးကြောင်း ဦးအောင်ခက စာရေးသည့်ဘုန်းကြီးကို လျှောက်ထားဖူးပါသည်။

## ဖွဲ့ဝင်ဆန်ထွက် ငါမလိုက်လို

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီး (AD ၁၈၃၂-၁၉၁၄) သည်လည်း အလှူအတန်း ဆွမ်းစား စသော ကိစ္စရပ်များကို မကြွရောက်မှန်း သိပါလျက် အချို့ဒကာများသည် မရအရ ဇွတ်ပင့်ကြပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက-

*"ငါ မင်းတို့အလှူကို စာဝါပျက်ခံ မလိုက်လိုဘူး၊ ဖွဲ့ဝင်ဆန်ထွက် အလုပ်မျိုးကို ငါမလုပ်၊ မင်းတို့ရဲ့ အာမိသပစ္စည်းများကို အလှူခံကြွရတဲ့အတွက် ငါ့ရဲ့အဖိုးတန်တဲ့ စာပေပို့ချမှု ဓမ္မဒါန အလှူပွဲကြီး ပျက်စီးလိမ့်မယ်"* စသည်ဖြင့် မိန့်ကြားကာ ပြန်လွှတ်တော်မူလေ့ရှိပါသည်။

# ၁၃။ နဘူးကျောင်းဆရာတော်ကြီးသည် သူခိုးလက်ထဲ ရောက်သွားသည့် နာရီကို သူခိုး၏ပစ္စည်းဖြစ်ပြီဟု နှလုံးသွင်းတော်မူသည်

တောရဆောက်တည်ကာ တောထဲသီတင်းသုံးတော်မူသည့် နဘူးကျောင်းဆရာတော်ကြီး၏ စားပွဲတင်နာရီ သူခိုး ခိုးခံခဲ့ရသည့် ကာလ၌ ယနေ့ခေတ်ကဲ့သို့ အိမ်တိုင်းစေ့ နာရီများ မရှိကြသေးပါ။

ထို့နေ့ ညနေတွင် နွားကျောင်းသား လက်ထဲမှ နာရီကို ရွာသားများ မြင်သောခဏ၌ ဧကန်မုချ နွားကျောင်းသားပိုင် နာရီ မဟုတ်မှန်း သိလိုက်ကြလေပြီ။ သို့သော် မရှေးမနှောင်းမှာပင် နဘူးကျောင်း ဆရာတော်ကြီး၏ စားပွဲတင်နာရီ ပျောက်ဆုံးသွားကြောင်း သတင်းလည်း ရွာထဲရောက်လာပါသည် -

"*မဟုတ်မှလွဲရော နွားကျောင်းသား လက်ထဲက နာရီကတော့ ဆရာတော်ကြီး နာရီပဲဖြစ်ရမယ်*"ဟု ရွာသားများက အတတ် စွပ်စွဲလိုက်ကြတော့သည်။

ဆရာတော်ကြီးနှုတ်မှ ဘာမှမမိန့်ပါ။ သို့သော် နွားကျောင်းသား ငိုနေပြီ။ လူကြီးမိဘတို့က ကြိမ်းမောင်း ရိုက်ပုတ်၍လောမသိ။ နွားကျောင်းသားကလည်း-

"*ဆရာတော်ကြီး မရှိခိုက် ဒီနာရီကို ကျောင်းထဲဝင်ပြီး စားပွဲပေါ်က ခိုးလာတာ*"ဟု ဖြောင့်ချက် ပေးတော့သည်။ ရွာသူ၊ ရွာသားများရင်ဝယ် မီးတောက်ကုန်ပြီ။ မလိမ်မိုး မလိမ္မာ ရွာသား ကလေးက မလုပ်သင့်တာ လုပ်ခဲ့ပြီဖြစ်၍ မဖြစ်သင့်တာ ဖြစ်လာမှာကို ကြောက်ရွံ့နေကြတော့သည်။

## ဒို့ပစ္စည်းမဟုတ်ဘူး သူ့ပစ္စည်းဖြစ်သွားပြီ

ထို့ကြောင့် နံနက်မိုးလင်းလျှင် လင်းခြင်း၊ ရွာမှ တတ်သိလိမ္မာသည့် လူကြီးတစ်ယောက်က နွားကျောင်းသားထံမှ နာရီကိုယူပြီး ဆရာတော်ထံ သွားကပ်ရန် တာဝန်ပေးကြပါသည်။ ရွာသားများ စိုးရိမ်တကြီး စောင့်မျှော်နေကြစဉ် နေထန်းတစ်ဖျားခန့်၌ ထိုလူကြီးသည် လက်ထဲနာရီယူပြီး ရွာထဲဝင်လာပါသည်။

*"ဆရာတော်ကြီးက ဒီပစ္စည်းက ဒကာ့ပစ္စည်းလား"*လို့ မိန့်တယ်။ ကျွန်တော်လည်း-

*"နွားကျောင်းသားဆီကတွေ့လို့ ဆရာတော်ဆီ ပြန်လာပေးတာပါဘုရား"*လို့ လျှောက်လိုက်တော့ *"ဒီပစ္စည်း ဒို့ပစ္စည်း မဟုတ်တော့ဘူး။ နွားကျောင်းသားရဲ့ပစ္စည်း ဖြစ်သွားပြီ"*ဟု မိန့်တော်မူပြီး *"လက်မခံဘူးဗျာ၊ ကျွန်တော်လည်းကြောက်လို့ ပြန်ယူလာတယ်။ ဆရာတော်ကြီးက နာရီမရှိတော့ နေကိုပဲ မော့မော့ကြည့်နေတာ တွေ့ခဲ့တယ်"*ဟု ပြောပါသည်။ ကြားရသည့် ရွာသားများပါ စိတ်မချမ်းမသာ ဖြစ်ကြတော့သည်။

## ဒီနာရီ အလှူခံတော်မူပါဘုရား

ထိုစဉ် အတန်အသင့် ဗဟုသုတကြွယ်ဝသည့် ရွာသားတစ်ယောက်က-

*"ဒါဆိုရင်လည်းဗျာ ဆရာတော်ကြီး မိန့်တော်မူသလိုပဲ နွားကျောင်းသားရဲ့ ပစ္စည်းဆိုတော့ သူ့ကိုပဲ သွားကပ်ခိုင်းရင်ကော ဘယ့်နှယ်လဲ?ဟု မေးရာ ရွာသားများအားလုံး သဘောတူသဖြင့်*

*နွားကျောင်းသား၏ မိဘများနှင့်အတူ တောကျောင်းကိုသွားကြပြီး "ဒါဟာ တပည့်တော်တို့ရဲ့ နာရီပါဘုရား တပည့်တော်တို့ကို ချီးမြှောက်သောအားဖြင့် ဒီနာရီလေးကို အလှူခံ ပေးသနားတော်မူပါဘုရားလို့"* လက်အုပ်ချီလျှောက်မှ ဆရာတော်ကြီးက နာရီ အလှူခံတော်မူပါသည်။

သူခိုးလက်ထဲပါသွားသည့် ပစ္စည်းနှင့် စပ်လျဉ်း၍မူ ပါစိတ်အဋ္ဌကထာ ဘိက္ခုနီဝိဘင်း၌ ဘိက္ခုနီတို့၏ကျောင်းသို့ အမူးသမားများ ရွာသားငယ်များ လာရောက်ကာ သီးပင်၊ သစ်ပင်စသည်ကို ဖျက်ဆီးပြီး ပရိက္ခရာတို့ကို လုယက် ယူဆောင်သည်ရှိသော် ရွာသူကြီးထံ တိုင်ကြားနိုင်သည်။

## ဘဏ္ဍာစား

သို့သော် ဤမည်သောသူက ဤသို့ ဤသို့ပြုသည်ဟု ပုဂ္ဂိုလ်ရည်ညွှန်းကာ တိုင်ကြားမိပြီး ထိုသူတို့ ဒဏ်ထမ်းရလျှင်မူ ဘိက္ခုနီတို့၌ ဘဏ္ဍာစားထိုက်ပေမည်။ ဤမည်သော ပုဂ္ဂိုလ်ဟု မပြောဆိုဘဲ ရပ်ရွာလူကြီးတို့အား ဤအနှောင့်အယှက်အတွက် ဘိက္ခုနီကျောင်း၌ အစောင့်အရှောက်ပေးရန်နှင့် သူတို့ ယူဆောင်သွားသည့် ပရိက္ခရာ ပစ္စည်းကိုပြန်ရလျှင် သင့်တော်ပြီဟူ၍မူ ပြောကောင်းသည်။ သက်ဆိုင်ရာမှ ဒဏ်တပ်၍ သူတို့ပိုင်သည့် ဘဏ္ဍာပစ္စည်းအားလုံး သိမ်းစေကာမူ ဘိက္ခုနီတို့၌ အပြစ်မဖြစ်ပေဟု လာရှိပါသည်။

**ကျမ်းညွှန်း**

* ပါစိတ္တိယဋ္ဌကထာ၊ သံဃာဒိသေသကဏ္ဍ (ဘိက္ခုနီဝိဘင်္ဂဝဏ္ဏနာ)ပဌမသံဃာဒိသေသ သိက္ခာပဒ ဝဏ္ဏနာ (နှာ-၁၈၂)

# ၁၄။ လာဘ သက္ကာရ သိလောကကို ရှုံ့ရှာတော်မူသည့် ဆရာတော်ကြီး

ဓုတင်ကို ရာသက်ပန်ဆောင်ကာ သီလကို အသက်ထက်မက မြတ်နိုးတော်မူခဲ့သည့် ကျေးဇူးရှင် နဘူးကျင်းဆရာတော်ကြီး၌ မျက်မြင်ဒိဋ္ဌ ကြည်ညိုဖွယ် များလှပါသည်။

ဆရာတော်ဘုရားကြီးသည် ဆိတ်ငြိမ်သော တောရကျောင်းများ၌သာ သီတင်းသုံးတော်မူပြီး သုံးထည်သော သင်္ကန်းကိုသာ ဝတ်ရုံတော်မူကာ ထိုသင်္ကန်းသည်လည်း ပံသုကူသင်္ကန်းသာ ဖြစ်ပါသည်။ စောင် ခြင်ထောင် ခေါင်းအုံး မွေ့ယာအခင်းထူထူ သုံးစွဲခြင်း မပြုဘဲ ရာသီဥတုဒဏ်ကို သည်းခံတော်မူသည်။

ရောက်လေရာအရပ်တိုင်း၌ သပိတ်ဖြင့် အမြဲဆွမ်းခံ၍ တစ်နေရာတည်း တစ်ထိုင်တည်း တစ်ကြိမ်တည်း ဘုဉ်းပေး သုံးဆောင်တော်မူလေ့ ရှိပါသည်။ ဓာတ်ပုံရိုက် ခံယူလိုခြင်းမရှိ၊ ဓာတ်ပုံများ ရိုက်ပါရစေဟု ခွင့်တောင်းကလည်း နှစ်သက်မှုမရှိသည့်အပြင် ရိုက်ပြီး ဓာတ်ပုံများ ကြီးသေးကူးယူ ဖြန့်ဝေမှုမလုပ်ရန် အမြဲ တားမြစ်တော်မူပါသည်။ သို့သော် ရှားရှားပါးပါး ရံခါ၌မူ ကြည်သာစွာ ခွင့်ပြုတော်မူသည်များလည်း ရှိဖူးပါသည်။

## ထင်ပေါ်ကျော်ကြားမှုကို မလိုလား

ပိဋကသုံးပုံ, နိကာယ်ငါးရပ်ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွဲဖက်၍ ၆-ကြိမ်တိုင်အောင် အစမှအဆုံး ဖတ်ရှုလေ့လာတော်မူခဲ့ပါသော်လည်း ဆရာတော်ရေးသည့် ကျမ်းစာများ၌

ဆရာတော်၏ ပရိယတ္တိ စွမ်းဆောင်ချက်၊ ဆရာတော်ရခဲ့သည့်ဘွဲ့များ ဖော်ပြကာ၊ ထေရုပ္ပတ္တိ ရှည်ရှည်ရေးသည်ကိုပင် နှစ်လိုမှုမရှိပေ။ စာနယ်ဇင်းများ၌ ဆရာတော့်အကြောင်း ရေးသည်ကိုလည်း မလိုလားပေ။ ထင်ပေါ်ကျော်ကြားမှုကို လုံးဝအလိုမရှိသည့် ဆရာတော်မြတ်ကြီး ဖြစ်ပေသည်။

တောရကျောင်းများကို ရိပ်သာသဖွယ် လူပရိသတ်များလာခွင့်ပြုသည်ကို မလိုလားပေ။ ဝါတွင်းကာလ၌မူ လူပရိသတ်များ ကျောင်းဝင်းထဲသို့ပင် လုံးဝမဝင်ရပေ။ မြို့ကြီး ပြကြီးများသို့ ကြွလေတိုင်း ပရိသတ်များစွာကို လက်ခံ စကားပြောလေ့ မရှိသည့်အပြင် တရားဟော ဓမ္မကထိကအဖြစ် ဟောပြောလေ့လည်း မရှိပေ။ ဆင်းရဲချမ်းသာ လူကြီးလူငယ်ကို ခရီးဦးကြို ဟန်ပန်လုပ်ကာ နှုတ်ခွန်းဆက်ခြင်းပင် မရှိပေ။

နှစ်ပေါင်း ၄၁-နှစ်ကြာအောင် ၄၁-ဝါမျှ စဉ်ဆက်မပြတ် တောရကျောင်းများရှိရာ တောများ၌သာ ဝါကပ်တော်မူခဲ့သော်လည်း တောရဆောက်တည်ခဲ့သည့် ဝါကို ပြောလိုသည့်ဆန္ဒ အလျဉ်းမရှိပေ။

သိမ်ကိစ္စနှင့် စပ်လျဉ်း၍မူ ခရီးနီးဝေးမရွေး တောရကျောင်းများ အပါအဝင် ပင့်ရာဒေသများသို့ အပင်ပန်းခံ ကြွရောက်ကာ သိမ်အလုံးပေါင်း ၁၇၀-ကို သမုတ်ပေးတော်မူခဲ့ပါသည်။ မကျန်းမာသည့်အခါ သိမ်သမုတ်ပွဲသို့ မကြွရောက်ပါရန် တိုးလျှိုးတောင်းပန်လျှောက်ပါသော်လည်း လက်မခံခဲ့ပေ။ ထို့ကြောင့် ဂိလာနအဖြစ်ဖြင့်ပင် ခရီးကြွတော်မူပါသည်။

## ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ဂုဏ်များ

ဆရာတော်ကြီး၌ ဝါကြွားပလွှားမှုမရှိ၊ ပကတိ ရိုးသား ဖြောင့်မတ်သည့် ဥဇုဂုဏ်သည်လည်းကောင်း၊ အလိုနည်းခြင်း အပ္ပိစ္ဆတာဂုဏ်သည်လည်းကောင်း၊ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတာဂုဏ်သည်လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်တော်များကို မခြွင်းမချန် လိုက်နာကျင့်သုံးတော်မူသဖြင့် ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပိဋကတ္တယဆေက၊ ပါသာဒိက စသော ဂုဏ်များစွာနှင့် ပြည့်စုံသည်ကို တပည့်ကြီးများအနေဖြင့် နောက်ဆုံးချိန်ထိ ကြည်ညိုဖွယ် ဖူးတွေ့ခဲ့ရပါသည်။

သာသနာတော် အရှည် တည်တံ့ခိုင်ခံ့စေလိုလျှင် မြတ်စွာဘုရားရှင်၏ တပည့်သာဝက ရဟန်း သာမဏေများသည် ဝိနည်းသိက္ခာပုဒ်တော်များကို သင်ယူလေ့ကျက်ကာ လိုက်နာ ကျင့်သုံးကြရပေမည်။ ထို့ကြောင့်-

*“ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ”*ဟု အဋ္ဌကထာ ဆရာမထေရ်မြတ်တို့ မိန့်မှာတော်မူခဲ့ကြလေသည်။

---

**ကျမ်းညွှန်း**

* သိမ်းဆောင်(ရမည်းသင်း)၏ နဘူးကျင်းတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိဿရမထေရ်မြတ်၏ နှစ်လေးဆယ်ကျော်ခုတင်ဆောင်ခရီး၊ (၂၀၁၁-ခု) ပထမအကြိမ်၊ (နှာ-၆၉၆)။

# ၁၅။ ရှေ့က ဦးဆောင်ရွတ်ပါဘုရား တပည့်တော် နောက်က အသာလိုက်ရွတ်ပါ့မယ်

နဘူးကျောင်းဆရာတော်ကြီး(AD ၁၉၂၀-၂၀၀၄)သည် သာရေး၊ နာရေးကိစ္စများ သာမက ရှင်ပြု၊ ရဟန်းခံ၊ တရားဟော၊ ပရိတ်ရွတ် သို့လည်း ကြွတော်မူခြင်း မရှိပေ။ သိမ်ကိစ္စအတွက်မှာမူ ခရီးမည်မျှ ဝေးကွာပါစေ၊ မည်မျှ မကျန်းမမာ ဖြစ်နေပါစေ ငြင်းပယ်ခြင်းမရှိပါ။ ထို့ကြောင့် အနီးနေတပည့်ကြီးများက -

"*ဆရာတော်ဘုရား ရာသီဥတု ပြင်းလွန်းတဲ့အတွက် ကျန်းမာရေးကို စိုးရိမ်ရပါတယ်ဘုရား၊ ဒါကြောင့် ရှေ့နှစ်လလောက် ကျော်ရင်တော့ မိုးလည်း ဖြိုင်လာမှာကတစ်ကြောင်း၊ ဝါလည်း မဝင်သေးတာက တစ်ကြောင်းတို့ကြောင့် ပို၍သင့်ပါမယ်ဘုရား*"ဟု လျှောက်ထားကြရပါသည်။

ထိုအခါမှ ဆရာတော်က မိမိကျန်းမာရေးကို စဉ်းစားတော်မူကာ လက်ခံသည်လည်းရှိသည်။ ရံခါလည်း-

"*သံဃာနှင့် သက်ဆိုင်တဲ့ သိမ်ကိစ္စကို သူတို့ဆန္ဒရှိတဲ့ အချိန်ကာလမှာပဲ လုပ်ကြပါစေ၊ ဒီဘုန်းကြီး နေကောင်းပါသေးတယ်*"ဟု မိန့်တော်မူသည်လည်း ကြုံရတတ်ပါသည်။

တစ်ခါသော် ဆရာတော်ကြီးနှင့် ဆရာတော်ဦးကလျာဏ တို့အား ထန်းတစ်ပင် တောရကျောင်းမှသည် ပျဉ်းမနားမြို့သို့ ကားဖြင့် ပင့်ပါသည်။ ထို့နောက် ပင့်လျှောက်လာသည့် ဒါယကာက အိမ်ဦးဘုရားခန်း၌ ခေတ္တခဏ သီတင်းသုံးတော်မူပေးရန် လျှောက်ထားလာပါသည်။

## ပရိတ်တရား နာပါရစေဘုရား

မိနစ်အနည်းငယ်အကြာတွင် အိမ်ရှင်ဒါယကာများက-

"*ဗောဇ္ဈင်ပရိတ်တရားကို ဘုရားတပည့်တော်မ၏ မိသားစုကို ငဲ့ညှာ သနားသောအားဖြင့် ချီးမြှင့် ပေးသနားတော်မူပါဘုရား*"ဟု လျှောက်ထားသူက လျှောက်ထားလိုက်သော်လည်း ဆရာတော်ကြီး အဖို့ အခက်အခဲဖြစ်လာမည်ကို ဒါယကာကြီး မိသားစုက ထင်မှတ် ထားဟန်မတူပေ။ အိမ်ရှင်မိသားစုက ဆရာတော်ကြီး၏ရှေ့တွင် ပရိတ်တရားတော်နာယူရန် လက်အုပ်ချီမိုးထားကြပါသည်။

## ပရိတ်တွေ မေ့ကုန်ပြီ

"*တောဘုန်းကြီးဆိုပြီး သိပ်တော့အထင်မကြီးနှင့် ဒီဘုန်းကြီးက မေတ္တာသုတ်ပရိတ်လောက်ပဲ အလွတ်ရတော့တာ၊ ကျန်တဲ့ပရိတ်တွေ မေ့ကုန်ပြီ၊ ဦးကလျာဏ အရှင်ဘုရားပဲ ရှေ့က ဦးဆောင်ရွတ်ပါဘုရား၊ တပည့်တော် နောက်က အသာလိုက်ရွတ်လို့တော့ ရနိုင်လောက် ပါသေးတယ်*"နဘူးကျောင်းဆရာတော်ကြီး၏ ဆုံးဖြတ် ဆောင်ရွက်ပုံကို ကြားရစဉ် ဤစာကိုရေးနေသည့် ဘုန်းကြီးစိတ်ထဲ ဖြစ်မိသည်မှာ-

"မိမိမှာသာ အခုလို ရုတ်တရက် မထင်မှတ်တဲ့ အခက်အခဲ ကြုံတွေ့လာခဲ့ရင် ကိုယ်ရထားတဲ့ မေတ္တာသုတ်ပရိတ်ကိုပဲ ရွတ်မိမယ် ထင်တယ်၊ ဆရာတော်ကြီးလိုတော့ ဒါယကာတွေကြားထဲမှာ '*ပရိတ်တွေ မေ့ကုန်ပြီ အရှင်ဘုရား ရှေ့က ဦးဆောင်ရွတ်ပါဘုရား၊ တပည့်တော် နောက်က အသာလိုက်ရွတ်လို့တော့ ရနိုင်လောက် ပါသေးတယ်*'လို့ ပြောနိုင်လောက်အောင် ရိုးသားပါ့မလား"ဟု တွေးနေ မိပါသည်။

## အရှက်ကွဲတတ်တယ်

ဆရာတော်ကြီးက *"ဝိနည်းမတတ်တာ လူတွေမသိလို့ အရှက်မကွဲဘူး၊ ပရိတ်ကြီး အလွတ်မရလို့ကတော့ အရှက်ကွဲတတ်တယ် ကိုယ်တော်"*ဟု ထန်းတစ်ပင်တောရ၌ ဝါဆိုတော်မူကြသည့် သံဃာတော်များအား မိန့်ကြားတော်မူဖူးပါသည်။

## ပရိတ်ကြီး – ၁၁ သုတ်မှ မရဘဲကိုး

မစိုးရိမ်ဆရာတော် (AD ၁၈၇၉-၁၉၇၅)လောင်းလျာကလည်း *"ဒို့ ပထမကျော်အောင်ပြီးစက မန္တလေးမြို့ထဲမှ မြို့မျက်နှာဖုံး ဒကာဒကာမများက ဆွမ်းပင့်ပြီး ကျွေးတတ်ကြတယ်၊ ဒကာကြီးတစ်ယောက်အိမ် ဆွမ်းကျွေးပွဲမှာ ဒကာကြီးက ဆွမ်းကပ်ပြီးနောက် 'ပရိတ်ကြီး ၁၁-သုတ် ရွတ်ဖတ် ချီးမြှင့်ပါဘုရား' လို့ လျှောက်ထားတယ်၊ ဒို့ငယ်ငယ်တုန်းကတော့ ပရိတ်ကြီး ၁၁-သုတ် ရပါရဲ့၊ ညက်ညက်ကို ကျေလို့ မေ့လိမ့်မယ်တောင် မထင်မိခဲ့ဘူး၊ ဒါပေမဲ့ မရွတ်တာကြာတော့ မေ့ကုန်တယ်၊ ခက်တာက အဲ့ဒီ လျှောက်ထားတဲ့ ဒကာကြီးက နေ့စဉ် ပရိတ်ကြီး ၁၁-သုတ်ကို ရွတ်ဖတ်နေတဲ့ အဘိုးကြီး၊ သူ့ရှေ့မှာ မရဘဲနဲ့ ရယောင်ကားလုပ်ပြီး ရွတ်ရင် မှားမှန်းသိသွားမယ်၊ ဒီတော့ မရွတ်ရဲဘူး၊ ရှက်ရှက်နဲ့ပဲ ပရိတ်ကြီး ၁၁-သုတ် မေ့ကုန်ပြီ ဒကာကြီးလို့ ဝန်ခံလိုက်ရတယ်၊ ဒကာကြီးက-*

*'ဦးပဥ္စင်း ပထမကျော်အောင်ပြီး ပရိတ်ကြီး ၁၁-သုတ်မှ မရဘဲကိုး' လို့ ထပ်ဆင့် ကွန့်လိုက်သေးတယ်။ ငါတော့ အဲဒီတုန်းက ရှက်လိုက်တာကွာ၊ နောက် အဲဒီဒကာကြီးနဲ့ အတွေ့ကို မခံရဲတော့ဘူး"* ဟု ရိုးသားပွင့်လင်းစွာ မိန့်ကြားတော်မူပါသည်။

---

**ကျမ်းညွှန်း** ✻ အရှင်ရာဇဓမ္မာဘိဝံသ ရေးသားပြုစုတော်မူသည့် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ ၁၉၇၆-ခုနှစ်၊ ပထမအကြိမ် (နှာ-၁၈၄)

# ၁၆။ နဘူးကျောင်းဆရာတော်သည် သီလပေး၊ တရားဟောရန် စိတ်အားမထက်သန်

နဘူးကျောင်းဆရာတော်ကြီးသည် ရမည်းသင်းမြို့ ရွှေဒါးစံပြကျေးရွာ၊ ရွှေမင်းဝံတောရ၏ တောစပ်၌ သင်္ကန်းကျောင်းဖြင့် တစ်ပါးတည်း သီတင်းသုံးနေတော်မူစဉ် ဒါယကာ ဦးထွန်းခင် ရောက်လာပါသည်။ ဆရာတော်က-

"*ထွန်းခင် မင်းဘာလာလုပ်ပြန်တာလဲ*"ဟု မိန့်တော်မူရာ ဦးထွန်းခင်က-

"*တပည့်တော် ဆင်းရဲတယ်ဘုရား၊ တပည့်တော်ကို ငါးပါးသီလ ချီးမြှင့်ပေးတော်မူပါဘုရား*"ဟု လျှောက်ရာ ဆရာတော်ကြီးက -

"*မင်းလည်း ရမည်းသင်းက ကိုသန်ဒိုင်လိုဖြစ်နေပြီ၊ ငါ့ဆီလာရင်ကို ချမ်းသာနိုးနိုး၊ ဘာကြီးဖြစ်လာနိုးနိုး ပြောနေသတဲ့*"ဟု မိန့်တော်မူရာ ဦးထွန်းခင်က-

"*အဲဒီအတိုင်း အမှန်ပါပဲဘုရား၊ တပည့်တော် အရှင်ဘုရား၏ ထီး ဖိနပ် ကိုင်ခဲ့တဲ့ ထွန်းခင်ပါဘုရား၊ ငါးပါးသီလ ချီးမြှင့်ပေးတော်မူပါဘုရား*"ဟု ထပ်လျှောက်နေသဖြင့် မနေသာတော့သောကြောင့် တပည့်ကြီး လျှောက်သည့်အတိုင်း လိုက်လျောပေးခဲ့ရပါသည်။

## ၅-မိနစ်တရား ချီးမွမ်းကြ

ဆရာတော်ကြီးက ပရိသတ်ကို သီလပေး၊ ရေစက်ချ၊ တရားဟောရန် စိတ်အား မထက်သန်ပါ။ ထို့ကြောင့်-

*"စာချဘုန်းကြီး လုပ်ခဲ့တယ်ဆိုပြီး ရေစက်ချတရားဟောဖို့ လျှောက်ကြတယ်၊ အထင်မကြီးကြနဲ့၊ ပရိတ်ကြီးတောင် တစ်ပါးထဲ ရွတ်လို့မရတော့ဘူး၊ စာတွေနှင့် ဝေးနေပြီ၊ ပြီးတော့ ဒီဘုန်းကြီးက ငယ်ငယ်ကတည်းက ပရိသတ်ကိုကြောက်တယ်"*ဟု မိန့်တော်မူဖူးသည်။ သို့သော် တပ်ကုန်းမြို့ မဟာသီဟနာဒသိမ် သမုတ်အပြီး၌မူ ဤသို့တစ်ဖုံ ကြုံရပြန်သည်-

*"ဒီဘုန်းကြီးကို ကြိုတင်မလျှောက်ထားဘဲ တရားဟောပေးဖို့ရာ သူတို့ဖာသာသူတို့ အခမ်းအနား အစီအစဉ်တွေ ရေးထားပြီး ဖြစ်နေတာကို အစီအစဉ် ကြေငြာတော့မှ သိရတယ်၊ သူတို့ရဲ့အစီအစဉ်ကို ပြင်နိုင်ဖို့ အကြီးအကဲပုဂ္ဂိုလ်ကိုမေးတော့ မြို့ထဲ တရားဟောကြွသွားပြီလို့ လျှောက်လာတယ်၊ အစီအစဉ်က ပြင်ဖို့ မလွယ်တော့တာနှင့် တရားဟောရမည့် အဖြစ်ကို ရောက်သွားတော့တယ်၊ တရားဟောမယ့်နေရာကို ကြွသွားတော့ အသံဖမ်းစက်တွေကပွလို့၊ ဒီဘုန်းကြီးတရားက အသံဖမ်းယူထားရလောက်အောင် ကြီးကြီးကျယ်ကျယ် အဖိုးမတန်ပါဘူးလို့ အသိပေးပြီးတော့ ၅-မိနစ်ပဲ ဟောလိုက်တယ်။ ၅-မိနစ်စာတရားက တစ်သက်လုံး မှတ်သားစရာတွေချည်းပါပဲဆိုပြီး ကြံ့ကြံ့ဖန်ဖန် ချီးမွမ်းတဲ့သူက ရှိသေးတယ်။"*

## ရှောင်ခါမှ ပက်ပင်းတိုး

တစ်ခါသော် ရေစက်ချပေးရမည့် အခြေအနေတစ်ခု ပက်ပင်းတိုးလာပြန်သည်။ ထိုအခါ ဆရာတော်ကြီးက-

*"သရက်ကန်ဘုန်းကြီး ဦးဉာဏိန္ဒ ရေစက်ချပေးလိုက်ပါ"*ဟု မိန့်တော်မူပြီးနောက်-

*"သူ့ရှေ့မှာ ဒီဘုန်းကြီး ရှိနေတာဆိုတော့ အတူတူပဲ၊ ရေစက်ချတယ်ဆိုတာ အလှူရှင် ဒကာ ဒကာမတွေက မဆိုတတ်ကြလို့ သံဃာတွေက တိုင်ပေးနေရတာပါ။ သရက်ခရိုင်က တောင်လတ်တောရမှာ နေတုန်းက တောသားဒကာကြီးတစ်ယောက်က ကျောင်းလှူပြီး သူကိုယ်တိုင် ရေစက်ချသွားတယ်၊ ရေစက်ချစာသား တိုင်ပေးစရာမလိုဘူး၊ ရှေးက တောသားဒကာကြီးတွေက ဗဟုသုတရှိကြတယ်၊ မင်းတို့ မြို့မှာနေပြီး ရအောင်လုပ်ထားကြ"* မိန့်တော်မူပါသည်။

## ရေစက်ချမည့်စာသားကို ရေးသားပေးတော်မူသည်

ဆရာတော်ကြီး သီတင်းသုံးရန် ကုတင်ကျောင်းတစ်လုံးကို ပျဉ်းမနားမြို့မှ ဦးလှအောင်၊ ဒေါ်ခင်သိန်း မိသားစုက လှူဒါန်းကြပါသည်။ ကုတင်ကျောင်းဟူသည် ကုတင်အရွယ် သစ်သားကျောင်းဖြစ်၏။ အမိုး၊ အကာပါ၏။ တံခါးမကြီး တစ်ပေါက်၊ ပြူတင်းသုံးပေါက်ပါပြီး ခြင်ဇကာများ တပ်ဆင်ထားပါသည်။ မျက်နှာကျက်ပါသေး၏။ သစ်သားခင်း၊ သစ်သားကာ၊ သစ်သားမိုး၊ သစ်သားမျက်နှာကျက်ပါ အဆောက်အဦ အငယ်စားလေး တစ်လုံးဖြစ်၏။

ဆရာတော်ကြီးက ထိုကုတင်ကျောင်းအလှူအတွက် ရေစက်ချမည့်စာသားကို အဆင်သင့် ရေးသားထားပြီးဖြစ်သည်။ ရေစက်ချရန် အလှူရှင်များနှင့်အတူ မိတ်ဆွေအပေါင်းပါလာသည့် ရဟန်းလူထွက် ဒါယကာ တစ်ဦးလက်ထဲ ထိုစာရွက်ကို ပေးလိုက်ပါသည်။ ထိုပုဂ္ဂိုလ်က ဦးဆောင်ပြီး ရေစက်ချစာသားကို တိုင်ပေးပြီး အလှူရှင်များက ရေစက်ခွက်ကိုင်ကာ ရေစက်ချသွားပါသည်။ ဆရာတော်ကြီး -

"*လူတွေက မဆိုတတ်လို့သာ ဘုန်းကြီးတွေက တိုင်ပေးနေရတာပါ၊ အလှူရှင်ကိုယ်တိုင်က ဆိုပြီး၊ အလှူရှင်ကပဲ ရေစက်ချရမှာ*"ဟု မိန့်ကြားတော်မူပါသည်။

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီးသည် ဝိနည်းအရာ၊ ဓူတင်အရာတို့၌သာ စံနမူနာ မဟုတ်သေးပါ။ ဗဟုမာနိတ၊ သန္တုဋ္ဌိ သလ္လေခ၊ ယထာလာဘသန္တောသ စသည့် သူတော်ကောင်းတို့၏ အကျင့်မြတ်၊ အကျင့်ကောင်းတို့၌လည်း တပည့်များအတွက် စံနမူနာကောင်း ဖြစ်တော်မူပါပေ၏။

# (ခ) လဇ္ဇီသူမွန်ရဟန်းမြတ်တို့၏
# ရှုတင်ကျင့်မြတ်ပဋိပတ်

# ၁၇။ မြတ်ဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးသူ မရှိတော့လျှင် သာသနာကွယ်သည်

သာသနာဟူသည် အဆုံးအမဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ နှုတ်တော်ထွက်စကား အဆုံးအမတို့ကို ထိုထိုပိဋကတ်တော် စာအုပ်များထဲတွင် မှတ်တမ်းတင်ထားပါသည်။ ထိုမှတ်တမ်းများကို သင်ယူလေ့လာကာ လိုက်နာကျင့်သုံးနေသူ ရှိမှသာ သာသနာတည်သည်၊ အဆုံးအမတည်သည်ဟု ဆိုရ၏။

အချို့ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများမှ တိုင်းသူပြည်သားများသည် ယခုအခါ ဗုဒ္ဓဘာသာကိုစွန့်ကာ အခြားဘာသာကို ကိုးကွယ်နေကြကုန်၏။ ထိုတိုင်းပြည်များ၏ ယဉ်ကျေးမှုပြတိုက်များတွင် ပိဋကတ်တော်ပေစာ၊ ကျောက်စာများ၊ ဘုရားဆင်းတုတော် စသည်တို့ကို ရှေးဟောင်းပစ္စည်းများအဖြစ် ထိန်းသိမ်းထားပါသည်။

၎င်းတို့၏ တိုင်းနိုင်ငံ မြေပေါ်တွင်လည်း စေတီအပျက် အုတ်ပုံများနှင့် ဆင်းတုတော်များရှိနေပြီး ၎င်းတို့ကိုလည်း စောင့်ရှောက်ထားပါသေးသည်။ ကြည်ညို၍ မဟုတ်ဘဲ နိုင်ငံရပ်ခြားသားများလာရောက် ကြည့်ရှုလျှင် ငွေကောက်ခံနိုင်ရန် ဖြစ်သည်။ သို့သော်ထိုတိုင်းနိုင်ငံများတွင် မြတ်ဘုရား၏အဆုံးအမကို လိုက်နာကျင့်သုံးသူမရှိတော့သောကြောင့် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားလေပြီ၊ သာသနာကွယ်ပြီဟု ယနေ့ သုံးနှုန်း ပြောဆိုကြရပါသည်။

## ကျေးဇူးရှင် စံကင်းဆရာတော်

ကျေးဇူးတော်ရှင် စံကင်းဆရာတော်ကြီး(AD ၁၈၇၀-၁၉၇၂)က *"သာသနာကွယ်တယ်ဆိုတာဟာ အခြားမဟုတ်၊ သာသနာနောက် ပိုင်းမှာ ရဟန်းတော်တွေ၊ လူတွေက ဘုရားရှင်စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုပဲ သာသနာကွယ်တယ်လို့ ဆိုရမယ်။"*

## ကျေးဇူးရှင် ဗာရာဏသီဆရာတော်

ကျေးဇူးရှင် ဗာရာဏသီဆရာတော် (AD ၁၉၂၀-၁၉၉၄ ခုနှစ်)က-

*"သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင်ကိုင်တွယ်တော့ ဇာတရူပရဇတသိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပသိက္ခာပုဒ် သာသနာတော် တည်တာပဲ"*ဟု ဆိုဆုံးမတော်မူဖူးပါသည်။

## ကျေးဇူးရှင် နဘူးကျောင်းဆရာတော်

ကျေးဇူးရှင် နဘူးကျောင်းဆရာတော် (AD ၁၉၂၁-၂၀၀၄ ခုနှစ်) ကလည်း-

*"တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လို ကွယ်မှာလဲလို့ မေးကြတယ်၊ အခု အကျင့်ပဋိပတ်ထဲက ဓူတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ၊ ရဟန်းတွေ ဓူတင်ကို မကျင့်တော့ရင် ဓူတင်သာသနာ ကွယ်သွားပြီ "*

## ကျေးဖူးရှင် ရွှေဥမင်ဆရာတော်

ကျေးဖူးရှင်ရွှေဥမင်ဆရာတော်ကြီး(AD ၁၉၁၃-၂၀၀၂) ကလည်း ရဟန်း၊ ရှင်၊ လူတို့၏ သန္တာန်၌ သီလ၊ သမာဓိ၊ ပညာ ယုတ်လျော့၊ ယုတ်လျော့လာကာ ကိလေသာက ထူပြော၊ ထူပြောလာသည့်အဖြစ်ကို မြင်တော်မူကာ-

"*သာသနာ အလင်းရောင် ကွယ်သွားပြီ၊ အခု တိမ်တောက်လို့ လင်းနေတာ*"ဟု အလွန် လေးနက်စွာဖြင့် မိန့်ကြားတော်မူခဲ့ဖူးပါသည်။

## ကျေးဖူးရှင် ပန်းကုံးဆရာတော်

ကျေးဖူးရှင်ပန်းကုံးဆရာတော်(AD ၁၉၁၈-၂၀၀၁)ကလည်း -

"*သာသနာ နေရောင်၊ လရောင် ကွယ်သွားပြီ၊ ဖယောင်းတိုင် မီးရောင်ပဲ ရှိတော့တယ်*"ဟု မိန့်တော်မူ၏။

## စကားအစိပ္ပါယ်ဆိုလို့ရင်း သိရန်ခက်ခဲသည်

စာရေးသည့်ဘုန်းကြီး နားမလည်နိုင်လောက်အောင် လေးနက်နေပါသဖြင့် ပညာစက္ခု၊ ဓမ္မစက္ခုဖြင့် ပြည့်စုံတော်မူကြသည့် ထေရ်အရှင်များထံပါး ချဉ်းကပ်ကာ မေးမြန်း လျှောက်ထားရပါသည် -

"*ဟုတ်တယ်လေ ဦးခေမာ ဇာတရူပရဇတသိက္ခာပုဒ်ကို မလိုက်နာသူအတွက် ဝိနည်းအဆုံးအမတစ်ခု သူ့သန္တာန်မှာ ကွယ်ပျောက်သွားပြီ၊ ဓူတင်အကျင့်တွေ မကျင့်တော့ရင်လည်း ဓူတင်သာသနာ ကွယ်ပြီ* "

*"ဖယောင်းတိုင်မီး အလင်းရောင်ဆိုတာက ဘယ်လိုပါလဲ ဘုရား" "ဒါက ဥပမာ ပြတော်မူတာပါဘုရား၊ ဆိုပါစို့ မြန်မာနိုင်ငံမှာ ရပ်ကွက်ကျေးရွာပေါင်း ခြောက်သောင်း သုံးထောင်ကျော်တယ်၊ သို့သော် ဘုရားအဆုံးအမကို ပြည့်ပြည့်ဝဝကျင့်တဲ့ နေရာက တစ်သောင်း နှစ်ထောင်ရှိရင်၊ ကျန်တဲ့ ငါးသောင်းတစ်ထောင်ကျော်မှာ အဆုံးအမ သာသနာ ကွယ်ပျောက်သွားပြီလို့ ဆိုလိုတာပါ၊ ဒီတော့ နေရောင်လရောင်လို တစ်နယ်လုံး တစ်ဒေသလုံး မထွန်းလင်းတော့ ဘူးပေါ့၊ တစ်နယ်၊ နှစ်နယ်လောက်ပဲ ဖယောင်းတိုင် ထွန်းထားသလို ကွက်ကြား လင်းနေတာလို့ ဆိုလိုတာပါ ဦးခေမာ"*

ဆရာထေရ်သခင်တို့ကို မိမိတို့၏ မံသစက္ခု ပကတိမျက်စိဖြင့် ဖူးတွေ့ခွင့်ရခဲ့ပြီး၊ အဆုံးအမစကားကိုလည်း မိမိတို့၏ပကတိနားဖြင့် သေသေချာချာ နားကြားခွင့် ရခဲ့ပါသော်လည်း ထိုထိုအဆုံးအမတို့ကို ကျင့်သုံး လိုက်နာရန် မဆိုထားဘိ ဆရာထေရ်တို့၏ စကားအဓိပ္ပါယ် ဆိုလိုရင်းကိုပင် ခရေစေ့တွင်းကျ ပြည့်ပြည့်ဝဝ သိနိုင်လောက်သည့် ပညာဉာဏ်မျက်စိ မွဲလွှန်းနေပါသည်။ သန္တာန်၌ အဆုံးအမ တည် ရန်ကား သာ၍ ခက်ခဲလှပေတော့မည်။

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ကြီး၏ ဩဝါဒတော်များ

# ၁၈။ ယနေ့ခေတ် တောရသောသနာ့အမွေကို လက်ဆင့်ကမ်း ပေးတော်မူခဲ့သည့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး၏ ဥပနိဿယ

နေပြည်တော် လယ်ဝေးမြို့နယ် ကြို့ဇလုပ်ရွာဦးကျောင်း သိမ်သမုတ်မည့် (AD ၂၃. ၁၂. ၂၀၀၃) ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီးသည် စာရေးသည့်ဘုန်းကြီး သီတင်းသုံးရာ သပြေပင် ရန်ကင်းတောရကျောင်းသို့ ကြွရောက်တော်မူကာ တပည့်ကို ချီးမြှောက်တော်မူပါသည်။

*"ဒီကျောင်းမရောက်တာ နှစ်ပေါင်းနှစ်ဆယ်လောက်ကြာပြီ"*ဟု အစချီ မိန့်တော်မူပြီးနောက် ဆက်လက်ပြီး ရှေးဟောင်းနှောင်းဖြစ်များ မိန့်ကြားတော်မူပါသည်။

## ဩဝါဒ

ထို့နောက် ရန်ကင်းတောရနေ သံဃာတော်များကို ဩဝါဒ ချီးမြှင့်ရာတွင်-

*''ရန်ကင်းတောရက အရင်ဘုန်းကြီးတွေလည်း ငွေမကိုင်ကြဘူး၊ ခုဘုန်းကြီးတွေလည်း ငွေမကိုင်ကြနဲ့၊ ဒါဆိုရင် ရှေးဘုန်းကြီးနှင့် ခုဘုန်းကြီး တူသွားပြီ။ ဒါ ဩဝါဒပဲ။ နေမမြင့်ခင် သိမ်သမုတ်သွားကြဦးစို့၊ ကိုယ်တော်တို့ကို သိမ်သမုတ်ပင့်မထားရင် တပည့်တော်ပင့်ပါတယ်"*ဟု မိန့်တော်မူပြီး သိမ်သမုတ်မည့် ကြို့ဇလုပ်ရွာသို့ ဆရာတော်ကြီး ရှေ့ကကားဖြင့် ကြွတော်မူပြီး စာရေးသည့် ဘုန်းကြီးနှင့် လဲဘူးဆရာတော်တို့က နောက်မှ လိုက်ပါကြပါသည်။

သိမ်သမုတ်မည့်နေရာသို့ ရောက်သော် ကျောင်းကို နိဿဂ္ဂိသံသယရှိတော်မူ၍ထင့်၊ ကျောင်းရှေ့ အုန်းလက်မိုး မဏ္ဍပ်အောက်ရှိ ခုတင်ပေါ်၌ သီတင်းသုံးတော်မူပါသည်။

ခြေဖမိုး မို့နေသဖြင့် ကိုင်ကြည့်ရာ ကိုယ်ပါနွေးနေသည်ကို သတိပြုမိပါသည်။ *"ဆရာတော်ဘုရား၊ နေမကောင်းဘူးလား"*ဟု လျှောက်ထားရာ *"ကိုယ်ကငွေ့ငွေ့ ငွေ့ငွေ့နှင့်ဖျားနေတာကြာပြီ၊ အဖျားကြီးတော့ မဟုတ်ပါဘူး။ မတ်တတ်ဖျားပဲ ဆိုပါတော့"*ဟု မိန့်တော်မူပါသည်။

## ၁၅၄–လုံးမြောက် သိမ်သမုတ်ပွဲ

ကျန်းမာရေး မပြည့်စုံသည့်ကြား သံဃကိစ္စတစ်ခုဖြစ်သည့် သိမ်သမုတ်ရာသို့ ဆရာတော်ကြီးကိုယ်တိုင် ပင်ပန်းဆင်းရဲခြင်းကို အမှုမထားဘဲ ကြွရောက် ချီးမြှင့်ခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ရပ်ရွာ၏ သာရေး၊ နာရေး၊ ပရိတ်ရွတ်၊ ရှင်ပြု၊ အလှူစသည်ကို ကြွလေ့မရှိပေ။ သို့သော် သိမ်သမုတ်ကံ ဆောင်ရာသို့မူ မည်မျှ ကွာဝေးသည့်ဒေသမှ ပင့်သည်ဖြစ်စေ၊ မညည်းမညူ ကြွရောက်တော်မူလေ့ ရှိပါသည်။

ဆရာတော်ကြီးသည် မြန်မာနိုင်ငံ အနှံ့အပြား ကြွရောက်တော်မူကာ သိမ်ပေါင်း (၁၇၀)ကို သမုတ်ပေးတော်မူခဲ့ပါသည်။ တောင်ကြီးမြို့ ဘုရားကြီး အနောက်ကျောင်း ဝိသုံဂါမသိမ်သည် လွန်တော်မူရန် (၇၉)ရက်အလို၌ သမုတ်ပေးခဲ့သည့် (၁၇၀)မြောက် နောက်ဆုံးသိမ်ဖြစ်ပြီး၊ နေပြည်တော် လယ်ဝေးမြို့နယ် ကြို့ဇလုပ်ရွာဦးကျောင်း သိမ်မှာ (၁၅၄)လုံးမြောက် ဖြစ်ပါသည်။

## ဝတ္ထုအာမိသ ပယ်တော်မူသည်

ရွာဦးကျောင်း သိမ်သမုတ်အပြီး၌ မအပ်စပ်သည့် ဝတ္ထု အာမိသဖြင့် ပူဇော်ရန် စောင့်ဆိုင်းနေသည့် များပြားလှသည့် ပရိသတ်တို့ကို ရှောင်ရှားကာ မထင်မှတ်ထားသည့် မြေနီလမ်းသွယ်ဖြင့် ကားရှိရာသို့ ကြွတော်မူပါသည်။ ပရိသတ်များ မှင်သက်မိနေစဉ် ကားထွက်သွားရာ ဒါယကာ ဒါယိကာမများက မှီရာလမ်းလယ်ကပင် ဆရာတော်ကြီးအား ထိခြင်းငါးဖြာဖြင့် ရှိခိုးကန်တော့ကြလေသည်။

## သေမင်းက အရှက်မရှိခေါ်ပြီ

အမှန်မှာ ထိုအချိန်ကပင် ဆရာတော်ကြီး၏အသည်းမှာ ကင်ဆာရောဂါကြောင့် စတင် ပျက်စီးနေခဲ့လေပြီ၊ ဝမ်းဗိုက်မှာ ရေဖျင်းကြောင့် ဖောင်းနေပြီး၊ ခြေဖျားလက်ဖျားများ မို့နေပါသည်၊ ဆရာတော်ကြီးကို ဖူးတွေ့ရသည်မှာ မောပန်းနွမ်းနယ်နေပြီး အသားအရေတို့မှာ ကြည်လင်မှုမရှိတော့။ အသက်ကို ရန်ရှာတော့မည့် အသည်းရောဂါ ကပ်ရောက်နေပြီဟု မည်သူကမျှ မထင်မှတ်မိကြခဲ့ပေ။ ဆေးစစ်သောအခါ ဆရာဝန်သမားတော်တို့၏ ကောက်ချက်မှာ ရောဂါကျွမ်းကာ ကာလပင် လွန်လေပြီဟု သိရပါသည်။ ဘာမှ မတတ်နိုင်တော့။ သာသနာတော်အတွက် ကျေးဇူးကြီးလှသည့် ဆရာသခင်ကို (၁၃၆၆-ခု၊ ဒုတိယဝါဆိုလဆန်း ၆-ရက်) (AD ၂၂. ၇. ၂၀၀၄)ရက်၌ သေမင်းက အရှက်မရှိ ခေါ်ဆောင်သွားလေပြီ။

## တောရနေ တပည့်သံဃာ

ဆရာတော်ကြီး ထံတော်ပါး၌ ဥပနိဿယ ရယူထားသည့် အနယ်နယ်အရပ်ရပ်မှ တောရဆောက်တည်ကာ သီတင်းသုံးတော်မူကြသည့် သံဃာတော်များသည် ရမည်းသင်းမြို့နယ် နဘူးကျင်းတောရသို့ ကြွရောက်တော်မူလာကြပါသည်။

သံဃာ့အကြီးအမှူး ဘဒ္ဒန္တဇာဂရိယ မထေရ်မြတ် (ရန်ကုန်ဆရာတော်ကြီး)က -

*"ရွာကပင့်သံဃာများကို တစ်ပါးသက်န်းတစ်စုံ ကပ်လှူပါမည်ဘုရား၊ ဆရာတော်ကြီးထံပါး ဥပနိဿယခံ တောရနေ တပည့်သံဃာများအား မနက်အရုဏ်တက်ချိန်၌ ဆွမ်းလောင်းလှူပြီး အပ်စပ်တဲ့ ဖိနပ်တစ်ရံစီ လှူပါမည်ဘုရား"ဟု* မိန့်ကြားတော်မူပါသည်။

သာသနာတော်၌ ထင်ရှားသည့် မိမိတို့၏ ဆရာသခင် ပျံလွန်တော်မူရာ စျာပနအခမ်းအနား၌ တောကျောင်းဘုန်းကြီး ဖြစ်သဖြင့် လှူဖွယ်သက်န်း တစ်စုံပင် မရရှိတော့ပါတကားဟု တပည့်ကြီးများက မတွေးမိကြဘဲ ရန်ကုန်ဆရာတော်ကြီး၏ အမြော်အမြင်ကြီးမားစွာ စီမံခန့်ခွဲမှုကို လေးစား ကြည်ညိုမိကြပါသည်။

အကြောင်းမှာ တောရဆောက်တည်တော်မူကြသည့် အရှင်မြတ်များ တစ်ပါးချင်းစီ၏ ရင်ထဲ၌ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလနှင့် အာဇီဝပါရိသုဒ္ဓိ သီလ

သာမက နဘူးကျောင်းဆရာတော်ကြီး၏ ဥပနိဿယခံ တပည့်ကောင်း ပီပီ ဓုတင်ကျင့်မြတ်ကိုလည်း စွမ်းနိုင်သမျှ ဆောက်တည် ကျင့်သုံး နေကြပေလိမ့်မည်။

## ဆရာ့ကျေးဇူးကို အကျင့်မြတ်ဖြင့် ဆပ်ကြသည်

အကယ်၍ တိစီဝရိတ်ဥက္ကဋ္ဌဓုတင်ဆောင် ပုဂ္ဂိုလ်အား သင်္ကန်း တစ်စုံ လှူဒါန်းမိမည်ဆိုလျှင် လှူဒါန်းသူ သင်္ကန်းဒါယကာအဖို့ ကုသိုလ်ရစေကာမူ ဓုတင်ဆောင်ပုဂ္ဂိုလ်၏ ကျင့်စဉ်အတွက် ထို သင်္ကန်းကြောင့် အနှောင့်အယှက် ဖြစ်ကောင်း ဖြစ်နိုင်ပေမည်။ ဤသည်ကို ဈာပန အခမ်းအနား စီမံခန့်ခွဲတော်မူကြသည့် သံဃာ တော်များ ကိုယ်တိုင်လည်း ဓုတင်ကို မြတ်နိုးတော်မူကြသဖြင့် စီမံ တတ်ပါတကား။ ဓုတင်အကျင့် သာသနာတော်ကြီးသည်လည်း ကြည်ညိုဖွယ် ကောင်းပေစွတကား။ ဆရာတော်ကြီး၏ တပည့်များ ကိုယ်တိုင် ကျင့်သုံးလျက်ရှိသည့် ဓုတင်အကျင့်ကိစ္စ ဖြစ်သဖြင့် သိမြင် တော်မူစွမ်းကြပါတကား။

ထို့ကြောင့် ကျေးဇူးရှင်ဆရာသခင် ယနေ့လူ့ပြည်လောကမှ မျက်ကွယ်ပြုပြီးသွားပါသော်လည်း ဆရာ့လမ်းစဉ်ကို ဆရာသက်ရှိ ထင်ရှား အခါကာလကအတိုင်းပင် ယနေ့ထိတိုင် တပည့်ကြီးများက လိုက်နာ ကျင့်သုံးခြင်းအားဖြင့် ဆရာ့ကျေးဇူးကို ဆပ်နေကြပါသည်။

# ၁၉။ သက်တော်(၈၄)ကျော်မှ ရွာဦးကျောင်းစွန့်ကာ တောရကျောင်းမှီသည့် ရွှေဒါးတောရ ဆရာတော်ကြီး

ရွှေဒါးတောရဆရာတော်ကြီး (AD ၁၉၁၉-၂၀၁၁)သည် သက်တော်ရှည် မဟာထေရ်တစ်ပါးအဖြစ်ဖြင့် သက်တော် (၈၄) ဝါတော် (၆၄)တိုင်တိုင် ရမည်းသင်းမြို့နယ် ရွှေဒါးပေတောကုန်း ရွာဦးကျောင်း၌ သီတင်းသုံးတော်မူခဲ့ပါသည်။

ရွာဦးကျောင်းများစွာ၌ ရှိလေ့ရှိထဖြစ်သည့် နဝကမ္မငွေ၊ တီဗွီ၊ ဗွီဒီယို၊ ကာလာအိုကေ စသည်ဖြင့် နေလာခဲ့ရာမှ နဘူးကျင်း ဆရာတော်ကြီး၏ တောရသာသနာဂုဏ်သတင်း၊ ဓုတင်ဆိုင်ရာ ကြည်ညို ဖွယ် အနေအထိုင်နှင့်၊ ဝိနည်းရေးရာ အားကျစရာများကို ကြားသိ နေရသဖြင့် ကျန်သတင်းစကားများကပင် ရွှေဒါးရွာဦးကျောင်း ဆရာတော်ဘုရား၏ ဘဝါ ဘဝမှ သူတော်ကောင်းဓာတ်ခံကို နှိုးဆွ ပေးလာဟန် တူပါသည်။ သို့ဖြစ်ပါ၍ ရွာဦးကျောင်းကို အာလယပြတ် စွန့်ကာ တောထွက်ရန် အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားတော် မူပါသည်။ ဆုံးဖြတ်ချက်ကို ဒုံးဒုံးချနိုင်သောအခါ၌မူ ဆရာတော်၏ သက်တော်မှာ (၈၄)နှစ်ကိုပင် ကျော်နေလေပြီ။

နဘူးကျင်းဆရာတော်ကြီး သီတင်းသုံးရာ လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရကျောင်းသို့ ဥပနိဿယခံရန်အလို့ငှာ ကြွရောက် တော်မူလာ၍ ပဋိသန္ထာရပဏ္ဏာမစကား လျှောက်ကြားရာ၌ ဥပနိဿယ ပေးမည့် နဘူးကျင်းဆရာတော်ကြီးထက်ပင် တပည့်ခံမည့် ပုဂ္ဂိုလ်က သက်တော် (၂)နှစ်၊ ဝါတော် (၂)ဝါ ကြီးနေပါသည်။



## ကျေးရှူးရှင် ရွှေဒါးတောရဆရာတော်ကြီး
(မြန်မာ ၁၂၈၁ - ၁၃၇၃) (ခရစ် ၁၉၁၉ - ၂၀၁၁)

"အဲဒီအံကပ်က အရှင်ဘုရား ဘယ်လို ရလာတာပါလဲဘုရား"

"ဘုရားတပည့်တော် ပျဉ်းမနားက သွားစိုက်ဆရာဝန်ကို ပိုက်ဆံပေးပြီး လုပ်ခိုင်းခဲ့တာပါဘုရား" ဟု လျှောက်ထားရာ နဘူးကျောင်းဆရာတော်ကြီးက -

"ဒါဆိုရင်တော့ အရှင်ဘုရားသွားတွေကလည်း နိဿဂ္ဂိ မလွတ်ပြန်ဘူး၊ ဒါကိုလည်း အာလယပြတ် အပြီးစွန့်ရဦးမယ်။ ဖြစ်နိုင်ပါ့မလားဘုရား" ဟု မေးလျှောက်တော်မူရာ -

"ဆရာတော် မိန့်မှာတော်မူသည့်အတိုင်း ဒီသွားတွေ စွန့်ပယ်ပစ်ပြီး အပ်အပ်စပ်စပ် ဝိနည်းနှင့် ညီညွတ်အောင် ထပ်မံပြုလုပ် သုံးစွဲပါ့မယ်ဘုရား" ဟု သက်တော် (၈၄)နှစ်၌ တောထွက်တော်မူခဲ့သည့် ရွှေဒါးဆရာတော်က မတွန့်မဆုတ် မဆိုင်းမတွ ရဲရင့်စွာ ဖြေကြားတော်မူပါသည်။

ရွှေဒါးဆရာတော်ကြီးက မိမိရင်ထဲရှိ ရည်ရွယ်ချက်များကို ပွင့်ပွင့်လင်းလင်းကြီး လျှောက်ထားအပြီးတွင်မူ နဘူးကျောင်းဆရာတော်က-

*"ဒါဆိုရင် အရှင်ဘုရား တောထွက်လာတဲ့အခါမှာ ဘာပစ္စည်းမှ ယူမလာပါနဲ့။ နှစ်ထပ်သင်္ကန်းတော့ တပည့်တော် လှူစရာမရှိဘူး သင်္ကန်းဒွိစုံနှစ်စုံ အပ်အပ်စပ်စပ် တပည့်တော်လှူပါ့မယ်"*ဟု လျှောက်ပါသည်။

ရွာကျောင်းကို အပြီးစွန့်ကာ တောရကျောင်းသို့ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် ဝင်ရောက်လာသည့်နေ့သည် သက်တော် (၈၅)နှစ် ပြည့်ပြီးဖြစ်သော်လည်း သွားများမှာ ငယ်သွားပမာ ဖြူဖွေး ပြည့်စုံနေပါသဖြင့် နဘူးကျောင်းဆရာတော်ကြီး သံသယ ဖြစ်တော်မူဟန်တူပါသည်။ ထို့ကြောင့် -

*"အရှင်ဘုရားသွားတွေက ငယ်သွားတွေပါလားဘုရား"*ဟု *မေးတော်မူရာတွင် ရွှေဒါးဆရာတော်ကြီးက -*

*"ငယ်သွားမဟုတ်ပါဘုရား၊ အံကပ် တပ်ထားပါတယ်ဘုရား"*

*"အဲဒီအံကပ်က အရှင်ဘုရား ဘယ်လိုရလာတာပါလဲဘုရား"*

*"ဘုရားတပည့်တော် ပျဉ်းမနားက သွားစိုက်ဆရာဝန်ကို ပိုက်ဆံပေးပြီး လုပ်ခိုင်းခဲ့တာပါဘုရား"*ဟု လျှောက်ထားရာ နဘူးကျောင်းဆရာတော်ကြီးက-

## အံကပ်က နိဿဂ္ဂိမလွတ်ပြန်

*"ဒါဆိုရင်တော့ အရှင်ဘုရားသွားတွေကလည်း နိဿဂ္ဂိ မလွတ်ပြန်ဘူး၊ ဒါကိုလည်း အာလယပြတ် အပြီးစွန့်ရဦးမယ်။ ဖြစ်နိုင်ပါ့မလားဘုရား"* ဟု မေးလျှောက်တော်မူရာ-

*"ဆရာတော် မိန့်မှာတော်မူသည့်အတိုင်း ဒီသွားတွေ စွန့်ပယ်ပစ်ပြီး အပ်အပ်, စပ်စပ် ဝိနည်းနှင့် ညီညွတ်အောင် ထပ်မံပြုလုပ်သုံးစွဲပါ့မယ်ဘုရား"*ဟု မတွန့်မဆုတ် မဆိုင်းမတွ ရဲရင့်စွာ ဖြေကြားတော်မူပါသည်။

ကြားရသူအဖို့ ကြက်သီးထစရာပင်၊ သက်တော်ရှည် ရွှေဒါးတောရဆရာတော်ကြီး၏ တောရသာသနာပေါ်၌ ထားရှိသည့် သဒ္ဓါတရားမှာ အံ့သြဖွယ်ပါတကား။ ဆိုဆုံးမလွယ်ကူပြီး မာန်မာနကင်းသည်ကို လွန်စွာ အံ့သြကြည်ညိုမဆုံး ဖြစ်ကြရပါသည်။

## ရဟန်းနှင့် ရွှေသွားကိစ္စ သံသယ

စစ်ကိုင်းတောင်ရိုး အနောက်ပရက္ကမချောင် ဆရာတော် ဦးဝဏ္ဏာစာရ (AD ၁၉၀၆-၁၉၇၅)သည် ဓူတင်ဆောင်ပုဂ္ဂိုလ်ပီပီ ဝိနယဂရုကဖြစ်တော်မူပါသဖြင့် ခေတ်နှင့်ဆိုင်သော အသုံးအဆောင်တို့အပေါ်တွင် သံသယမကင်း ရှိတော်မူ၍ ကိုယ်တိုင်လည်း လက်သင့်မခံ မသုံးစွဲဘဲ တပည့်တို့အားလည်း ပယ်စွန့်ရန် တိုက်တွန်းတော်မူလေ့ ရှိပါသည်။

တစ်ခါသော် ဆရာတော်ကြီး၏တူအရင်း ဘုတလင် ကင်းစမ်းရွာမှ ဦးစန္ဒာသိရီနှင့် တပည့်ဖြစ်သူ ဦးသုမနတို့သည် စစ်ကိုင်းတောင်ရိုး ရွှေရင်မျှော်ချောင်၌ ခေတ္တရောက်ရှိနေကြသည်။ ထိုဦးပဥ္စင်း နှစ်ပါးသည် ရွှေသွားများ စိုက်ထားကြသည်။ ထိုအကြောင်းကို ဆရာတော်ကြီး သိတော်မမူမိပေ။

ရက်မကြာမီမှာပင် ထိုရွှေသွားစိုက်ထားသော ဦးစန္ဒာသိရီနှင့် ဦးသုမနတို့နှစ်ပါး ဆရာတော်ကြီး၏ ထံမှောက်သို့ ရောက်လာကြသောအခါ ထိုဦးပဉ္စင်းနှစ်ပါး၏ ခံတွင်းရှိ ရွှေသွားကို ဆရာတော်ကြီး မြင်တော်မူလျှင် -

*'မင်းတို့ ရွှေသွားတွေပါလျှင် ငါ့ဆီမလာခဲ့ကြနဲ့'* ဟု အမိန့်ရှိကာ ဆိုင်ရာဌာနသို့ ပြန်ကြွသွားရန် စေခိုင်းတော်မူပါသည်။

သူတော်ကောင်းကြီးများ၏ အမြင်၌ သေးငယ်သော အပြစ်ဟူ၍ မရှိပေ။ ဝိနည်းအရာ သံသယဖြစ်လာလျှင်မူ မိမိ၏ တူသားကိုပင် လက်ခံမည် မဟုတ်ပေ။

## ဝိနည်းအရာ ကြည်ညိုဖွယ်ရာ

ရွှေဒါးပေတောကုန်းရွာ၏ အရှေ့ဖက် ကုလတာ (၅၀၀)၊ ပေ (၃၀၀၀)အကွာဝေး၌ တောရဆောက်တည်ကာ သက်တော်(၉၂)နှစ်၊ ၂၀၁၁-ခုနှစ်တွင် အသည်းရောဂါဖြင့် လွန်တော်မူသည့်တိုင်အောင် တောရဘုန်းကြီး ပီသစွာ ခြိုးခြံချွေတာကာ ဝိနည်းတော်နှင့်အညီ သီတင်းသုံးတော်မူခဲ့ပါသည်။

သက်တော် (၉၀)မတိုင်ခင် ကျန်းမာရေး အနည်းငယ်ကောင်းသည့် ကာလက သင်္ကန်းဓူတင်၊ ပိဏ္ဍပါတ်ဓူတင်စသည် စွမ်းရာစွမ်းရာဓူတင်ကို ဆောင်တော်မူခဲ့ပါသေးသည်။ ရွာကျောင်းများမှ တပည့်ရဟန်းတို့က ဆရာတော်ကြီးအဖို့ ပျားရည်လာကပ်လျှင်ပင် အကပ်မခံတော့ပါ။

*"ပျားရည်ကတော့ ညနေပိုင်းလည်း ဝိနည်းလမ်းကြောင်းအရ အပ်စပ်ပါတယ်ဘုရား"* ဟု လျှောက်လျှင် *"သူတို့က သူတို့ငွေနဲ့*

*ဝယ်လာတာမှန်းလည်း မသိရ၊ အကပ်ခံပြီး ခုနစ်ရက်ကျော်ပြီးမှန်းလည်း မသိရလို့ အလှူမခံတာပါဘုရား”*ဟု ဝိနည်းလမ်းကြောင်းအရ မိန့်တော်မူလေ့ရှိပါသည်။

## အသက်အရွယ်ကြီးမှ တောထဲရောက်တာပါဘုရား

ရွှေဒါးဆရာတော်ကြီးသည် အသက်အရွယ်ကြီးရင့်မှ တောရဆောက်တည်တော်မူသဖြင့် ဝိနည်းဆိုင်ရာ လိုက်နာကျင့်သုံးမှုအပိုင်းတွင် မပြောပလောက်သည့် လိုအပ်ချက်များကို ရံခါ ဖူးတွေ့ရတတ်လေသည်။

ထန်းတစ်ပင်တောရကျောင်း၏ သိမ်ထဲတွင် သံဃကံဆောင်ရန်ရှိနေသဖြင့် ဆရာတော်ကြီး သီတင်းသုံးတော်မူရာ တစ်ပါးကျောင်းမှ ထွက်လာပြီး ဆရာတော်နှင့်အတူ သိမ်သို့ ကြွသွားစဉ် အသုံးပြုနေကျ သရေနွယ်အခင်း မပါလာသည်ကို သတိပြုမိသဖြင့်-

*“ဆရာတော်ဘုရား အခန်းထဲ သားရေနွယ် ကျန်ခဲ့ပြီနှင့်တူတယ်”* ဟုလျှောက်လိုက်ပါသည်။ ထိုအခါ -

*“အား. . ဟုတ်ပ. . အရှင်ဘုရားသတိပေးလို့သာ၊ အရှင်ဘုရားတို့က တောမှာ အနေကြာပြီ တပည့်တော်က အသက်အရွယ်ကြီးမှ တောထဲရောက်တာဘုရား၊ တပည့်တော် လိုအပ်ချက်ရှိတာတွေ့မိရင် အချိန်အခါမရွေး၊ နေရာမရွေး ပြောပြပေးတော်မူပါဘုရား”*ဟု သက်တော် ၈၅-နှစ်၊ ဝါတော် ၆၅-ဝါ ရှိတော်မူသည့် မဟာထေရ်အရှင်မြတ်က ရဟန်းငယ်လေးကို နှိမ့်ချစွာဖြင့် မိန့်ကြားတော်မူသည်ကို တစ်သက်တာ အောက်မေ့ဘွယ်ရာအဖြစ် ကြည်ညိုဖွယ် ကြုံတွေ့ခဲ့ရဖူးပါသည်။

## ဝိကာလဘောဇနသိက္ခာပုဒ်ကို မကျော်လွန်လိုပါ

အသည်းရောဂါ ကျွမ်းနေချိန် တစ်ခုသောညနေချမ်းအခါ ဆရာတော်ကြီးကို ပြုစုပေးနေသည့် ဆရာတော်ဦးကောသလ္လ (မြစ်သား)နှင့် ဆရာတော်ဦးဇာဂရ (အေလာ)တို့က-

*"ဆရာတော်ဘုရား၊ ရောဂါခံစားနေရတာ အတော်ဆိုးနေပါပြီ။ ရှေ့ဆက်ခုထက်ဆိုးဖို့ပဲရှိမယ်လို့ ဆရာဝန်တွေကလည်း ခန့်မှန်းပါတယ်။ ညနေပိုင်း တစ်ခုခု ဘုဉ်းပေးဖို့များ ဆန္ဒရှိပါသလားဘုရား"* ဟု လျှောက်ထားရာ သက်တော်ရှည် ဆရာတော်ကြီးက-

*"ခုလို ရဟန်းသီလနဲ့ နေရတဲ့ဘဝကို ရောက်နေမှတော့ အသက်ခန္ဓာကိုငဲ့ပြီး ဝိကာလဘောဇနသိက္ခာပုဒ်ကို မကျော်လွန်လိုတော့ပါဘူးဘုရား"*ဟု ယတိပြတ် မိန့်တော်မူသွားပါသည်။ ဤမိန့်ကြားချက်အတိုင်းပင် ဘဝ၏ နောက်ဆုံးချိန်ကို နာကျင်ခံခက်ပြီး ဆိုးဝါးလှသော အသည်းရောဂါ၏ နှိပ်စက်သည့်ဒဏ်ကို ဝဋ်ရှိသမျှ ခံတော်မူသွားရှာသည်။

အသည်းရောဂါပိုးတို့သည် မထေရ်မြတ်ကြီး၏ ရူပကိုယ်ကာယကို သေလွန်သည့်တိုင် ဖျက်စီး နှိပ်စက်နိုင်ခဲ့ပါသော်လည်း သီလထုံမွှမ်းထားသည့် စိတ်အစဉ်ကိုမူ ကြမ်းတမ်းဆိုးဝါးပြီး ယနေ့လူတကာ ကြောက်ရွံ့နေသည့် အသည်းရောဂါပိုးက အသို့ တတ်နိုင်တော့အံ့နည်း။

---

**ကျမ်းညွှန်း**

* ဦးအောင်မွန်(မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ ၂၀၀၆-ခုနှစ်၊ ပထမအကြိမ်။ (နှာ-၁၄၈၊၁၄၉)

* ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၄၅)

# ၂၀။ ဝနဝါသီ နဘူးကျောင်း ဆရာတော်ကြီးသည် တောရနေ ရဟန်းတော်များကို ကောင်းကင်ကြယ်ကြည့်နည်း အနည်းငယ်မျှဖြစ်စေ သိစေချင်ပါသည်

ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဗဟုဿုတဓရ သံဃပိတု ဖြစ်တော်မူသည့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး သည် မိုးကောင်းကင် ကြယ်များကို ဥတုရာသီသာသည့် ညဦး ညဥ့်နက် မိုးသောက်ကာလ အမြဲ လက်မလွတ်တမ်း ကြည့်ရှုကာ မှတ်သားတော်မူလေ့ ရှိပါသည်။ စာရေးသည့် ဘုန်းကြီးအပါအဝင် အနီးနေ တပည့်သံဃာတော်များအား မိုးကောင်းကင်ပြင်ကို လက် ညှိုးညွှန်ကာ ကောင်းကင်ကြယ်များ၏ အမည်၊ တည်နေရာ၊ ရွေ့လျားပုံကို ရှင်းပြတော်မူပါသည်။ ရံခါ မိမိကြည့်နေကျ ကြယ်စု အကြား ဂြိုဟ်များ ဝင်ရောက်လာတတ်ရာ-

*"ဦးခေမာ၊ မောင်ရင့်ဆိုင်းထမ်းနားကို ကြယ်တစ်လုံး ရောက် နေတာ တစ်ပတ်လောက်ရှိနေပြီ၊ အဲဒါ ကိုယ်တော်သတိပြုမိရဲ့လား?"*

ရံခါ၌လည်း *"ဖျောက်ဆိပ်က ပျောက်သွားပြန်တယ်၊ နေသိဒ္ဓိ နက္ခတ်တော့ မကြာခင် မွန်းတည့်တော့မယ်ထင်တယ် ကိုယ်တော်၊ ပြီးခဲ့တဲ့လက သဘော်ကြယ် ညဦးပိုင်းမှာပဲ မွန်းတိမ်းသွားတယ် ကိုယ်တော် သတိထားမိသလား၊ အရှက်တက်ခါနီး နေရဲ့ရှေ့က ကြယ်ပြောင်ပြောင်တစ်လုံးတွေ့နေတာ တစ်ပတ်လောက် ရှိနေပြီ၊ အဲဒါ ဘာကြယ်ဖြစ်မလဲ၊ မြောက်ဖက်က ခုနစ်စဥ်နှင့် ဗျိုင်းကတော့ ဓူဝံကို ပတ်နေလေရဲ့"*

## တောရနေသံဃာများ နက္ခတ်အကြောင်း အနည်းငယ်မျှဖြစ်စေ သိရမည်

အာရညိကေန ဘိက္ခဝေ ဘိက္ခုနာ (ပ) နက္ခတ္တပဒါနိ ဥဂ္ဂဟေတဗ္ဗာနိ သကလာနိ ဝါ ဧကဒေသာနိ ဝါ ဒိသာကုသလေန ဘဝိတဗ္ဗံ၊ ဣဒံ ခေါ ဘိက္ခဝေ အာရညိကာနံ ဘိက္ခူနံ ဝတ္တံ၊ ယထာ အာရညိကေဟိ ဘိက္ခူဟိ သမ္မာ ဝတ္တိတဗ္ဗန္တိ။ (ဝိ၊ ၄၊ ၃၈၆)

ဘိက္ခဝေ၊ ရဟန်းတို့။ အာရညိကေန၊ လူသူမနီးသောတော၌ မွေ့လျော်ကာနေသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သကလာနိ၊ အလုံးစုံကုန်သော။ နက္ခတ္တပဒါနိဝါ၊ နက္ခတ်တို့ကိုလည်းကောင်း။ ဧကဒေသာနိ၊ တစ်စိတ်တစ်ဒေသဖြစ်ကုန်သော။ နက္ခတ္တပဒါနိဝါ၊ နက္ခတ်တို့ကိုလည်းကောင်း။ ဥဂ္ဂဟေတဗ္ဗာနိ၊ သင်ကြားအပ်ကုန်၏။ ဒိသာကုသလေန၊ အရပ်မျက်နှာ၌ လိမ္မာသူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

## မိုးကောင်းကင်ကြယ်နှင့် ရင်းနှီးရန်လိုပြီ

ဆရာတော်ကြီးသည် ရံခါကြယ်များဖြင့် တန်ဆာဆင်ထားသည့် မိုးကောင်းကင်အောက်၌ ထိုင်၍ မိန့်တော်မူတတ်သကဲ့သို့ ရံခါ၌မူ ကြယ်မမြင်ရသေးသည့် ညနေပိုင်းအချိန်၌လည်း မိန့်တော်မူလေ့ရှိပါသည်။ ထို့ကြောင့် ဆရာတော်ကြီး မိန့်တော်မူလျှင် အချိန်မရွေး ပြန်လည်လျှောက်ထားနိုင်ရန် စာရေးသူသည် သဘာဝမိုးကောင်းကင်ရှိ ကြယ်လနက္ခတ်တာရာနှင့်တကွ အရုဏ်တက်ချိန်ကိုပါ တပည့်ကောင်းပီသစွာ ကြိုတင်လေ့လာဖတ်ရှုရုံမက ပကတိ

မိုးကောင်းကင်ပြင်နှင့်လည်း ရင်းရင်းနှီးနှီး ရှိနေရန် လုံ့လကြိုးကုတ်အားထုတ်ထားရပါသည်။

*"ကောင်းကင်ကြယ်တွေ ဂြိုဟ်တွေ သွားလမ်းကြောင်းကို သိနိုင်တဲ့စာအုပ်များ မရှိဘူးလား ကိုယ်တော်"*

*"ရှိပါတယ်ဘုရား၊ ကမ္ဘာကထုတ်တဲ့ ဇယားတွေလည်း ရှိပါတယ်၊ မြန်မာကလည်း တစ်နှစ်တစ်ခါ ထုတ်ပါသေးတယ်ဘုရား"*

*"စာအုပ်တွေ ဇယားတွေ လက်ဝယ်ရှိထားရင် သိပ်ကောင်းတာပေါ့"*

*"မှန်ပါဘုရား တပည့်တော် စုဆောင်းပါ့မယ်ဘုရား"*

*"ပညာရှင်မဆန် လူပြိန်းတွေနားလည်အောင် ရေးသားထားတဲ့ ကောင်းကင်ကြယ်ကြည့်နည်း စာအုပ် မတွေ့ဖူးသေးဘူး၊ မြန်မာစာ တတ်ရင် ကြယ်ကြည့်နိုင်တဲ့စာအုပ်တစ်အုပ်ရှိရင် တောနေရဟန်းတွေ ကောင်းကင်ကြယ် အနည်းငယ်ဖြစ်စေ ကြည့်ရှုတတ်ကြမယ်"*

*"တင်ပါ့ဘုရား"*

*"ကောင်းကင်ကြယ်တွေ ဂြိုဟ်တွေရဲ့အသွားအလာအပြင် နေသွားလမ်းကြောင်းပေါ်မူတည်ပြီး အရုဏ်တက်ချိန်လည်း ကိုယ်တော်တွက်နိုင်တယ် မဟုတ်ဘူးလား"*

*"တင်ပါ့ဘုရား၊ ပညာရှင်များရဲ့ကျမ်းများ ဇယားကားချပ်များရဲ့ အထောက်အကူ ယူခွင့်ရရင်တော့ မှန်ကန်တိကျတဲ့ အရုဏ်တက်ချိန်ကို တွက်နိုင်လောက်ပါတယ်ဘုရား၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက နေထွက်ချိန်၊ နေဝင်ချိန်၊ မွန်းတည့်ချိန်တွေတွက်ပြီး အဖြေကို တိုက်ဆိုင်စစ်ဆေး နေပါတယ်ဘုရား မိုးကောင်းကင် ကြယ်*

*တွေ့ရဲ့တည်နေရာပြ ပုံတွေလည်း ပုံကြမ်းအဆင့် ဆွဲထားပြီးပါပြီ ဘုရား"*

*"ဒါဆိုရင် ကိုယ်တော် စွမ်းနိုင်လောက်ပါတယ်၊ ကမ္ဘာသုံး ပြက္ခဒိန်အလိုက် တိကျတဲ့ အရုဏ်တက်ချိန်၊ နေထွက်ချိန်၊ နေဝင် ချိန်နှင့် ကောင်းကင်ကြယ်ကြည့်နည်းကို ကြိုးစားကြည့်စမ်းပါ "*

## အရုဏ်တက်ချိန် အားကိုးရ

စာမူကြမ်းအဆင့် ပြီးစီးရန်ကိုပင် အချိန်ကာလ နှစ်များစွာ ကြာသည့်တိုင် အချိန်ယူတိုင်းတာ တွက်ချက်ရုံမက မျက်မြင် သုတေသန အကြိမ်ကြိမ်ပြုပြီးနောက် ကျေးဇူးရှင် ဆရာတော်ကြီး၏ လက်ဝယ်သို့ ဆက်ကပ်နိုင်ခဲ့ပါသည်။

ဆရာတော်ကြီးသည် မိမိနှစ်များစွာကြာ ကြိုးပမ်းကာ သုတေ သနပြု ရေးသားခဲ့သည့် ကောင်းကင်ကြယ်နှင့် နေဝင်၊ နေထွက်၊ အရုဏ်တက်ချိန်ကို လွယ်လွယ်ကူကူ သဘောတူ လက်ခံခဲ့ခြင်းကား မဟုတ်ပေ။ ဆရာတော်ကြီးကိုယ်တိုင် အခါများစွာ မျက်မြင်တွေ့ရှိ ချက်ကို အရပ်ဒေသ တည်နေရာ ပြောင်းလဲမှတ်တမ်းတင် စိစစ်ကာ ကာလများစွာကြာမှ နှုတ်တော်မှ မှတ်ချက်စကားတစ်ခွန်းကို တပည့်၏ မျက်ကွယ်၌ မိန့်ကြားတော်မူခဲ့ပါသည်။

*"ဦးခေမာ တွက်ထားတဲ့ အရုဏ်တက်ချိန် နေဝင်ချိန်က အားကိုးလောက်ပါတယ်"*

# နေဝင်၊ နေထွက်၊ အရုဏ်တက်ချိန် မလွတ်တမ်း စစ်ဆေးတော်မူသည်

စာရေးသည့်ဘုန်းကြီးသည် နေထွက် နေဝင် မွန်းတည့် အရုဏ်တက်ချိန်ကို စာရွက်ပေါ် တွက်လေ့ရှိပါသည်။ နဘူးကျောင်းဆရာတော်ကြီးသည် နေထွက် မွန်းတည့် အရုဏ်တက်ချိန်တို့ကို ရောက်လေရာရာ ဒေသတိုင်း၌ ပကတိ မိုးကောင်းကင်ကိုကြည့်ကာ မှတ်တမ်းတင်တော်မူလေ့ ရှိပါသည်။

ထို့ကြောင့် စာရေးသည့်ဘုန်းကြီး စက္ကူပေါ်တွက်ချက်မှုကို ဆရာတော်ကြီးက အမြဲမပြတ် တစ်နေ့သုံးကြိမ် စစ်ဆေးတော်မူနေပါသည်။ သို့ဖြစ်ပါ၍ အထက်ပါစကားကို မိန့်တော်မူခြင်း ဖြစ်ပေလိမ့်မည်။

ရံဖန်ရံခါ ဆရာတော်ကြီးသည် ကျန်းမာရေးအဆင်မပြေဘဲ ရှိနေလျှင်မူ ရဟန်းငယ်တစ်ပါးပါးအား ကိုင်နေကျ ခါးပိုက်ဆောင် Digital နာရီကို ပေးအပ်ကာ-

"*နာရီ လွတ်မကျစေနဲ့၊ ခလုတ်တွေ မနှိပ်မိစေနဲ့၊ လက်ဖဝါးပေါ်ကိုတင်ပြီး၊ မိနစ်၊ စက္ကန့်ထိ မှတ်သားလာခဲ့ပါ*" ဟု သေသေချာချာ ပြည့်ပြည့်စုံစုံ မှာကြားလေ့ရှိပါသည်။ ဆရာတော်ကြီးသည် နေမွန်းတည့်အချိန်ကိုမူ ကိုယ်တိုင်စစ်ဆေးကာ မှတ်တမ်း တင်တော်မူလေ့ ရှိပါသည်။

သိတင်းသုံးရာကျောင်း၏ အပြင်ဘက် အရပ်မျက်နှာအားဖြင့် နေသွားလမ်းကြောင်းနှင့် လိုက်လျောညီထွေမည့် တောင်ဘက်

မျက်နှာတွင် သစ်သားတစ်ပြားပေါ်၌ စက်ဘီးစပုတ်တံ တစ်ချောင်းကို အင်္ဂလိပ်အက္ခရာ U သဏ္ဌာန်ကွေးကာ ဘောလုံးကွင်းရှိ ဂိုးတိုင်ပမာ သစ်သားပြားပေါ် စိုက်ထားပါသည်။ နေမွန်းတည့်ချိန်၌ နေအရိပ်သည် စပုတ်တံ၏ အပေါ်တန်းနှင့် တန်းနေပေလိမ့်မည်။ ထိုမိနစ်စက္ကန့်အချိန်သည် မွန်းတည့်ချိန်ပင်ဖြစ်ကြောင်း မှတ်တမ်း တင်ထားတော်မူပါသည်။ ရမည်းသင်းမြို့နယ် နဘူးကျောင်းတောရ၌မူ နေနာရီတစ်ခု ပြုလုပ်ထားရှိပါသည်။

## အတုယူအားကျကာ ဒိဋ္ဌာနုဂတိလိုက်

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး တစ်သက်တာ တောပျော်နေတော်မူခဲ့သည့် အကြောင်းကို ကြားရသူအဖို့ပင် ကြည်ညိုပီတိ ရင်မှာအတိဖြစ်ကာ တောရဆောက်တည်လိုစိတ်များ တဖွါးဖွါး ပေါ်ပေါက်လာကြသည်ကို ကြားနေရပါသည်။

ယနေ့ ဆရာတော်ကြီး၏ ဥပနိဿယခံ တောနေရဟန်းတပည့်ကောင်းများ ပြည်တွင်းပြည်ပ၌ များစွာ ရှိနေကြပါသည်။ လဇ္ဇီပေသလ၊ သိက္ခာကာမ မဟာထေရ်မြတ်တစ်ပါး၏ သာသနာတော်၌ စွမ်းဆောင်ချက်သည် လောကကို မျက်ကွယ်ပြုကာ လွန်တော်မူသွားသည့်ကာလ ရှည်ကြာခဲ့သည့်တိုင် နောင်လူသားများအဖို့ အတုယူ အားကျကြည်ညိုမဆုံး ဖြစ်ရပါပေသည်။

---

**ကျမ်းညွှန်း**

* (၃၆၇) စူဠဝဂ္ဂပါဠိ (နှာ-၃၈၅)
* ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိ၊ ဝတ္တက္ခန္ဓက၊ အာရညိကဝတ္တကထာ၊ စာမျက်နှာ (၃၈၅)။

# ၂၁။ ရေဆွမ်းဖြင့် မျှတခဲ့ရသည့် ထိုတစ်နေ့

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် အသက်အရွယ် ကြီးရင့်လာသည့်နောက်ပိုင်း ဝါတွင်းကာလတွင် အခြားနယ်များရှိ တောရများသို့ မကြွတော့ဘဲ လယ်ဝေးမြို့ ထန်းတစ်ပင်တောရနှင့် ရမည်းသင်းမြို့ နဘူးကျောင်းတောရများမှာသာ တစ်လှည့်စီ ဝါဆိုတော်မူပါသည်။ ဝါပကာလများတွင်လည်း ဤတောရနှစ်ခု၌သာ အများအားဖြင့် သီတင်းသုံးတော်မူပါသည်။

တစ်ခုသောဝါပကာလ၌ မဟာမြိုင်တောရ၏ အရှေ့တောင်ဘက် မလှမ်းမကမ်းတွင် တည်ရှိသည့် ကျွန်းတက်ပဲ့ရွာသို့ ဆရာတော်ကြီးသည် နံနက်တိုင်း ဆွမ်းခံကြွတော်မူလေ့ ရှိပါသည်။ အကြောင်းမညီညွတ်မှု တစ်စုံတစ်ရာ မပေါ်ပေါက်ပါက နွေလေးလလုံးဖြစ်စေ၊ မိုးလေးလလုံးဖြစ်စေ၊ ဆောင်းလေးလလုံးဖြစ်စေ အစဉ်အမြဲသာ ရွာတစ်ရွာတည်း၌ ဆွမ်းခံကြွတော်မူလေ့ရှိ၏။

## အိမ်စဉ်ရပ်သော်လည်း ဆွမ်းမရခဲ့ပါ

နွေကာလ၏ တစ်ခုသောနံနက်ခင်း အရုဏ်တက်ပြီးချိန်တွင် ပခုံး၌ သပိတ်ကိုလွယ်ကာ ဆွမ်းခံ ကြွတော်မူပါသည်။ လွန်ခဲ့သည့်ညက ရုံဝင်ခမယူဘဲ ရွာလယ်၌ ညလုံးပေါက် ဗွီဒီယိုပြသခဲ့ကြောင်းကို

ဆရာတော်ကြီး သိတော်မမူမိလိုက်ပေ။ ပွဲကြိုက်သည့် ဆွမ်းဒကာ ဒကာမများသည် ဇာတ်ကားကို အခမဲ့ မိုးအလင်း ကြည့်ခဲ့ကြသဖြင့် ဆွမ်းချက်ရန် ထတော်မူကြဖို့ ဆော်ဩမည့် ဖိုးသူတော်ပါ အိပ်မောကျသွားဟန် တူပါသည်။ ထို့ကြောင့် ထိုနေ့နံနက် ဆွမ်းမချက်ကြတော့ပါ။ အိမ်စဉ် ရပ်ခဲ့ပါသော်လည်း ဆွမ်းမရခဲ့ပါ။ ဆွမ်းမပါသည့် သပိတ်ဖြင့် ထွက်ကြွတော်မူလာရာ ရွာ၏ အစွန်အဖျားအိမ်မှ ဒါယိကာမတစ်ဦးက ပန်းကန်လုံးတစ်လုံးဖြင့် ဆွမ်းလောင်းရန် ထွက်လာပါသည်။

ထိုနေ့နံနက် အဖြစ်အပျက်ကို နှစ်ပေါင်း(၂၀)ကျော် ကြာသော အခါမှ ပြန်လည် မိန့်ကြားတော်မူရာတွင်-

*"ဆွမ်းက ပန်းကန်လုံးလေးတစ်လုံးစာတော့ လာလောင်းနေပြီ၊ ဒါပေမယ့် ရှေ့ဆက်ရဖို့ရာလည်း အိမ်မရှိတော့ဘူး၊ တောထဲကိုဝင်ရတော့မှာ၊ ဒါနှင့် သပိတ်ဖွင့်မပေးတော့ဘူး"* ကျောင်းမှ ရေကျင်း၍ ယူသွားသည့် သပိတ်အတိုင်းပင် ကျောင်းသို့ ပြန်ကြွလာတော်မူပါသည်။ ဆရာတော်ကြီးသည် ဤရွာတွင် ဆွမ်းမရခြင်းဟူသော အကြောင်းကြောင့်မူ ယနေ့နံနက် အခြားတစ်ရွာသို့ ကြွတော်မူမည် မဟုတ်ပေ။

## ဆွမ်းစုတင်ငါးပါး

အကြောင်းမှာ သူတော်ကောင်းကြီးများ ကျင့်သုံးတော်မူလေ့ရှိသည့် ဆွမ်းစုတင်ငါးပါးတွင် -

၁။ လာဘ်ပို လာဘ်လျှံကို ပယ်၍ ဆွမ်းခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်းဟူသော ပိဏ္ဍပါတဓုတင်၊

၂။ လျှပ်ပေါ်လော်လီ အိမ်စဉ်ကျော်၍ ခံယူခြင်းကို ပယ်လျက် အိမ်စဉ် မကျော်မလှပ် ရပ်၍ရသော ဆွမ်းကို သုံးဆောင်ခြင်းဟူသော သပဒါနစာရိက ဓူတင်၊

၃။ နေရာအထူးထူး၌ စားခြင်းကိုပယ်လျက် တစ်ထိုင်တစ်နေရာတည်း၌ စားခြင်းကို ဆောင်ခြင်းဟူသော ဧကာသနိက် ဓူတင်၊

၄။ နှစ်ခွက်မြောက်သော ဆွမ်းဟင်းကို ပယ်၍ တစ်ခွက်တည်းနှင့်သာ သုံးဆောင်ခြင်းဟူသော ပတ္တပိဏ်ဍ် ဓူတင်နှင့်

၅။ ဆွမ်းစပြီး ဘုဉ်းပေးနေသည့်အခိုက် ကပ်လာသောဘောဇဉ်ကို တော်ပြီတန်ပြီဟုဆိုပြီး နောက်မှ ကပ်သည်ကို ယူစားခြင်းကို ပယ်ခြင်းတည်းဟူသော ခလုပစ္ဆာဘတ် ဓူတင်တို့ကို အမြတ်စား ဆောင်တော်မူသည့် ဥက္ကဋ္ဌပုဂ္ဂိုလ် ဖြစ်သောကြောင့်တည်း။

## ငှက်ပျောသီးလောင်းလှူမည့် ကပ္ပိယ

ထန်းတစ်ပင်တောရ၏ တောတန်းအရိပ်အောက် ကျောင်းဝင်းအနီးသို့ ရောက်သောအခါတွင်မူ ကျောင်းရှေ့ သရက်ပင်အောက်၌ သဒ္ဓါတရား ပြည့်ဝသည့် အလှူရှင်တစ်ဦးက သူ၏ခြံထွက် ငှက်ပျောသီးတစ်ခိုင်ကို ဘေး၌ချထားပြီး ဒါနပြုရန် စောင့်ဆိုင်းနေပါသည်။

ဆရာတော်ကြီးကလည်း ထိုဒါယကာနှင့် ထိုငှက်ပျောခိုင်ကို ဆွမ်းခံအပြန်လမ်း၏ မလှမ်းမကမ်းမှ မြင်တော်မူလိုက်ပါသည်။ ထိုတစ်နေ့ ဆွမ်းမရတော့ဘဲ ရေနှင့်ပြီးရမည့် အခြေအနေမှသည်

ငှက်ပျောသီး ဒါယကာကို မြင်တော်မူလိုက်သဖြင့် တောရဆရာတော် အနေဖြင့်လည်း စိတ်ဝယ် အနည်းငယ်မျှဖြစ်စေ အားတက်မိမည် ထင်ပါသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးနောက် ထန်းတစ်ပင် တောရတွင် ဝါဆိုတော်မူသည့်နှစ်တွင်-

*"ကျောင်းကနေ သပိတ်ကျင်းပြီး သွားတဲ့အတိုင်း ဒီဘုန်းကြီး ပြန်လာခဲ့တာ ကျောင်းရှေ့နားက သရက်ပင်ကြီးအောက်မှာ ငှက်ပျော ခိုင် ဘေးချပြီး ရပ်နေတဲ့ ဒကာတစ်ယောက် တွေ့လိုက်ရတယ်၊ အဲဒီ အခိုင်ထဲက တစ်ဖီးလောက် လောင်းရင်တော့ ဒီနေ့ ဆွမ်းအတွက် အဆင်ပြေပြီလို့ တွေးမိနေတုန်း ဒကာက ငှက်ပျောသီး နှစ်လုံးချွေပြီး လောင်းမယ့်ဟန် မြင်လိုက်ရတယ်။ အဲဒီတော့ သပိတ်ဆေးရတာပဲ အဖတ်တင်မယ်လေဆိုပြီး သပိတ်ဖုံး ဖွင့်ပေးမနေတော့ဘူး"* ငှက်ပျော သီး ဒါယကာ၏ စိတ်ဆန္ဒကား ကြွလာသမျှ သံဃာတော်အားလုံးကို အပါးစေ့ လောင်းလိုဟန် တူပါသည်။ ဆရာတော်ကြီးသည် ထိုတစ်နေ့ ရေကိုသာ ဘုဉ်းပေးတော်မူပါသည်။

နေအနည်းငယ် မြင့်လာသော အချိန်တွင် ဆရာတော် ဆွမ်းဘုဉ်း၍ ပြီးလောက်ပြီဟုထင်ကာ ညောင်ကုန်းရွာမှ ကပ္ပိယ ဦးသန်းမောင်က အခါတိုင်းကဲ့သို့ပင် သပိတ်ဆေးရန် ရောက်ရှိ လာပါသည်။ ထိုအခါမှ ယနေ့နံနက် ဆရာတော် ဆွမ်းမရကြောင်းနှင့် ဆွမ်းမရသည့် အကြောင်းရင်း ဇစ်မြစ်ကိုပါ ကပ္ပိယက သိသွားပါသည်။

## အရိပ်အယောင်ပြကာ ရလာမည့် ဆွမ်းကို့မခံယူပါ

ထိုနေ့အလွန် နောက်တစ်နေ့နံနက်တွင် လဲဘူးဆရာတော်ကို မေးတော်မူပါသည်-

*"အရှင်ဘုရား ဘယ်ရွာကို ဆွမ်းခံပါသလဲ"*

*"ဘုရားတပည့်တော် ကြာပင်ရွာကို ကြွပါတယ်ဘုရား"*

*"ဒါဆိုရင် တပည့်တော်လည်း ကြာပင်ရွာကို လိုက်မယ် ဘုရား"*ဟု မိန့်တော်မူရာ လဲဘူးဆရာတော်က-

*"ဆရာတော် ကျွန်းတက်ပွဲရွာ ကြွနေကျလားလို့ပါဘုရား"*ဟု လျှောက်ထားပါသည်။

ဆွမ်းခံလမ်း၌ ယမန်နေ့ နံနက်ဖြစ်စဉ်ကို မိန့်တော်မူပြီး-

*"သန်းမောင်က သပိတ်မဆေးလိုက်ရဘူး။ ညောင်ကုန်းရွာနှင့် ကျွန်းတက်ပွဲရွာက ကပ်လျက်ရွာတွေ ဆိုတော့ ညလုံးပေါက် ဗွီဒီယို ပြတာ သူသိမယ်။ ဒါကြောင့် ရွာပြန်ရောက်ရင် ရွာသူရွာသားတွေကို ပြောမှာ သေချာတယ်၊ ဒါကြောင့် မနေ့က ဆွမ်းမလောင်းလိုက်ရတဲ့ ဒကာ ဒကာမတွေက ဒီမနက် အထူးတလည် စီမံပြီး လောင်းမှာစိုးလို့ ဆွမ်းခံနေကျ ရွာကို မကြွတာပါဘုရား"*

သူတော်ကောင်းများသည် တိုက်တွန်း၍ ရလာမည့် ဆွမ်း၊ အရိပ်အယောင်ပြကာ ရလာမည့် ဆွမ်းကိုပင် ဘုဉ်းပေးသုံးဆောင်ခြင်း ပြုတော်မမူပေ။

---

**ကျမ်းညွှန်း**

* (၂၆-၃၀)၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ -၁ (နှာ-၆၈) ၄

* (၁၉)၊ စတုပါရိသုဒ္ဓိသမ္ပာဒနဝိဓိ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ -၁ (နှာ-၄၀)

# ၂၂။ ကောသနိက်ရှတင်ဆောင်ပါသလားဘုရား

ရွှေဥမင်ဆရာတော်ကြီး (AD ၁၉၁၃-၂၀၀၂) ထံတော်ပါးမှ ကမ္မဋ္ဌာန်းနည်းခံယူကာ တောအရပ်၌ တရားအားထုတ်လျက်ရှိသည့် ရဟန်းတော်တစ်ပါးသည် ဆောင်းဥတု၏ တစ်ခုသော နံနက်ခင်း ဝေလီဝေလင်းအချိန်တွင် ဆရာတော်ထံသို့ တရားလျှောက်ထားရန်နှင့် ဝိနည်းဆိုင်ရာ သံသယမေးလျှောက်ရန် ရောက်ရှိလာပါသည်။ ဆရာတော်ဘုရားသည် အရုဏ်ဆွမ်းဘုဉ်းပြီး ကျောင်းတွင်း၌ စင်္ကြံ ကြွတော်မူနေပါသည်။ ရဟန်းတော် ရောက်ရှိလာသည်ကို မြင်တော်မူသဖြင့် စင်္ကြံလမ်းမှ ဖယ်ခွါကာ ကုလားထိုင်တွင် ထိုင်တော်မူပြီး တပည့် ရဟန်း၏ လျှောက်ထားလာမည့် စကားကို မစောင့်ဆိုင်းတော့ဘဲ -

*"ဦးဇင်း အရုဏ်ဆွမ်း ဘုဉ်းပြီးပြီလား"*ဟူ၍ မေးမြန်းတော်မူပါသည်။ ရောက်ရှိလာသည့်အချိန်နှင့် ခရီးကို ခန့်မှန်းကာ ဆွမ်းဘုဉ်းပြီး မဖြစ်နိုင်သေးကြောင်းကို ရိပ်မိသဖြင့် မေးတော်မူခြင်း ဖြစ်နိုင်ပါသည်။ *"မဘုဉ်းဖြစ်သေးပါဘုရား"*ဟု တိုးညှင်းစွာ လျှောက်ထားလိုက်ပါသည်။ ဆရာတော်ကြီးက တဖန်-

*"ကောသနိက်လား"*ဟု မေးတော်မူရာ ရဟန်းတော်က ဆရာတော့်ခြေရင်း၌ လက်အုပ်ချီ ထိုင်လျက်သာနေပြီး ဘာမှ မဖြေကြားတော့ပါ။ ထိုကာလမှစ၍ ဆရာတော်ကြီးသည် ထိုတပည့်ငယ်အား *"ဆွမ်းဘုဉ်းပါဦး" "ဆွမ်းဘုဉ်းပြီးပြီလား" "အချိုပွဲလေး ဘုဉ်းပေးပါဦး"*ဟု လွန်တော်မူသည့်တိုင် နောင်ဘယ်သောအခါမှာမှ တိုက်တွန်းခြင်း၊ မေးမြန်းခြင်း မပြုတော့ပေ-

*“ဘုရားတပည့်တော်မှာ ရွှေဥမင် ဆရာတော်ကြီးအပေါ် ကြည်ညိုစရာ အများကြီးပါဘုရား၊ ဆရာတော် လွန်တော်မူသည့် ကာလတိုင်အောင် ဘုရားတပည့်တော်ကို ဆွမ်းဘုဉ်းဖို့ နောက်ထပ် တစ်ကြိမ် မေးမြန်းတော် မမူတော့တာကိုလည်း ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား၊ ဒီလိုဆရာတော်မျိုး တပည့်တော်တို့ သာသနာမှာ ရှားသွားပြီဘုရား”ဟု မိန့်တော်မူပါသည်။*

## ရေဘုဉ်းပါ့မယ်ဘုရား

ထိုအရှင်မြတ်ကပင် သူ၏ စိတ်ပျက်ဘွယ် အတွေ့အကြုံ တစ်ခုကိုလည်း မိန့်ကြားပါသေးသည်-

*“တပည့်တော် ခရီးသွားလာတာ နည်းသော်လည်းပဲ ၁၃၆၉-ခု၊ တန်ဆောင်မုန်းလထဲမှာ ခရီးရှည်တစ်ခု သွားဖို့ဖြစ်လာပါတယ်” “ပြည်ပခရီးပါလားဘုရား” “မဟုတ်ပါဘူး၊ ပြည်တွင်းပါပဲ။ ခရီးထွက်ပြီး သုံးရက်မြောက်မှာတော့ မန္တလေးမြို့ကို ည(၁၁)နာရီကျော်မှာ ရောက်တယ်။ ဒါကြောင့် ဒကာတွေစီစဉ်ပေးတဲ့ ကျောင်းကို သီတင်းသုံးဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ ကျောင်းက သာမညကျောင်းမှ မဟုတ်ဘဲ။ နာမည် ဂုဏ်သတင်းကြီးရုံမက ဘုန်းကံကြီးမားတဲ့ ဆရာတော် သီတင်းသုံးရာ ကျောင်းကြီးပါ။* ရောက်တာနှင့် အာဂန္တုကဝတ်အရ ဆရာတော်ကြီးကို ကန်တော့ပါတယ်။ ဆရာတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်။ ဆရာတော်ကြီးက -

*“အရှင်ဘုရားကို စောင့်နေတာလို့တောင် မိန့်တော်မူသေးတယ်၊ အဲသည်မှာ အခက်အခဲက စတာပါဘုရား”*

“ဘယ်လို အခက်အခဲပါလဲဘုရား”

“မနက်ဖန်မနက် အရုဏ်ဆွမ်းကို အရှင်ဘုရား ခေါက်ဆွဲသုတ်ကြိုက်သလား၊ မြီးရှည်ကြိုက်သလား၊ နံပြားထောပတ်သုတ် ကြိုက်ပါသလား၊ ပဲပလာတာ ကြိုက်သလား၊ မိန့်ပါဘုရား အရှင်ဘုရားအကြိုက်ဆုံးကို ကပ်ပဲ့မယ်ဘုရား”

“ရပါပြီဘုရားလို့ သုံးကြိမ်လျှောက်သော်လည်း မရဘူးဘုရား၊ ခက်တော့ခက်ပြီ”

“ဒါနှင့် မနက် ဘယ်လိုဖြစ်ပါသလဲဘုရား”

“မနက်အစောကြီး ကိုရင်ကို လာပင့်ခိုင်းတယ်၊ ထွက်ပြေးလို့လည်း မရတော့ဘူး၊ ဆရာတော်ရဲ့ ခေါင်းရင်းကကျောင်းမှာနေရတာလေ၊ ဒါနှင့် လိုက်သွားလိုက်တယ်၊ တပည့်တော်စိတ်ကူးကရေလေးဘာလေး ဘုဉ်းပေးမယ်ပေ့ါဘုရား”

“အဆင်ပြေပါသလားဘုရား”

“ခက်ပြီဆိုနေမှတော့ဘုရား၊ ခက်တော့တာပဲလေ၊ မနေ့ညကမိန့်တဲ့ စားဖွယ်အမျိုးအစား အားလုံးလောက် စားပွဲပေါ် ရောက်နေပြီ၊ ‘ဘုဉ်းပါဘုရား၊ ဘုဉ်းပါဘုရား’လို့ အတင်းတိုက်တွန်းနေတာ အားတောင်နာလှပြီ၊ နောက်ဆုံးတော့မေးတယ် ‘ဒါတွေမှမဘုဉ်းရင်အရှင်ဘုရား ဘာဘုဉ်းမလဲတဲ့’ တပည့်တော်လည်း ‘ရေဘုဉ်းမယ်ဘုရား’ လျှောက်လိုက်မိတယ်၊ ရေတမတ်ခွက် အပြည့်ထည့်ပြီး ‘ဘုဉ်းလေ၊ ဘုဉ်းတော့လေ’လို့ အထပ်ထပ် လျှောက်နေတာ အခုထိလည်းကြားယောင်၊ မြင်ယောင်နေမိသေးတယ်၊ အဲဒီတုန်းကလေ ရွှေဥမင်ဆရာတော်ဘုရားကို ပိုပိုပြီး သတိရမိတယ်ဘုရား”

*"ရွှေဥမင်ဆရာတော်ဘုရား မိန့်ကြားတာလေးတွေထဲက သတိရတာရှိသေးရင် အမိန့်ရှိပေးပါဦးဘုရား"*

*"ဆွမ်းနှင့်ဆက်စပ်တဲ့ အကြောင်းတစ်ခု သတိရလာတယ်။ တစ်နေ့သောအခါက ဘုရားတပည့်တော်ကို ဆရာတော်ကြီးက ခေါ်တော်မူလိုက်တယ်၊ ခေါ်တဲ့ထဲမှာ ဘယ်လိုစကား အကြောင်း အရာပါ ပါလာသလဲဆိုရင် 'ဆွမ်းခံပြီးတော့ ဆွမ်းဘုဉ်းပြီးမှ ကြွလာရင်လည်း ရပါတယ်'တဲ့ ဘုရား၊ ရဟန်းသီလအပေါ် ဆရာတော်ဘုရားကြီးရဲ့အမြင်က ပြောမပြတတ်အောင်ကို စူးရှလွန်းပါတယ်၊ သိတော်မူပုံက ကြည်ညိုစရာ ကောင်းလွန်းလှပါတယ်ဘုရား"*

## ရှုတင်ဆောင်တယ်နှင့် တုူတယ်

နဘူးကျောင်းဆရာတော် အလောင်းအလျာသည် ရန်ကုန် ဘုရားဖြူတိုက်တွင် စာချနေပြီး တောမထွက်ခင်ကပင် စွမ်းနိုင်သမျှ ရှုတင်ကို ဆောင်တော်မူနေပါသည်။ ဆရာတော်ကြီးသည် အနေအထိုင် အလွန် သိုသိပ်တော်မူပါသည်။

ဘုရားဖြူဆရာတော်ကြီး အမှူးပြုသည့် သံဃာတော် (၅)ပါးကို ရန်ကုန်မြို့ထဲ နေ့ဆွမ်းဆက်ကပ်ရန် ဒါယကာများက လျှောက်ထား ပါသည်။ ကြွရောက်မည့် သံဃာငါးပါးထဲတွင် နဘူးကျောင်းဆရာတော် လောင်းလျာ စာချဆရာတော် ဦးတိဿရလည်းပါသည်။

ဆွမ်းဘုဉ်းရန် ဒါယကာ၏အိမ်သို့ ရောက်သောအခါ ဘုရားဖြူ ဆရာတော်ကြီးနှင့် သံဃာ(၄)ပါးသာ ဆွမ်းဘုဉ်းကြပြီး နဘူးကျောင်း ဆရာတော်အလောင်းအလျာက ဘုဉ်းတော်မမူပေ -

*"ဘာ့ကြောင့် မဘုဉ်းတာလဲ"*ဟု ဘုရားဖြူဆရာတော်က အကြိမ်ကြိမ်မေးပါသော်လည်း ဖြေကြားတော် မမူခဲ့ပေ။ ကျောင်း ရောက်သောအခါတွင်မူ သူငယ်ချင်း ရဟန်းတစ်ပါးက ဘုရားဖြူ ဆရာတော်ကြီးအား-

*"ဦးတိဿရကြည့်ရတာ ဓုတင်ဆောင်နေတယ်နှင့်တူတယ်"*ဟု လျှောက်ထားရာမှ အစပြုကာ ဘုရားဖြူဆရာတော်ကြီးက နဘူးကျင်း ဆရာတော်လောင်းလျာအား ရပ်ထဲရွာထဲ ဆွမ်းစားကွမ်းစား ကြွရောက် ရခြင်းမှ ထာဝရ ကင်းလွတ်ခွင့် ပြုတော်မူခဲ့ပါသည်။ မိမိတပည့် ဖြည့်ကျင့်လျက်ရှိသည့် ဓုတင်အကျင့်မြတ်ကို အနှောင့်အယှက် ဖြစ်စေမည့် အကြောင်းအရာမှန်သမျှကို တာဝန်မပေးခြင်းဖြင့် စောင့်ရှောက်ပေးတော်မူ၏။

ဓုတင်အကျင့်တို့ကို စွမ်းနိုင်သမျှ ကျင့်ကြံလျှင် ကိလေသာပါး ကုသိုလ်ပွါး၍ အကျိုးများလှပေ၏။ သို့သော် မိမိ ဓုတင်ဆောင်သူ ဖြစ်ကြောင်း အများသိအောင် လူတွေ့တိုင်း ပြောပြလျက် ကျင့်မည် ဆိုလျှင်ကား ဓုတင်္ဂအပ္ပိစ္ဆတာ (ဓုတင်၌ အလိုလောဘနည်းခြင်း) ဂုဏ်နှင့် ဆန့်ကျင်ပေတော့မည်။ ထို့ကြောင့် ဓုတင်ပဋိပတ်ကို အနီးနေ တပည့်ကြီးများပင် သိရန်ခက်ခဲလောက်အောင် သိုသိပ်တော်မူကြ သည်မှာ ရှေးအခါကာလမှသည် ယနေ့တိုင် သူတော်ကောင်းကြီး တို့၏ အလေ့ဖြစ်၏။

# ၂၃။ သူတော်ကောင်းကြီးတို့၏ ဓုတင်ကျင့်စဉ်နှင့် ဝိနည်း သီလ အကျင့်တို့သည် သိမ်မွေ့လှပါသည်

နဘူးကျောင်းဆရာတော်ကြီးသည် အနီးနေ တပည့်များကပင် မသိလောက်အောင် ဓုတင်အကျင့်ကို ကျစ်လျစ်သိုသိပ်စွာ ကျင့်ခဲ့ရုံ သာမက ဓုတင်္ဂဝိနိစ္ဆယ ကျမ်းတစ်စောင်ကိုပင် နောင်လာနောက်သား တို့အတွက် ရေးသား ပြုစုပေးတော်မူခဲ့ပါသည်။ ဆရာတော်ကြီး မိုးမောင်းထိုးပြမှ အချို့ဝိနည်းသီလ သိက္ခာပုဒ်များသည် ဓုတင် အကျင့်နှင့် ဆက်နွှယ်ကာ ဓုတင်ပျက်လျှင် သီလ မပျက်သော်လည်း သီလပျက်လျှင်မူ ဓုတင်ပျက်တတ်သည်ကို သိရှိ မှတ်သားခဲ့ရပါသည်။

အချို့ကျင့်စဉ်ကို အကဲခတ်၍ သိရသည်များလည်း ရှိပါသည်။ မေးမြန်းလျှောက်ထား၍ သိရသည်များလည်း ရှိပါသည်။ စာပေဖြင့် တိုက်ဆိုင်၍ ဆန်းစစ်ကာ ကြည်ညိုရသည်များလည်း ရှိတတ်ကြောင်း ကို စာရေးသည့်ဘုန်းကြီးက ဆရာတော်ဘုရားထံပါးမှ နာယူမှတ်သား ခဲ့ရပါသည်။

## အာနာပါနကမ္မဋ္ဌာန်းအာရုံနှင့် စကြံသျှောက်တယ်

နဘူးကျောင်းဆရာတော်ကြီးသည် စပ်လျဉ်းကာ ဓုတင်အကျင့်မြတ်နှင့် ရဟန်းသီလ စောင့်ထိန်းလိုက်နာမှုတွင် ယနေ့ခေတ်၌ တုနှိုင်းဖွယ် မရှိလောက်အောင်ပင် ဖြူစင်သန့်စင်တော်မူပါသည်။ ထို့ကြောင့်ပင် တပည့်အပေါင်းက သံဃပိတုပမာထားကာ ကြည်ညို မဆုံး ဖြစ်ကြ ရပါသည်။

ဆရာတော်ကြီးသည် သီလအရာတွင်သာမက အကျင့်ပဋိပတ်အရာ၌လည်း လွန်စွာ အလေးထားတော်မူသည်ကိုမူ အဝေး တပည့်များ မဆိုထားဘိ အနီးနေ တပည့်များထဲကပင် သိမိသူ အလွန်ပင် နည်းပါးလေ၏။

*"ဆရာတော်ကြီးက အာနာပါနကမ္မဋ္ဌာန်းကို မြတ်နိုးတော်မူဟန် တူတယ်၊ အာနာပါန ကမ္မဋ္ဌာန်းဆိုတာ ပွင့်တော်မူပြီး ဘုရားရှင်တိုင်း မြတ်နိုးတော်မူတဲ့ ကမ္မဋ္ဌာန်းဖြစ်တယ်လို့ ရံခါ မိန့်တော်မူပြီး၊ တစ်ခါတုန်းကတော့ 'ဒီဘုန်းကြီးက စကြံသျှောက်ရင်လည်း အာနာပါနကမ္မဋ္ဌာန်းအာရုံနှင့်ပဲ သျှောက်တယ်'ဟု မိန့်တော်မူဖူးကြောင်း"* ကို ဆရာတော်ကြီး၏ အနီးတွင် ဆယ်စုနှစ်များစွာ ကြာမြင့်သည့်တိုင် အနီးနေတပည့်အဖြစ် သီတင်းသုံးတော်မူခဲ့ပြီး စာရေးသည့် ဘုန်းကြီး၏ ဥပဇ္ဈာယ်ဆရာတော် ဦးကေဝလမှ မိန့်ကြားတော်မူပါသည်။

## ဓုတင်ကျင့်စဉ်

နဘူးကျောင်းဆရာတော်ကြီးနှင့် စပ်လျဉ်း၍ ဓုတင်ဆိုင်ရာ သာဓကများစွာအနက် လက်လှမ်းမီရာအချို့ကို ဖော်ပြရသော်

နဘူးကျောင်းဆရာတော်ကြီးသည် သပိတ်ဖုံးပေါ်သို့ ဘောဇဉ်မုန့်များ လောင်းလှူသည်ကို လိုလားတော်မူခြင်း မရှိပေ။ သပိတ်ဖုံးဖွင့်ပေးထားစဉ် သပိတ်ထဲမလောင်းဘဲ သပိတ်ဖုံးပိတ်ပြီးမှ သပိတ်ဖုံးပေါ် လောင်းလာလျှင်မူ ထိုပစ္စည်းကို ဆွမ်းခံရာအရပ်၌ပင် ခါချပစ်တော်မူလေ့ ရှိပါသည်။

တစ်ခုတည်းသော (ခွက်)သပိတ်ကိုသာ သုံးတော်မူသဖြင့် သပိတ်ဖုံးဖြင့် ခံယူလျှင် နှစ်ခွက်ဖြစ်၍ ဓူတင်အရာ ဥက္ကဋ္ဌမမြောက်သောကြောင့် ဖြစ်မည်ဟု တပည့်များက သုံးသပ်ဆင်ခြင်ကာ ကြည်ညိုကြရပါသည်။ ဆရာတော်ကြီးကမူ "*ဒီဘုန်းကြီးက ဓူတင်ဘယ်နှစ်ပါးကို ဥက္ကဋ္ဌဆောင်တယ်*"ဟု တစ်ကြိမ်တစ်ခါမျှ မိန့်တော်မူခဲ့ခြင်း မရှိပေ။

သို့သော် ဘယ်ဆရာတော်က ဓူတင်ငါးပါးဆောင်ကြောင်း၊ ဘယ်ဆရာတော်က ဓူတင်ကိုးပါး ဆောင်ကြောင်းကို သတင်းစာ၊ ဂျာနယ်များ၌ ဓာတ်ပုံနှင့်တကွ ဖော်ပြသည်ကို ဖတ်ရသောအခါ အံ့သြတုန်လှုပ်မိပါသည်။

## တံခါးပိတ်ပြီး ဆွမ်းဘုဉ်းရခြင်းအကြောင်း

တစ်ဖန် ဆွမ်းခံပြန်ကြွလာပြီး ခြေတော်ဆေး၊ ခေတ္တမျှနားကာ ကျောင်းထဲဝင် တံခါးမင်းတုပ်ချ၍ ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဤသို့ပြုရသည့်အကြောင်းမှာ ရွာ၌ ဆွမ်းခံစဉ်က ဆွမ်းလောင်းရန် မမီလိုက်၍ ကျောင်းသို့ လာရောက် လောင်းလှူလိုသူများရှိလျှင် မလောင်းပါနဲ့ ပြည့်စုံပြီဟု တားမြစ်ရမည်။ သို့မဟုတ် လောင်းလှူ

သည်ကို အလျှုခံရတော့မည်။ ဤတွင် မလောင်းပါနဲ့ဟု တားမြစ်ရာတွင် ပဝါရိတ်အင်္ဂါ ပြည့်စုံသွားပါက ဝိနည်းအရ သံသယဖြစ်ဖွယ် ရှိလာနိုင်ပါသည်။

ထို့ပြင် ခလုပစ္ဆာဘတ္တိက ဓူတင်၌ တော်ပြီတန်ပြီဟု ပယ်ပြီး နောက်မှ ရလာသောဆွမ်းကို မဘုဉ်းပေးရဟူသော ကျင့်စဉ်တစ်ခု ရှိနေပါသေးသည်။

ဤဓူတင် အမြတ်စားဉက္ကဋ္ဌကိုဆောင်သော ပုဂ္ဂိုလ်သည် တားမြစ်သည်မှ နောက်မှရသည့် ဆွမ်းကိုမဘုဉ်း၊ ခံတွင်း၌ရှိသမျှ ကိုသာ ဘုဉ်းပေးသည်။ မဇ္ဈိမပုဂ္ဂိုလ်ကား တားမြစ်စဉ် သပိတ်၌ ရှိသမျှကိုသာ ဘုဉ်းပေးသည်။ ထပ်မံ၍ မယူပါ။ မုဒုပုဂ္ဂိုလ်ကား နေရာမှမထမချင်း နောက်ထပ်လည်း ဆွမ်းကိုယူ၍ ဘုဉ်းပေးသည်။ ပဝါရိတ်သင့်ပြီးလျှင် ဝိနည်းကံဖြင့် အပ်စပ်အောင်ပြု၍ ဘုဉ်းပေး သောခဏာ၌မူ ဉက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုသုံးပါးလုံး ပျက်လေတော့သည်။ ဝိနည်းကံမပြုဘဲ ဘုဉ်းပေးပြန်က ဝိနည်းအာပတ်လည်း သင့်ပြန်သေး သည်။

ဝိသုဒ္ဓိမဂ်၌လာရှိသည်မှာ ခလုမည်သောငှက်သည် နှုတ်သီးမှ အစာကျပြီး နောက်ပြန်ကောက်၍ မစားဟု ဆိုပါသည်။ ခလုပစ္ဆာ ဘတ္တိက ဓူတင်ဆောင်ပုဂ္ဂိုလ်သည်လည်း နောက်၌ရသောဆွမ်းကို ဘုဉ်းပေးလေ့ မရှိပေ။ သိမ်မွေ့လှသည့် သူတော်ကောင်းတို့၏ အကျင့်မြတ်ဖြစ်လေသည်။ သူတော်ကောင်းကြီးများ၏ ကျင့်စဉ်ကား လွန်စွာ နက်နဲလှပေသည်။ သူလိုကိုယ်လို လူတိုင်းသိရန် မဖြစ်နိုင် ပါပေ။ သို့ဖြစ်ပါ၍ ကျေးဇူးရှင် နဘူးကျင်းဆရာတော်ကြီးသည်

မည်သည့်ဓူတင်ကို မည်သို့ ဆောက်တည် ကျင့်သုံးသည်ဟု အသို့ သိရအံ့နည်း။

## တံခါးစောင့်ကပ္ပိယ အိပ်ပျော်ပြီ

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး ဆွမ်းဘုဉ်းပေးနေစဉ် ကပ္ပိယက *"တံခါးဝကို စောင့်ပါမည်ဘုရား"*ဟု လျှောက်လာသဖြင့် တံခါး မင်းတုပ်မထိုးဘဲ စေ့ရုံစေ့ထားကာ အခန်းထဲဝင်ကာ ဆွမ်း ဘုဉ်းပေးတော်မူပါသည်။ ထိုစဉ် အခက်အခဲတစ်ရပ် ပေါ်ပေါက်၍ လာပါသည်။

ကာလကား လွန်တော်မမူခင် လေးလခန့်အလို၌ အသည်း ရောဂါကြောင့် အလွန်အမင်း နေထိုင်မကောင်း ဖြစ်နေတော်မူသဖြင့် တောရကျောင်းမှ ရန်ကုန်မြို့သို့ ဆေးကုသရန် ရောက်ရှိနေချိန်က ဖြစ်ပါသည်။

ရက်စွဲအတိအကျဆိုရသော် (၂. ၃. ၂၀၀၄)ရက် နံနက်က ဆွမ်းဘုဉ်းပေးနေစဉ် တံခါးနှစ်ချပ် စေ့ထားကာ အပြင်ဘက်၌ ကပ္ပိယ ထိုင်စောင့်ပေးပါသည်။ ကပ္ပိယသည် တံခါးနှစ်ချပ်စေ့ထားသည့် အနက် တစ်ချပ်သောတံခါးကို ကျောမှီ၍ စောင့်ရင်း စောင့်ရင်း အိပ်ပျော်သွားသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးက-

*"ဟေ့ မောင်ညွန့်လှိုင် မင်းလာပါဦး ဘယ်လိုလုပ်တာတုံး"* ဟူသော အသံကြားမှ ကပ္ပိယ နိုးလာပါသည်။ ပတ်ဝန်းကျင်ကို ရုတ်တရက် အကဲခတ်ရာတွင်မူ ကပ္ပိယ ကျောမှီမထားမိသည့် တံခါး တစ်ချပ်ပွင့်ပြီး ဆွမ်းဘုဉ်းပေးနေရာ အခန်းတွင်းသို့လည်း မည်သူမှန်း

မသိသည့် လူတစ်ယောက်ရောက်နေပါသည်။ ဆရာတော်ကြီး၏ ဆွမ်းဘုဉ်းလက်စ သပိတ်ထဲကိုလည်း ထမနဲခဲတစ်တုံး လောင်းထည့်ထားသည်ကို တွေ့ရပါသည်။ ထိုလူက ကပ္ပိယကို-

*"ဆရာတော်ကြီးကို ဆွမ်းလောင်းချင်တာ မမီတော့လို့ ဆွမ်းဘုဉ်းအမီ ပြေးတက်လာတာဗျာ၊ အပေါ်ရောက်တော့ ခင်ဗျား အိပ်ပျော်နေတာနှင့် မနှိုးတော့ဘဲ၊ စေ့ထားတဲ့ တံခါးတစ်ချပ် အသာလှပ်ပြီး သပိတ်ထဲကို လောင်းလိုက်တာလေဗျာ"*သူ၏ စွန့်စားခန်းကို ရှင်းပြနေပါသည်။

ဆရာတော်ကြီးက ကပ္ပိယဘက်ကို လှည့်ကာ-

*"မင်းနှယ်ကွာ"*ဟု တစ်လုံးသာ မိန့်တော်မူပြီး ဆွမ်းကို ဆက်လက် မဘုဉ်းပေးတော့ဘဲ သပိတ်ထဲမှ လက်ကို ရုပ်သိမ်းတော်မူပါသည်။ ဆွမ်းဘုဉ်းစဉ် ပြီးခါနီးဖြစ်၍ တော်ပေသေးသည်။ မမာမကျန်း ဖြစ်နေတော်မူသည့် ဆရာတော်အဖို့ ထိုနေ့နံနက်ပိုင်း ဘုဉ်းပေးသမျှဆွမ်းဖြင့်သာ တစ်နေကုန် ရောင့်ရဲတော်မူပါသည်။

## သဒ္ဓါလွန်ကဲ ပညာမဲ့

ဒါယကာတို့၏ သဒ္ဓါတရားကြောင့် ရဟန်းတော်များအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းရသည်များလည်း များစွာရှိသကဲ့သို့ ရံခါမူ ကြီးစွာသော ဓမ္မအန္တရာယ်များလည်း တွေ့ကြုံရတတ်လေသည်။ ခန္တီဖြင့်သာ သည်းခံနေရရှာသည်။ ကြိမ်းမောင်းမိရင်လည်း မိမိဥပင်

အကုသိုလ် ဖြစ်ပေတော့မည်။ ရှင်းပြ၍လည်း နားလည်နိုင်မည် မဟုတ်ပေ။

အချို့ဒါယကာတို့က *"ဒီဆရာတော် ဆွမ်းဘုဉ်းပေးနေတုန်း ဆိုရင် ဘယ်သူမှ ဆွမ်းလောင်းမရဘူးတဲ့ကွ၊ ဘယ်ရမလဲ ငါကတော့ အခွင့် အရေးချောင်းပြီး လောင်းခဲ့တယ်"*ဟု ဂုဏ်ယူချင် ယူတတ်သည် *"ဒီဆရာတော်ကြီးက အိမ်ပင့်မရဘူးတဲ့၊ ငါ့အိမ်တော့ ရအောင် ပင့်ခဲ့တယ်ကွ"*ဟု ကြွားဝါရရုံ ပြုတတ်ကြသည်။

မိမိကိုအကြောင်းပြုပြီး သူတော်ကောင်းကြီးများအဖို့ မည်မျှ ဝန်လေးသွားကြောင်း၊ သူတော်ကောင်းအကျင့် မည်မျှ ထိခိုက် သွားကြောင်း သိနိုင်ရန်မှာ မိမိကိုယ်တိုင် သူတော်ကောင်းအကျင့်ကို ကျင့်မှသာ သိနိုင်သော ကျင့်စဉ်များလည်း သာသနာတော်၌ များစွာ ရှိပါသည်။ ထို့ကြောင့် သာသနာတွင်း၌ မိမိကို အကြောင်းပြုပြီး သူတော်ကောင်းကြီးများ၏ အကျင့်စရဏ တိုးပွားကြောင်း ဖြစ်နိုင် ပါလျှင်မူ ကောင်းပေစွ။

---

**ကျမ်းညွှန်း**

* သိမ်းဆောင် (ရမည်းသင်း)၏ နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိဿရမထေရ်မြတ်၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး၊ (နှာ-၂၅၀) (၂၀၁၁-ခု) ပထမအကြိမ်။

## ၂၄။ ရာသက်ပန် ဓူတင်ဆောင်တော်မူသွားပါသည်

နဘူးကျောင်းဆရာတော်ကြီးသည် အသည်းရောဂါ၏ ဝါးမြို ခြင်းကို ရက်ရက်စက်စက် ခံနေရရှာပါသည်။ ရန်ကုန်မြို့၌ ဆေး ကုသပေးနေသည့် ဆရာဝန် ပါရဂူကြီးများကလည်း တီဗွီဓာတ်မှန်၊ CT SCAN နှင့် သွေးအဖြေများအရ-

*"အသည်းတစ်ခြမ်း ပျက်စီးနေပါပြီ၊ တည့်တည့် လျှောက်ထား ရရင် အသည်းက ကင်ဆာဖြစ်နေပြီဘုရား၊ အလွန်ဆုံး ခြောက်လပဲ နေရတော့မယ်၊ ဆေးကုဖို့ ပြင်ဆင်တာ နောက်ကျသွားပါပြီဘုရား"*ဟု တစ်ညီတစ်ညွတ်တည်း လျှောက်ထားကာ လက်လွှတ်လိုက်ကြ ပါသည်။

ဆရာတော်ကြီးသည် အသည်းရောဂါကြောင့် အလွန် မောပန်း နွမ်းနယ်တော်မူနေပါသည်။ သက်န်းရုံရန်၊ ဘိနပ်စီးရန်ကိုပင် ဘေးမှ အကူအညီ ပေးနေရပါသည်။ ကားအပေါ်သို့ အတက်အဆင်းကိုပင် ဖေးမ တွဲယူနေရပါသည်။

### ရန်ကုန် သံလျင်တံတားပေါ်သို့ အရှုံးယူတော်မူသည်

ဆရာတော်ကြီး ဖြည့်ကျင့်လျက်ရှိသည့် ဓူတင်များစွာအနက်မှ အာရညကင်ဓူတင်ကိုမူ ရန်ကုန်မြို့ကြီး၌ စောင့်ရှောက်ရန် လွန်စွာပင် ခက်ခဲလှပါသည်။ သို့သော် သံလျင်တံတား၏ အရှည်-၃ မိုင် ကျော် သောကြောင့် တောရအတိုင်းအတာ ဧကန်လွတ်နေကြောင်းကို တပည့်များ၏ လျှောက်ထားချက်အရ သိရှိတော်မူထားပါသည်။

ဆရာတော်ကြီး၏ အသည်းရောဂါကို ကုသပေးသည့် ဆရာဝန် ပါရဂူများကမူ ငြိမ်ငြိမ်ကလေး နေသင့်သည်ဟု အလေးအနက် ဂရုပြုလျှောက်နေပါသော်လည်း သံလျင်တံတားပေါ်သို့ အရုဏ် မတက်ခင် နေ့စဉ် နံနက်တိုင်းကြွကာ အရုဏ်ယူတော်မူသည်မှာ ရန်ကုန်မြို့ကြီးကို ဆေးကုရန်ရောက်သည့် ၂၀၀၄-ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့မှသည် ဇူလိုင်လ (၁၁)ရက်နေ့ နံနက်အထိ တစ်နေ့မှ မပျက်ကွက်ခဲ့ပါ။

ဘုန်းတော်ကြီးဦးသီလ (AD ၁၈၃၂-၁၉၀၇) သည်လည်း ပဲခူးမြို့၌ ကြွရောက်တော်မူစဉ် အာရုဏ်ကင်းမူတင် မပျက်စေရန်အတွက် တောအရုဏ်ကို ကလျာဏီကျောင်းဝိုင်းအတွင်း၌ ခံယူတော်မူလေ့ ရှိပါသည်။ ထိုစဉ်ကာလက ကလျာဏီသိမ်၏ (တာ ၅၀၀ = ပေ ၃၀၀၀) အတွင်း၌ လူနေအိမ်ခြေ မရှိကြောင်း မှတ်သားရပါသည်။

## ကုမရသည့်ရောဂါ

အသည်းရောဂါအခြေနေမှာ ကုသမရသည့် အဆင့်သို့ ရောက်သွားပါသည်။ ထို့ကြောင့် ဓုတင်အကျင့်ကို မြတ်နိုးတော်မူသည့် ဆရာတော်ကြီးသည် နေရသမျှ မိမိ၏ အကျင့်မြတ်ပဋိပတ်ကို မပျက်မကွက် ကျင့်သုံးနိုင်ရန် မြို့ကြီးပြကြီး၌ သီတင်းမသုံးလိုတော့ဘဲ တောရကျောင်းသို့သာ ပြန်ကြွလာရန် ဆန္ဒ ရှိတော်မူပါသည်။

တောရကျောင်းသို့ ပြန်ရောက်ပြီး ရက်များမကြာမီ အသည်း ကင်ဆာရောဂါ၏ ဖိစီးနှိပ်စက်မှုကြောင့် အစာအိမ်သွေးကြော ပေါက်ကာ သွေးများအန်တော်မူသဖြင့် အင်အားကုန်ခမ်းကာ ချိနဲ့တော်

မူပါသည်။ ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ တောရနေ တော်မူကြသည့် ရဟန်းတပည့်အပေါင်းကလည်း မေတ္တာပို့သနေရုံ၊ သတိသံဝေဂ ယူနေရုံမှအပ ဘာမှမတတ်နိုင်တော့ပေ၊ အခွင့်အရေးကို ချောင်းကာ စောင့်နေသည့် သေမင်းကမူ အရှက်ကင်းမဲ့စွာဖြင့် မိမိတို့၏ ဆရာသခင် ကျေးဇူးရှင်ကို ဒရွတ်တိုက် ဆွဲနေလေရော့ပြီ။ နာမကျန်းဖြစ်တော်မူနေသည့် ဆရာတော်ကြီးသည် ဖြည့်ကျင့်မြဲ ဓုတင်ပဋိပတ်ကို ဖြည့်ကျင့်နေပါသဖြင့် ပင်ပန်းတော်မူပါသော်လည်း နှစ်သက် ဝမ်းမြောက်နေသည်ကို ဖူးတွေ့နေရပါသည်။

## ဆရာဝန်ကြီးများ ခန့်မှန်းသကဲ့သို့ (၆)လ မနေလိုက်ရပါ

*"ဆရာဝန်ကြီးတွေ ခန့်မှန်းပေးခဲ့တဲ့ (၆)လ မနေလိုက်ရပါဘူး၊ ရန်ကုန်ကြွပြီး ဆေးကုတဲ့ရက်ပါတွက်ရင် (၂၈)ရက်ပဲ နေလိုက်ရတယ်ဘုရား၊ ဆရာတော်ကြီးက 'သူတို့က(၆)လ ခံမယ်လို့ပြောတယ်၊ ဒီဘုန်းကြီးကတော့ (၃)လတောင် မခံတော့ဘူးလို့ ကိုယ့်ကိုယ်ကို သိနေတယ်'လို့ မိန့်တော်မူသေးတယ်။ ဆရာတော်ကြီး လွန်တော်မူတဲ့ (၂၀၀၄)ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့အထိကို ဓုတင်အကျင့် မပျက်မကွက် ဆောက်တည်တော်မူခဲ့တာပါ၊ သက်န်းဓုတင်နှစ်ပါးဖြစ်တဲ့ ဒါယကာတို့ လှူဒါန်းတဲ့ သင်္ကန်းကို သုံးတော်မမူခဲ့ဘူး၊ ပံ့သကူသင်္ကန်း သုံးထည်ကိုပဲ သုံးတော်မူခဲ့တယ်၊ ဆွမ်းနှင့်ပတ်သက်လို့လည်း ကိုယ်တိုင် ဆွမ်းခံမကြွနိုင်တော့တဲ့အခါ တပည့်တော်တို့ကို သပိတ်ပေးလိုက်ပြီး ခံဆွမ်းနှင့် ဘုဉ်းပေးတော်မူတယ်၊ လွန်တော်မူခါနီးရက်အထိကို*

*ရောက်လာတဲ့ ဆွမ်းကို တိုက်ပန်းကန်တွေထဲ မထည့်တော့ဘဲ အဆင်ပြေသလိုပဲ ဘုဉ်းပေးတော်မူသွားတာပါ၊ အာရညစ္စတင်က ရန်ကုန်မြို့ကြီးမှာတောင် အပျက်မခံခဲ့တာ ဦးခေမာ၊ ထန်းတစ်ပင်တောရနှင့် နဘူးကျောင်းရောက်တော့ ဘယ်ပျက်တော့မလဲ၊ ဒါကြောင့် နောက်ဆုံးထွက်သက်အထိ ဆရာတော်ကြီးက စူတင်ကို ကျင့်သုံးတော်မူသွားပါတယ်လို့ တပည့်တော် လျှောက်တာပါ”* ဟု ဆရာတော် ကြီးကို နောက်ဆုံး အချိန်အထိ အနီးကပ် ပြုစုတော်မူခဲ့သည့် ထန်းတစ်ပင်တောရကျောင်းနှင့် ဆုတောင်းပြည့်တောရကျောင်းတို့၏ ပဓာန နာယက ဆရာတော်ဦးကေဝလက ရက်စွဲများနှင့်တကွ ပြည့်စုံစွာ မိန့်ကြားတော်မူခဲ့ပါသည်။

## သက်ထက်ဆုံးတိုင် စူတင်ကို ကျင့်သုံးတော်မူသည်

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် နဘူးကျောင်းဆရာတော်ကြီး ထက် နှစ်ပေါင်း (၁၂၃)နှစ်စော၍ အသက်ထက်ဆုံး အရညဝါသီ ဧကစာရီကျင့်သုံးတော်မူသည့် ထွင့်ခေါင်ဆရာတော်ကြီး (AD ၁၇၉၈-၁၈၈၀) သည်လည်း ရဟန်းသိက္ခာ (၈)ဝါကစ၍ အသက်ထက်ဆုံးတိုင် စူတင်ကို ကျင့်သုံးတော်မူခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးများသည် ခဲယဉ်းသော အကျင့်ကို ကျင့်နိုင်သော သီလမာမက လဇ္ဇီထေရလည်း ဖြစ်တော်မူသည်။ ထေရဝါဒဗုဒ္ဓဘာသာ၌ သာသနာ့ဂုဏ်ဆောင် တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေသည်။ နောင်လာနောက်သား တပည့်များအတွက် လည်း စံနမူနာယူစရာ မဟာထေရ်ရှင်ကြီးများ ဖြစ်တော်မူပါပေသည်။

# ၂၅။ ဗေဒင်ဆရာက သီလပြည့်စုံတဲ့ ရဟန်းကို သက်န်းဒွိစုံနှင့် ငွေငါးကျပ်တစ်မတ်လှူခိုင်း

လောကအရေးအရာကို စွန့်ပယ်ကာ တောရဂုံမြိုင်အတွင်း၌ မိမိ၏သီလကို ပြည့်ပြည့်ဝဝ ဖြည့်ကျင့်ကာ တောရဆောက်တည်တော်မူနေကြသည့် ရဟန်းတော် အရှင်မြတ်များအနေဖြင့်လည်း ရံခါတွင်မူ မထင်မှတ်ထားသည့် လောက၏ ရှုပ်ထွေးမှုများ ရိုက်ခတ် ပတ်သက်လာတတ်ပါသည်။

ဒါယကာတစ်ဦး ထန်းတစ်ပင်တောရကျောင်းသို့ မရောက်စဖူး ရောက်လာပါသည်။ သူ၏လက်ထဲတွင် ပလပ်စတစ်အကြည်ဖြင့် ထုတ်ထားသည့် သက်န်းတစ်ထုပ် ကိုင်ထားပါသည်။ ဆရာတော်ကြီး၏ ရှေ့သို့ တည့်တည့်မတ်မတ် ရောက်လာပြီး-

"*ဆရာတော်ကြီးနှင့် တွေ့ချင်လို့ပါဘုရား*" "*ဒီတောရမှာက ဆရာတော်ကြီး၊ ဆရာတော်ကလေး မရှိပါဘူး၊ ဘုန်းကြီးတစ်ပါးထဲ ရှိပါတယ်*" "*မှန်ပါဘုရား၊ မှန်ပါဘုရား၊ ဆရာတော်ကြီး ဦးတိဿရဆိုတာ အရှင်ဘုရားပါလားဘုရား*"

ထိုဒါယကာသည် သူ၏ ရှေ့တွင်ထိုင်နေသည့် ထေရ်အရှင်၏ အမည်နာမကို နှုတ်မြွက်ခေါ်ဝေါ်ခြင်းမှာ ယဉ်ကျေးသူ ဗုဒ္ဓဘာသာဝင်တို့၏ အလေ့အလာမဟုတ်ကြောင်းကိုပင် သိရှိဟန် မတူပေ။ သူ၏ စိတ်အာရုံထဲတွင် ဘုန်းကြီးလှဲမှားမည်ကိုသာ စိုးရိမ်နေဟန် တူပါသည်။ သို့ဖြစ်ပါ၍ "*သာသနာဝင်မှတ်တမ်း ပြပါဦးဘုရား*"ဟု မပြောရုံမျှသာ ကျန်ပါတော့သည်။

သူတွေ့မြင်လိုသည့် တောရဘုန်းကြီး သေချာပြီဟု ပိုင်ပိုင်ဆုံးဖြတ်လိုက်ဟန် တူပါသည်။ ထို့ကြောင့် သူ့အိတ်ထဲမှ ငွေစက္ကူနှင့် အကြွေစေ့ကိုထုတ်ပြီး သက်န်းထုတ်ပေါ် တင်ပါသည်။ ထို့နောက် ရှေ့သို့တိုး၍ လာပါသည်။ ဆရာတော်ကြီးက-

"*ဒကာကြီး ဘုရားဝိနည်းက ငွေမကိုင်ရဘူး၊ ပြီးတော့ ဘုန်းကြီးက သင်္ကန်းလည်း အလှူမခံဘူး*"ဟု မိန့်တော်မူပါသည်။ တိစီဝရိတ် ဓုတင်ဆောင်ထားသည့် ရဟန်းအတွက် ဒါယကာ၏ သင်္ကန်းကို အလှူခံမိသည်နှင့် တစ်ပြိုက်နက် အနှစ်နှစ်အလလက ဆောက်တည်လာခဲ့သည့် ဓုတင်အကျင့်မြတ်အတွက် နည်းများမဆို အနှောင့်အယှက် ဖြစ်တော့မည် ဆိုသည်ကိုလည်း ထိုဒါယကာ စိုးစဉ်းမျှ သိဟန်မတူပေ။ ထို့ကြောင့် မျက်နှာငယ်လေးဖြင့် အသနားခံ လျှောက်လာပြန်ပါသည်။

## ဓုတင်ဆောင်ဆရာတော်ကြီးထံပါး ယတြာချေမည့် ဒါယကာ

"*တပည့်တော် စနေသားက စနေဂြိုဟ်စားနေတာကြောင့် ကံကြမ္မာက ညှံ့နေပါတယ်ဘုရား။ ဒါကြောင့် မနေ့က ဗေဒင်သွားကြည့်ပါတယ်ဘုရား၊ ဗေဒင်ဆရာက တပည့်တော်အိမ်ရဲ့ စနေတောင့် အရပ်မျက်နှာက သီလနှင့်ပြည့်စုံတဲ့ စနေသား ရဟန်းတစ်ပါးကို သင်္ကန်းတစ်စုံနှင့် ငွေငါးကျပ်တစ်မတ်လှူပြီး ယတြာချေရမယ်လို့ အဟောရှိလို့ပါဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် ဒီငွေနှင့် သင်္ကန်းကို အလှူခံတော်မူပါဘုရား*"ဟု လျှောက်ထားလာပြန်ပါသည်။

ဆရာတော်ကြီးက ထိုဒါယကာကို သနားသောကြောင့် နှစ်များစွာ ဆောက်တည်လာခဲ့သည့် ဓူတင်ကို အပျက်ခံကာ သင်္ကန်းကို လက်ခံပေးရန် ဆုံးဖြတ်လိုက်ဟန်တူပါသည်။ ထို့ကြောင့်-

*"သင်္ကန်းကိုတော့ လက်ခံပေးမယ်၊ ဒါပေမယ့် ဘုန်းကြီးဝတ်မှာတော့ မဟုတ်ဘူး ရသလား"*ဟု မေးတော်မူရာ ဒါယကာက *"ဗေဒင်ဆရာက လှူဒါန်းခဲ့ဖို့ပဲ ပြောထားပါတယ်ဘုရား၊ ဝတ်ဖို့၊ မဝတ်ဖို့တော့ မပြောထားပါဘုရား" "ဒါပေမယ့် ငွေကတော့ လက်ခံလို့မဖြစ်ဘူး"*ဟု မိန့်တော်မူပါသည်။

ဤအတွေ့အကြုံကို နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)က ထန်းတစ်ပင်တောရ၌ ဝါဆိုသည့်နှစ်တွင် ဝါဆိုသံဃာတော်များအား အမှတ်မထင် မိန့်တော်မူရာတွင်မူ-

*"ဗေဒင်ဆရာက ဝိနည်းသီလနှင့် ပြည့်စုံတဲ့ ဘုန်းကြီးကို သင်္ကန်းလှူခိုင်းတာတဲ့၊ သီလနှင့် ပြည့်စုံတဲ့ဘုန်းကြီး မထိမကိုင်ကောင်းတဲ့ ငွေလည်း လှူခိုင်းပြန်သေးတယ်၊ ဘယ်လို ဗေဒင်ဆရာလဲ မသိပါဘူး"* ဟု ပြုံးရွှင်စွာ မိန့်တော်မူပါသည်။

ရဟန်းသီလဟူသည် သာမန်လူဝတ်ကြောင်တို့ နားလည်ရန် မစွမ်းနိုင်လောက်အောင်ပင် နက်နဲလှပါသည်၊ ခက်ခဲလှပါသည်။ ဓူတင်အရာမူကား သီတင်းသုံးဖော် ရဟန်းအချင်းချင်းပင် သိရန် ခက်ခဲလှ၏။

---

**ကျမ်းညွှန်း**

* (၂၅)၊ တေစီဝရိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ -၁ (နှာ-၆၂)

# ၂၆။ ဒီဘုန်းကြီးတွေကို ဆွမ်းလောင်းနေလည်း ဘာအကျိုးမှထူးတော့မှာ မဟုတ်ပါဘူး

လယ်ဝေးမြို့နယ် ထန်းတစ်ပင်ရွာ၏အပြင် လယ်ကွက်များ အလွန် တောတန်းထဲတွင် တည်ရှိသောကြောင့် ထန်းတစ်ပင်တောရဟု အမည်နာမ တွင်ခဲ့ခြင်း ဖြစ်ပါသည်။ ထန်းတစ်ပင်တောရ ကျောင်းသည် ကမ္ဘာစစ်ကြီးများ မတိုင်ခင်ကပင် သူတော်ကောင်းကြီးများ သီတင်းသုံးတော်မူသော ဘူမိနက်သန်နေရာမှန် ဖြစ်၏။ တည်နေရာအားဖြင့် ကြာပင်ရွာ (ယခုရွှေကြာပင်ရပ်ကွက်)နှင့် ထန်းတစ်ပင်ရွာတို့သည် တောရကျောင်းနှင့် အကွာအဝေးတူညီသဖြင့် ယနေ့ထိတိုင် ဤတောရကျောင်း သံဃာတော်များ၏ ဆွမ်းခံရွာများ ဖြစ်ပါသည်။

## ထန်းတစ်ပင်တောရသည် ရှေးအခါက တောရအင်္ဂါနှင့် ပြည့်စုံ ညီညွတ်ခဲ့ဖူးသည်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄) သည် ထန်းတစ်ပင်တောရသို့ ၁၉၇၂-ခုနှစ်က ခေတ္တကြွရောက်ကာ (၂)လခန့် သီတင်းသုံးတော်မူခဲ့ပါသည်။ ထို့နောက် သုံးနှစ်အကြာ ၁၉၇၅-ခုနှစ်တွင် တစ်ဝါ ဆိုတော်မူပါသည်။ ထိုစဉ်ကာလ ထန်းတစ်ပင်တောရသည် အာရညကင်ဓုတင်ကို အဓိဋ္ဌာန် တင်ဆောင်နိုင်လောက်သည့်အထိ လူနေအိမ်ခြေနှင့် ကွာဝေးကာ တောရအင်္ဂါနှင့် ပြည့်စုံ ညီညွတ်ပါသည်။

သို့သော် ထိုစဉ်အခါက ထန်းတစ်ပင်တောရသည် ထန်းတစ်ပင်ရွာ၏ ရွာကျောင်းဖြစ်ပါသည်။ ဦးပညာဝံသမှာ ရွာကျောင်းဆရာတော်ဖြစ်သည်။ ရပ်ရွာ၏ သာရေးနာရေး ကိစ္စအဝဝကို ဤကျောင်းက ဆောင်ရွက်ပေးရပါသည်။

နဘူးကျင်းဆရာတော်ကြီး ကြွရောက်သီတင်းသုံးတော်မူရာမှ စတင်ကာ တောရအင်္ဂါနှင့် ညီညွတ်နေသဖြင့် တောရကျောင်းနှင့် တောကျောင်းကို လျှိုမြောင်တစ်ခုခြားကာ ကြာပင်တောရကျောင်းနှင့် ထန်းတစ်ပင်တောရဟု ဓူတင်ဆောက်တည်နိုင်ရန် စနစ်တကျ စီမံတော်မူပါသည်။

## ထန်းတစ်ပင်တောရ၏ ကနဦးအစ

ဓူတင်သာသနာအတွက် ကျေးဇူးများလှသည့် ဤထန်းတစ်ပင်တောရနှင့် ရွာကျောင်း၏ ကနဦးအစကို ဆရာတော်ကြီးက ရံခါမိန့်တော်မူလေ့ရှိပါသည်-

*"ဘုန်းကြီးက ရွာကျောင်းဘုန်းကြီး ဦးပညာဝံသဆီမှာ တပည့်ခံပြီး နေရအောင်ကလည်း မဖြစ်ပြန်ဘူး၊ တစ်ခါ သူ့ကို ကိုယ့်တပည့်အဖြစ် ထားရအောင်ကလည်း သူက ကြာပင်တောရကျောင်းကို အရင်ရောက်နှင့်နေပြီး ရွာရဲ့ သာရေးနာရေးကိစ္စအဝဝကို လုပ်ပေးနေတဲ့ ရွာကျောင်းဘုန်းကြီး ဖြစ်နေပြန်တယ်၊ ဒါကြောင့် ပောဒိဘုန်းကြီးရဲ့ ခြေရင်းဘက်က လျှိုလေးကို အမှတ်အသားပြုပြီးတော့ ဒီဘက်က ထန်းတစ်ပင်တောရနှင့် လျှိုရဲ့ဟိုဘက်က ကြာပင်တောရကျောင်းဆိုပြီး ခွဲထားလိုက်ရတယ်"* မိန့်ကြားတော်မူဖူးပါသည်။

နဘူးကျောင်းဆရာတော်ကြီး ဝါဆိုတော်မူသည့်နှစ်တွင် ထန်းတစ်ပင်ရွာမှ ဒါယကာများကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါသည်။ ထို့ကြောင့်ထင့် အော်လန်ပါသော အသံချဲ့စက်အစုံကို ဆရာတော်ဦးပညာဝံသထံပါး လှူဒါန်းရန် ထမ်းလာကြပါသည်။ ဆရာတော် ဦးပညာဝံသကလည်း-

*"ကျုပ်ကို အသံချဲ့စက် လှူမနေနှင့်တော့ဗျာ၊ ဆရာတော်ကြီး ဦးတိဿရကို သွားလှူကြရအောင်"*ဟု မိန့်ပါသည်။ ထန်းတစ်ပင်ရွာသားများလည်း ပို၍ အားတက်လာသဖြင့် အော်လန်ကို တစ်ယောက်ထမ်း၊ ဘက်ထရီအိုးကို တစ်ယောက်ထမ်း၊ စက်ကို တစ်ယောက်ထမ်းဖြင့် ကြာပင်တောရကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် နဘူးကျောင်းဆရာတော်ထံပါး ရောက်ရှိလာကြပြီး ဆရာတော်ကြီးရှေ့ အော်လန်ကြီးကို ချထားကြပါသည်။

## မအောင်မြင်ခဲ့သည့် အသံချဲ့စက်အလှူ

နဘူးကျောင်းဆရာတော်ကြီးက ခရီးရောက်မဆိုက် အော်လန်ကြီးကို လက်ညှိုးထိုးကာ-

*"တောရဆောက်တည်နေတဲ့ ဒီဘုန်းကြီးနှင့် အသံချဲ့စက်က ဘာဆိုင်လို့လဲ"*ဟု မေးတော်မူပါသည်။ *"သီလပေး၊ တရားဟောဖို့ အတွက်ပါဘုရား"*ဟု ရွာက ဒါယကာများက ထပ်ဆင့် လျှောက်ထားကြပါသည်။ *"ဘုန်းကြီးက တောရဆောက်တည်နေတာပါ သီလလည်း ပေးမှာမဟုတ်ဘူး။ တရားလည်း ဟောမှာမဟုတ်ပါဘူး"*ဟု မိန့်တော်မူပါသည်။

ဒါယကာများကလည်း စကားအနည်းငယ်မျှဖြင့် အချိန်တို အတွင်း၌ပင် နားလည် သဘောပေါက်သွားကြဟန် တူပါသည်။ ထို့ကြောင့် သူတို့၏ အသံခဲ့စက် ပစ္စည်းစုံကို ပြန်ယူသွားကြပါသည်။ ဆရာတော်ကြီးလည်း ရပ်ရွာ၏ သာရေးနာရေးကို လိုက်ပါဆောင် ရွက်ရန် မရှိသောကြောင့် ချမ်းသာစွာဖြင့် ထန်းတစ်ပင်တောရတွင် တောရဆောက်တည်တော်မူပါသည်။ အခါအားလျော်စွာလည်း လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရနှင့် ရမည်းသင်းမြို့နယ် နဘူးကျင်းတောရတို့တွင် ဝါဆိုတော်မူပါသည်။

တစ်ခုသောဝါပကာလတွင် ဆရာတော်ဦးပညာဝံသ ဓားပြ တိုက်ခံရပါသည်။ ငွေကြေးမည်မျှ ပါသွားသည်ကိုမူ မိန့်တော်မမူချေ။ နဘူးကျင်းဆရာတော်ကြီး ခရီးမှပြန်ရောက်တော်မူသဖြင့် ဓားပြတိုက် ခံရသည့်အကြောင်းကို ဦးပညာဝံသက လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ကြီးက-

*"ဒါကြောင့် တပည့်တော်က ငွေမကိုင်ပါနှင့်လို့ အရှင်ဘုရားကို လျှောက်တာပါ"*ဟု မိန့်တော်မူသည့် နောက်ပိုင်းတွင် ဦးပညာဝံသလည်း ငွေကိုစွန့်ပယ်ပြီး တောရကျောင်းဘုန်းကြီးဘဝဖြင့် ကြာပင်တောရ ကျောင်းတွင် တစ်သက်တာ သီတင်းသုံးတော်မူသွား၏။

ပျံလွန်တော်မူသွားသည့်အခါ ထန်းတစ်ပင်တောရတွင် သုသာန် ဓုတင်ဆောင်ပုဂ္ဂိုလ်များ ချမ်းသာစွာ ဓုတင်ဆောင်နိုင်ရန် အလို့ငှါ ရုပ်ကလာပ်ကို တောရကျောင်းဝင်းအတွင်း၌ပင် သင်္ဂြိုဟ် စေတော်မူခဲ့ပါသည်။ ဆရာတော်ဦးပညာဝံသ လွန်တော်မူပြီး နောက် တွင်မူ တောရကျောင်းနှင့် ရွာကျောင်းဟု မပိုင်းခြားတော့ဘဲ ထန်းတစ်ပင်တောရဟု တစ်ပေါင်းတည်း ပြုတော်မူလိုက်ပါသည်။

ထန်းတစ်ပင်တောရကျောင်းတွင် ယနေ့တိုင် ထိုလှိုယောင်ယောင် ရှိနေပါသေးသည်။

## မူးတဲ့လူတွေ ပြောတာနေမှာပါ

တောရကျောင်းတွင် မြတ်စွာဘုရားရှင် သက်ရှိထင်ရှားစဉ်ကနှင့်မခြား ဝိနည်းတော်နှင့်အညီ ဓုတင်ဆောက်တည်ကာ နဘူးကျောင်းဆရာတော်ကြီး သီတင်းသုံးနေထိုင်တော်မူသည်ကို နားမလည်နိုင်ကြသည့် တောရကျောင်း၏ ရွာနီးချုပ်စပ်မှ လူအချို့က-

*"ဒီတောရကျောင်းက ဘုန်းကြီးတွေက အခါကြီး ရက်ကြီး ဥပုသ်နေ့တွေမှာ သီလလည်း မပေးဘူး။ ငါတို့သားသမီး မင်္ဂလာဆောင်ရင်လည်း အိမ်ကိုလာပြီး မင်္ဂလာတရားလေးမှ ဟောပေးဖေါ်မရ၊ ငါတို့ သေရင်လည်း သရဏဂုံတင်ပေးဖေါ်မရ ဖြစ်နေတယ် သူငယ်ချင်းတို့ရေ၊ ဒါကြောင့် ဒီဘုန်းကြီးတွေကို ငါတို့ဆွမ်းလောင်းနေလည်း ဘာမှအကျိုးထူးတော့မှာ မဟုတ်ပါဘူးကွာ"* ဟူသောစကားအဆန်းတစ်ခု ပြောလာသည်ကို ကြားခဲ့ရဖူးကြောင်း မိန့်တော်မူသဖြင့် ဤစာရေးသည့် ဘုန်းကြီးက-

*"ဆရာတော် ဆွမ်းခံလို့ကော အဆင်ပြေပါသလားဘုရား"* ဟု မေးလျှောက်ခဲ့ရာ *"မူးတဲ့လူတွေ ပြောတာနေမှာပါ ရွာထဲ ဆွမ်းခံကြွရင် ဆွမ်းလောင်း မပျက်ကြပါဘူး"* ဟု မိန့်တော်မူပါသည်။

---

**ကျမ်းညွှန်း**

* (၃၄)၊ သောသာနိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (နှာ-၇၄)

## ၂၇။ သူတော်ကောင်းကြီးများ၏ကျင့်စဉ် သိရခဲ့ပါသည်

သိက္ခာပုဒ်များကို မြေဝယ်မကျ နားထောင်လိုက်နာကြသော သူတော်ကောင်းတို့ကို *"စည်းကမ်း ကြီးလှတယ်၊ တင်းလွန်းတယ်၊ ပိုလွန်းပါတယ်"* ဟူ၍လည်းကောင်း သာမန်ရဟန်းတော်တို့ မလိုက်နာနိုင်သော စည်းကမ်းများကို ထွင်လွန်းသည် စသည်ဖြင့်လည်း ဝေဖန်ကဲ့ရဲ့ခံရတတ်ပါသေးသည်။

### မိမိသပိတ်ထဲကျလာသည့် ဆွမ်းကိုသာ ရာသက်ပန် မြတ်နိုးတော်မူခဲ့ပါသည်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် ဆွမ်းခံဝတ်ကို အပျက်ခံလေ့ မရှိခဲ့ပါ။ ရောက်သည့်နေရာတွင် ဆွမ်းခံတော်မူပါသည်၊ အကြောင်းကြောင်းကြောင့် ခရီးကြွသည့်အခါဖြစ်စေ၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကျောင်းသို့ ရောက်နေသည်ဖြစ်စေ၊ ရောက်တောင့် ရောက်ခဲ အိမ်တစ်အိမ်အိမ်သို့ ရောက်နေသည်ဖြစ်စေကာမူ ဆွမ်းဘုဉ်းချိန်ရောက်လျှင် စားပွဲပေါ် ရောက်လာသည့် ဆွမ်းကို လက်ခံတော်မမူဘဲ အိမ်ရှေ့သို့ထွက်ကာ ဆွမ်းခံတော်မူပါသည်။ မိမိသပိတ်ထဲကျလာသည့် ဆွမ်းကိုသာ ရာသက်ပန် မြတ်မြတ်

နိုးနိုး ဘုဥ်းပေးတော်မူခဲ့ပါသည်။ အပြင်းအထန် မမာမကျန်း ဖြစ်စဉ် ကာလက ရက်အနည်းငယ်မှာမူ တပည့်များကို သပိတ်ပေးကာ ဆွမ်း ခံစေတော်မူခဲ့ပါသည်။

## ပြစ်တင်ဝေဖန်လိုကြသူများ အပြစ်ကြီးပါသည်

နဘူးကျောင်းဆရာတော်ကြီးသည် ဘုရားရှင် ပညတ်တော်မူခဲ့ ပြီးသော ဝိနည်းသိက္ခာပုဒ်များ၊ ခန္ဓကဝဂ်လာ ဝတ်တရားများ၊ သေခိယကျင့်ဝတ်များ၊ ဓုတင်အကျင့် ပဋိပတ်များကိုသာ ကျင့်ဆောင် ဖြည့်ကျင့်ခြင်းဖြစ်ပါသည်။ *"နဘူးကျောင်းဆရာတော်က လူသိရှင်ကြား လူတွေကြား၊ အိမ်တွေကြားမှာ ဓုတင်ဆောင်ပြသလို မဖြစ်ပေဘူးလား"* ဟူသော အပြစ်တင်လိုသည့် မေးခွန်းများလည်း အချို့ရဟန်းများက မေးငေါ့ကာ မေးခဲ့ဖူးကြပါသည်။

ဆရာတော်ကြီး၏ အနီးနေတပည့်ကြီးများကမူ-

*"ဆရာတော်ကြီးနှင့် အနီးနေလေ ကြည်ညိုစရာတွေ တိုးတွေ့ လေပဲ ဦးခေမာ၊ ဆရာတော်ကြီး ကျင့်စဉ်တွေကို ကျင့်သုံးတော် မူနေတာက လာဘ - လာဘ်လာဘ အမျိုးမျိုးရဖို့မဟုတ်ဘူး၊ သက္ကာရ - သူတစ်ထူးရဲ့ ပူဇော်အထူးကို ခံယူရဖို့လည်း မဟုတ်ဘူး၊ သိလောက - လူသိများပြား ကျော်ကြားလိုလို့လည်း မဟုတ်ဘူး ဒီလောက ဂုဏ်တွေရဖို့အတွက် ဆရာတော်ဘုရားကြီး တစ်စိုးတစ်စိမျှ ဆောင် ရွက်တာ မတွေ့ခဲ့ရပါဘူးဘုရား၊ ဆရာတော်ကြီးရဲ့ စိတ်ဓာတ်တော် ကိုတော့ တပည့်တော်တို့ ဘယ်သိနိုင်မလဲ၊ သို့သော် လုပ်ရပ်ကတော့ မျက်မြင်ပဲလေ၊ မိန့်တဲ့စကားတွေ ကြားနေ မှတ်သားနေရတာပဲလေ။*

*ဆရာတော်ကို ကြည်ညိုလို့ ဆောင်းပါး၊ ကဗျာ၊ လင်္ကာတွေကို မရေး ဖွဲ့ဖို့ မိန့်တော်မူနေတယ်၊ ဆရာတော်ပြုစုတော်မူတဲ့ ကျမ်းစာအုပ် တွေမှာ ဓာတ်ပုံမထည့်ကြဖို့ သတိပေးတော်မူနေတယ်။ သိက္ခာထပ်တာ မျိုးကို သံသယမရှိရင် လုပ်ဖို့ မလိုပါဘူးလို့ကို ပြတ်ပြတ်သားသား မိန့်တော်မူထားတယ်။ ဝါကြွားပလွှားမှုမရှိ၊ ပကတိ ရိုးသားတော် မူတဲ့ဂုဏ်၊ ရောင့်ရဲလွယ်တဲ့ဂုဏ်တွေက ပေါ်လွင်လွှန်းနေပါတယ် ဦးခေမာ၊ ဆရာတော်ကြီးရဲ့ နှလုံးသွင်းကတော့ ဘယ်လောက် အခက် အခဲ ရှိနေရှိနေ၊ ဘယ်လောက် မမာမကျန်း ဖြစ်နေဖြစ်နေ သီလ စင်ကြယ်ဖို့နှင့် ကျင့်ဆဲ ဓုတင်အကျင့်ကို မပျက်ဖို့ကိုပဲ အထူး အာရုံ ပြုထားပုံ ပေါ်ပါတယ်”*

## သပိတ်အိုင်တောရဆရာတော်လည်း ဝေဖန်ခံရဖူးသည်

သပိတ်အိုင်တောရ ဆရာတော်ကြီး (AD ၁၈၉၃-၁၉၆၉) ကိုလည်း ဤနည်းနှင်နှင်ပင် ဝေဖန်ပြောဆိုမှုများ ကျရောက်ခဲ့ဖူး ပါသည်။ ဖြစ်စဉ်မှာ တစ်နေ့သ၌ ဆရာတော်ဦးဝါသဝ ရန်ကုန်သို့ ကြွလာသည်။ ထို့နောက် ဗဟန်းသုံးထပ်ကျောင်းဆရာတော်၊ မော် လမြိုင်မြို့မှ ဆရာတော်အချို့နှင့် စကားလက်ဆုံကျကြရာ ဆရာတော် များက ဦးဝါသဝကို ဝိုင်း၍ လျှောက်ထားကြလေသည်။

*“ဦးဝါသဝရေ. . . ကိုယ်တော့်ဆရာတော်ကို လျှောက်တင် စမ်းပါဦး။ ကျုပ်တို့တော့ ကြားထဲက ငရဲများကြီးနေမလားမသိဘူး။ ဆရာတော်တို့ကို ပြစ်မှားတာမဟုတ်ဘူးနော်။ ပြစ်လည်း မပြစ်မှား*

*ဝံ့ပါဘူး။ ဒီလိုဆရာတော်ကိုရော သာသနာကိုပါ ဂုဏ်များငယ်နေမလားလို့ပါ။ တခြားကိစ္စမဟုတ်ပါဘူး။ အားလုံး သိနေကြတဲ့အတိုင်း ဆရာတော်ဟာ စာမေးပွဲတွေ အောင်မြင်အောင်၊ သေဘေးက လွတ်မြောက်အောင်၊ ရောဂါတွေပျောက်အောင်၊ စီးပွားလာဘ်လာဘကို တိုးပွားအောင် လုပ်ပေးသလိုလို ကြားနေရတာ လောကီ မဆန်ဘူးလား။ ကမ္မဋ္ဌာန်းတရား တစ်ခုခုပေးလိုက်ရင် ပြီးတာပဲ။ အဲဒါ ဆရာတော့်ကို လျှောက်ပေးစမ်းပါ"*

ဦးဝါသဝက စကားနည်း၊ အေးဆေးသူဖြစ်ပေရာ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမပြုဘဲ ကြုံလျှင် လျှောက်ထားပေးမည်ဟုသာ ပြောဆိုလိုက်သည်။

သပိတ်အိုင်သို့ ဦးဝါသဝရောက်သောအခါ လျှောက်ထားလိုက်ပေရာ. . .

*"ဟ. . . ဝါသဝရာ၊ သူတော်ကောင်းဆိုတာ မေတ္တာမထားရတော့ဘူးလား။ ငါက သူတို့ကို ဘာဖြစ်စေ၊ ညာဖြစ်စေ မရည်ညွှန်းခဲ့ပါဘူး၊ မေတ္တာပဲပို့လိုက်တာ"*ဟု ဆရာတော်ကြီးက မိန့်တော်မူသဖြင့် အသိရ ခက်ခဲလှသည့် သူတော်ကောင်းတို့၏ သဘောတို့ကိုကားနားလည်ရန် ခက်ခဲလှပေသည်။ မျက်လုံးတစ်ဖက်ဖြင့် ကြည့်ကာ ဆန္ဒစောပြီး ဝေဖန်မိလျှင် မှားတတ်၏။ သူတော်ကောင်းကြီးတို့ သဘောကား လျှို့ဝှက်၏။ ခက်လှပေ၏။ မိမိတို့စိတ်ဆန္ဒနှင့် မကိုက်ညီတိုင်း သူတော်ကောင်းတို့ကို နှောင့်ယှက်ရာ၊ ဒုက္ခပေးရာ မကျရအောင် အထူးဂရုပြု ကြည့်ရှု ဆည်းကပ်သင့်လှပေ၏။

---

**ကျမ်းညွှန်း**

* ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့၏ သပိတ်အိုင်တောရဆရာတော်ဘုရားကြီး (နှာ- ၁၂၉)

## ၂၈ ။ မည်မျှပင်ခက်ခဲပါစေ အာရညကင်ဓုတင် မဖျက်ခဲ့ဘူးပါ

နဘူးကျောင်းဆရာတော်ကြီးသည် အာရညကင်ဓုတင်ကို ရာသက်ပန် မြတ်နိုးစွာ ဆောင်တော်မူသဖြင့် တောရအင်္ဂါနှင့် ပြည့်စုံသည့်ကျောင်းတွင်သာ သီတင်းသုံးတော်မူခဲ့ပြီး တောရအင်္ဂါ ပြည့်စုံသည့်တောရကျောင်းတွင်ပင် ဤဘဝအတွက် နောက်ဆုံး ဦးခေါင်း ချတော်မူခဲ့ပါသည်။

သို့သော် ကျန်းမာရေးကြောင့်ဖြစ်စေ မြို့ကြီးပြကြီးသို့ ညအခါရောက်ရှိတော်မူလျှင်ပင် မနက် အရုဏ်မတက်ခင် မြို့ပြအိမ်ရာအသီးသီးနှင့်ဝေးရာ တောရသည့်နေရာသို့ တခုတ်တရကြွပြီးမှ အရုဏ်တက်ပြီးသည်အထိ သီတင်းသုံးတော်မူပါသည်။ အသည်းရောဂါဖြစ်သဖြင့် ရန်ကုန်သံဃာ့ဆေးရုံ၌ ဆေးကုသမှု ခံယူစဉ်က အရုဏ်မတက်ခင် သံလျင်တံတားအလယ်သို့ ကြွရောက်ကာ အရုဏ်ယူတော်မူခဲ့ပါသေးသည်။ နဘူးကျောင်းဆရာတော်ကြီးသည် ယထာဝါဒီ တထာကာရီ ပြောသည့်အတိုင်း လုပ်တော်မူသည်။ ယထာကာရီ တထာဝါဒီ လုပ်သည့်အတိုင်းလည်း ပြောတော်မူတတ်သည်။

# ဆယ်စုနှစ် လေးခုကြာသည့်တိုင် အာရုဏ်ကင်းရှုတင် မပျက်ခဲ့ဖူးပါ

*"နှစ်ပေါင်းလေးဆယ်ကျော် ရှည်ကြာကာလမှာ အရုဏ်တက်ချိန် တောထဲမရောက်ဖြစ်တာမျိုးများ ရှိဖူးပါသလားဘုရား"*

*"တပည့်တော် သိသလောက် လျှောက်ရရင် အသည်းရောဂါဖြစ်လို့ ရန်ကုန်က အသည်းဆရာဝန်တွေကကို မရတော့ဘူး၊ နောက်ကျသွားပြီ ပြန်ပင့်သွားတာပဲ သင့်မယ်ဆိုလို့ ဆရာတော်ကြီးကို ပင့်လာတာ အရုဏ်တက်ခါနီး အေလာလေဆိပ်နှင့် မလှမ်းမကမ်းက ကမ္ဘာနီရွာကိုရောက်တယ်၊ ဒကာတွေက ဒီအနီးတစ်ဝိုက် ရွာခြေပြတ်ပြီးတော့ တောရအင်္ဂါ ပြည့်စုံပါတယ်ဘုရားလို့ လျှောက်တာနှင့် ကားရပ်ပြီး အရုဏ်တက်ချိန်ကို စောင့်နေတော်မူလာလိုက်တာ ရောင်နီလာတော့မှ ခပ်လှမ်းလှမ်းက တဲစုကို မြင်တော်မူသတဲ့၊ ဆရာတော်ဘုရားကြီးရဲ့ တစ်သက်တာမှာ အဲဒီတစ်မနက် အရုဏ်တက်ကတော့ သံသယရှိမိတယ်"*ဟု မိန့်တော်မူဖူး၏။

ဤကဲ့သို့ ရှုတင်ကို အထူး အလေးဂရုပြုတော်မူသည်ကို ဖူးတွေ့ရ၍ဖြစ်စေ၊ ကြားသိရ၍ဖြစ်စေ၊ ဖတ်ရှုမိ၍ဖြစ်စေ မိမိတို့ တပည့်ရဟန်းများအနေဖြင့် ကြည်ညိုသဒ္ဓါ ပွားများရပါသည်။ ဆရာတော်ဘုရားကို အတုယူအားကျရပါသည်။ မိမိတို့ အမှတ်မထင် မဖြည့်ကျင့်ဖြစ်ခဲ့မိသည့် အကျင့်မြတ်၊ အကျင့်ကောင်းများကိုလည်း တိုး၍၊ တိုး၍ ကျင့်ကြံလိုသည့် ဆန္ဒများလည်း တပည့်တစ်ပါးချင်းစီ၏ နှလုံးသားဝယ် တစ်ဖွားဖွား ဖြစ်ပေါ်လာမြဲပေတည်း။

# ၂၉။ ပုံ့သကူကောက်ရလာသည့် သက်န်းအရောင် အဆုံးအဖြတ်

နဘူးကျောင်းဆရာတော်သည် အရုဏ်ာဂုဝိနိစ္ဆယ (ခေါ်) အရုဏ် တက်ချိန် အဆုံးအဖြတ်ကျမ်း၊ စီဝရဝဏ္ဏဝိနိစ္ဆယ (ခေါ်) သက်န်းရောင် အဆုံးအဖြတ်ကျမ်း၊ ဆန္ဒဒါနဝိနိစ္ဆယ (ခေါ်) ဆန္ဒပေး အဆုံးအဖြတ် ကျမ်း၊ ဓုတင်္ဂဝိနိစ္ဆယ (ခေါ်) ဓုတင် အဆုံးအဖြတ်ကျမ်း စသည့် ကျမ်းစာအုပ်စုစုပေါင်း (၁၂)အုပ်ကို ပြုစုတော်မူခဲ့ပါသည်။ သို့သော် အဆုံးအဖြတ်တစ်ခုခုကို ပေးရာတွင်မူ အလွန် လိမ္မာပါးနပ်တော်မူပြီး၊ ပညာရှိပီသစွာ ဆုံးဖြတ်ပေးတော်မူလေ့ရှိပါသည်။

နဘူးကျောင်းတောရ မဟာသိမ်သမုတ်သည့် (AD ၁၉၈၄)က သံဃာတော်များသည် သက်န်းကို ကိုယ်တိုင် လက်နှင့်ချုပ်သည့် အတွေ့အကြုံအသစ်ကို ကိုယ်စီရရှိနိုင်ရန် စိတ်ဆန္ဒ ပြင်းပြတော် မူနေကြပါသည်။ ချုပ်မည့်သက်န်းကိုလည်း ပံ့သကူ ကောက်၍ရသည့် ပိတ်စဖြင့်သာ အပ်အပ်စပ်စပ်ချုပ်ရန် အာသီသ ရှိနေကြပါသည်။ တစ်ဖက်ကလည်း ကျယ်ဝန်းလှသည့် မဟာသိမ်သမုတ်ရေးအတွက် သိမ်နုတ်နေရသည့် တာဝန်ကလည်း ကြီးလေးနေသဖြင့် တစ်နေ့ တစ်နေ့သာ ကုန်လွန်၍၊ ကုန်လွန်၍ သွားနေပါသောကြောင့် ပံ့သကူ ပိတ်စကို ရှာရန် အချိန်မရဘဲ ဖြစ်နေ၏။

## သုသာန်မြေပြင်တွင် ပိတ်စတစ်စကောက်ရ

ထိုတစ်မနက် ဆွမ်းခံအပြန်တွင်မူ လဲဘူးဆရာတော်က နဘူးကျောင်းရွာ၏ သုသာန်မြေပြင်တွင် ပိတ်စတစ်စ ကောက်ရလာပါသည်။ သို့သော် သုသာန်မှ ပံ့သကူကောက်ရခဲ့သည့် ပိတ်စမှာ အနည်းငယ် မဲမှောင်နေပြန်သဖြင့် သင်္ကန်းဖြစ်သင့်၏၊ မဖြစ်သင့်၏ မဆုံးဖြတ်နိုင်ဘဲ ရှိနေပြီး သင်္ကန်းချုပ်သင့်၊ မချုပ်သင့်လည်း ဝေခွဲမရဖြစ်နေပါသည်။

ထို့ကြောင့် သံဃာတော်များ စည်းဝေးတိုင်ပင်ကာ စီဝရဝဏ္ဏ ဝိနိစ္ဆယ (ခေါ်)သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း ပြုစုတော်မူသည့် နဘူးကျောင်းဆရာတော်ထံပါး ပံ့သကူပိတ်စကိုပြကာ အဆုံးအဖြတ်ခံယူရန် ဆုံးဖြတ်တော်မူကြပါသည်။ နဘူးကျောင်းဆရာတော် ဘုရားကြီး ရှေ့ရောက်ကာ အဆုံးအဖြတ်ကို လျှောက်ထား တောင်းပန်သော အခါတွင်မူ-

"*သင်္ကန်းအရောင်ဆိုတာ မဲလွန်းရင် မသင့်ပါ၊ နီလွန်းရင်လည်း မသင့်ပါ၊ ဝါလွန်းရင်လည်း မသင့်ပါလို့ စာကဆိုပါတယ်ဘုရား*" ဟု မိန့်တော်မူပါသည်။ ထိုအခါ လဲဘူးဆရာတော်က-

"*ဒီပိတ်စနှင့် ပတ်သက်တာကိုပဲ ဆရာတော်ရဲ့ အဆုံးအဖြတ် တည့်တည့်ရချင်ပါတယ်ဘုရား*"ဟု အရဲစွန့်ကာ လျှောက်သောအခါတွင်မူ သင့်မသင့် ဆုံးဖြတ်ပေးတော်မမူဘဲ-

"*တောင်ပုလုကတော့ ဒီအရောင်မျိုး သုံးပါတယ်ဘုရား*"ဟု ဖြေကြားပေးတော်မူပါသည်။

ဆက်လက်ပြီး "*တပည့်တော်က စက်နှင့်ချုပ်တဲ့ သင်္ကန်းကို တောင်မှ သံသယဖြစ်လို့ မအပ်ဘူးထင်ပြီး အရင်က လက်နှင့် ချုပ်ခဲ့ဖူးတာပါဘုရား၊ အခုတော့ အများကလည်း သင်္ကန်းလို့ သတ်မှတ်ထားပြီးပြီ၊ စာနှင့်လည်း ညီညွတ်နေပြီဆိုရင်တော့ ကိစ္စနည်းအောင် လုပ်တာပဲ ကောင်းပါတယ်ဘုရား*"ဟု မိန့်ကြားတော်မူပါသည်။

## ၃၀။ ဓူတင်ဆောင်ပုဂ္ဂိုလ်ကို "အရှင်ဘုရား ဓူတင်ဆောင်ပါသလား"ဟု မေးခံရလျှင် ပြန်လည်၍ ဖြေကြားနည်း

ယနေ့ကာလတွင် ဂျာနယ်၊ မဂ္ဂဇင်းများ၌ပင် ဓူတင် ဘယ်နှစ်ပါးကို ဆောင်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း မျက်နှာအပြည့် ဓာတ်ပုံများဖြင့် ဖော်ပြနေကြသဖြင့် ဓူတင်၏ အပ္ပိစ္ဆဂုဏ် ပျောက်နေပါသည်။ သဒ္ဓါတရား ရှိကြသည့် နှောင်းခေတ် ရဟန်းကောင်းများအဖို့ ဓူတင်အကျင့်သည် အပ္ပိစ္ဆမဟုတ်, မဟိစ္ဆသဘောကို ဆောင်နေသယောင် စိတ်ထဲ ထွေပြားဝေဝါးစရာပင် ဖြစ်နေပါတော့သည်။ ဓူတင်အကျင့်သည် အနီးနေ သိတင်းသုံးဖော်ကိုပင် မလိုအပ်ဘဲ အသိပေးကောင်းသည့် အကျင့်မဟုတ်ပေ။

---

**ကျမ်းညွှန်း**

* သဗ္ဗနီလာဒိပဋိက္ခေပကထာ၊ စိဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၄၂၂)

ထို့ကြောင့် *"မရင်းနှီးသော ရဟန်းတစ်ပါးက 'အရှင်ဘုရား ဓူတင်ဆောင်ပါသလားဘုရား' ဟု မေးလာပါက ဓူတင်ဆောင် ရဟန်း အနေနှင့် မည်ကဲ့သို့ စကားမျိုးဖြင့် ဖြေကြားသင့်ပါသနည်းဘုရား, လူက မေးလာလျှင်လည်း မည်ကဲ့သို့ ပြန်ပြောသင့်ပါသနည်း အရှင် ဘုရား"*ဟု မြစ်သား ဦးကောသလ္လ၏ အမေးပုစ္ဆာကို နဘူးကျောင်း ဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄)က ရဟန်းကမေးလာလျှင် *"အရှင်ဘုရား ဤမေးခွန်းကို အခြားရဟန်းအား မေးထိုက်ပါသလား ဘုရား"*ဟု ပြန်မေးပါ။ ဤသို့ ပြန်မေးခြင်းသည်ပင် အဖြေစကား ဖြစ်ပါတော့၏။ ပါဠိဘာသာ၌ ပဋိပုစ္ဆာဗျာကရဏဟု ခေါ်ပါ၏။

လူကမေးလာလျှင် ဖြေပုံကား *"အိုဒါယကာကြီး ဤမေးခွန်း မျိုးကို ရဟန်းများအား မမေးထိုက်ဟု ထင်ပါသည်"* ဤကဲ့သို့ တားမြစ် ပြောဆိုခြင်းသည်ပင် ထိုမေးခွန်း၏ အဖြေဖြစ်ပါ၏။ ပါဠိဘာသာ၌ ပဋိက္ခေပဗျာကရဏဟု ခေါ်ပါ၏။

## ၃၁။ အရှေဥဝါသီ ရဟန်းတော်၏ ရဂုံမြို့ခရီး

လူသူမနီး တောရဂုံမြိုင်ထဲတွင် တောရဆောက်တည်ကာ သီတင်းသုံးတော်မူကြသည့် ထေရ်အရှင်တို့သည် ကမ္မဋ္ဌာန်း တိုးတက်ကြီးပွားရန် အလို့ငှါဖြစ်စေ၊ ခန္ဓာကိုယ်၏ ကျန်းမာရေး မျှတရန်အတွက်ဖြစ်စေ၊ ဝိနည်းသီလကို အကြောင်းပြု၍ဖြစ်စေ၊ သပ္ပါယ မျှတသည့် ရာသီဥတု၊ သပ္ပါယမျှတသည့် နေထိုင်စရာ ကျောင်း၊ လိုဏ်ဂူ၊ ကျမ်းမာရေးအရ သပ္ပါယမျှတသည့် ဆွမ်းအာဟာရ ရရှိနိုင်သည့် ဆွမ်းခံရွာအတွက် တောတောင်ခရီး ကြွတော်မူကြရပါသည်။

တောတောင်ခရီး၌ မြို့ပြ၊ ကျေးရွာတို့နှင့် ဆန့်ကျင် ခြားနားသည့် အတွေ့အကြုံများစွာကို ကြုံတွေ့နိုင်သကဲ့သို့ ရံခါ၌လည်း အသက်ဘေး နီးကပ်လှသည့် အန္တရာယ်များနှင့်လည်း ကြုံရတတ်ပါသည်။ ရံခါမှာမူ ပကတိမျက်စိဖြင့် မြင်ရခဲသည့် အမနုဿ သားရဲသဘက်တို့၏ ဘေးရန်များလည်း ကြုံဆုံရတတ်ပါသေးသည်။ တစ်ဖန် ဒေဝပုတ္တမာရ်နတ်ဆိုး၏ ဘေးရန်လည်း ကြုံရတတ်ပါသေးသည်။ ထို့ပြင် ကိလေသာမာရ်၏ အနှောင့်အယှက်ကား အများဆုံး ကြုံရမြဲတည်း။

ထိုထိုဘေးရန် အသွယ်သွယ်အတွက် မြတ်စွာဘုရားရှင်က ရင်ဆိုင် ဖြေရှင်းနည်းလမ်းများကို ပြည့်စုံစွာ သင်ကြားပေးတော်မူထားပါသည်။ မေတ္တာသုတ် ပေါ်ပေါက်လာခြင်းကသည်ပင်လျှင် တောတောင်သစ်ပင်များတွင် နေထိုင်ကြသည့် နတ်များက ရဂုံမြိုင်တစ်ခွင်တွင် သီတင်းသုံးတော်မူကြသည့် ရဟန်းတော်များကို ရန်ပြုလာသဖြင့် ထိုထိုဘေးရန်မှ ကင်းဝေးနိုင်ရေးအတွက်ဖြစ်၏။

## အန္တရာယ်ကျရောက်ပါက ဝါဆိုရာကျောင်းမှ ထွက်ခွါသွားသော်လည်း အာပတ်မသင့်ပါ

မြတ်ဘုရားရှင်၏ ဝိနည်းပညတ်ချက်တွင် ဝါဆိုနေသော ရဟန်းပင်ဖြစ်စေ မြွေတို့ကလည်းကောင်း၊ သားရဲတို့ကလည်းကောင်း၊ ဘီလူးတို့ကလည်းကောင်း ဖမ်းလည်း ဖမ်းကုန်၏၊ လိုက်လည်း လိုက်ကုန်၏၊ နှိပ်စက်လည်း နှိပ်စက်ကုန်လျှင်မူ 'အန္တရာယ်ကျရောက်ပြီ'ဟု နှလုံးသွင်းကာ ထွက်ခွါသွားရမည်။ ဤသို့ မြွေဆိုး၊ ဘီလူးဆိုး၊ သားရဲ တစ္ဆေဆိုးတို့၏ရန်ကြောင့် ဝါဆိုရာကျောင်းမှ ထွက်ခွာသဖြင့် ဝါပြတ် သွားသော်လည်း အာပတ်မသင့်ဟု ဝိနည်းမဟာဝါ ပါဠိတော်တွင် လာရှိပါသည်။

## ရဟန်းမဘုဉ်းပေးကောင်းသည့်အသား

တစ်ဖန် တော၌ သီတင်းသုံးတော်မူကြသည့် ရဟန်းတော် များသည် သားရဲတိရစ္ဆာန်တို့၏ အသားကို မစားသင့်ကြောင်း ဝိနည်းတော်တွင် လာရှိပါသေးသည်။ တရံရောအခါ တောလိုက် မုဆိုးတို့သည် ခြင်္သေ့ကိုသတ်၍ အသားကို စားကြသည်။ ဆွမ်းခံ ကြွလာသည့် ရဟန်းတော်များကိုလည်း ထိုခြင်္သေ့ အသားဟင်းဖြင့် ဆွမ်းကို လောင်းလှူကုန်၏။ ထိုအခါ ခြင်္သေ့တို့သည် ခြင်္သေ့သား အနံ့ရသဖြင့် ရဟန်းတို့ကို လိုက်၏။ ရန်ပြု၏။ ထို့ကြောင့် မြတ်စွာ ဘုရားရှင်က ရဟန်းတို့ကို ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသားကို မစားအပ်၊ စားသော် ဒုက္ကဋ်အာပတ်သင့်၏ဟု မိန့်တော်မူပါသည်။ တစ်ဆက်တည်း မင်းအသုံးအဆောင်ရတနာ

ဖြစ်သည့် ဆင်သား၊ မြင်းသားကို မစားကောင်း ဟူ၍လည်းကောင်း၊ ရွံရှာဖွယ်ဖြစ်သည့် ခွေးသား၊ မြွေသားကိုလည်း မစားကောင်းဟူ၍ လည်းကောင်း၊ ဇာတ်တူသားဖြစ်သည့် လူသားကို မစားအပ်၊ စားသော် အာပတ်သင့်၏။

## ကိုယ်ကောင်မပျက်သေးသည့် သူသေကောင်၌ ပံ့သကူ မကောက်ရပေ

ပံ့သကူဆောင်ထေရ်ရှင်တစ်ပါးသည် ပံ့သကူသက်န်း အလို ရှိသဖြင့် သုသာန်သို့ကြွသွားရာ လူသေကောင်တစ်ခုကို တွေ့တော်မူ လေသည်။ ထိုသူသေကောင်ကြီး အသက်ရှင်စဉ်က သူ၏မယားက ချည်ငင်၍ ရက်လုပ်ပေးထားသည့် အဝတ်ပုဆိုးမန္တမ်းခင် သေအုံသော ရောဂါ ရောက်လာပါသည်။ ထိုပုဆိုး၌ တွယ်လျက် သေဆုံးခဲ့သဖြင့် ဖုတ်ပြိတ္တာ ဖြစ်နေတော့သည်။

အိမ်သူမယားကလည်း သူ့လင်၏ နောက်သို့ ပါပါစေတော့ ဟု တွေးပြီး သူနှစ်သက်ခဲ့သည့် ပုဆိုးဖြင့်ပင် အလောင်းကို ထုပ်ပတ်၍ သုသာန်၌ ပစ်ချလေသည်။ ထိုဖုတ်ပြိတ္တာသည် ပုဆိုးအနားက မခွာနိုင် ဖြစ်နေပါတော့သည်။

ထိုထေရ်ရှင်က သူသေကောင်ပေါ်မှ အဝတ်ပုဆိုးကို ယူလိုက် ပါသည်။ ထိုအခါ သူသေကောင်၌ ဘုတ် တစ္ဆေပူးဝင်ကာ သူ့အဝတ်ကို မယူရန် လျှောက်ထား၏။ ရဟန်းက တစ္ဆေ၏စကားကို နားမထောင်ဘဲ အလောင်းကောင်ပေါ်မှ အဝတ်ကို ခွါယူပြီး သီတင်းသုံးရာကျောင်းသို့ ကြွသွားပါသည်။ တစ္ဆေလည်း ထိုရဟန်း၏ နောက်သို့ ထ၍ လိုက်လေ

၏။ ကျောင်းသို့ ရောက်သောအခါ ရဟန်းက တံခါးပိတ်လိုက်၏၊ ထိုအခါမှ သူသေကောင်သည် ကျောင်း ပေါက်ဝတွင် လဲကျသွား၏။

မြတ်စွာဘုရားထံပါး ဤအကြောင်းကို လျှောက်ထားသော အခါ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေပိုင်ပစ္စည်းကို ပိုင်ရှင်မပေးဘဲ ယူလျှင်လည်း ပါရာဇိကအာပတ်မသင့်။ ကိုယ်ကောင်မပျက်သေးသည့် သူသေကောင်၌ ပံ့သကူမကောက်ရ၊ ကောက်ယူသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူပါသည်။ ဘီးလူးဖမ်းစားသဖြင့် စိတ်ပျံ့လွင့်နေသော ရဟန်းအဖို့ အာပတ်မသင့် ဟူ၍လည်း ဝိနည်းတော်၌ လာရှိပါသည်။ ပိဋကတ်တော်တွင် ဤနည်းအဖုံဖုံ ပုံဝတ္ထုသာဓကများစွာ ရှိပါသေးသည်။

## **တောနေရဟန်း၏ တောလမ်းခရီး**

နဘူးကျောင်းဆရာတော်ကြီးသည် တောတောင်များတွင် နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့ပါသည်။ ထို့ကြောင့် တပည့်ရဟန်းများအား တော၏အခက်အခဲများကို ရင်ဆိုင်တတ်ရန် အခါအားလျော်စွာ သင်ကြားပြသ ဆိုဆုံးမပေးတော်မူလေ့ ရှိပါသည်။

*“တောလမ်းခရီး သွားတယ်ဆိုတာ ညပိုင်း ကြယ်ရောင်လရောင်နှင့် သွားတာပဲများပါတယ်၊ ရံဖန်ရံခါ မထင်မှတ်ဘဲ တောရိုင်းသတ္တဝါတွေနှင့် ပက်ပင်း ကြုံတွေ့ရတတ်တယ်၊ အဲသလို ပက်ပင်းကြုံရင် သူကလည်း ကြောက်လန့်ပြီး ရန်မူတတ်တယ်၊ ကလေးငယ်တွေပါတဲ့ သားသည်အမေဆိုရင် သူ့ကလေးဇောနှင့် ပိုပြီး ရန်မူတတ်သေးတယ်၊ ဒါကြောင့် ညမှာ တောလမ်းခရီးကြွရင် စာတွေ အသံထွက်*

*အော်ဆိုပြီး သွားရတယ်ဘုရား။ စာဆိုတဲ့အသံကို ကြားတဲ့အခါ တောကောင်တွေက လူတွေ တစ်ကျိပ်လောက် လာတယ်ထင်ပြီး ကိုယ်ကြွတဲ့ လမ်းကနေ ကြိုတင် ဖယ်ခွာသွားကြတယ်၊ တောလမ်း ခရီးကြွရင်တော့ တောင်ဝှေးတစ်ချောင်း၊ သားရေနွယ်နှင့် ဓာတ်မီးတော့ ပါရမယ်ဘုရား"* ဟူ၍ သင်ကြားပေးတော်မူသည်။

## တောနေရဟန်းတို့၏ ကျင့်ဝတ်အချို့

မြတ်စွာဘုရားရှင်က တောနေရဟန်းတို့ကျင့်ရန် ကျင့်ဝတ်များကိုလည်း သတ်မှတ်ပေးတော်မူထားပါသည်။ *"ရဟန်းတို့ တောနေရဟန်းသည် သောက်ရေကို တည်ထားရမည်၊ သုံးရေကို တည်ထားရမည်၊ မီးကို တည်ထားရမည်၊ မီးပွတ်ခုံ ပွတ်ကြည်ကို တည်ထားရမည်၊ တောင်ဝှေးကို အနီး၌ ထားရမည်၊ နက္ခတ်အကြောင်း အားလုံးတို့ကိုလည်းကောင်း၊ နက္ခတ်အကြောင်းအရာ အချို့တို့ကိုလည်းကောင်း သင်ယူရမည်၊ အရပ်မျက်နှာ၌ လိမ္မာရမည်၊ ရဟန်းတို့ ဤကား တောနေရဟန်းတို့၏ ကျင့်ဝတ်တည်း"*ဟု စူဠဝါပါဠိတော်တွင် လာရှိပါသည်။

ထို့ကြောင့် နဘူးကျောင်းဆရာတော်က-

*"ညခရီးကြွရင် ကြယ်ကို ကြည့်တတ်ရတယ်၊ တောင် မြောက် ခွဲတတ်ဖို့ ဓူဝံကြယ်လည်း သိဖို့လိုတယ်၊ ခုနစ်စဉ်ကြယ်နှင့် ဗျိုင်းလည်း သိရမှာ၊ တောင်ဘက် ကောင်းကင်က တံငါ့ကွန်ကိုလည်း သိထားရင် တောင်မြောက် မလွဲတော့ဘူး။ ဓူဝံကို မျက်နှာမူပြီး ရပ်လိုက်ရင် ညာဘက်က အရှေ့ဘက်ဘုရား။ ဘယ်ဘက်က အနောက်ပါဘုရား။ ဘာကြောင့်လဲဆိုရင် တောလမ်းခရီးဆိုတာ မြွေလိမ်မြွေကောက်*

*ခြေသွားလမ်း သေးသေးကလေးပဲ ရှိတယ်။ ဒါကြောင့် မိုးကောင်းကင် ပေါ်က ကြယ်တွေကို ကြည့်ပြီးမှပဲ ရှေ့ နောက် တောင် မြောက် ခွဲခြားရသလို ကိုယ်သွားနေတဲ့ခရီး ရှေ့ရောက်မှုကိုလည်း ကြယ်နှင့်ပဲ မှန်းဆတတ်ဖို့ လိုတယ်ဘုရား၊ ဘာကြောင့်လဲဆိုရင် အရုဏ်တက်ချိန်မှာ ဆွမ်းခံရွာကို ဝင်နိုင်ဖို့ မှန်းပြီး လမ်းလျှောက်ရတာလေ။ ဒါမှ မိုးလည်း အလင်း၊ ဆွမ်းခံချိန် လည်းရောက်၊ ဆွမ်းခံရွာလည်း အဝင်ဖြစ်ဖို့ အချိန် ကိုက် သွားတတ်ရတယ်ဘုရား။ ဆွမ်းခံပြီးရင် ချောင်း၊ မြောင်း၊ ရေတွင်းတွေမှာ ခြေလက်ဆေးပြီး မနီးမဝေးမှာ ဆွမ်းဘုဉ်းရတယ်၊ ပြီးရင် ချောက် ကောင်းကောင်းရှာပြီး အဲဒီထဲ ဝင်နားရတယ်ဘုရား၊ နို့မဟုတ်ရင် ရွာသားတွေ၊ နွားကျောင်းသားတွေ လာတတ်လို့ အနှောင့် အယှက် ဖြစ်တတ်တာနှင့် သူတို့မမြင်ကွယ်ရာကို ရှာရတာပါ"*ဟု သင်ပြ ပေးတော်မူလေ့ရှိပါသည်။

## တောထွက်လျှင် စာကျက်ရမည်

နတ်မောက်မြို့ လဲဘူးတောရမှ လဲဘူးဆရာတော်ကြီးသည် တောထွက်မည်အကြံ ရှိသဖြင့် နဘူးကျောင်းဆရာတော်ထံပါး ချည်း ကပ်ကာ လျှောက်ထားရာ-

"*တောထွက်လို့ရှိရင် စာကျက်ရမယ်*"*ဟု* မိန့်သဖြင့် "*ရန်ကုန် ဘုရားဖြူတိုက်မှာ စာလိုက်တုန်းကလည်း ဆရာတော်ဆီမှာ စာဝါ တက်ခဲ့ဖူးပြီးပြီဘုရား၊ အခု တပည့်တော် အသက်လည်းရလာပြီ တောထွက်ချင်တာပါဘုရား*"

*"ဟုတ်တယ် ဒါကြောင့် စာကျက်ရမယ်ပြောတာ၊ တောထဲ တစ်ပါးတည်း သွားလာတဲ့အခါ အလွတ် အာဂုံရထားတဲ့ စာတွေကို အော်ဆိုပြီးသွားရတယ်၊ ဒါမှ သားရဲ တောရိုင်း အကောင်တွေက လူတွေအများကြီး လာပြီလို့ထင်ပြီး ရှောင်ရှားသွားကြလိမ့်မယ်၊ တိတ်တိတ်ကလေးသွားရင် ရန်မူခံရတတ်တယ်"*

ထို့ကြောင့် လဲဘူးဆရာတော်ကြီး စာရေးသည့်ဘုန်းကြီးကို မိန့်တော်မူသည်မှာ -

*"တောလမ်းခရီးသွားရင် စာတွေ အလွတ် အာဂုံရွတ်လာ လိုက်တာကိုယ်တော် ပါတိမောက် ပါဠိရော နိဿယပါ အကုန်ရပြီးပြီ၊ ခရီးကရှည်တော့ တော်တော်ရွတ်ရတယ်။ ဓမ္မစကြာ ပါဠိနိဿယ၊ ပရိတ်ကြီး ပါဠိနိဿယ၊ မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယပါ အလွတ်ရထားတယ်၊ ဒါကြောင့် တောကောင် အကုတ်၊ အဖွဲ့ မခံရတာ ပေါ့ကိုယ်တော်။ တပည့်တော် ဒီစာတွေ တစ်သက် မမေ့တော့ဘူး လို့ထင်ထားတာ၊ အခု အသက်ကြီးလာလို့ တောလမ်းခရီး မကြွတာနှင့် အဲဒါမေ့ကုန်တယ်။ ဒီရက်ပိုင်းမှာမှ မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿယ ပြန်ကျက်တာ အခုပြန်ရပြီ ကိုယ်တော်"*ဟု ပြုံးရွှင်စွာဖြင့် အားပါးတရ မိန့်ကြားတော်မူပါသည်။ ဤသို့ ရှေးဟောင်းနှောင်းဖြစ် အတွေ့အကြုံ များကို မိန့်ကြားတော်မူစဉ်က သက်တော်ရှည် လဲဘူးဆရာတော်၏ သက်တော်မှာ (၉၆)နှစ်ထဲ၌ ဖြစ်ပါသည်။

---

**ကျမ်းညွှန်း**

* (၉)၊ မေတ္တာသုတ္တဝဏ္ဏနာ၊ ခုဒ္ဒကပါဌအဋ္ဌကထာ (နှာ-၁၉၈)
* (၂၀၀)၊ အန္တရာယေ အနာပတ္တိဝဿစ္ဆေဒဝါရ၊ ဝဿူပနာယိကက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၂၀၆)
* (၂၈၀-၂၈၁)၊ မနုဿမံသသဒ္ဒိုက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၁၀-၃၁၄)
* (၁၃၇)၊ ဝိနီတဝတ္ထု၊ ဒုတိယပါရာဇိက၊ ပါရာဇိကပါဠိ (နှာ-၇၂)။

# ၃၂။ တောဟူသည် သူတော်ကောင်းကြီးတို့ မြတ်နိုးရာဌာနဖြစ်ပါသည်

ဓူတင်ဆောက်တည်ကာ တောတောင်ထဲ၌ နှစ်ပေါင်း-၄၅ နှစ်ကျော် ကာလရှည်ကြာ သီတင်းသုံး တော်မူခဲ့ပါသည်။ နဘူးကျောင်း ဆရာတော်ကြီးသည် ရဟန်းတော်များကို တောရသာသနာ ချစ်မြတ် နိုးလာတတ်လာစေရန် ရည်ရွယ်ကာ မြတ်ဗုဒ္ဓ၏ ဘဝသည် 'စ လယ် အဆုံး၊ တောမှာပုန်း ကျင့်သုံးစံပြ၊ ဒို့ဗုဒ္ဓ' ဖြစ်တော်မူသကဲ့သို့ ဘုရား၏ သားရဟန်းများလည်း တော၏အရသာကို တစ်သက်ပတ်လုံး မဟုတ် စေကာမူ၊ တစ်နှစ်ဖြစ်စေ၊ တစ်လမျှဖြစ်စေ သီတင်းသုံး နေထိုင်ရန် တိုက်တွန်းတော်မူလေ့ ရှိပါသည်။ ဓူတင်ဆောင်ရဟန်း၊ ဝိနည်းဆောင် ရဟန်း၊ တော၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်များကို ဝါမည်မျှ ငယ်သည်ဖြစ်စေ ချစ်ခင်မြတ်နိုးတော်မူပါသည်။ ကြည်ညိုလေးစား တော်မူပါသည် တန်ဖိုးထားတော်မူပါသည်။

## စ လယ် အဆုံး၊ တောမှာပုန်း၊ ကျင့်သုံးစံပြ၊ ဒို့ဗုဒ္ဓ

လုမ္ဗိနီအင်ကြင်းတော၏ အလယ်၌ ဗုဒ္ဓအလောင်းအလျာ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော် မူလေသည်။ နန်းစည်းစိမ်ကိုစွန့်၍ ဥရုဝေလတောကိုမှီကာ ခြောက်နှစ်တာ ကာလပတ်လုံး တရားရှာမှီး လေသည်။ မိဂဒါဝုန်တော၌ပင် ဓမ္မစကြာတရားဦးကို ဟောကြားတော် မူပြီး ဘုရားရှင်သည် တောအရပ်များ၌ပင် ကာလရှည်ကြာ ချမ်းမြေ့စွာ

သီတင်းသုံးတော်မူခဲ့ပါသည်။ ခန္ဓာဇာတ်သိမ်း အနုပါဒိ သေသနိဗ္ဗာန် စံဝင်တော်မူရန် နောက်ဆုံးဦးခေါင်းချတော်မူရာ အရပ်သည်လည်း ကုသိနာရုံ အင်ကြင်းတောပင်ဖြစ်၏။

ထို့ကြောင့် တောသည် ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ ရှေးရှေး သူတော်ကောင်း သူတော်မြတ် လောင်းတို့ စံမြန်းရာဌာနကြီး ဖြစ်ပါ သည်။ ဝိနည်းသီလတော်ကို မြတ်နိုးသည့် ရဟန်းတစ်ပါးအဖို့ သဒ္ဓါ တရားလည်း ခိုင်ရသည်၊ ဝိရိယတရားလည်း ထက်သန်ရပါသည်။ သို့ဖြစ်၍ထင့် အချို့သော မထေရ် ရှင်မြတ်တို့သည် မြို့ပြများသို့ ကား၊ ရထားဖြင့် ခရီးမကြွတော့ဘဲ တောနက်ကြီးထဲသို့ ရံခါ တစ်ပါးတည်း ကြွတော်မူလေ့ ရှိပါသည်။ မြို့ထဲတွင် အရာရာကို ငွေဖြင့် ရယူရ ပါသော်လည်း တောထဲသွားရသည့် ခြေလျင် ခရီးအတွက်မှာမူ ရွှေ ငွေကို အလေးဂရုထားရန် မလိုအပ်တော့ပေ။ ထို့ကြောင့် တောသည် ယနေ့တိုင်အောင်လည်း သူတော်ကောင်းကြီးတို့ မြတ်နိုးရာဌာနကြီး ဖြစ်နေပေတော့သည်။

## တောသည်လှည့်စားတတ်ပါသည်

သို့သော် မြတ်နိုးဖွယ်ရာ တောဝနာရဂုံမြိုင်ကြီးက ရံခါ လှည့်စားတတ်ပြီး၊ ရံခါ ခြောက်လှန့် တတ်ပေသည်။ တော၏ ခြောက်လှန့် လှည့်ဖြားမှုကား အားကြီးလှသည်ဟု ခံစားရပါသည်။ အကြောင်းမှာ တောတောင်၏ ခြောက်လှန့်မှုကြောင့် ကြက်သီး မွေးညင်းထကာ ရံခါ တုန်လှုပ်မိတတ်သောကြောင့် ဖြစ်ပါသည်။

ပကတိ မှောင်မည်းနေသော ညအခါကာလ၌ ပိုးစုန်းကြူးတို့၏ အရောင်သည် ခါတ်မီးငယ် ပမာဏမျှ တောက်ပလွန်း နေတတ်သည်။ ကြီးမားသော အသားစား သတ္တဝါတို့သည် ရံခါ ကျောင်းနံရံ ခေါင်မိုးများ၌ ထိုင်ကာ သားကောင်ကိုဖမ်းပြီး ရိုက်၍ ရိုက်၍ သတ်ပုတ်လေ့ရှိရာ ဗလကောင်းသည့် လူကြီး လက်ဝါးခပ်ကြီးကြီးဖြင့် နံရံကို ပုတ်သည့်ပမာ ကြားရတတ်ပါသည်။ ရံခါလည်း ကျောင်းခေါင်မိုးပေါ်၌ သားကောင်များ လိုက်တမ်းပြေးတမ်း ကစားနေသည့်နှယ် ကြီးသည့်အကောင်က ငယ်သည့် အကောင်ကို ညှင်းပမ်းနှိပ်စက်ရန် လိုက်နေတတ်ပါသည်။ ရံခါ မြွေကြီးများ သားကောင်ကို ရစ်ပတ်၍ ညစ်သတ်သော အခိုက်တွင်လည်း ထိတ်လန့်စဖွယ် အသံဆိုးကြီးများ ကြားရတတ်ပါသေးသည်။ ကမ္မဋ္ဌာန်းကျောင်းအနီးရှိ လျှိုမြောင်ချိုင့်ဝှမ်းထဲတွင် ညဥ့်နက်သန်းခေါင်အချိန်တွင် ခွေးအအုပ်စုအလိုက် အူသည့် အသံသည်လည်း အလွန် စိတ်ညစ်ညူးစရာ ကောင်းတတ်ပါသည်။ ညဥ့်ငှက်များ၏ ဘာသာဘာဝ အသံလည်း ရံခါ မကြားစဖူးသော ကြောက်မက်ဘွယ် အသံများအဖြစ် ကြားရတတ်သည်ကို တောတောင်၌ နေသည့် အတွေ့အကြုံအရ မှတ်သားထားရပါသည်။ တစ်ပါးနေ လေးပင်တိုင်ကျောင်းထဲတွင် သီတင်းသုံးသည့်ရဟန်းရှိမှန်း မသိ၍ပေလောမသိ ရံခါ ခန္ဓာကိုယ်အလေးချိန် ကြီးလေးလှသည့် သားကောင်များ ဖြတ်သန်းကာ စမ်းရေရှိရာ လျှိုထဲသို့ ဆင်းသွားရာတွင်လည်း မြေကြီး တုန်လှုပ်ကာ ကျန်ခဲ့တတ်သည်ကိုလည်း အတွေ့အကြုံအရ မှတ်သားထားရပါသေးသည်။

## အန္တရာယ်ကြီးသည့် အတွေ့အကြုံတစ်ခု

နဘူးကျောင်းဆရာတော်ကြီး၏ တပည့်ဖြစ်သည့် တောရဆရာတော်တစ်ပါး၏ တစ်ခုသော တောတွင်း အတွေ့အကြုံကလည်း အန္တရာယ်ကြီးကာ တုန်လှုပ်စရာ ကောင်းပါသည်။ တောနက်ကြီးထဲတွင် ရွာထဲက ကပ္ပိယဒကာကြီးတို့က လေးပင်တိုင် ဝါးတိုင်ထူ ဝါးရွက်မိုး နေ့ချင်းပြီး ကျောင်းဆောက်လှူစဉ်ကပင် သစ်ပင်ကြီးကြီး၏ ခြေရင်းတွင် ဆောက်ရန် ရွေးချယ်ကြပါသည်။ ထို့နောက် သစ်မြစ်ကို ခွပြီး ဆောက်ပေးကြပါသည်။ အကြောင်းကြောင်းကြောင့် လိုအပ်လာပါက သစ်ပင်ပေါ် တက်ရာ လွယ်ကူစေရန်လည်း အထစ်၊ အထစ်များ ထစ်ထားပေးခဲ့သေးသည်။

"*ဘာကြောင့် သစ်ပင်ထစ်တာလဲဒကာကြီး*"ဟု မေးကြည့်ရာ "*ဒီတောထဲ ဆရာတော် တစ်ပါးထဲ မနေစေချင်ပါဘုရား၊ လျှောက်မရတဲ့အဆုံး တပည့်တော်တို့ စိတ်မချလို့ပါဘုရား*" "*ဘာကို စိတ်မချဖြစ်နေတာလဲ*" "*ဒီရက်ပိုင်း တောထဲ ဆင်ဆိုးတစ်ကောင် သောင်းကျန်းနေပါတယ်ဘုရား၊ ညမှာ အရေးအကြောင်းကြုံလာရင် အရှင်ဘုရား သစ်ပင်ပေါ် ပြေးတက်မှ လွတ်မှာမို့လို့ပါဘုရား၊ တပည့်တော်တို့လည်း မိုးမချုပ်ခင် ပြန်ပါတော့မယ်ဘုရား*"ဟု ဝတ်ပြုကာ ခပ်သုတ်သုတ် ပြန်သွားကြပါသည်။

ညဥ့်နက်ပိုင်းပင် မရောက်သေး ညဦးပိုင်းပင် ရှိသေးသည်။ တောများ တိုးဝှေ့ကာ သစ်ကိုင်းများ ကျိုးကျသည့် ဆူညံသံကို ကြားလာရပါသည်။ သီတင်းသုံးတော်မူရာ ကျောင်းသင်္ခန်း၏ အနောက်

မြောက်အရပ်က ဖြစ်ပါသည်။ အသံကြီးမှာ တဖြည်းဖြည်း နီးကပ်လာပါသည်။ လရောင်ရှိနေသဖြင့် သစ်ပင်များ လှုပ်ခါနေသည်ကိုပင် မြင်နေရလေပြီ။ သစ်ပင်ပေါ်သို့ တက်ရန်မှတစ်ပါး အခြား ရွေးချယ်စရာ မရှိတော့ပေ။ ဆရာတော် သစ်ပင်ပေါ်တက်ရာ လက်ခုပ်တစ်ဖောင်ခန့်သာ ရောက်သေးသည် သစ်ပင်ခြေရင်းသို့ ဆင်သုံးစီး ရောက်လာကြပါသည်။ လူ၏အနံ့ရ၍ပေလောမသိ၊ နေ့ခင်းက ဆောက်လုပ်ထားသည့် လေးပင်တိုင် ကျောင်းသခ်န်းကို သူ၏ကိုယ်ဖြင့် တွန်းလှဲလိုက်ပါသည်။ ကြမ်းခင်းပေါ် မှောက်ထားသည့်သပိတ် လွင့်စင်ကာ ဆင်၏ နောက်ခြေထောက်အနားကို ရောက်ရှိသွားသည်ကို လရောင်အောက် မြင်နေရပါသည်။ ဆင်သည် နောက်သို့ လှည့်ကာ သပိတ်ကို ရှေ့ညာလက်ဖြင့် နင်းရန် အားပြုလိုက်ရာ သပိတ်လုံး လည်ထွက်သွားပြီး သပိတ်ကို မနင်းမိဘဲ လွင့်ထွက်သွားပါသည်။ တစ်ဖန် ဘယ်လက်ဖြင့် နင်းပြန်ရာ မနင်းမိဘဲ သပိတ်လုံး လွင့်ထွက်သွားပြီး ဆင်၏ရှေ့လက်နားတွင် ကျနေသည့် သပိတ်ဖုံးနှင့် တိုက်မိကာ တောထဲ အသံဆူညံသွားပါသည်။ ထိုအခါ နောက်ဆင်တစ်စီးက ထိုသပိတ်ဖုံးကို နင်းခြေလိုက်ပါသည်။ ကံကောင်းသည်မှာ သပိတ်ဖုံး ပက်လက်ဖြစ်နေသဖြင့် အပျက်အစီးမရှိဘဲ အနည်းငယ် တွန့်ရုံမျှ တွန့်သွားပါသည်။ ဖျက်စီးရသည်ကို အားရ၍ထင့် သစ်ပင်ခြေရင်းမှ ချောက်ကမ်းပါးအတိုင်း ပြေးဆင်းသွားကြပါသည် -

*"ဒီသပိတ်ဖုံးပေ့ါ ကိုယ်တော် ဆင်နင်းထားတော့ သပိတ်အဝနှင့်တော့ အရင်လို အံဝင်ဂွင်ကျ မဟုတ်တော့ဘူး။ ဒါပေမယ့်*

*သုံးလို့တော့ ရနေပါသေးတယ်*”ဟု သပိတ်အိတ်ကို ဖြည်ကာ ပြတော်မူပါသည်။

တောကို မြတ်နိုးတော်မူကြသည့် ထေရ်ရှင်တို့သည် တောတိရစ္ဆာန်တို့နှင့် စပ်လျဉ်းသည့် အတွေ့အကြုံ ဗဟုသုတ အသင့်အတင့် ရှိပြီး ဖြစ်ကြပါသည်။ မြတ်စွာဘုရားရှင်သည် တိရစ္ဆာန်များနှင့် စပ်လျဉ်းကာ ဝိနည်း ပညတ်တော်မူသည်လည်း ရှိပါသည်။

## သိမ်ထဲတွင် ရဟန်းလောင်းကို မေးစစ်ရပါသည်

ရဟန်းဖြစ်ရာတွင် တိရစ္ဆာန်နှင့် ဆက်နွှယ်သည့် မေးခွန်းတစ်ခု မေးစစ်ခံရမည် ဖြစ်ပါသည်။ ရဟန်းဘဝ၏ အစဦး၌ ရဟန်းလောင်းကို ဆုံးမရပါသည်။ သိမ်ထဲ ရဟန်းလောင်းကို သံဃပရိသတ် အလယ်တွင် မေးစစ်ရသည့် မေးခွန်း (၁၁)ခု ရှိပါသည်။

နာဂ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ သုဏသိ၊ နားစိုက်၍ထောင်လော့။ အယံ ကာလော၊ ဤအခါသည်။ တေ၊ သင်ပဉ္စင်းလောင်း၏။ သစ္စကာလော၊ မှန်သောစကားကိုသာ လျှောက်ဆို ရမည့်အခါတည်း။ ဘူတ ကာလော၊ ဟုတ်သည်ကိုသာ လျှောက်ဆိုရမည့် အခါတည်း။ ယံ၊ အကြင် အပြစ်နှင့်ဂုဏ် အလုံးစုံသော သဘောတရားသည်။ ဇာတံ၊ သင်၏ကိုယ်၌ ဖြစ်ပေါ်ထင်ရှား၏။ တံ၊ ထိုသဘောတရားကို။ အဟံ၊ သမ္မုတိရသောငါသည်။ ပုစ္ဆာမိ၊ မေးစစ်အံ့။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည် ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားပြောဆိုရမည်။ အသန္တံ၊ ထင်ရှား မရှိသည်ကို။

နတ္ထိတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုရမည်။ ဝါ၊ လျှောက်ထားပြောဆိုလော့။

၁။ နာဂ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်း။ တေ၊ သင်အား။ ကုဋ္ဌံ၊ နူနာလည်းကောင်း။ ဂဏ္ဍော၊ အသားထွက် မြင်းဖုနာလည်းကောင်း။ ကိလာသော၊ မကွဲမအက် ပြောက်ကျားသော အနူကွက်လည်းကောင်း။ သောသော၊ ချောင်းဆိုးနာ လည်းကောင်း။ အပမာရော၊ သူရူးနာ လည်းကောင်း။ ဧဝ ရူပါ၊ ဤသို့ သဘော ရှိကုန်သော။ အာဗာဓာ၊ အနာကြီး ငါးမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။

**န သန္တိ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ န သန္တိ၊ မရှိကုန်ပါဘုရား။**

၂။ မနုဿော၊ လူသည်။ အသိ၊ ဖြစ်၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လူဖြစ်ပါသည်ဘုရား။**

၃။ ပုရိသော၊ ယောကျ်ားသည်။ အသိ၊ ဖြစ်၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ယောကျ်ားဖြစ်ပါသည်ဘုရား။**

၄။ ဘုဇိဿော၊ အန္တောဇာတ-စသော ကျွန်လေးမျိုးတို့တွင် မပါဝင်ဘဲ တော်လှန်ကောင်းမြတ်သော သူသည်။ အသိ၊ ဖြစ်၏လော။

**အာမဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ တော်လှန်ကောင်းမြတ်သောသူ ဖြစ်ပါသည်ဘုရား။**

၅။ အနဏော၊ ကြွေးမြီကင်းသောသူသည်။ အသိ၊ ဖြစ်၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ကြွေးမြီကင်းသောသူ ဖြစ်ပါသည်ဘုရား။**

၆။ ရာဇဘဋ္ဌော၊ မင်းခစားယောကျ်ားသည်။ န အသိ၊ မဖြစ်ဘဲ ရှိ၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မင်းခစားယောကျ်ား မဖြစ်ပါ ဘုရား။**

၇။ မာတာပိတူဟိ၊ မိခင်ဖခင်တို့သည်။ အနုညာတော၊ ကျေကျေနပ်နပ် ခွင့်လွှတ်အပ်သောသူ သူသည်။ အသိ၊ ဖြစ်၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ခွင့်လွှတ်အပ်သောသူ ဖြစ်ပါသည်ဘုရား။**

၈။ ပရိပုဏ္ဏဝီသတိဝဿော၊ အသက်နှစ်ဆယ်ပြည့်သော သူသည်။ အသိ၊ ဖြစ်၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အသက်နှစ်ဆယ်ပြည့်သောသူ ဖြစ်ပါ သည်ဘုရား။**

၉။ တေ၊ သင်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံ၏လော။

**အာမ ဘန္တေ။ ။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံပါသည်ဘုရား။**

၁၀။ တွံ၊ သင်သည်။ ကိန္နာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။

**အဟံ ဘန္တေ နာဂေါနာမ။ ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည် နာဂေါ နာမ၊ နာဂအမည် ရှိပါသည်ဘုရား။**

၁၁။ တေ၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည် ရှိသနည်း။

**ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာတိဿတ္ထေရော နာမ။ ။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈယော၊ ဥပဇ္ဈာယ် ဆရာသည်။ အာယသ္မာတိဿတ္ထေ ရောနာမ၊ အရှင်တိဿ မထေရ်အမည် ရှိပါသည် ဘုရားဟု ဖြေကြားရပါသည်။**

## ရဟန်းဖြစ်ချင်သည့်နဂါး

သိမ်ထဲတွင် ရဟန်းလောင်းက လူသားဖြစ်မဖြစ် အစစ်ဆေးခံရခြင်းမှာ ဘုရားရှင် လက်ထက် တော်ကာလက နဂါးတစ်ကောင်နှင့် ပတ်သက်၍ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ ထိုနဂါးသည် သူ၏ နဂါးဘဝကို စက်စုပ်ရွံမုန်းကာ ရဟန်းပြုကာ ကုသိုလ်ပြုလျှင် နဂါးဘဝမှ

မြန်မြန်လွတ်မည်ဟု ကြံစည်ကာ အသက်(၂၀)ကျော် လုလင်ငယ်ယောင် ဖန်ဆင်းလေသည်။ ထို့နောက် ဇေတဝန်ကျောင်းကိုလာကာ ရဟန်းပြုခွင့် တောင်းကာ ရဟန်းပြုလေသည်။ ကျောင်းတိုက်၏ အစွန်အဖျားက ကျောင်းတစ်ကျောင်းတွင် အဖော်ရဟန်းတစ်ပါးနှင့် သီတင်းသုံးပါသည်။

တစ်နေ့သောအခါ အဖော်ရဟန်း မရှိသည့်အချိန် စိတ်ချလက်ချ အိပ်ပျော်သွားတော့သည်။ နဂါး၏ သဘာဝမှာ အိပ်ပျော်နေသည့် အချိန်တွင်ပင် ကိုယ်အသွင်ကို ဖုံးကွယ်၍ မစွမ်းနိုင်ချေ။ သီတင်းသုံးရာ ကျောင်းသို့ အဖော်ရဟန်း ပြန်လာချိန်တွင် ကျောင်းပေါ်၌ နဂါးအပုံလိုက်ကြီး ခွေနေသည်ကို တွေ့မြင် ရလိုက်သဖြင့် ထိတ်လန့်တကြား အော်ဟစ်ကာ သီတင်းသုံးဖော်တို့ကို အကူအညီတောင်းပါတော့သည်။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူသဖြင့် နဂါးကို တရားဓမ္မများ ဟောကြားဆုံးမပြီး နဂါးပြည်သို့ နဂါးကို ပြန်လွှတ်တော်မူပြီးနောက် သိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။ ထို့ကြောင့် နဂါး ဂဠုန်တို့သည် ရဟန်းမဖြစ်ကောင်းပေ။

---

**ကျမ်းညွှန်း**

* (၁၂၅)၊ ဥပသမ္ပဒါဝိဓိ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၃၀)

* (၁၁၁)၊ တိရစ္ဆာနဂတဝတ္ထု၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၂၀)

# ၃၃။ တောထဲ ဆွမ်းခံလမ်းဘေးမှ ပုံ့သကူသားကောင်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄)သည် ရန်ကုန်မြို့ ဘုရားဖြူစာသင်တိုက်မှ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် တောထွက်တော်မူပြီး ရွှေစက်တော်ဘုရား ခြေတော်ရင်းမှ ဂူတစ်ခုအတွင်း သီတင်းသုံးတော်မူခဲ့ပါသည်။ ဝါဆိုကာ သီတင်းသုံးမည့် ဂူအတွင်းအကဲခတ်ရာ မြွေဆိုးတစ်ကောင် ဂူပေါက်ဝနံရံတွင် ခိုအောင်းနေသည်ကို တွေ့ရပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက -

*"ဒီဂူထဲ သီတင်းသုံးမှာက ရဟန်း၊ မင်းက အဆိပ်ရှိတဲ့ သတ္တဝါဆိုတော့ လူနှင့် အတူနေလို့ မဖြစ်ပေဘူး"*ဟု မိန့်တော်မူကာ မေတ္တာပို့သ ဖယ်ရှားခဲ့ရဖူးကြောင်း သိရပါသည်။

## ဆွမ်းခံလမ်းမှ သွေးကွက်များ

ထိုဂူထဲ၌ပင် ဝါဆိုတော်မူကာ တောလမ်းအတိုင်း ရွာထဲ ဆွမ်းခံကြွတော်မူပါသည်။ တစ်နေ့ တောထဲဆွမ်းခံသွားရာ ခြေလမ်းတွင် သွေးကွက်များနှင့် စွပ်ကြောင်းတစ်ကြောင်းကို တွေ့ရပါသည်။ ဆရာတော်ကြီးက မိမိသီတင်းသုံးရာဂူနှင့် မလှမ်းမကမ်း နေရာတွင် အခါတိုင်း မတွေ့ဘူးသည့် အခြေအနေထူးတစ်ရပ်ကို ကြုံတွေ့

နေရသဖြင့် ဖြစ်စဉ်အမှန်ကို သိမှသင့်တော်ပေမည်ဟု နှလုံးသွင်းတော်မူကာလမ်းမှ ဖယ်ခွာသွားသည့် သွေးကွက်နှင့် စွပ်ကြောင်းအတိုင်း တောထဲသို့ သတိကြီးစွာထားပြီး လိုက်သွားပါသည်။ ခြေသွားလမ်း၏ ညာဘက် မလှမ်းမကမ်းရှိ သစ်ပင်ကြီး တစ်ပင်အောက်မှ ခြုံပုတ်ထဲတွင် ခြသေ့် သို့မဟုတ် ကျား စသည့် တောကောင်တစ်ကောင်ကောင်က ရိုက်ပုတ် ဖမ်းဆီးသတ်ဖြတ် စားသုံးပြီးဝမ်းဗိုက်အတွင်းမှ ကလီစာပင် မရှိတော့သည့် စားကြွင်းစားကျန်ခန္ဓာကိုယ် အစိတ်အပိုင်းကို မြင်ရပါသည်။ သီတင်းသုံးရာ ဂူနှင့်မလှမ်းမကမ်းတွင် အသက်အန္တရာယ် ပြုနိုင်လောက်သည့် သားစားသတ္တဝါ ရှိနေပေပြီ။ မေတ္တာနှင့် သစ္စာကိုသာ အားကိုးရပေတော့မည်ဟု နှလုံးပိုက်ကာ ဆွမ်းခံရွာသို့ ကြွတော်မူပါသည်။ ဆွမ်းခံရွာရောက်သော် ဆွမ်းလာလောင်းသည့် ဒါယကာတို့အား -

*“ဆွမ်းခံတောလမ်းရဲ့ ညာဘက်က သစ်ပင်ကြီးကြီးအောက်မှာ ဝမ်းတွင်းကလီစာတွေ မရှိတော့တဲ့ ပွံသကူ အကောင်ကြီး တစ်ကောင်တော့ တွေ့ခဲ့ရတယ်”*ဟု မိန့်တော်မူသဖြင့် ရွာသားများ သွားရောက်ကာယူကြပါသည်။

ရဟန်းသည် ပိုင်ရှင်မပေးသည့် ဥစ္စာကိုယူလျှင် တန်ဖိုးအားလျော်စွာ ပါရာဇိကအာပတ်အထိ သင့်နိုင်ပါသည်။ သို့သော်တိရစ္ဆာန်၏ စားကြွင်းစားကျန်ကို ယူလျှင် (ဝါ) ယူခိုင်းလျှင်မှု အာပတ်မသင့်ဟု ပါရာဇိကပါဠိတော်တွင် လာရှိပါသည်။

**ကျမ်းညွှန်း**

* (၁၃၁) ပါရာဇိကပါဠိ၊ ဒုတိယပါရာဇိက (နှာ-၇၃)

# ၃၄။ သုံးမြဲသင်္ကန်းအဟောင်းဖြင့်သာ ခရီးကြွတော်မူလေ့ရှိပါသည်

နဘူးကျောင်းဆရာတော်ကြီးသည် တိစီဝရိတ်ဓုတင်ကို ဥက္ကဋ္ဌ ဆောင်တော်မူသဖြင့် သင်္ကန်းလျှော်ဖွပ်ရာတွင် သင်္ကန်းသုံးထည်ကို အလှည့်ကျ ကိုယ်တိုင် လျှော်ဖွပ်တော်မူပါသည်။

တိစီဝရိတ်ဓုတင်ဆောင် ပုဂ္ဂိုလ်များ ချမ်းသာစွာ ရေချိုးနိုင်ရန်၊ သင်္ကန်း လျှော်ဖွပ်နိုင်ရန်အတွက် ထန်းတစ်ပင်တောရ၏ ရေတွင်း ကပ်လျက်တွင် ရှေးယခင်ကာလကပင် ရေချိုးခန်းတစ်ခန်း ရှိခဲ့ဖူးပါသည်။

ဒကာများက *"သင်္ကန်းလျှော်ပါရစေ၊ ကုသိုလ်ယူပါရစေဘုရား"* ဟု လျှောက်ထားလာမှသာ သင်္ကန်းလျှော်ဖွပ်ခွင့် ပြုတော်မူသော်လည်း သင်္ကန်းကို အလွယ်တကူ ထည့်ပေးလိုက်ခြင်း မဟုတ်ဘဲ-

*"သင်္ကန်းဆိုတာ လူတွေရဲ့အဝတ်လို ကြမ်းကြမ်းတမ်းတမ်း ထုရိုက်ပြီး မလျှော်ဖွပ်ရဘူး၊ လျှော်ပြီးလို့ နေလှန်းတဲ့အခါမှာ နေရောင် အောက်ကို အကြာကြီး မလှန်းရဘူး"* ဟု အသေအချာ မှာကြားတော်မူလေ့ရှိပါသည်။

အကြောင်းမှာ သင်္ကန်းကို ကြမ်းကြမ်းတမ်းတမ်း ရိုက်ပုတ်၍ လျှော်လျှင် ဒုပ္ပရိဘောဂဒုက္ကဋ်အာပတ် သင့်တတ်ပါသည်။ ရေစင် အောင် မလျှော်မိပါက သင်္ကန်းပျက်စီးလွယ်သကဲ့သို့ နေပူ၌ လှန်းခြင်း ကြောင့်လည်း သင်္ကန်းဆေးရောင်များ လွင့်ပါးတတ်လေသည်။

မြို့ကြီးပြကြီးသို့ ခရီးကြွရန်ရှိသည့် ကာလများတွင် ပုံ့သကူ သင်္ကန်းသုံးမည်ဆိုပါက ကောက်ယူသုံးစွဲရန် အသင့်ရှိနေပါသော်လည်း သင်္ကန်းအသစ်ကို လဲလှယ်၍ ကြွတော်မူခြင်း မရှိပါ။ နွမ်းပါးနေသည့် သုံးမြဲသင်္ကန်းအဟောင်းဖြင့်သာ ခရီးကြွတော်မူလေ့ ရှိပါသည်။

## ၃၅။ လမ်းခုနစ်လမ်းသို့ အလှည့်ကျ ဆွမ်းခံကြွတော်မူသည်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် ရန်ကုန်မြို့၊ ဘုရားဖြူတိုက်၏ စာချဘုန်းကြီးဘ၀ကပင် ဆွမ်းခူတင် ၅-ပါးကို ဆောင်တော်မူခဲ့ပါသည်။ ဆွမ်းခံကြွရာ လမ်းကိုလည်း တနင်္ဂနွေနေ့ ကြွသောလမ်း၊ တနင်္လာနေ့ကြွသောလမ်း စသည်ဖြင့် နေ့ခုနှစ်နေ့ကို လမ်းခုနှစ်လမ်း သတ်မှတ်ကာ တစ်နေ့တစ်လမ်း ကြွတော်မူပါသည်။

ဆရာတော်ကြီးသည် မိမိမွေးနေ့ စနေနေ့တွင် သက်သတ်လွတ်ဆွမ်းဘုဉ်းပေးရန် စိတ်ကူးရလာဟန် တူပါသည်။ ထို့ကြောင့် စနေနေ့၌ သက်သတ်လွတ် ဆွမ်းခံတော်မူပါသည်။ ထိုလမ်း၌ရှိသည့် ကလေးသူငယ်များက ဆရာတော့်ကို ဖူးမြင်ရလျှင် *"သက်သတ်လွတ်ဘုဉ်းကြီး ကြွလာပြီ"*ဟု ဆော်ဩ ကြလေတော့သည်။ ဆရာတော်က-

*"စနေသားဘုန်းကြီးကို သက်သတ်လွတ်ဘုန်းကြီးလို့ ခေါ်ကြတယ်၊ စနေသားဘုန်းကြီး အခေါ်မခံရဘူး"*ဟု စကားစပ်မိလာလျှင် မိန့်တော်မူလေ့ရှိသည်။

တစ်နေ့တွင် အသက်အရွယ်ကြီးရင့်သည့် ဒါယိကာမကြီး တစ်ယောက်က ဆရာတော်ကို သူတို့လမ်းထဲ ဆွမ်းခံကြွသည်ကို ဖူးမြင်ရသဖြင့် -

*"ဒီဘုန်းကြီးကလည်း ငါလောင်းချင်လွန်းလို့ သေသေချာချာ ချက်ထားတဲ့ နေ့တုန်းကတော့ မကြွလာဘူး၊ ငါမချက်ထားတဲ့နေ့ကျမှ ဒီလမ်းထဲ ကြွလာတယ်။ ဘယ်နေ့ကြွမယ် ဘယ်နေ့မကြွဘူးလို့လည်း ကြိုမသိရဘူး"*ဟု တစ်ယောက်တည်း ညည်းညူနေပါသည်။

ဆရာတော်သည် ဆွမ်း ဒကာ၊ ဒကာမများနှင့် ဆွမ်းခံလမ်း၌ နေ့စဉ် ဆုံတွေ့နေရသောကြောင့် ရင်းနှီး ခင်မင်လာမည်ကို လိုလားတော်မမူပေ။

ထို့ကြောင့် ကုလပလိဗောဓ မဖြစ်လိုသောကြောင့် ဖြစ်မည် ထင်၏။ တစ်နေ့ တစ်လမ်း ပြောင်း၍ ပြောင်း၍ ကြွတော်မူဟန် တူပါသည်။

# ၁၆။ သပိတ်ဖုံးနဲ့ ပတ္တပိုဏ်ဓုတင် အဆုံးအဖြတ်

သပိတ်ဖုံးသည် (ဒုတိယဘာဇန) နှစ်ခုမြောက်ခွက် ဖြစ်ထိုက်သဖြင့် ဖုံးရုံသာ ဖုံးသင့်ပါ၏။ တစ်စုံ တစ်ခုစားသောက်ဖွယ်ကို မခံသင့်မထည့်သင့်ပါ။ ခံလျှင်ထည့်လျှင် ဒုတိယဘာဇန ဖြစ်သွားသောကြောင့်ပတ္တပိုဏ်ဓုတင်ပျက်သည်ဟု ယူဆပါကြောင်း နဘူးကျောင်းဆရာတော်ကြီး မိန့်ကြားတော်မူပါသည်။

အဖုံးလှပ်၍ သပိတ်ဖြင့်သာ ခံယူလျှင်ကား အဖုံးသည် ဖုံးရုံသာဖုံး၍ တစ်စုံတစ်ခုကို မခံယူဘဲ မထည့်ဘဲ ထားခြင်းကြောင့် ဒုတိယဘာဇနခေါ် နှစ်ခုမြောက်ခွက် မဖြစ်ပါ။

တစ်နည်း သပိတ်ဖုံးသည် မြူမှုန်ကျလျှင် မြူမှုန်ကို စွန့်လိုက်ရသည်သာဖြစ်၍ စွန့်သောခွက်သည်သာလျှင် ဖြစ်တော့သည်။ စားခွက် မဟုတ်ပါ။ ထို့ကြောင့် အဖုံးပေါ်၌ ခံယူလျှင် စွန့်ခွက်၌ ခံယူခြင်းသာ ဖြစ်ပါသည်။ စွန့်ခွက်၌ ခံယူထားသော ဘောဇဉ်ကိုမစားဘဲစွန့်ပစ်ပြီးလျှင် သပိတ်အတွင်း၌ရှိသော ဆွမ်းကိုသာ စားရသောရဟန်းသည် ပတ္တပိုဏ် ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျရုံသာဖြစ်သည်။ ဤကဲ့သို့ လျှောကျလျှင် မဇ္ဈိမပုဂ္ဂိုလ်၌ဖြစ်စေ၊ မုဒုပုဂ္ဂိုလ်၌ဖြစ်စေတည်ရှိနိုင်သေးရကား ပတ္တပိုဏ်ဓုတင်မပျက်ဟု ယူဆမိကြောင်း ထပ်လောင်း၍ တစ်နည်းဖြေပြလိုက်ပါ၏ဟု တောင်တွင်း အရှင်စန္ဒိမာ၏မေးခွန်းကို ဖြေကြားပေးတော်မူပါသည်။ သာသနာတော်၌ ပတ္တပိုဏ်ဓုတင်ကို ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်ဖြင့် ကျင့်လိုသော လဇ္ဇီသူမွန်များအဖို့သပိတ်ဖုံးကြောင့် ဓုတင်ပျက်၊ မပျက် အဆုံးအဖြတ် သိရပါသဖြင့်ကျေးဇူးများလှပါသည်။

---

**ကျမ်းညွှန်း** ＊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ တောင်တွင်းအရှင်စန္ဒိမာ၏ အမေးပုစ္ဆာ (နှာ-၈၃)

# ၃၇။ ဆွမ်းခံအပြန် ဆွမ်းစားဇရပ်၌ ရဟန်းသာမဏေ၊ လူဒါယကာတို့ ဆွမ်းလောင်းလျှင် ပျက်နိုင်သည့်ဓုတင်

ရွာထဲ၌ ဆွမ်းခံပြီး တောရကျောင်းသို့အပြန် ဆွမ်းစားဇရပ်သို့ ရောက်သောအခါမှ ရဟန်း၊ သာမဏေ၊ လူဒါယကာတို့က ဆွမ်းလှူဒါန်းသည်ကို ခံယူမိခဲ့ပါလျှင် 'ရဟန်း, သာမဏေ, လူဒါယကာတို့က လောင်းလှူသော ဆွမ်းသည် အတိရေကလာဘ် မဟုတ်သောကြောင့် ပိဏ္ဍပါတိက ဓုတင်မပျက်'ဟု မှတ်အပ်၏။ ဆွမ်းစားဇရပ်သို့ ရောက်ပြီးမှ ခံယူသောကြောင့် သပဒါနစာရိက ဓုတင်ဆောင် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒု(၃)မျိုးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျသွားပါ၏။ သပဒါနစာရိက ဓုတင်ပျက်ခြင်း မဟုတ်ပါ။

## ရဟန်းက ဆွမ်းလောင်းလျှင်မူ သတိပြုရမည်

ရဟန်းက လောင်းလှူသောဆွမ်း ဖြစ်ပါလျှင်မူ ဓုတင်မပျက်သော်လည်း ဆန်းစစ်ရန် လိုလာပါသည်။ ထိုရဟန်းက အကပ်မခံထားဘဲ ကိုယ်တိုင်ရယူထားသောဆွမ်းကို လောင်းလျှင်လည်းကောင်း၊ ဆွေမျိုးမတော်သူ မဖိတ်သူထံမှ တောင်း၍ရထားသောဆွမ်းကို လောင်းလျှင်လည်းကောင်း ဤဆွမ်းမျိုးကို ခံယူစားသောက်ခြင်းဖြင့် အာပတ်များ သင့်နိုင်သေး၏ဟု နဘူးကျောင်းဆရာတော်ကြီး(AD ၁၉၂၀-၂၀၀၄)က လဇ္ဇီသူမွန် ဓုတင်ဆောင် ရဟန်းတော်များ အမှတ်မထင် အာပတ်မသင့်စေရန် သတိပေးတော်မူပါသည်။

---

**ကျမ်းညွှန်း** * သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက အရှင်ဉာဏိသိ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ တောင်တွင်းအရှင်စန္ဒိမာ၏ အမေးပုစ္ဆာ၊ (နှာ-၈၄)

# ၃၈။ ပံ့သကူရွတင်ဆောင်ရဟန်းသည် သင်္ကန်းအလှျူခံရှုံ့မှုဖြင့် ရွတင်ပျက် မပျက် ဝိနိစ္ဆယ

နဘူးကျောင်းဆရာတော်ကြီးသည် သူတော်ကောင်းကြီးများ ကျင့်သုံးတော်မူလေ့ရှိသည့် စီဝရေသလ္လေခတာ၊ ပိဏ္ဍပါတေ သလ္လေခတာ၊ သေနာသနေ သလ္လေခတာ၊ ဘာဝနာရာမတာ ဟူသော အရိယာတို့၏ အနွယ်အဆက်သို့ ပါဝင်ကြောင်း အရိယဝံသ တရားလေးပါးတို့ကို ကျင့်သုံးတော်မူခဲ့ပါသည်။

ဆရာတော်ကြီး တစ်သက်တာ တောရပျော်၊ ဓုတင်ဆောင်ရဟန်းဘဝဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်းတို့ကို မြတ်သောအကျင့် ကျင့်နိုင်ရန်မျှသာ ရည်ရွယ် သုံးဆောင်တော်မူဟန် ရှိပါသည်။

ထို့ကြောင့် ရဟန်းအသုံးအဆောင် ပရိက္ခရာပစ္စည်းနှင့် စပ်လျဉ်း၍ အလိုနည်းတော်မူသည်ကို ဖူးတွေ့ရပါသည်။ ပရိယတ်၊ ပဋိပတ်ဆိုင်ရာဂုဏ်ကိုလည်း မလိုအပ်ဘဲ လူသိမခံသည်ကိုလည်း သိရှိနေရပါသည်။ ထို့ကြောင့် ဆရာတော်ကြီးသည် အပ္ပိစ္ဆာ အလိုနည်းခြင်းဟူသော မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူသည့် ဂုဏ်ဖြင့် ပြည့်စုံတော်မူ၏။

ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ရသမျှဖြင့် ရောင့်ရဲတော်မူသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ ကိလေသာ အညစ်အကြေးများကို ခေါင်းပါးအောင်၊ နည်းပါးအောင်၊ ကင်းသွားအောင် အကျင့်မြတ် ပဋိပတ်တို့ကို ကျင့်တော်မူသည်ကိုလည်း အကဲခတ်သိနေရပါသည်။ ထို့ကြောင့် ဆရာတော်ကြီးသည် သန္တုဋ္ဌိသလ္လေခ ရောင့်ရဲလွယ်ခြင်းနှင့် ကိလေသာကို ခေါင်းပါးစေခြင်းဟူသော မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူသည့် ဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူ၏။

## သိုသိပ်တော်မူပါသည်

ဆရာတော်ကိုယ်တိုင် ဓူတင်ကိုကျင့်သုံးကြောင်း ခန့်မှန်းအသိဖြင့်သာ သိနေရပါသော်လည်း မည်သည့်ဓူတင်များကို ကျင့်နေကြောင်းကိုမူ အနီးနေ တပည့်ကြီးများကပင် သိရန် ခက်ခဲသည်အထိ သိုသိပ်တော်မူပါသည်။ တောရ၌ နည်းနာနိဿယ ခံယူနေကြသည့် ရဟန်းပရိသတ်တို့ကိုလည်း စွမ်းနိုင်သမျှ အမြတ်စား ဓူတင်ဆောင် ပုဂ္ဂိုလ်များ ဖြစ်စေချင်သည့်ဆန္ဒ ဆရာတော်ကြီး၌ ရှိတော်မူဟန်တူပါသည်။

အဘယ်ကြောင့်ဆိုသော် ဓူတင်ဆိုင်ရာ မေးမြန်း လျှောက်ထားလာပါလျှင် မေးခွန်းဖြေဆိုရုံမျှမက အကျယ်တဝင့် ပြီးပြည့်စုံအောင် မေးခွန်းရှင် ကျေနပ်ရုံမက အားရသည့်တိုင် ဖြေကြားပေးတော်မူလေ့ရှိသည့်အပြင် ရံခါ တွေ့ကြုံခဲ့ဖူးသည့် အတွေ့အကြုံပေါ်မူတည်၍လည်း အဆုံးအမဩဝါဒ ပေးတော်မူပါသည်။

*"ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ-လို့ဒါယကာလှူဒါန်းတဲ့ သင်္ကန်းကို ပယ်ချထားပြီး ပံ့သကူဓူတင်ဆောင် ရဟန်းအနေနှင့် ပံ့သကူသင်္ကန်းကောက်ရတာမဟုတ်ဘဲ လူဒါယကာက လှူဒါန်းလာတဲ့ သင်္ကန်းကို အလှူခံတာနှင့်ပဲ ဓူတင်ပျက်တယ်လို့ ဝိသုဒ္ဓိမဂ်က ပြပါသော်လည်း မဟာဋီကာကျတော့ မိမိသုံးဆောင်လိုတဲ့ စိတ်ဆန္ဒနှင့် အလှူခံမှသာလျှင် ဓူတင်ပျက်တယ်လို့ ဆိုထားပါတယ်၊ ဒါဆိုရင် မိမိအဖို့မဟုတ်ဘဲ အခြား သံဃာတစ်ပါးပါးကို လှူဒါန်းမယ်ဆိုတဲ့ အရင်းခံစိတ်ဆန္ဒနှင့် ဒါယကာရဲ့ သဒ္ဓါတရားကို စောင့်ရှောက် ပေးတဲ့အနေနှင့် သင်္ကန်းကို လက်ဝယ်လက်ခံရင် ဓူတင်ပျက်ဖို့အကြောင်း မရှိပါဘူး၊ ဒီစာတွေကို ထောက်ရှုသောအားဖြင့် ပံ့သကူဆောင် ရဟန်းတစ်ပါးအနေနှင့် ဒါယကာလက်ထဲက သင်္ကန်းအလှူခံရုံနှင့် ဓူတင်ပျက်တယ်လို့ ကေန်ပြောမရတော့ဘူး၊ ဒါဆိုရင် ဒါယကာလှူတာမှာ ဓူတင်မပျက်ဘူးဆိုတော့ ရဟန်းတစ်ပါးက မိမိကို သင်္ကန်းလှူဒါန်းလာတယ်၊ ဒါကိုလည်း မိမိကိုယ်တိုင်သုံးမယ်လို့ စိတ်ဆုံးဖြတ်ရင်ကော ဓူတင်ပျက်သလားဆိုရင် ဒါလည်း မပျက်ပါဘူးဘုရား၊ ဘာကြောင့်လဲဆိုရင် ဂဟပတိဒါနစီဝရလို့ စာကဆိုတဲ့အတွက် လူဒါယကာရဲ့ သင်္ကန်းမဟုတ်လို့ကို ဓူတင်မပျက်တာပါဘုရား"*ဟု ပံ့သကူဓူတင် အဆုံးအဖြတ်ကို တောရနေ ရဟန်းတော်များအား မိန့်ကြားတော်မူပါသည်။

# ၃၉။ ဝိနည်းတိစီဝရိတ်နှင့် ဓူတင်တိစီဝရိတ်အဓိဋ္ဌာန် ခြားနားမှု သိကောင်းစရာ

ဝိနည်းတိစီဝရိတ်နှင့် ဓူတင်တိစီဝရိတ်ဟူ၍ နှစ်ပါးရှိရာ ဝိနည်းတိစီဝရိတ် အဓိဋ္ဌာန်တင်ရာတွင်-

**ဣမံ/ဧတံ သံဃာဋိံ အဓိဋ္ဌာမိ။**

ဤ/ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင်ဒုကုဋ်ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏။

**ဣမံ/ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။**

ဤ/ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင်ဧကသီဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏။

**ဣမံ/ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ။**

ဤ/ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင်သင်းပိုင်ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏။

ဤသို့ သင်္ကန်းသုံးထည်ကို နာမည်အသီးသီးဖြင့် ဝိနည်းတိစီဝရိတ်တင်ထားပါက ဂရုတစိုက် အမြတ်တနိုး စောင့်ရှောက်သည့် အနေဖြင့် နေ့စဉ် အရုဏ်တက်ချိန်၌ ထိုသင်္ကန်းသုံးထည်ကို ခြုံဝတ်ဆင်ထားရမည်။ မဝတ်မရုံလျှင် နှစ်တောင့်ထွာဟတ္ထပါသ်အတွင်း ရှိနေရမည်။ နှစ်တောင့်ထွာ ဟတ္ထပါသ်အပြင်သို့ ရောက်ရှိနေပါက သင်္ကန်းနှင့် တစ်ညဥ့် ကင်းကွာသည်မည်၏။ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ထိုသင်္ကန်းကို အခြားရဟန်း တစ်ပါးပါးအား ပေးစွန့်၍ ပါစိတ်အာပတ်ကို ဒေသနာပြောကြား ကုစားရသည်။

## အာပတ်မသင့်အောင် စောင့်ရှောက်နည်း

မချွတ်မယွင်း အာပတ်မသင့်နိုင်သောနည်းကား အရုဏ်တက်ချိန်၌ သင်္ကန်းနှင့် (၂-တောင့်ထွာ) အနီးကပ်၍ နေထိုင်ကာ စောင့်ရှောက်လျက် ဆောင်နည်းပင် ဖြစ်ပါသည်။ ဤနည်း ဆောင်လျှင် နိဿဂ္ဂိပါစိတ်အာပတ် မသင့်နိုင်ပါဟု ခိုင်မြဲစွာ မှတ်အပ်၏။

ဓူတင်တိစီဝရိတ်ကား သင်္ကန်း(၃)ထည်ကို ယခင်နည်း အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြု၍ (သို့မဟုတ်) ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဆောင်ထားရ၏။ ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်နည်းကား (၁) ထည်ထည်ကို **"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"**ဟု ဆို၍ တင်ရ၏။ (၃) ထည်တို့ကို **"ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"**ဟုဆို၍ တင်ရ၏။ ဤဓုတင်တိစီဝရိတ်ကိုဆောင်သော ရဟန်းသည် အရုဏ်တက်ချိန်၌ သင်္ကန်းနှင့် (၂-တောင့်ထွာ) မကွာအောင် နေရန်မလိုပါ။ ချမ်းသာ လွတ်လပ်စွာ နေနိုင်ရကား ဆောင်လွယ်သောနည်း ဖြစ်ပါ၏ဟု ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီးမှ မိန့်ကြားတော်မူပါသည်။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ တောင်တွင်းအရှင်စန္ဒိမာ၏ ပုစ္ဆာ (နှာ-၈၁)

* ပထမကထိနသိက္ခာပဒဝဏ္ဏနာ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (တွဲ-၂) (နှာ-၂၂၇)

# ၄၀။ တိစီဝရိတ်စူတင်ဆောင် ပုဂ္ဂိုလ်များအတွက် အံသကိုဋ်၏ အဆုံးအဖြတ်

သုံးထည်တည်းသော သင်္ကန်းကိုဆောင်ခြင်း၊ ခံဆွမ်းဖြင့်သာ မျှတခြင်း၊ ဆွမ်းခံအကျင့် မဖျက်ခြင်း၊ အိမ်စဉ် ဆွမ်းခံခြင်း၊ တစ်ထိုင်တည်း ဘုဉ်းပေးခြင်း၊ တောရဆောက်တည်ခြင်း၊ ညဥ့်အခါ သုသာန်၌နေခြင်း၊ ကျောချကာ မကျိန်းခြင်း စသည်စသည်ဖြင့် ဓုတင် အကျင့်မြတ်ကို ကျင့်သုံးခြင်း၏ ပဓာနရည်မှန်းချက်မှာ ဘဝသံသရာမှ လွတ်မြောက်ရေးကို အဟန့်အတားဖြစ်စေသည့် ကိလေသာရန်သူနှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နေခြင်းဖြစ်၏။ ဤမျှအရေးပါပြီး ခက်ခဲလှသည့် အကျင့်မြတ်ကို ရေရှည်ကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။

## လက်ဝဲပခုံး၊ ရင်ဘတ်နှင့် ဝမ်းလုံ့ရုံ့ပတ်ဝတ်ရသည့် သင်္ကန်းငယ်

ထို့ကြောင့် ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင်အဆုံးအဖြတ် ကျမ်းပြုဆရာတော် ဖြစ်တော်မူသည့် နဘူးကျောင်းဆရာတော်ထံပါး ရဟန်း၏ အသုံးအဆောင်တစ်ခု ဖြစ်သည့် အံသကာသာဝခေါ် အံသကိုဋ်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ကို တစ်ခုသော ဝါတွင်းကာလတွင် အေလာ ဆရာတော် ဦးဇာဂရက မေးလျှောက်ခွင့် ကြုံခဲ့ပါသည်။ ဆရာတော်ကြီးက -

*"အံသကာသာဝ - အံသကိုဋ်ဆိုတာ ခန္ဓာကိုယ်ကထွက်တဲ့ ချွေးကြောင့်၊ ချေးကြောင့် အပေါ်ရုံ ဧကသီသင်္ကန်းကို မညစ်ပေစေဖို့ ကာကွယ်နိုင်ဖို့အတွက် ခွင့်ပြုတာဖြစ်ပါတယ်။ အဓိဋ္ဌာန် မတင်*

*လောက်တဲ့ သက်န်းငယ်ဖြစ်ပြီးတော့ လက်ဝဲဖက် ပခုံးအပါအဝင် ရင်ဘတ်နှင့် ဝမ်းလုံတယ်ဆိုရုံမျှ ပတ်ဝတ်ရတဲ့ သက်န်းအပိုင်းပဲ ဖြစ်ပါတယ်။ ဒီသင်္ကန်းငယ်ကို တိစီဝရိတ် ဓူတင်ဆောင် ရဟန်းတော် တွေအတွက် အပ်တယ်လို့ အဋ္ဌကထာမှာ ပြပါတယ်၊ ပြီးတော့ စူဠနိဒ္ဒေသ ဋီကာမှာတော့ သင်းပိုင်ရဲ့ အနံအလျားအောက်ငယ်တဲ့ ပမာဏ ရှိလို့ သင်းပိုင်အဖြစ် မသုံးလောက်၊ အဓိဋ္ဌာန်လည်း မတင်လောက် တာကို အံသကိုဋ်ခေါ်တယ်လို့ ပြပါတယ်ဘုရား။* 'ညောင်လွန့်တောရ ဆရာတော်ကြီး (AD ၁၈၆၈-၁၉၃၃)ကတော့ ဝတ်လောက်၊ ရုံလောက် လေးထည်မြောက်ကို ပယ်ပါ၏'လို့ မိန့်တော်မူတဲ့အတွက် ဝတ်လောက် ဆိုတဲ့ စကားအရ သင်းပိုင်ပမာဏ မရှိရတော့ပါဘူးဘုရား။"

*"တပည့်တော် နှစ်သက်တာကတော့ ရေချိုးတဲ့အခါမှာ ရေလဲ သင်းပိုင်အဖြစ်လောက်တော့ သုံးနိုင်ရမယ်၊ စဉ်းစားရမှာက ရေရှည် ကျင့်နိုင်ဖို့လိုတယ်။ မိမိက တိစီဝရိတ်ဓူတင် ဥက္ကဋ္ဌမရဦးတော့ ဓူတင် အကျင့်မြတ်ရဲ့ ကုသိုလ်ဇောတော့ ပါနေတယ်ဘုရား၊ မလုပ်တဲ့သူ ထက်တော့ လုပ်တဲ့သူက ခြေတစ်လှမ်းသာတာပေ့ါ၊ ဘာကြောင့်လဲ ဆိုရင် ကိုယ်က တတ်နိုင်သလောက် စွန့်နေတာလေ၊ သက်န်းတစ်စုံပဲ သုံးတယ် နှစ်စုံမသုံးဘူး ဆိုရင်ကို ကိစ္စက တော်တော်ကြီးကို နည်းသွား ပြီဘုရား၊ အဲသည်ရဟန်းက ကိုယ်ပေါ်မှာဝတ်ထားတဲ့ သက်န်းနှင့်ပဲ လိုရာသွားနိုင်လောက်အောင် ပေ့ါပါးပါပြီဘုရား"*ဟု လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရတွင် ဝါဆိုသည့်နှစ်က အံသကိုဋ်နှင့် စပ်လျဉ်းသည့် အဆုံးအဖြတ်များကို အကျယ်တဝင့် ရှင်းလင်း မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

---

**ကျမ်းညွှန်း**

* (၂၅)၊ တေစီဝရိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁ (နှာ-၆၂)

# ၄၁။ ဓူတင်တိစီဝရိတ်ဆောင်ပုဂ္ဂိုလ်သည် သားရေနွယ်ဆောင်မှ ဓူတင်ပြည့်စုံသည် မဟုတ်ပါ

ဓူတင်တိစီဝရိတ်ဆောင် ပုဂ္ဂိုလ်များသည် သားရေနွယ်ရှိမှ ပြည့်စုံမည်ဟု ဆိုကြပါသော်လည်း သားရေနွယ်ရှိမှ ဖြစ်သည်ဟူသော စကားသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မရှိပါ။ ဓုတင်္ဂဝိနိစ္ဆယ ကျမ်း၌လည်းမရှိပါ။ ဆက်လက်၍ သားရေနွယ်၏ အရွယ်အတိုင်း အရှည် ပမာဏလည်း မရှိပါဟုသာ ဆိုချင်ပါ၏။ "မဇ္ဈပမာဏေန" ညောင်စောင်းလောက်ပမာဏဟု ဝိနည်းပါဠိတော်၌ ရှိနေသော်လည်း ထိုညောင်စောင်း ပမာဏကို ဘုရားခွင့်ပြုခဲ့ခြင်း မရှိပါ။

သားရေနွယ်၌ တွေးကြံဖွယ်ရှိနေသည်မှာ ဓူတင်တိစီဝရိတ် ဆောင်ရဟန်းက လေးထည်မြောက် သင်္ကန်းကို ရှောင်ကွင်းလိုသဖြင့် လေးထည်မြောက် မဖြစ်အောင် သားရေနွယ်ကို ဆောင်သည်ဟု ယူဆသင့်ကြောင်းကို တွေးကြံမိပါ၏။ သားရေနွယ်သည် သင်္ကန်း မဟုတ်သောကြောင့် တိစီဝရိတ်မပျက်ဟု မှတ်အပ်ကြောင်း ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီးထံပါးမှ သားရေနွယ်နှင့် စပ်လျဉ်း၍ မှတ်သားဖွယ် အဆုံးအမကို နာယူရပါသည်။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်း ဆရာတော်ဘုရားကြီးမှ မြစ်သား ဦးကောသလ္လသို့ အဖြေကျမ်းစာအုပ်။

* မဟာဝဂ္ဂပါဠိ (ဝိနယပိဋက)၊ သဗ္ဗစမ္မပဋိက္ခေပ (နှာ-၂၈၁)

## ၄၂။ နိဿဂ္ဂိထိုက်၍ စွန့်ထားသော ပစ္စည်းဘဏ္ဍာကို ပုံ့သကူအဖြစ်ကောက်ယူလျှင် အာပတ်သင့် မသင့်

နိဿဂ္ဂိထိုက်၍ ဝိနည်းအပြစ်ကြောင့် စွန့်ပစ်ထားသည့် ပစ္စည်းဘဏ္ဍာကို ပံ့သကူဆောင် မထေရ်တစ်ပါးက ကောက်ယူမည်ဆိုလျှင် ထိုသို့ ကောက်ယူနေစဉ်အခိုက်၌ ပံ့သကူသညာရှိပြီး ဖြစ်ပေလိမ့်မည်ဟု နဘူးကျောင်းတောရဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)က မိန့်တော်မူပါသည်။

"အနာပတ္တိ ဘိက္ခဝေ ပံသုကူလသညိဿ"ဟူ၍ ကျမ်းဂန်များ၌ အကြိမ်များစွာ လာရှိသောကြောင့် နိဿဂ္ဂိထိုက်၍ စွန့်ထားသော ပစ္စည်းဘဏ္ဍာများပင်ဖြစ်စေ ပံ့သကူသညာဖြင့်ပင် ကောက်ယူမည်ဆိုလျှင် အာပတ်မသင့်ဟု မှတ်အပ်၏။

သို့သော် ကောက်ယူသော ပစ္စည်းသည် နိဿဂ္ဂိထိုက်၍ စွန့်ထားသောပစ္စည်း ဖြစ်နေသဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်မသင့်ကိုကား ယခုကဲ့သို့ ပိုင်းခြားဝေဖန်၍ ပြတော်မူပါသည်။

နိဿဂ္ဂိပါစိတ်အာပတ် (၃၀)တို့ကို စွန့်ပြီး-

ကောက်ယူခွင့်ရှိ၊ ကောက်ယူခွင့်မရှိ၊ သုံးစွဲခွင့်ရှိ၊ သုံးစွဲခွင့်မရှိအားဖြင့် ခွဲခြားဝေဖန်လျှင် အုပ်စု (၃)စု ကွဲပြား၏။

### အုပ်စု (၃)စု

(က) ငွေကို ခံယူခြင်းနှင့် ငွေဖြင့်ဝယ်ယူသည့် ပစ္စည်း၊ ဤ(၂)ခုတို့သည် အုပ်စုတစ်စု။

(ခ) အခင်းသုံးခုနှင့် ဆေးတစ်ခု၊ ဤပစ္စည်း (၄)ခုတို့သည် အုပ်စု တစ်စု ဖြစ်ပြီး။

(ဂ) နိဿဂ္ဂိ(၃၀)၌ ကျန်ရှိသော (၂၄)ခုတို့သည် အုပ်စုတစ်စု ဖြစ်ပါ၏။

## ဤအုပ်စု (၃)မျိုးတို့တွင်-

✳ က-အုပ်စုဝင် (၂)ခုသော ပစ္စည်းတို့သည် စွန့်ပစ်ထိုက်၍ စွန့်ပစ်ထားသည်ကို မည်သည့် အမှတ်သညာနှင့်မျှ မကောက်ရ၊ မယူရ၊ ကောက်ယူလျှင် ထိုရဟန်းသည် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

✳ ခ-အုပ်စုဝင် (၄)ခုသော ပစ္စည်းတို့သည် စွန့်ပစ်ထိုက်၍ စွန့်ပစ်ထားသည်ကို ကောက်ယူနိုင်ပါသည်။ သို့ပါသော်လည်း မသုံးစွဲရ၊ သုံးစွဲလျှင် ဒုပ္ပရိဘောဂ ဒုက္ကဋ်အာပတ်သင့်၏။

✳ ဂ-အုပ်စုဝင် (၂၄)ပါးသော ပစ္စည်းတို့သည် စွန့်ပစ်ထိုက်၍ စွန့်ပစ်ထားသည်ကို ကောက်ယူ သုံးစွဲလျှင် နိဿဂ္ဂိပါစိတ် အာပတ်မသင့်ဟု မှတ်ပါ။

ထို့ပြင် "ပံသုကူလမ္ပိ နဝဋ္ဋတိ=ပံ့သကူလည်းမအပ်"ဟုဆိုသော စကားလည်း ရှိပါ၏။ ထိုအကြောင်းကို ဆက်လက်၍ ပြဆိုပေအံ့။

## ငွေကိုစွန့်ခြင်း

ငွေကို အလှူခံထားသော ရဟန်းသည် ငွေကို သံဃာ့အလယ်၌ စွန့်၏။ ထိုငွေကို လူတစ်ယောက်က ကောက်ယူပြီးလျှင် ထောပတ် ဆီ ပျားရည်နှင့် သပိတ်သကာန်းတို့ကိုဝယ်၍ ရဟန်းတို့အား ပေးလှူ

ပါက ငွေကို အလှူခံထားသော ရဟန်းမှတစ်ပါး ကျန်သော အလုံး စုံသော ရဟန်းတို့သည် ခွဲခြမ်းဝေဖန်၍ သုံးဆောင်ခြင်းငှာ အပ်ကုန် ၏။ ငွေကို အလှူခံမိသော ရဟန်းများကား လုံးဝမအပ်ပါ။

ပေးလှူသော ထိုပစ္စည်းများ မအပ်ရုံသာမကသေး၊ ထိုလူ တစ်ယောက်က ထောပတ် ဆီ ပျားနှင့် သပိတ်သကၤန်းတို့ကို ပံသုကူ ပစ်ထား၊ စွန့်ထားခဲ့ငြားအံ့၊ ထိုပံ့သကူ ပစ္စည်းတို့သည်ပင် ငွေကို အလှူခံ၍ စွန့်သော ထိုရဟန်းအား မအပ်ပါ။ ဤကဲ့သို့သော ပစ္စည်း မျိုးကို ရည်ရွယ်၍ "ပံသုကူလမ္ပိ နဝဋ္ဋတိ" ဟူသော စကားကို ဆိုခဲ့ခြင်း ဖြစ်ပါသည်ဟု ကျေးဇူးရှင် နဘူးကျောင်းတောရဆရာတော်ကြီးက မေးခွန်းရှင် အရှင်မြတ်များစိတ်ဝယ် ဘဝင်ကျသည်ထိ ဖြေကြား ပေးတော်မူပါသည်။

## ၄၃။ စတီး သပိတ် (ဝါ) ခွက် အပ်မအပ်ဝိနိစ္ဆယ

သံဃာတော်များသည် ယနေ့ခေတ်ကာလ၌ ယိုးဒယားမှ ဝင်လာသည့် စတီးသပိတ်ဖြူဖြူကို ကိုင်ဆောင်ကာ ဆွမ်းခံကြပါသည်။ အကယ်စင်စစ် မြေသပိတ်၊ သံသပိတ်မှာ အပ်စပ်ပါသော်လည်း စတီးသပိတ်၌ ကြေးဖြူစသည် ပါဝင်ခဲ့သော်ဟူသည့် သံသယဖြင့် ထိုသပိတ်ကို သပိတ်ဟု သတ်မှတ်ရမည် (ဝါ) ခွက်ဟုသတ်မှတ်ရမည် ကို အသိမရှင်း ဇဝေဇဝါဖြစ်တော်မူကြသည့် ဓူတင်ဆောင် မထေရ် မြတ်များက နဘူးကျောင်းဆရာတော်ထံပါး လျှောက်ထားရာတွင်-

### အပ်သည့်သပိတ်ဖြစ်ရန်မှာ

*"ဒန်၊ သတ္တု၊ ကြေးစသည်တို့ မရောနှောသော သံသက်သက်*

*စင်စင်ကြယ်ကြယ်ကို ရနိုင်ခဲသဖြင့် ကြေးဖြူလည်း ပါဝင်ရောနှော နိုင်သည်ဟု ထင်ပါ၏။ ထို့ကြောင့် အနည်းငယ်မျှ ပါဝင်ရုံမျှဖြင့် မအပ်ဟု မဆိုသင့်ပါ။ အပ်သော သပိတ်ဟုသာ ဆိုသင့်ပါ၏။ မိမိ ကလည်း အပ်သည်ဟု ယူဆပါ၏"*ဟု မိန့်တော်မူပါသည်။

အပ်သောသပိတ် ယူဆနိုင်ပါသော်လည်း မည်းနက်အောင် ပြုလုပ်မှသာ သပိတ်ဟု အဓိဋ္ဌာန် တင်လောက်မည်။ မည်းနက်အောင် မဖြစ်သေးလျှင် သပိတ်အဓိဋ္ဌာန် မတင်လောက်သေးပါ။ ခွက်မျှသာ ဖြစ်သေးသည်ဟု ယူဆပါ၏။ ဤ၌ ဆက်၍ဆိုပါဦးမည်. . .

## ခွက်နှင့် သပိတ်

ခွက်မျှသာဖြစ်သည်ဟု ဆိုခဲ့သော ထိုသပိတ်သည် ကြေးဖြူ အပါများလျှင်မူကား ကြေးဖြူခွက်ဟုပင် ခေါ်ရပေလိမ့်မည်။ (ယေဘုယျ နည်းကို) ထောက်ဆသင့်သည်ဟု ဆိုလိုပါ၏။ ဤကြေးဖြူ ခွက်သည် ရဟန်းတစ်ပါးပိုင် ပုဂ္ဂလိကအဖြစ်ဖြင့် မထားသင့်ပါ၊ မအပ်ပါ။ လူတို့၏ ဥစ္စာဖြစ်လျှင် သို့မဟုတ် သံဃိက သံဃာပိုင် ဖြစ်လျှင် အပ်၏။ ဆွမ်းထည့်၍ စားကောင်း၏ဟု ခုဒ္ဒသိက္ခာ၌ ဆို၏။

**"အကပ္ပါ ဖလိကာ ကာစ-ကံသဇာ ဂိဟိသန္တကာ။**

**သံဃိကာ ကပ္ပိယာ တုမ္ဗ-ဃဋီဇာ တာဝကာလိကာ"**

ဟုဆိုပါ၏။

---

**ကျမ်းညွှန်း**

* ထာလကနိဒ္ဒေသ ခုဒ္ဒသိက္ခာ (နှာ-၉)
* သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ တောင်တွင်းအရှင်စန္ဒိမာ၏ မေးခွန်း (နှာ-၇၉)
* ပတ္တသိက္ခာပဒ၊ နဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ၊ (နှာ-၃၅၃)

# ၄၄။ အာရညကင်စူတင်နှင့် ဥတု

တောရဆောက်တည်တော်မူပြီး ပုရိမဝါဆိုသော ရဟန်းအဖို့ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုတော်မူကြပါသည်။ ပစ္ဆိမ ဝါဆိုသော ရဟန်းအဖို့ တန်ဆောင်မုန်းလပြည့်နေ့၌ ဝါကျွတ်ပါသည်။ အာရညကင်စူတင်ဆောင်သည့် ရဟန်းအတွက်မူ ပုရိမဝါဆိုသည် ဖြစ်စေ၊ ပစ္ဆိမဝါဆိုသည်ဖြစ်စေ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက် အရုဏ်တက်ချိန်မှသာ တောဝါကျွတ်၏။

အကြောင်းမှာ တောရဆောက်တည်တော်မူကြသည့် စူတင် ဆောင် သူတော်မြတ်တို့သည် အာရညကင်စူတင်ကို မိုး ၄-လ၊ ဆောင်း ၄-လ၊ နွေ ၄-လ ဟူ၍ ဥတုသုံးလီကို တစ်ဥတုစီဖြစ်စေ၊ နှစ်ဥတုစီဖြစ်စေ၊ သုံးဥတုဖြစ်စေ တော၌ သီတင်းသုံးတော်မူလေ့ ရှိပါသည်။

ဝိနည်းတော်အရ ဥတုသုံးလီ ပိုင်းခြားထားပုံမှာ တပေါင်း လပြည့်ကျော် (၁)ရက်မှ ဝါဆိုလပြည့်အထိ ၄-လကို ဂိမှန္တ-နွေဥတု၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်း လပြည့်အထိ ၄-လကို ဝဿန္တ-မိုးဥတုနှင့် တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်မှ တပေါင်းလပြည့်အထိ ၄-လကို ဟေမန္တ-ဆောင်းဥတုဟူ၍ ကင်္ခါ ဝိတရဏီအဋ္ဌကထာ၌ လာရှိပါသည်။

ဤတွင် တစ်ဆက်တည်း ၄-လတာ အာရညကင်ဓုတင် ရပါက မုဒု အညံ့စားအဆင့်သာ ရှိပါသည်။ ၈-လလုံးလုံး ၂-ဥတု တစ်ဆက်တည်းရပါက မဇ္ဈိမ အလတ်စား ဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်ပါသည်။ ၁၂-လအပြည့် ၃-ဥတု တစ်ဆက် တစ်စပ်တည်း ရမှသာလျှင် အမြတ်စား ဥက္ကဋ္ဌ အာရညကင်ဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်ပါသည်။

*"တောဝါကို အခုလို အမြတ်စား၊ အလတ်စား၊ အညံ့စား ရနိုင်ကြောင်း အစကမသိသေးဘူး၊ ညောင်လွန့်က ကိုရင်တစ်ပါးကို မေးမှသိခဲ့ရတာ"*ဟု နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)က ကိုရင်၏ သင်ပြပေးမှုကို မမေ့မလျော့ အသိအမှတ်ပြုကာ မကြာခဏ မိန့်တော်မူလေ့ ရှိပါသည်။

*"ကျန်တဲ့ဓုတင်က မပျက်အောင် ဆောက်တည်ရတာ လွယ်သေးတယ်၊ ဒီအာရညကင်ဓုတင်က ၄-လ၊ ၈-လ၊ ၁၂-လ တစ်ဆက်ထဲ တစ်အရုဏ်မပျက်ရအောင်ကို စောင့်ရှောက်ရတာဆိုတော့ အခက်ဆုံးပဲ တစ်ရက်ပျက်ရင် အစကပြန်စရတယ်၊ ဝါက ကျိုးတာပဲရှိ၊ တောဝါကမကျိုးဘူး ပျက်သွားတာ။ ပျက်ရင်တော့ တစ်ကပြန်စ ရတယ်"*

---

**ကျမ်းညွှန်း**

* နိဒါနဝဏ္ဏနာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၈၉)

# ၄၅။ ပက်လက်ကုလားထိုင်ဖြင့် ကျိန်းခြင်းအပေါ် သဟသေယျအာပတ်နှင့် နိသဇ္ဇိဓူတင်အဆုံးအဖြတ်

သဟသေယျအာပတ်နှင့် နိသဇ္ဇိဓူတင်၏ ဆက်စပ်မှုမှာ အိပ်စက်ခြင်းပေါ်မူတည်ကာ အာပတ်ကိုလည်းကောင်း၊ ဓူတင်ကိုလည်းကောင်း ဆုံးဖြတ်ရလေသည်။ နိသဇ္ဇိဓူတင်ဟူသည် နေ့ရောညပါ ကြမ်းပြင်ပေါ်သို့ ကျောကုန်းနှင့် ခေါင်းအုံးပေါ်သို့ ဦးခေါင်းကို ထိကာ မအိပ်ပါဟု ဆောက်တည်ရသောအကျင့် ဖြစ်သည်။ မအိပ်ရုံသာမဟုတ်၊ နိုးလျက်လည်းကျောခင်း၍ မနေရ။ မောဟနှင့် ထိနမိဒ္ဓကို အပြတ်တိုက်သော အဓိဋ္ဌာန်နည်းတစ်မျိုးပင် ဖြစ်သည်။

သိမ်မွေ့လှသော ဤအဆုံးအဖြတ်ကို ကျေးဇူးရှင် နဘူးကျောင်းဆရာတော်(AD ၁၉၂၀-၂၀၀၄)ထံပါး မလေးရှားနိုင်ငံ၊ ပဲရပ်ပြည်နယ်၊ တိုင်ပင်မြို့ သာသနာ့ရက္ခတောရ (SBS) မှ မလေးရှားနိုင်ငံသားရဟန်းတော် အရှင်ဥတ္တမဝံသ (ခ) အရှင်အဂ္ဂစိတ္တက မေးလျှောက်ခဲ့ပါသဖြင့် ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကို သဘာဝယုတ္တိ၊ အာဂမယုတ္တိစုံဖြင့် မှတ်သားရပေသည်။

ဤနိသဇ္ဇိကဓူတင်၌ "သေယျံ ပဋိက္ခိပါမိ"ဟု ပယ်ထားသော သေယျ, ဒိဝါသေယျ, သဟသေယျ ဤသေယျသုံးပါးတို့သည် သေယျ အချင်းချင်း တူကုန်၏ဟု ယူပါ၏။ ဒိဝါသေယျအရာ၌ ကုတင်ညောင်စောင်းပေါ်မှာ ငုတ်တုတ်ထိုင်၍ အိပ်သောရဟန်းသည် ခြေထောက်တို့ကို မြေမှ မလွတ်စေမူ၍ အိပ်၏ဟု ဆိုထား၏။

## ဝိမတိဋီကာအဆို

ဤအချက်၌ ဝိမတိဋီကာဆရာက "ခြေထောက်မြေမှ မလွတ်သောကြောင့် အိပ်ရာမရောက်၊ သေယျမဖြစ်၊ အာပတ်မသင့်"ဟု ဆိုထား၏။ အကယ်၍ ခြေထောက်မြေမှ လွတ်လျှင် ဦးခေါင်းနှင့် ကျောကုန်းကို ခေါင်းအုံးအိပ်ရာ၌ ချပါက အိပ်ရာရောက်မည်၊ သေယျဖြစ်မည်၊ အာပတ်သင့်မည်ဟု အဓိပ္ပါယ် ဆိုက်ရောက်နေပါ၏။

ဤစကားများကို ထောက်ထား၍ အင်းပျဉ်ပေါ်မှာ ခြေထောက်ကို အောက်သို့ချကာ ငုတ်တုတ်ထိုင်လျက် အိပ်သောရဟန်း သေယျဖြစ်၊ မဖြစ်ကို ဆိုလတ္တံ့သော အစိတ်အင်္ဂါတို့ဖြင့် သိအပ်၏။

၁။ ခါးအထက် ကျောကုန်းကို ဆန့်တန်းထားခြင်း၊

၂။ ကျောကုန်းကို မြေ, အခင်း စသည်၌ ထိစေခြင်းနှင့်

၃။ ခြေထောက်တို့ကို မြေ၌ ထိထားရာမှ လွတ်စေခြင်းဟူသော ဤအင်္ဂါသုံးပါးညီလျှင် အိပ်ခြင်းဟု ခေါ်သော သေယျဖြစ်၏။

၁။ ခါးအထက် ကျောကုန်းကို ဆန့်တန်းမထားခြင်း၊

၂။ ကျောကုန်းကို မြေ, အခင်းစသည်၌ မထိစေခြင်းနှင့်

၃။ ခြေထောက်တို့ကို မြေ၌ထိထားရာမှ မလွတ်စေခြင်း ဤအင်္ဂါ သုံးပါးညီလျှင် အသေယျဖြစ်၏။ အိပ်ခြင်းသို့မရောက် သေယျ မဖြစ်ဟု ဆိုလိုပါ၏။ သေယျမဖြစ်လျှင် ရပ်-ထိုင်-သွား သုံးပါး တွင် တစ်ပါးပါးဖြစ်သည်ဟု မှတ်ယူအပ်၏။

## ဓူတင်ပျက်၊ မပျက်

ဒိဝါသေယျ သဟသေယျတို့၌ သေယျဖြစ်လျှင် အာပတ်သင့်၏။ မဖြစ်လျှင် အာပတ်မသင့်လွတ်၏။ နိသဇ္ဇိက ဓူတင်အရာ၌ သေယျဖြစ်လျှင် ဓူတင်ပျက်၏။ မဖြစ်လျှင်မပျက် ဤသို့လျှင် သိက္ခာပုဒ်နှင့် ဓူတင်အထူးကို မှတ်ယူအပ်၏။

ပက်လက်ကုလားထိုင်ဟူသောစကား၌ ပက်လက်ဟူသော စကားအရ လဲလျောင်းမှသာ ပက်လက် ဖြစ်နိုင်သည်။ ကုလားထိုင် ဟူသောစကားအရ ထိုင်၍ နေစရာ ထိုင်စရာဟု အဓိပ္ပါယ် ရောက်သည်။ ထိုစကားနှစ်ပိုဒ်သည် အချင်းချင်း ဆန့်ကျင်နေသည်ဟု ထင်ပါ၏။ ဆန့်ကျင်ပုံကား-

ပက်လက်ဟုဆိုလျှင် လဲလျောင်းခြင်းဖြစ်၏။ ထိုင်နေခြင်း မဟုတ်ပါ။ ကုလားထိုင်ဟုဆိုလျှင် ထိုင်နေရာ, ထိုင်ခြင်း နှစ်မျိုး ရသော နေရာဟုယူလျှင် သင့်လျော်ပါ၏။ သို့သော်လည်း ထိုနှစ်မျိုး တွင် ထိုင်ခြင်း အခိုက်အတန့်၌သာ နိသဇ္ဇိကဓူတင်နှင့် သင့်လျော်၏ လဲလျောင်းခြင်း အခိုက်အတန့်၌ကား နိသဇ္ဇိကဓူတင်နှင့် မသင့်လျော်ဟု မှတ်အပ်၏။

## ပက်လက်ကုလားထိုင်နှင့် ဓူတင်

ထို့ပြင် ယခုခေတ် ပက်လက်ကုလားထိုင်သည် ပက်လက် လန်လွန်းသည်၊ ထိုင်အိပ်ခြင်း မဟုတ်ဘဲ လဲလျောင်းအိပ်ခြင်း (နိပန္န သေယျ)သို့ ရောက်သည်ဟု ဆိုလောက်နေပါသည်။ ယင်းသို့ ရောက်လျှင် သေယျဖြစ်ထိုက်သော အင်္ဂါတို့တွင် ကျောကုန်းဆန့်တန်းခြင်း, ခါးအထက် ကျောကုန်းအခင်း၌ ထိခြင်းဟူသော အင်္ဂါနှစ်ပါးညီပြီး လျှင် ခြေထောက်မြေမှ လွတ်ခြင်း အင်္ဂါတစ်ပါးမျှသာ ကျန်တော့

သည်။ ခြေထောက် မြေမှလွတ်လျှင်ကား အင်္ဂါသုံးပါးပြည့်၍ သေယျ သို့ ရောက်ပြီးလျှင် နိသဇ္ဇိက ဓုတင်ပျက်ပြီဟု မှတ်သင့်၏။ ထို့ကြောင့် ပက်လက်ကုလားထိုင်၌ ထိုင်အိပ်ခြင်းကို မပြုသင့်ဟုယူပါ။ ပြုသင့် သည်ကိုလည်း ဆိုပေအံ့-

"နိသီဒိတွာ အပဿာယ သုပန္တဿ အနာပတ္တိ"ဟု စာ၌ လာသဖြင့် ကျောင်းနံရံကိုလည်းကောင်း၊ တိုင်ကိုလည်းကောင်း မှီ၍ ထိုင်လျက်အိပ်ခြင်းကိုကား ပြုသင့်ပါ၏။ ဤထိုင်အိပ်နည်းသည် ခြေထောက်ကို မြေမှမလွတ်အောင် သတိပြုစရာမလိုပါ။ အလိုလို မြေ၌ (ဝါ) အခင်းစသည်၌ ခြေထောက် ထိသောကြောင့်တည်း။ ခါးအထက် ကျောကုန်းကိုလည်း မြေအခင်း စသည်နှင့် မထိအောင် သတိပြုစရာမလိုဘဲ နံရံတိုင် စသည်၌ မှီထားသောကြောင့်တည်း။ ကျောကုန်းကိုလည်း ဆန့်တန်းထားခြင်းမရှိဘဲ ထိုင်နေသောအားဖြင့် တစ်ဆစ်ချိုး ကွေးနေသောကြောင့်တည်း။

ဆရာတော်ကြီးက ဆက်လက်ပြီး မိန့်ကြားတော်မူဖူးသည် မှာ "*ခြေထောက် မြေကြီးကနေမလွတ်ရင် ဓုတင်မပျက်ဘူးဆိုတဲ့ နေရာ မှာ သေယျမဖြစ်လို့ပါပဲ။ ဒီနေရာမှာ ခြေထောက်နှစ်ချောင်းလုံးက မြေကြီးကို တစ်ဆက်ထဲထိနေရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ တစ်ချောင်းက မြေကြီးထိထားပြီး ကျန်တဲ့တစ်ချောင်းက အညောင်း ဆန့်ရင်း မြေကြီးကနေ လွတ်သွားရင်လည်း နိသဇ္ဇိဓုတင်မပျက်ဘူး။ ခြေထောက်နှစ်ချောင်းလုံး မြေကြီးကနေ လွတ်သွားတာနှင့် ဓုတင် ပျက်ပါတယ်။*"

---

**ကျမ်းညွှန်း** ⁕ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဝိနီတဝတ္ထုဝဏ္ဏနာ (နှာ-၂၄၅)
⁕ ဝိမတိဝိနောဒနီဋီကာတွဲ (၁) (နှာ-၁၆၂)
⁕ သာသနဓဇသိရိပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ မလေးရှားဆရာတော် ဦးဥတ္တမဝံသ၏ပုစ္ဆာ (နှာ-၁၀-၁၁-၁၂)

# ၄၆။ တောရဆောက်တည်ကာ ရှုတင်ဆောင်လိုကြသည့် ရဟန်းမြတ်များအတွက် တောကျောင်းအင်္ဂါရပ်များ

ကျေးဇူးရှင် နဘူးကျင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄) သည် တော၌ နှစ်ပေါင်းများစွာ လှည့်လည် သီတင်းသုံးတော်မူခဲ့ပြီး တော၌ပင် တစ်ဘ၀ နိဂုံးချုပ်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် တောရဆောက်တည်ကာ နေလိုတော်မူကြသည့် နှောင်းခေတ် လဇ္ဇီသူမွန် ရဟန်းကောင်းများ မှတ်သားသိရှိနိုင်ရန် အဆုံးအမကောင်းများစွာကို လက်တွေ့ သင်ကြားပြသပေးတော်မူခဲ့ပါသည်။

တောသို့သွားသော ရဟန်းမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ပါသွားသင့်ပေသည်။ မဟိစ္ဆာခေါ်၊ လောဘတဏှာကား ပါမသွားသင့်သော တရားဖြစ်ပါ၏။

သိရှိထားရမည့် အချက်များမှာ ရွာနှင့် တောရကျောင်းအကွာအဝေး တာ (၅၀၀)ကျော်၊ ပေ (၃၀၀၀) ကျော် ရှိသင့်သည်ကို သိထားရမည်။ ထို့ပြင် ကောင်းကင်ရှိ နက္ခတ်တာရာတို့ကို အလုံးစုံ မသိသော်လည်း အနည်းငယ်မျှကိုကား သိထားရမည်။

မည်ကဲ့သို့သော တောမျိုးတွင် နေထိုင်သင့်သနည်း? မေးခွန်းအဖြေကား-

"ရေနီး ရွာနီး၊ လမ်းကောင်းပြီး
တသီး ဆိတ်ငြိမ်ကျောင်း"ပင် ဖြစ်ပါ၏။

ရေနီးဟူသည် ရေအမြဲစီးဆင်းသော ချောင်းနှင့် နီးခြင်း သို့မဟုတ်ပါက မြစ်နှင့်နီးခြင်း သို့မဟုတ်ပါက မြေကြီး၌ တွင်းတူးလျှင် (၁၀-တောင် ၁၅-ပေ) ခန့်၌ပင် ရေထွက်ခြင်း ဤ ၃-မျိုး တစ်ခုခု ရှိလျှင် ရေနီးသည်မည်၏။

ရွာနီးဟူသည် ၄-တောင် ၆-ပေရှိသော တာဖြင့် တာ(၅၅၀) တာ(၇၀၀) တာ(၈၀၀)၊ ပေ(၃၃၀၀) ပေ(၄၂၀၀) ပေ(၄၈၀၀) ရှိသော ရွာသည် ရွာနီးမည်၏။

လမ်းကောင်းဟူသည် ချောက်ကမ်းပါးပြတ်သို့ ဆင်းသွားသော လမ်း, တောင်ကြီးပေါ်သို့ တက်သွားရသောလမ်း, ဤလမ်းမျိုး မဟုတ်လျှင် လမ်းကောင်းဟုပင် ဆိုလောက်ပါ၏။

ဆိတ်ငြိမ်ဟူသည် မော်တော်ကား ယာဉ်များသွားသော လမ်းရှည် စသည်နှင့် မြို့ကြီးများနှင့် မနီးမကပ်လျှင် ဆိတ်ငြိမ်သည် မည်၏။ ဤကဲ့သို့ ဆိတ်ငြိမ်သော တောရကျောင်း၌ နေထိုင်သင့်ပါ၏။

သို့သော် ဤလေးပါးသော အင်္ဂါစုံညီညွတ်သည့် တောရကျောင်းဟူသည် ယနေ့ အလွန်ပင် ရှားပါးလှကြောင်းကိုလည်း သြဝါဒပြုတော်မူရင်း တစ်ဆက်တည်း မိန့်ကြားတော်မူပါသည်။

# ၄၇။ ဆွမ်းတင်ဆောင်ရန် သင်္ခါတရား ထက်သန်တော်မူကြသည့် အရှင်မြတ်များ ကောင်လေ့လာရမည့် အကြောင်းအရာများ

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄) အား တောင်တွင်းအရှင်စန္ဒိမာက ဓူတင်ဆိုင်ရာ ပုစ္ဆာများကို မေးမြန်း လျှောက်ထားခဲ့ဖူးပါသည်။

ပုစ္ဆာရှင် အရှင်မြတ်၏ရင်ထဲမှ ထွက်ပေါ်လာသည့် အကျင့် စရဏဆိုင်ရာ မေးခွန်းတို့ကို ဓူတင်အရာ၌ ယနေ့ခေတ်၏ အရှင် မဟာကဿပအလား တင်စားကာ ကြည်ညိုမဆုံးဖြစ်ရသည့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်က ဖြေကြားပေးတော်မူသည်။ ဓူတင်ဆိုင်ရာ အဆုံးအဖြတ်များသည် နောင် အစားထိုးရန် မရနိုင်လောက်သည့် ရတနာများပေတည်း။

**မေး** = ရဟန်းတစ်ပါးသည် အစဉ်သဖြင့် ဆွမ်းခံခဲ့ပြီးနောက် မိမိ၏ဆွေမျိုးအိမ်တွင် ဆွမ်းဘုဉ်းပေးပါက မည်သည့်ဓူတင် ပျက်ပါ သလဲဘုရား။

**ဖြေ** = ရှေးအခါက ရွာတွင်းမှာ ဆွမ်းစားဇရပ် ရှိတတ်ပါ၏။ အာသနသာလာဟု ခေါ်ကြသည်။ ဆွေမျိုးအိမ်သည် ရွာတွင်း ဆွမ်းစားဇရပ်နှင့် တူသည်ဟု ယူဆပါ၏။ အာသနသာလာခေါ် ရွာတွင်း ဆွမ်းစားဇရပ်နှင့်တူသော ဆွေမျိုးအိမ်၌ ဆွမ်းစားသော ရဟန်းမှာ မည်သည့်ဓူတင်မျှ မပျက်ဟု မှတ်သင့်ပါ၏။

**မေး** = ခရီးသွားရင်း ဆွမ်းခံကြွရန်ပြင်နေသခိုက် ဒါယကာက အိမ်သို့ပင့်၍ သပိတ်၌ လောင်းလှူသော ဆွမ်းကို ထိုအိမ်မှာပင် သုံးဆောင်ပါက မည်သည့်ဓုတင် ပျက်ပါသလဲဘုရား။

**ဖြေ** = ပိဏ္ဍပါတိက ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုဟူ၍ (၃)မျိုးရှိပါ၏။ ထို(၃)မျိုး တို့တွင် အိမ်သို့ပင့်သည်ကို လိုက်သွား၍ ဆွမ်းကိုခံယူသော ထိုရဟန်းသည် ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျရုံသာ ဖြစ်ပါသည်။ ပိဏ္ဍပါတိကဓုတင် ပျက်စီးခြင်းမဖြစ်ပါဟု မှတ်အပ်၍ ထိုမှတစ်ပါး သပဒါနစာရိက ဓုတင်ဆောင် ပုဂ္ဂိုလ်သည်လည်း ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျခြင်း စသည် ဖြစ်နိုင်သည်ဟု မှတ်လေ။

**မေး** = ခရီးသွားရင်း မိမိ၏ မိဘဆွေမျိုးအိမ်တွင် ဝင်ရောက်၍ သပိတ်ဖြင့်ပင် အကပ်ခံ၍ ဘုဉ်းပေးသောရဟန်း မည်သည့်ဓုတင် ပျက်ပါသလဲဘုရား။

**ဖြေ** = မေးခွန်းပါရဟန်းသည် ပိဏ္ဍပါတိက ဓုတင်မပျက်ပါ။ အကြောင်းမှာ အတိရေကလာဘ် မဟုတ်သောကြောင့်ဟု ဖြေလိုပါ၏။ သို့သော်လည်း ထိုရဟန်းသည် ကောင်းသောဆွမ်းနှင့် များသော ဆွမ်းကို အလိုရှိ၍ မိဘဆွေမျိုးအိမ်သို့ ဝင်ရောက်ခြင်း ဖြစ်ပါမူကား သပဒါနစာရိကဓုတင် ပျက်၏။ နံနက် ခရီးမထွက်မီ ဆွမ်းတစ်ထပ်စားခဲ့ပြီး၍ ယခုလမ်းမှာ ဒုတိယအကြိမ် စားခြင်းဖြစ်လျှင် ဧကာသနိကဓုတင် ပျက်၏။ ခရီးသွားရင်း လမ်းမှာ စားသော ခွက်သည် ဒုတိယဘာဇန နှစ်ခုမြောက်ခွက်ဖြစ်လျှင် ပတ္တပိဏ်ဓုတင် ပျက်၏။ ခရီးမထွက်သေးခင် နံနက်ဆွမ်းစားစဉ်က ပဝါရိတ် သင့်

ထားလျှင် ယခု နောက်တစ်ကြိမ် စားခြင်းကြောင့် ခလုပစ္စာဘတ္တိက ဓူတင်ပျက်၏။

**မေး** = သပိတ်အတွင်း၌ ဆွမ်းခဲဖွယ်တို့ကို သုံးဆောင်ပြီး နောက် သပိတ်ကို ဆေးကြောခိုင်းပြီးလျှင် ထိုနေရာ၌ပင် ထိုသပိတ် အတွင်း ဘောဇဉ်တို့ကို ထည့်(စေ)၍ ဘုဉ်းပေးလျှင် ပတ္တပိဏ္ဍိကဓူတင် ပျက်ပါသလားဘုရား။

**ဖြေ** = ဤမေးခွန်း၌ စိစစ်စရာ ရှိနေပါ၏။ ရှိနေပုံကား ဘောဇဉ်တို့ကို ထည့်၍ဟူသောစကား၌ ဤရဟန်းသည် ဘောဇဉ် သစ်ရှိသော ဒုတိယခွက်ကို ကိုယ်တိုင်အကပ်ခံ၍ ခွက်ထဲမှ ဘောဇဉ် သစ်ကို သပိတ်အတွင်းသို့ ထည့်သည်ဟု အဓိပ္ပါယ် ဆိုက်ရောက် နေပါ၏။ ဤကဲ့သို့ ဖြစ်လျှင်မူကား ဒုတိယဘာဇနကို အကပ်ခံသော ကြောင့် ပတ္တပိဏ္ဍိကဓူတင်ပျက်သည်ဟု ခိုင်မြဲစွာ မှတ်အပ်၏။

ဆိုခဲ့သည့်အတိုင်း မဟုတ်မူ၍ “ဘောဇဉ်တို့ကို ထည့်စေ၍” ဟု ဆိုလျှင်ကား လူသာမဏေတို့ကို အထည့်ခိုင်း၍ ထည့်သော ဘောဇဉ်တို့ကို ဘုဉ်းပေးလျှင် ပတ္တပိဏ္ဍိကဓူတင် ပျက်ပါသလားဟု မေးသောမေးခွန်း ဖြစ်နေပါသည်။ ဤနည်းကြောင့် မေးခွန်း၌ (စေ)ဟူသော စကားကို ထည့်ခြင်းဖြစ်ပါ၏။ ဤကား မေးခွန်းကို စိစစ်ပုံ ဖြစ်ပါသတည်း။

အဖြေကို ဆိုပါဦးမည်။ ဤ၌ စိစစ်ထားသော မေးခွန်း အတိုင်း ဖြစ်ပါမူကား ပတ္တပိဏ္ဍိကဓူတင် မပျက်ပါ။ ဒုတိယဘာဇနကို သာယာခြင်း လက်ခံခြင်း မရှိသောကြောင့်တည်း။ ဓူတင် မပျက် သော်လည်း ကိစ္စများသောကြောင့် ဤနည်းကို မနှစ်သက်ထိုက်ဟု

ဆိုချင်ပါ၏။ ပယ်ပုံအစီအစဉ်ကို ထောက်ဆကြည့်လျှင်လည်း နှစ်ကြိမ် ဖြစ်နေသောကြောင့် ဤနည်းကို မနှစ်သက်နိုင်ပါ။ ပယ်ပုံအစဉ်ကား (က)နေရာများစွာ၌ စားခြင်းကိုပယ်၍ (၁)နေရာတည်း၌ စားခြင်းကို ပြုကြသည်။ (ကောသနိက်ခေါ်၏) (ခ)ခွက်ပေါင်းများစွာ၌ စားခြင်း ကို ပယ်၍ (၁)ခွက်တည်း၌ စားခြင်းကိုပြုကြသည် (ပတ္တပိဏ်ခေါ်၏) (၁)နေရာတည်း (၁)ခွက်တည်းဟု (၁)ဖြစ်အောင် အကျဉ်းချုံး ခဲ့ကြ သည်။ ဤမေးခွန်းပါနည်း၌ကား (၁)နေရာတည်း (၁)ခွက်တည်း ဖြစ်လျက်၊ (၂)ကြိမ်ဖြစ်နေပါသည်။ (၁)ဖြစ်အောင်လုပ်ပြီးမှ (၂) ဖြစ်နေခြင်းကို မနှစ်သက်ပါဟု ဆိုပါ၏။

**မေး** = ကောသနိက်ဓုတင်ဆောင်ထားသော ရဟန်းသည် နံနက်ပိုင်းတွင် ဆေးအဖြစ် (ဇီးဖြူဖန်ခါး) အစရှိသော သစ်သီးကို စားသုံးပါက ဓုတင်ပျက်ပါသလားဘုရား။ ထိုရဟန်းသည်ပင် ည နေပိုင်းတွင် ဆာလောင်မွတ်သိပ်သဖြင့် အဖျော်ရည်အကပ်ခံ သောက်သုံးပါက ဓုတင်ပျက်ပါသလားဘုရား။

**ဖြေ** = ကောသနိက်အရာ၌ ယာဝကာလိက ဘောဇဉ်ဖြင့်သာ ဆုံးဖြတ်ပိုင်းခြားအပ်၏။ ယာဝကာလိက ဘောဇဉ်ကို တစ်နေရာ၌ စားပြီး၍ နောက်တစ်နေရာ၌ စားလျှင်သာ ဓုတင်ပျက်၏။ ကျန် ကာလိက (၃)ပါးကို စားခြင်းကြောင့် ဓုတင်မပျက်ဟု မှတ်ရာ၏။

## ဤ၌ ကာလိက(၄)ပါးကို အကျဉ်းပြသင့်ပေ၏။

၁။ ဆွမ်းဘောဇဉ်ငါးပါးသည် ယာဝကာလိကမည်၏။ မွန်း တည့်ချိန်အထိ စားအပ်၏။

၂။ သပြေသီးဖျော်ရည် စသည်သည် ယာမကာလိကမည်၏။ အရုဏ်တက်ချိန်အထိ သောက်အပ်၏။

၃။ ထောပတ် စသည်သည် သတ္တာဟကာလိကမည်၏။ (၇) အရုဏ်တက်ခါနီးအထိ စားအပ်၏။

၄။ ဇီးဖြူဖန်ခါးစသည်သည် ယာဝဇီဝိကမည်၏။ တစ်သက်ပတ်လုံး စားအပ်၏။

**မှတ်ချက်**။ ။ စားအပ်၊ သောက်အပ်၏ဟု ဆိုသော်လည်း အကြောင်းမဲ့လျှင် မအပ်ပါ၊ အကြောင်းရှိမှသာ အပ်ပါ၏။ အကြောင်းကား ပိပါသ-ဆာလောင်မွတ်သိပ်သော အကြောင်းရှိမှ ယာမ-အဖျော်ကို သောက်အပ်၏။ ဂေလည အနာရောဂါ ဟူသော အကြောင်းရှိမှ သတ္တာဟနှင့် ဇီဝိကတို့ကို စားအပ်၏ဟု မှတ်ရာ၏။

**မေး** = သပဒါနစာရိက ဓုတင်ဆောင်ရဟန်းသည် မိမိကျန်းမာရေးနှင့် မလျော်ကန်သည့် ဆွမ်းလျာအား (ကို) မခံယူဘဲ ကျော်သွားလျှင် (သို့မဟုတ်) ခံယူပြီးမှ မစားမီ စွန့်ပစ်လိုက်လျှင် ဓုတင်ပျက်ပါသလားဘုရား။

**ဖြေ** = သပဒါနစာရိက ဓုတင်ဆောင်ရဟန်းသည် မကောင်းသော ဘောဇဉ်, မများသော ဘောဇဉ်ကို လောင်းလှူသောအိမ်ကို ကျော်လွန်၍ အကောင်းနှင့် အများဘောဇဉ်ကို လောင်းလှူသော အိမ်သို့ သွားခံယူလျှင် ဓုတင်ပျက်၏ဟု ဓုတင်္ဂဝိနိစ္ဆယကျမ်း၌ ဆို၏။

ကျန်းမာရေးကို အကြောင်းပြု၍ ကျော်လွန်သွားခြင်းသည် ဓုတင်ပျက်ကြောင်းကို ရှောင်လွှဲသကဲ့သို့ ပြုလုပ်သည်ဟု ထင်မိ၏။

သို့သော်လည်း "ရှောင်ကာမှ အတွဲ့တိုးမိ"ဟူသော မြန်မာလူမျိုးတို့ စကားပုံကဲ့သို့ ဤ၌အတွဲ့(အတည့်) တိုးမိသွား၏။ တိုးမိပုံက ကျန်းမာရေးနှင့် မလျော်ကန်သည့် ဆွမ်း ဟင်းလျာဟူသည်မှာ ထိုရဟန်းအတွက် မကောင်းသော ဘောဇဉ်များပင် ဖြစ်ပေ၏။ ထိုဘောဇဉ်များ မခံမယူလိုသဖြင့် ထိုရပ်ကွက်ကို ကျော်လွန်သွားခြင်း ဖြစ်ရကား ဓုတင်ပျက်ကြောင်းကို တည့်တည့် တိုးမိပေတော့၏။ ထို့ကြောင့် သပဒါနစာရိက ဓုတင်ပျက်သည်ဟု ယူဆပါ၏။ မစားဘဲ စွန့်ပစ်လိုက်ခြင်းသည် ဤဓုတင်နှင့် မဆိုင်ပါ။

နဘူးကျောင်းဆရာတော်ကြီးသည် အမှန်ပင် ပညာရှိသူတော်ကောင်းကြီး မည်ပါပေသည်။ "ယထာဝါဒီ ခေါ ပန သော ဘဂဝါ တထာကာရီ, ယထာကာရီ တထာဝါဒီ, ဣတိယထာဝါဒီ တထာကာရီ, ယထာကာရီ တထာဝါဒီ" ဟူသည့်အတိုင်း သိကြားမင်းက မြတ်စွာဘုရား၏ဂုဏ်ကို နတ်သဘင်၌ ချီးကျူးသည့်နှယ် မြတ်စွာဘုရား၏ တပည့်သားဖြစ်သည့် နဘူးကျောင်းဆရာတော်ကြီးသည်လည်း ဟောသည့်အတိုင်း ပြုကျင့်တော်မူပြီး ပြုကျင့်သည့်အတိုင်းပင် ဟောပြောလေ့ ရှိပါသည်။

စိတ်ရှည်သည်းခံကာ မေးမြန်းသူ၏ ယုံမှားမှုကင်း၊ အမြင်ရှင်းသည့်တိုင် ဖြေကြားပေးနိုင်မည့် အလားတူ ဆရာတော်ဘုရားကြီးပေါင်းများစွာ ဤသာသနာတော်၌ စဉ်ဆက်မပြတ် ပေါ်ထွက်နိုင်ပါစေဟု အာသာဆန္ဒ လွန်ပင် ပြင်းပြဖြစ်ခဲ့ရပါသည်။

---

**ကျမ်းညွှန်း**

* မဟာဝဂ္ဂပါဠိ၊ အဋ္ဌယထာဘူစ္စဝဏ္ဏ (နှာ-၁၇၉)
* သိမ်းဆောင်(ရမည်းသင်း)၏ဆန္ဒ နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိဿရမထေရ်မြတ်၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး၊ (၂၀၁၁-ခု) ပထမအကြိမ်။ (နှာ-၂၅၀)
* မှန်တောင်ဆရာတော်၏ အမှာစာ (နှာ-ဋ) ၂၀၁၁-ခု၊ ပထမအကြိမ်။

# ၄၈။ သူ့သာန် ဓူတင်ရရန် တောရကျောင်းဝင်းအတွင်း လူ့သေကောင်မြှုပ်ကြ၊ ဖုတ်ကြသည်

ဓူတင်ဆောက်တည်ခြင်းကြောင့် အလိုနည်းခြင်း (အပ္ပိစ္ဆတာဂုဏ်)နှင့် ရောင့်ရဲလွယ်ခြင်း (သန္တုဋ္ဌိတာဂုဏ်) တို့ကြောင့် ရဟန်းသီလ ဖြူစင်၏။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလပင် ရဟန်းတော်များ ဓူတင်ကျင့်ခဲ့ကြပါသည်။ ယနေ့ သာသနာတော် ၂၅၀၀-ကျော်ခဲ့ပြီ ဖြစ်ပါသော်လည်း မြန်မာ့မြေပေါ်တွင် မြတ်ဘုရား၏ တပည့်ရဟန်းတော်များ ဓူတင်အကျင့်ကို မြတ်နိုးစွာဖြင့် ကျင့်သုံးလျက်ပင် ရှိပါသေးသည်။ ဓူတင် (၁၃)ပါး ရှိ၏။

## ဓူတင် (၁၃)ပါး

၁။ ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို စွန့်လျက် ပံ့သကူ သင်္ကန်းကို ဆောင်ခြင်းဟူသော (ပံ့သကူဓူတင်)

၂။ လေးထည်မြောက်သင်္ကန်းကို စွန့်လျက် သုံးထည်သော သင်္ကန်းကိုသာ ဆောင်ခြင်းဟူသော (တိစီဝရိတ်ဓူတင်)

၃။ လာဘ်ပို လာဘ်လျှံကို ပယ်၍ ဆွမ်းခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း (ပိဏ္ဍပါတ်ဓူတင်)

၄။ လှျပ်ပေါ်လော်လီ အိမ်စဉ်ကျော်၍ ခံယူခြင်းကို ပယ်လျက် အိမ်စဉ်မကျော်မလှပ် ရပ်၍ရသောဆွမ်းကို သုံးဆောင်ခြင်း (သပဒါနစာရိကဓူတင်)

၅။ နေရာအထူးထူး၌ စားခြင်းကို ပယ်လျက် တစ်ထိုင် တစ်နေရာ တည်း၌ စားခြင်းကိုဆောင်ခြင်း (ဧကာသနိက်ဓူတင်)

၆။ နှစ်ခွက်မြောက်သော ဆွမ်းဟင်းကို ပယ်၍ တစ်ခွက်တည်း နှင့်သာ သုံးဆောင်ခြင်း (ပတ္တပိုဏ်ဍိကဓုတင်)

၇။ ဆွမ်းစပြီး စားနေစဉ် ကပ်လာသောဘောဇဉ်ကို တော်ပြီ တန်ပြီ ဆိုပြီး ကပ်ယူစားခြင်းကို ပယ်ခြင်း (ခလုပစ္ဆာဘတ်ဓုတင်)

၈။ ဂါမဝါသီ ကျောင်းသခ်မ်းကို ပယ်၍ တောရကျောင်း၌ နေခြင်းကို ဆောက်တည်ခြင်း (အာရညကင်ဓုတင်)

၉။ အမိုးအကာရှိသောကျောင်းကို ပယ်လျက် သစ်ပင်ရင်း၌ နေခြင်း (ရုက္ခမူဓုတင်)

၁၀။ အမိုးအကာရှိသောကျောင်းကို ပယ်၍ လွင်တီးခေါင်၌ နေခြင်း (အဗ္ဘောကာသိကဓုတင်)

၁၁။ သုသာန်မဟုတ်သောနေရာကို ပယ်လျက် သုသာန်၌ နေခြင်း (သုသာန်ဓုတင်)

၁၂။ နေရာကောင်း ကျောင်းဆောင်ကို ပယ်၍ ဖြစ်စဉ်အတိုင်း နေခြင်း (ယထာသန္တတိဓုတင်)

၁၃။ အိပ်ခြင်းကို ပယ်၍ ထခြင်း၊ ထိုင်ခြင်း၊ စင်္ကြံသွားခြင်းကို ဆောင်ခြင်း (နိသဇ္ဇဓုတင်)တို့ ဖြစ်၏။

## သုသာန်ဓုတင်ဆောင်မည့် ရဟန်းတို့ လိုက်နာရမည့် စည်းကမ်းများ

ဓုတင် (၁၃)ပါးအနက် သုသာန်ဓုတင်ကို ကျင့်ရန်မှာမူ ဓုတင် ဆောင် ရဟန်းတော်များအတွက် ရံခါ အခက်အခဲများ ကြုံရတတ် ပါသည်။ ထို့ကြောင့် သုသာန်ဓုတင်ဆောင်မည့် ရဟန်းများ လိုက် နာရန် သတိမှတ်ချက်များစွာ စာပေ၌ လာရှိပါသည်။

(၁) မြို့သစ်၊ ရွာသစ်တည်ထောင်သောလူတို့က သုသာန်ဟု သတ်မှတ်ထားကာမျှဖြင့် သူသေကောင်မဖုတ်၊ မမြှုပ်ရသေးလျှင် သုသာန်မဖြစ်သေးပါ၊ သူသေကောင်ဖုတ်၊ မြှုပ်ပြီးသောကာလမှ (၁၂)နှစ် ကြာသည့်တိုင် လူသေကောင်မဖုတ်၊ မမြှုပ်တော့ဘဲ စွန့်ပစ်ထားစေကာမူ သုသာန်ဖြစ်၏။

(၂) သုသာန်ဓုတင်ဆောင်ရဟန်းသည် သုသာန်၌ စင်္ကြံမကျောင်းဆောက်လုပ်စေ၍ ညောင်စောင်း၊ အင်းပျဉ်၊ ကုတင်တို့ကို ခင်း၍ သောက်ရေ သုံးဆောင်ရေ တည်ထားလျက် တရားစာပေ သင်ကြားပို့ချကာ ထယ်ထယ်ဝါဝါ မနေသင့်ပါ။

(၃) သုသာန်ဓုတင်သည် ဆောင်နိုင်ရန် ခဲယဉ်း၍ ဝန်လေးလှ၏။ သို့အတွက် ဖြစ်လာလတ္တံ့သော ဘေးရန်တို့ကို ပယ်ဖျောက်ခြင်းငှာ သံဃာ့ထေရ်ကိုလည်းကောင်း၊ ရွာလူကြီးတို့ကို လည်းကောင်း မိမိသည် သုသာန်၌ အခါအားလျော်စွာ နေလေ့ရှိသည့် အကြောင်းကို သိစေပြီး ဘေးရန်အန္တရာယ် မတွေ့ရလေအောင် မမေ့မလျော့ သတိဝီရိယထားကာ နေအပ်၏။ အကြောင်းရင်းကား သုသာန်မည်သည် မကောင်းမှုကို ပြုလုပ်လိုသူတို့လည်း ပုန်းခိုဝင်ရောက်ရာ နေရာဖြစ်လေသည်။ သူခိုးတို့လည်း လာရောက်နိုင်သကဲ့သို့ ဥစ္စာရှင်နှင့် ရပ်ကွက်လူကြီးတို့လည်း လိုက်လာနိုင်ပါသည်။ ထိုအခါ သူခိုးက ခိုးထုပ် ခိုးထည်ကို သုသာန်အတွင်း ပစ်ချထားခဲ့လျှင် ရဟန်းကို သူခိုးဟုစွပ်စွဲကာ ဘေးရန် ကျရောက်နိုင်သောကြောင့် ရွာသူကြီး၊ သံဃာ့ထေရ်တို့ကို ကြိုတင်ကာ

ပန်ကြားထားရခြင်း ဖြစ်ပါသည်။ လိုအပ်လာပါက သူတို့အနေဖြင့် ဓူတင်ဆောင်ရဟန်းကို သက်သေအရာ ရပ်တည်ကာ ကူညီပေးပေလိမ့်မည်။

(၄) စကြံသွားလျှင် ထက်ဝက်သောမျက်စိဖြင့် သူသေကောင် ဖုတ်သည့်နေရာ၊ မြှုပ်သည့်နေရာကို ငဲ့ကြည့်ကာ သွားအပ်၏။

(၅) သုသာန်သို့သွားသည့်အခါ လမ်းမကြီးက မသွားဘဲ မိမိကို သုသာန်ဓူတင်ဆောင်ပုဂ္ဂိုလ်ဟု မသိအောင် လမ်းငယ်ဖြင့်သာ လျှို့ဝှက်၍ သွားအပ်၏။

(၆) နေ့အခါ၌ သစ်ငုတ်၊ သစ်ပင်၊ တောင်ပို့ မို့မို့မည်းမည်း မြင်ကောင်းသော အာရုံတို့ကို ပိုင်းခြား မှတ်သားထားရမည်။ သို့မှသာလျှင် ထိုသစ်ငုတ်စသော အရာတို့သည် ညဉ့်အခါ၌ ထိုပုဂ္ဂိုလ်ကို ခြောက်လှန့်သောအာရုံများ မဖြစ်ဘဲ ရှိလိမ့်မည်။

(၇) ညဉ့်အခါ ဘီလူးသဘက်တို့က မြည်တမ်းဟစ်ကြွေး၍ လှည့်လည် သွားလာကုန်သည်ရှိသော် ဓူတင်ဆောင်ပုဂ္ဂိုလ်က လုံတန်၊ အုတ်ခဲ၊ ကျောက်ခဲတို့ဖြင့် မပစ်ခတ်ရပါ။

(၈) သုသာန်သို့ တစ်နေ့မျှမသွားဘဲ မနေသင့်။ သုသာန်၌ မဇ္ဈိမယံကို ကုန်စေ၍ ပစ္ဆိမယံ၌ သုသာန်မှ ဖဲခွာခြင်းငှာ သင့်၏ဟု အင်္ဂုတ္တိုရ်ဘာဏကဆရာတို့က ဆိုကြ၏။

(၉) ဘီလူးသဘက်တို့ ကြိုက်နှစ်သက်တတ်သည့် ဆီထွေး၊ နှမ်းလှော်၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့ရည်၊ ဆီ၊ တင်လဲ စသည့် စားဘွယ်၊ ခဲဖွယ်တို့ကို မမှီဝဲအပ်။

(၁၀) သုသာန်မှအပြန်တွင် ဒါယကာတို့၏ အိမ်သို့ မဝင်အပ်ပေ။

## တောရကျောင်းဝင်းအတွင်း၌ လူသေကောင်များသင်္ဂြိုဟ်

ဤသို့ သတ်မှတ်ချက်များသည့်အပြင် ဘေးရန်အန္တရာယ်လည်းများလှသောကြောင့် ဓုတင်ဆောင် ရဟန်းတော်များ သုသာန်ဓုတင်ကို ချမ်းသာစွာ ဆောင်နိုင်ရန်အတွက် နဘူးကျင်းဆရာတော်ဘုရားကြီးက တောရကျောင်းဝင်းအတွင်း လူသေကောင်များ သင်္ဂြိုဟ်မြှုပ်နှံစေတော်မူပါသည်။

"*လူသေကောင်တစ်ခု မြှုပ်ပြီး (၁၂)နှစ်တိုင်တိုင် သုသာန်အင်္ဂါ မပျက်ဘူး၊ (၁၂)နှစ်တာကာလ မပြည့်ခင် နောက်အလောင်းကြုံလို့ မြှုပ်နိုင်ရင် ဆက်ပြီး သုသာန်ဖြစ်နေတော့တာပေါ့ဘုရား*"ဟု မိန့်တော်မူဖူးပါသည်။

"*မြှုပ်မှပဲ သုသာန်အင်္ဂါ ပြည့်စုံတာပါလားဘုရား*" "*မြှုပ်မှ ရယ်လို့ မဟုတ်ပါဘူး။ မီးရှို့ရင်လည်း အင်္ဂါရတာပါပဲ*" "*ထန်းတစ်ပင် တောရကျောင်းမှာ အလောင်းဘယ်လောက်များ မြှုပ်ထားပါသလဲ ဘုရား*"ဟု လဲဘူးဆရာတော်ဘုရားအား မေးလျှောက်ခဲ့ရာ -

"*အတိအကျတော့ မမှတ်မိဘူးကိုယ်တော်၊ ဘုန်းကြီး အလောင်းကောင်ကို (၃)လောင်းထင်တယ်၊ ဘုန်းကြီးအိုကြီး ဦးပညာဝံသတုန်းက သူ့ဆွေမျိုးတွေလာကြလို့ တပည့်တော်ကိုယ်တိုင် သရဏဂုံ တင်ပေးတာ မှတ်မိနေသေးတယ်၊ နောက်ပိုင်း ကပ္ပိယဒကာတွေရဲ့ အလောင်းပါ ပေါင်းရင်တော့ ဒီတောရကျောင်းမှာ သင်္ဂြိုဟ်တာ အလောင်းကောင် တစ်ဒါဇင် ရှိလောက်ပြီထင်တာပဲ*"

"*ရွာပြင်က သုသာန်ကို နဘူးကျင်းဆရာတော်ကြီး ဓုတင်ဆောင် ကြွတဲ့အခါ ဘယ်ကဲ့သို့ ဆောင်ရွက်ရမယ်ဆိုတာ မိန့်ဖူးပါသလဲဘုရား*"

*"တစ်ခု သတိရတာတော့ရှိတယ်၊ ရှေ့နှစ်ကို ဘယ်သုသာန်မှာ သီတင်းသုံးမယ်ဆိုတာကို ဆုံးဖြတ်ထားပြီးရင် ဆရာတော်က အခုနှစ်ကတည်းက သွားရမယ့်သုသာန်မှာရှိတဲ့ မြင်ရ မမြင်ရ သတ္တဝါတွေကို ကြိုတင် မေတ္တာတွေ ပို့တော်မူရတယ်ကိုယ်တော်လို့တော့ မိန့်တော်မူဖူးပါတယ်"*

## ကိုယ်တော် သူငယ်နာမစင်သေးဘူး

*"နတ်မောက် လဲဘူးတောရကျောင်းမှာလည်း အလောင်း ဘယ်နှစ်လောင်းလောက် မီးဖုတ်သင်္ဂြိုဟ် ထားပါသလဲဘုရား"*

*"အဲဒါပြောမလို့ပါဘုရား၊ တပည့်တော်က မြုပ်ခိုင်းမလို့ပါပဲ၊ ဒါပေမယ့် တော်ကြာ ရွာက သက်ဆိုင်ရာ ဒကာ၊ ဒကာမတွေက လာလာပြီး 'ငါ့သား ဘာညာ ဘာညာ'နှင့် လာငိုနေရင် တပည့်တော် စိတ်က မထိန်းသိမ်းနိုင်ပဲ ဖြစ်နေပြန်မှာ စိုးရိမ်တာနှင့်ပဲ တောရကျောင်းက သုသာန်မရသေးဘူး ကိုယ်တော်၊ နဘူးကျောင်း ဆရာတော်ဘုရားရှေ့ ခုလို လျှောက်မိတော့ ဆရာတော်ကြီးက 'ကိုယ်တော် သူငယ်နာမစင်လို့' လို့ မိန့်ဖူးတယ် ဦးခေမာ"*

## သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ် (၃)မျိုး

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် - သူသေကောင်ကို မပြတ်ဖုတ်သော၊ အပုပ်နံ့ မပြတ်နံသော၊ ငိုကြွေးသံ မပြတ်ရှိသော သုသာန်အရပ်၌ နေအပ်၏။

(၂) မဇ္ဈိမပုဂ္ဂိုလ် - ထိုသုံးမျိုးတွင် တစ်ခုခုရှိသော သုသာန်အရပ်၌ နေအပ်၏။

(၃) မုဒုပုဂ္ဂိုလ် - သုသာန်လက္ခဏာ ရှိကာမျှသော သုသာန်၌ နေအပ်၏။

## သုသာန်ဓုတင်ဆောင်ခြင်း၏ အကျိုးအာနိသင်တို့မှာ

(၁) 'သေရချေအံ့၊ သေရချေအံ့'ဟု အဖန်တလဲလဲ အမှတ်သတိရ၏။

(၂) မမေ့မလျော့ နေထိုင်ခြင်း အလေ့အထရှိ၏။

(၃) သုသာန်၌ စွန့်ပစ်သော အကောင်ပုပ်ကို မြင်ရသဖြင့် 'အသုဘ'ဟု မှတ်ကြောင်း အာရုံကိုရ၏။

(၄) ကာမရာဂကို ပယ်ဖျောက်နိုင်၏။

(၅) ကိုယ်ခန္ဓာ၏ စက်ဆုပ်ဖွယ် မစင်ကြယ်သည့် သဘောကို အမြဲမပြတ် မြင်နိုင်၏။

(၆) ထိတ်လန့်မှု သံဝေဂများစွာ ရနိုင်၏။

(၇) အနာကင်းခြင်း၊ အရွယ်နုပျိုခြင်းကြောင့် တက်ကြွသည့် မာန်ယစ်ခြင်းကို ပယ်နိုင်၏။

(၈) ဘေးကြီးဘေးငယ် အသွယ်သွယ်ကို သည်းခံနိုင်၏။

(၉) နတ်တို့၏ အလေးအမြတ် ချီးမွမ်းခြင်း၊ အလိုနည်းခြင်း စသည့် ဂုဏ်ကျေးဇူးအား လျော်ကန်၏။

သုသာန်ဓုတင်ဆောင်ရဟန်းသည် မရဏာနုဿတိ ကမ္မဋ္ဌာန်း၏ အာနုဘော်ကြောင့် အိပ်ပျော်ခြင်းသို့ ရောက်ပါသော်လည်း မေ့လျော့ခြင်းအဖြစ်သည် မရှိပ်စက်နိုင်ချေ။ များစွာသော အပုပ်ကောင်တို့ကို အစဉ်မပြတ် မြင်တွေ့ရသောကြောင့် ထိုရဟန်း၏ စိတ်သည် ဝတ္ထုကာမအာရုံကို ခုံမင်လိုက်စားခြင်း မဖြစ်နိုင်။

သုသာန်ဓုတင်ဆောင်သူသည် ပြန့်ပြောသော ထိတ်လန့်ခြင်းသို့ ရောက်၏။ မာန်ယစ်ခြင်း၊ မေ့လျော့ခြင်းသို့ မရောက်။ တစ်ဆယ့်

တစ်မီးတို့၏ ငြိမ်းရာ နိဗ္ဗာန်ကိုသာ ရှာမှီးသည်ဖြစ်၍ အသင့်အားဖြင့် လုံ့လပြု၏။

ထို့ကြောင့် ဤသို့ ဂုဏ်ကျေးဇူးများစွာရှိသည့်အတွက် နိဗ္ဗာန်သို့ စိတ်ညွတ်နေသော ယောဂီပုဂ္ဂိုလ်သည် သောသာနိကင်္ဂဓုတင်ကို အစဉ်မပြတ် မှီဝဲသင့်လှပေ၏။

## အာရညကင်္ဂဓုတင်လည်းရ၊ သုသာန်ဓုတင်လည်းရသည်

သုသာန်မဟုတ်သောနေရာကို ပယ်လျက် သုသာန်၌ နေခြင်း ဟူသော သုသာန်ဓုတင်နှင့် ဂါမဝါသီရွာကျောင်း၊ မြို့ကျောင်းသင်္ခမ်းကို ပယ်၍ တောရကျောင်း၌ နေခြင်းကို ဆောက်တည်ခြင်းဟူသော အာရညကင် ဓုတင်နှစ်ပါးကို တစ်နေရာတည်းတွင် ဆောက်တည်ခွင့် ရရန်မှာ အလွန်ခဲယဉ်းလှပါသည်။ အကြောင်းမှာ ရှေးယခင် ရွာ တည်စဉ်က သုသာန်ကို ရွာအပြင်တွင် တည်ထားခဲ့ပါသော်လည်း လူဦးရေ တိုးပွားလာသဖြင့် ရွာကို ချဲ့၍၊ ချဲ့၍လာသောကြောင့် တောရအင်္ဂါ ပြည့်စုံလုံလောက်သည့် အကွာအဝေးတွင် သုသာန်များ မရှိကြတော့ပေ။ သို့သော် ရှားရှားပါးပါး သုသာန်တစ်ခု၌မူ သီတင်း သုံးခွင့် ရခဲ့ဖူးကြောင်း ဆရာတော်ကြီးက ထန်းတစ်ပင်တောရ၌ သံဃာတော်များအား မိန့်ကြားတော်မူဖူးပါသည်။

*"တောလည်းရတယ်၊ သုသာန်ဓုတင်လည်း ရနိုင်တဲ့အတွက် သုသာန်ဓုတင်နှင့် အာရညကင် ဓုတင်နှစ်ပါးကို တစ်နေရာတည်း ဆောက်တည်နိုင်တဲ့ နေရာတစ်ခုပဲ တွေ့ဖူးတယ်"*

*"ဘယ်နယ်မှာပါလဲဘုရား"*

*"ပျော်ဘွယ်မြို့နယ်ရဲ့ အနောက်ဘက် ရွာနှစ်ရွာကြားက ညောင်ကုန်းရွာ သုသာန်ပါ၊ ဒါပေမယ့် ကြာခဲ့ပါပြီ (AD ၁၉၇၃) ခုနှစ်တုန်းက ရွာကငယ်သေးလို့ အာရညကင် ဓုတင်အင်္ဂါမြောက်တာ နေမယ်၊ အခုတော့ ရွာတွေတိုးလာလို့ တောရအင်္ဂါ ပြည့်စုံမယ် မထင်တော့ပါဘူး"*

*"ဆွမ်းခံတော့ ဘယ်ရွာကို ခံပါသလဲဘုရား"*

*"သုသာန်နှစ်ရွာကြား ရှိနေတော့ နှစ်ရွာကို တစ်လှည့်စီ ဆွမ်းခံလာတာ၊ တစ်နေ့ကျတော့ ဝမ်းလျှောပြီး မကျန်းမမာဖြစ်တာနှင့် ဆွမ်းခံမကြွနိုင်တော့ဘူး။ ဒီဘက်ရွာက ဆွမ်းဒကာတွေက ဟိုဘက်ရွာ ကြွတယ်လို့ ထင်ကြပြန်တူတယ်၊ ဟိုဘက်ရွာက ဆွမ်းဒကာတွေက ဒီဘက်ရွာကြွတယ်လို့ ထင်နေကြပြန်တူတယ်၊ ဆွမ်းမဘုဉ်းပေးရတာ သုံးရက်ရှိတဲ့နေ့ ညနေမှ သုသာန်ထဲ နွားကျောင်းသားတစ်ယောက် ရောက်လာလို့ 'ဆရာတော် ဟိုဘက်ရွာကိုပဲ ဆွမ်းခံကြွနေတာ ထင်တယ် တပည့်တော်တို့ရွာကို ဆွမ်းခံမကြွတာ သုံးရက်ရှိသွားပြီ ဘုရား'လို့ လျှောက်တယ်၊ ဝမ်းတွေသွားပြီး ထကို မထနိုင်တော့ အောင်ကို အားနည်းပြီး လဲနေလို့ မလာနိုင်တာလို့ ပြောပြတော့မှ နွားကျောင်းသားက အခြေအနေကို သိသွားပါတယ်၊ ဒါနှင့် သူ့လက်ထဲ သံပုရာသီးတစ်လုံး ပါလာတာကို ဆေးအဖြစ်ကပ်တယ်၊ သံပုရာသီး အရည် ချဉ်ချဉ်ကို ဘုဉ်းပေးလိုက်တာ ဝမ်းပိတ်သွားတယ်၊ ဒါနှင့် နောက်ရက် ဆွမ်းခံပြန်ထွက်နိုင်တယ်"*ဟု ထန်းတစ်ပင်တောရ၌ သီတင်းသုံးတော်မူကြသည့် သံဃာတော်များအား မိန့်ကြားတော်မူဖူးပါသည်။

---

**ကျမ်းညွှန်း**

* (၂၃)၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁ (နှာ-၅၇-၅၈)

* (၃၄)၊ သောသာနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁ (နှာ-၇၄)

# (ဂ) ဝိနည်းသည်သာ မှီခိုရာ၊ အားထားရာ၊ လဲလျောင်းရာ

# ၄၉။ ကမ္မဝါဖတ်ခြင်း စကားပြောမိပါက ကန့်ကွက်သည့်နှယ် ဖြစ်တတ်သည်

သံဃာတော်များ၏ သီလအရာ၌ အရေးပါသည့် ပရိဝါသ်၊ မာနတ်နှင့် အဗ္ဘာန်ကံဆောင်ရာတွင်လည်းကောင်း ရဟန်းခံရာတွင်လည်းကောင်း သံဃာ့ပရိသတ် အရေအတွက်သည် ဝိနည်းစည်းကမ်းနည်းလမ်းအတိုင်း တိကျစွာ လိုက်နာရန် လိုအပ်ပါသည်။

ပရိဝါသ်နှင့် မာနတ်အတွက် သံဃာအနည်းငယ်နှင့် ဆောင်ရွက်နိုင်ပါသော်လည်း အဗ္ဘာန်ကံအတွက်မူ ဝိနည်းခွင့်ပြုချက်မှာ သံဃာအပါး (၂၀)ဖြစ်ပါသည်။ သို့သော် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)၏ ဆန္ဒမှာမူ အနည်းဆုံး သံဃာအပါး (၃၀)ဖြင့် ကံဆောင်ရမည် ဖြစ်ပါသည်။ အကြောင်းမှာ -

*"အခုခေတ်မှာ ပါရာဇိက ကျနေတဲ့သံဃာ ဘယ်လောက်ပါမှန်းမှ မသိတာ၊ ဒုတိယပါရာဇိက အာပတ်က သိမ်မွေ့လွန်းတယ်။ ဒါကြောင့် ဒီဘုန်းကြီးသဘောကတော့ သတ်မှတ်အရေအတွက်ထက် သံဃာပိုတာကိုပဲ နှစ်သက်ပါတယ်ဘုရား"*

တောရကျောင်းများတွင် သာမန်အားဖြင့် သံဃာအပါး (၃၀)ကျော် စုစည်းမိရန် ခက်ခဲတတ်ပါသည်။ ထို့ကြောင့် အဗ္ဘာန်ကံဆောင်ရမည့် သံဃာတော်များအဖို့ ချမ်းသာလွယ်ကူစွာ ကံဆောင်နိုင်ရန် ရွာကျောင်းဆရာတော်များအား ပင့်သည့်နည်းနှင့် သံဃာတော်များရှိရာ စာသင်တိုက်များသို့ ကြွရောက်ကာ ကံဆောင်သည့်နည်းဟူ၍ နှစ်နည်းရှိပါသည်။ နဘူးကျောင်းဆရာတော်ကြီးသည် နှစ်နည်းစလုံးကို ကျင့်သုံးတော်မူလေ့ ရှိပါသည်။

## အဖွာန်ကံကို စာသင်တိုက်၌ဆောင်ခြင်း

တစ်ခုသော ဝါကျွတ်ကာလ၌ ပျဉ်းမနားမြို့ထဲမှ စာသင်သား သံဃာများရာ စာသင်တိုက်သို့ ကြွသွားကာ အဗ္ဘာန်ကံဆောင်ရန် အကြောင်းပေါ်ပေါက်လာပါသည်။ ဆရာတော်ကြီးသည် သံဃာ့ကံ ဆောင်မှု ကိစ္စအဝဝကို တပည့်များအား သိစေ၊ တတ်စေ၊ ကျင့်စေ တော်မူသကဲ့သို့ မိမိကိုယ်တိုင်လည်း စံပြ ဖြည့်ကျင့်တော်မူပါသည်။ စာသင်တိုက်များမှ ရဟန်းငယ်များကိုလည်း ဝိနည်းရေးရာ ဗဟုသုတ သင်ပြပေးလိုသည့် ဆန္ဒရှိမည်ဟု ယူဆရပါသည်။ အကြောင်းမှာ ကျောင်း၌ ကံဆောင်နိုင်ပါသော်လည်း စာသင်တိုက်များသို့ ပင်ပန်း ခံကြွတော်မူခြင်း၏ ရည်ရွယ်ချက်မှာ စာရေးသည့်ဘုန်းကြီး လက်လှမ်း မမီနိုင်သည်အထိ ကြီးမားမြင့်မြတ်မည်ဟု ထင်မိပါသည်။

ညနေပိုင်းတွင် စာသင်တိုက်ရှိ သိမ်ထဲ ကံဆောင်ကြရာတွင် စာသင်တိုက်ဆရာတော်ကြီး ကိုယ်တိုင် ပါဝင်တော်မူပါသည်။ စာသင် တိုက်ဆရာတော်၏ အစီအစဉ်မှာလည်း စာသင်သား ရဟန်းငယ် များကို အဗ္ဘာန်ကံဆောင်သည့် အတွေ့အကြုံ၊ ကမ္မဝါစာဖတ်သည့် အတွေ့ အကြုံကို လက်တွေ့မျက်တွေ့ ရှိစေလိုပါသည်။ သို့သော် ရဟန်းငယ်များ ကမ္မဝါစာကို ဖတ်ရာတွင် အဆင်မပြေသည်နှင့် စာသင်တိုက် ပဓာနနာယကဆရာတော်ကြီးက-

*"ကိုယ်တော် ဒီလိုမဖတ်ရဘူး၊ ဒါကို သတိပြုရတယ်"*ဟု မိန့်တော်မူပါသည်။

## ယဿ နက္ခမတိ၊ သော ဘာသေယျ

ထိုအခါ နဘူးကျောင်းဆရာတော်ကြီးက စာသင်တိုက် ဆရာတော်အား-

*"ဆရာတော် ကမ္မဝါဖတ်နေတုန်း ခုလို မကန့်ကွက်ရပါဘုရား"*ဟု လျှောက်ရာ စာသင်တိုက် ဆရာတော်ကလည်း-

"ပြုပြင်ပေးတာပါဘုရား၊ အလေးဂရုထားရမယ့် ကံဖြစ်လို့ အလေးဂရုထားတာပါဘုရား၊ မှားမှာစိုးလို့ပါဘုရား"ဟု လက်အုပ်ချီမိုး လျှောက်ထားရာ နဘူးကျောင်းဆရာတော်ကြီးက -

*"ကမ္မဝါဖတ်တဲ့အခါ **သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ**လို့ လာပါတယ်ဘုရား။ စာအလိုအရ အကြင်အရှင်အား နှစ်သက်ခြင်းသည် ရှိ၏၊ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏လို့ ပြတဲ့အတွက်၊ ဦးပဥ္စင်းလေးတွေ ဖတ်နေတဲ့ ကမ္မဝါကို 'ဒီလိုမဟုတ်ဘူး'စသည် ပြောဆိုမိတာဟာ စေတနာကောင်းနှင့် ထောက်ပြတာ ဖြစ်ပါသော်လည်း ဒါက စာသင်ဆောင်မဟုတ်ဘဲ သိမ်ထဲ ကံဆောင်နေတာ ဖြစ်တဲ့အတွက် **'ယဿ နက္ခမတိ၊ သော ဘာသေယျ'**လို့ စာမှာလာထားတဲ့အတွက် စကားပြောတာကသည် ပင်လျှင် **နက္ခမတိ** ဖြစ်သွားပါပြီဘုရား။ ဒါကြောင့် ကမ္မဝါအစက ပြန်ဖတ်ရပါမယ်ဘုရား"*ဟု မိန့်တော်မူရာ၊ စာသင်တိုက် ဆရာတော်ကြီးလည်း ကျေနပ်စွာ လက်ခံတော်မူပါသည်။ တပည့်သံဃာ ပရိသတ်အတွက်လည်း ကံဆောင်ရာတွင် လိုက်နာရမည့် တစ်သက်လုံး အောက်မေ့ဘွယ်ရာ အမှတ်တရ အဆုံးအမသြဝါဒတစ်ခု ရကြလေပြီ။

---

**ကျမ်းညွှန်း**

* သုတ္တဝိဘင်္ဂ၊ သမုစ္စယက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၁၀၇)

# ၅၀။ ဆရာတော်ကြီးကိုယ်တိုင် ဖယောင်းတိုင်မီးကိုင်၍ ကမ္မဝါဖတ်ပေးပါသည်

အာပတ်ခုနစ်ပုံရှိရာတွင် ပါရာဇိကအာပတ်ပြီးလျှင် သံဃာဒိသိသ်အာပတ်သည် အပြစ်ကြီးလေးဆုံး အာပတ်ဖြစ်ပါသည်။ ပါရာဇိကအာပတ်သင့်သော ရဟန်းသည် ရဟန်းသိက္ခာ ဆုံးပါးသွားပြီဖြစ်၍ လူ (ဝါ) သာမဏေဘဝသို့ ပြောင်းခြင်းမှအပ အခြားနည်းဖြင့် ကုစားရန် မရှိတော့ပေ။

သံဃာဒိသိသ်အာပတ်မှာမူ သင့်ရောက်သော အာပတ်ကို ပြန်လည် ကုစားခွင့် ရှိပါသည်။ သို့သော် အလွန်ခက်ခဲစွာ ကုစားရသည့် အာပတ်ဖြစ်ပါသည်။ ထိုသို့ကုစားရာတွင်လည်း ဝိနည်းအရာ တတ်သိလိမ္မာသည့် ဆရာတော် သံဃာတော်များ၏ အစောင့်အရှောက်အောက်၌ နေ၍ ကုစားရခြင်း ဖြစ်ပါသည်။ သံဃာ အဝင်အထွက် နည်းပါးသည့် တောရကျောင်းများသည် ပရိဝါသ်ဆောက်တည်၊ မာနတ်ကျင့်လိုသော ရဟန်းတော်များအတွက် များစွာ ချမ်းသာ လွယ်ကူ အဆင်ပြေလှပေသည်။

## သီလဖြူစင်လိုသူအတွက် ကျောင်းတံခါးဖွင့်ထား

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် ကိုယ်တော်တိုင် သီလကို မြတ်နိုးတော်မူသည့်အပြင် သီလမြတ်နိုးသည့် ရဟန်းတော်များကိုလည်း  အလွန် တန်ဖိုးထားတော်မူပါသည်။ ဆရာတော်ကြီးသည် တရားဟောခြင်း၊ တရားပြခြင်းတို့ကို မပြုရုံမက

ဒါယကာ၊ ဒါယကာမများအား သီလပေးခြင်းကိုပင် ရှောင်ရှားတော်မူပါသည်။ သို့သော် သီလအရာ ဖြူစင်လိုသော ရဟန်းတော်များအတွက်မှာမူ ဆရာတော်ကြီး၏ ကျောင်းတံခါးကို နေ့၌သာမက ညအခါ၌ပါ ဖွင့်ထားပါသည်။

သို့ပါသော်လည်း ပရိဝါသ် မာနတ်ကိစ္စသည် ဆရာတော်ကြီးတစ်ပါးတည်းနှင့် ဆောင်ရွက်၍ မရနိုင်သောကိစ္စ ဖြစ်ပါသည်။ ဝိနည်းလမ်းကြောင်းအရ ဝတ်ဆောက်တည်ရာတွင် အနည်းဆုံး သံဃာတော်လေးပါးဖြင့် သိမ်အတွင်းဝင်ရောက်၍ ရှေးဦးစွာ ဉတ္တိစတုတ္ထ ကမ္မဝါစာရွတ်ဖတ်ကာ သံဃာဒိသိသ်အာပတ်သင့်သူ ရဟန်းအား ဝတ်ပေးရပါသည်။ ကမ္မဝါအဆုံး၌ ထိုရဟန်းသည် ဒဏ်သားရဟန်း ဖြစ်သွားပါသည်။ ဒဏ်သားရဟန်း လိုက်နာရမည့် စည်းကမ်းများစွာကို ဝိနည်းတော်နှင့်အညီ တိတိကျကျ မပျက်မကွက် လိုက်နာရပေတော့မည်။ ထိုသို့ လိုက်နာသည့် ကာလတစ်လျှောက်လုံး သံဃာက ဒဏ်သားရဟန်းကို စောင့်ရှောက်ပေးရသည်။ တစ်ဖန် အဗ္ဘာန်ကံဆောင်မှုအပိုင်းတွင်မူ ဒဏ်သားရဟန်းမပါ အနည်းဆုံး သံဃာအပါး -၂၀ စည်းဝေး ဆောင်ရွက်ရပါသည်။

နဘူးကျင်းဆရာတော်ကြီးသည် ဝိနယဂရုက ဖြစ်တော်မူပြီး ဝိနယကုက္ကုစ္စရှိတော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်ဖြစ်တော်မူသဖြင့် သံဃာငါးပါးဖြင့် ဆောင်ရမည့် ဥပသမ္ပဒကံ ဖြစ်သည့် ရဟန်းခံရာတွင်ပင် နှစ်ဆထပ်စောင်းကာ ၁၀-ပါးဖြင့် ဆောင်ရွက်စေလိုသည်။ အဗ္ဘာန်ကံအတွက်မူ သံဃာအနည်းဆုံး အပါး ၃၀-ကျော်မှ အားရ နှစ်သက်တော်မူပါသည်။

ဆရာတော်ကြီး၏ ဂုဏ်သတင်းများသည် ဝိနယဂရုက အသိုင်းအဝိုင်း၌ တစ်စတစ်စ သင်းပျံ့လာသည်နှင့်အမျှ ဝိနည်းအရာ အာပတ်ကို ကုစားလိုသည့် လဇ္ဇီသူမွန်များသည်လည်းကောင်း၊ ဓူတင်အရာ နည်းခံလိုသည့် ရဟန်းကောင်းများသည်လည်းကောင်း၊ ဝိနည်းအရာ ခဲရာခဲဆစ်များကို စူးစမ်းမေးမြန်းလိုသည့် သံဃာတော်များသည်လည်းကောင်း ဆရာတော်ကြီးထံပါး တစ်ပါးနှစ်ပါးစ ကြွရောက်လာကြပါသည်။

## အခုပဲ ကမ္ဗဝါဖတ်စို့

သံဃာတော်များ ခရီးဝေးကွာသောကြောင့် ရံခါ နံနက်အစော ရောက်လာကြသည်။ ရံခါ နေ့လယ်ရောက်လာကြပြီး ရံခါလည်း ညပိုင်း ရောက်ရှိလာကြပါသည်။

ဝတ်ဆောက်တည်လိုကြသည့် ပုဂ္ဂိုလ်များ ရောက်ရှိလျှင် သင့်ရောက်သည့်အာပတ်ကို မေးမြန်း စစ်ဆေးတော်မူပြီး သုဒ္ဓန္တ ပရိဝါသ် (ဝါ) အဂ္ဃသမောဓာန ပရိဝါသ်စသည်ကို စီစစ်ပြီးချိန်သည် ရံခါ ညဥ့်နက်ပိုင်းပင် ရောက်လေပြီ။ ဆရာတော်ကြီးက-

*“အခုပဲ ကမ္ဗဝါဖတ်ကြစို့”* ဟု မိန့်တော်မူ၍ သိမ်အပြင်မှ တုံးကို ခေါက်စေကာ သံဃာစုဝေးစေပါတော့သည်။

သံဃာတော်များက ဓာတ်မီးများ၊ ဖယောင်းတိုင်မီးများဖြင့် ကြွလာရပါသည်။ ဆရာတော်ကြီးကိုယ်တိုင် ဖယောင်းတိုင်ကိုင်ကာ ကမ္ဗဝါစာကို ကိုယ်တိုင် ချီးမြှောက်တော်မူပါသည်။ ရံခါ၌မူ သံဃာ အရေအတွက် မပြည့်သဖြင့် အခက်အခဲရှိလျှင်မူ ရွာကျောင်းများမှ ပင့်လျှောက်ရသည်လည်း ရှိတတ်ပါသည်။

## သီလဖြူစင်လိုသူကို မြန်မြန်လုပ်ပေးသင့်

ထို့ကြောင့် ဆရာတော်ကြီးထံပါး ဆရာတော်ဦးကေဝလ (ထန်းတစ်ပင် ဆုတောင်းပြည့်၊ မဟာမြိုင်တောရ၏ ပဓာနနာယက ဆရာတော်)က-

*"ဆရာတော်ကြီးဘုရား ရက်ပိုင်းမျှ စောင့်ဆိုင်းကာ ဝတ်ဆောက်တည်လိုသည့် ပုဂ္ဂိုလ်များ နှစ်ပါး၊ သုံးပါးစုံမှ ဆောင်ရွက်ရင် မသင့်ပါလားဘုရား (သို့မဟုတ်) တစ်နှစ်လျှင် ဘယ်လ ဘယ်လ၌ ဝတ်ပွဲ ကျင်းပသည်ဟု အသိပေး၍ ဆောင်ရွက်လျှင် မသင့်ပါလား ဘုရား"*ဟု မဝံ့မရဲ လျှောက်ထားရာတွင် ဆရာတော်ကြီးက-

*"သူတို့ သီလဖြူစင်ဖို့ရာ စိတ်အားထက်သန်ပြီး ဒီတောရကျောင်း ဘုန်းကြီးတို့ဆီ ရောက်လာမှတော့ အချိန်မဆိုင်းဘဲ မြန်မြန်ပဲ သီလဖြူစင်အောင် ဆောင်ရွက်ပေးလိုက်တာပဲ သင့်မြတ်ပါတယ်"*ဟု မဆိုင်းမတွ မိန့်တော်မူပါသည်။

သံဃပိတုဖြစ်တော်မူသည့် ဆရာတော်ကြီးသည် မိမိသည်သာ သီလကို ချစ်မြတ်နိုးသည် မဟုတ်။ သံဃာတော်များ၏ သီလ ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကိုလည်း အားပေး ချီးမြှောက်ပေးလိုသည့် စိတ်စေတနာက ကြီးမား မြင့်မြတ်လှပေသည်။

# ၅၁။ ရဟန်းတော်များ အာပတ်သင့်ခြင်းနှင့် ဝတ်ဆောက်တည်ခြင်း

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် သိက္ခာကာမ၊ ဝိနယဂရုက၊ ဗဟုဿုတရေ၊ သံဃပိတု ဖြစ်တော်မူသည်နှင့် အညီ လူဒါယကာများ၏ သာသနာတော်ဆိုင်ရာ ကိစ္စရပ်များ မေးလျှောက်လာလျှင် ပြည့်စုံစွာ ဖြေကြားတော်မူလေ့ ရှိသော်လည်း သီလပေးခြင်း၊ တရားဟောကြားခြင်း၌မူ စိတ်အားထက်သန်သည်ကို မမြင်စဖူးပါ။ သို့သော် ရဟန်းပရိသတ်များက မေးလျှောက်လာသည့် မေးခွန်းများကို ဖြေကြားတော်မူရာတွင်လည်းကောင်း၊ ဩဝါဒများ ချီးမြှင့်တော်မူရာတွင်လည်းကောင်း ရံခါ တစ်ထိုင်တည်း ငါးနာရီ ကျော် ကြာခဲ့ဖူးသည့် သာဓကပင် အကြိမ်များစွာ ရှိဖူးပါသည်။ ရံခါ၌မူ ကိုရင်လေးများနှင့်ပင် စကားလက်ဆုံ ကျတော်မူနေတတ်ပါသည်။

## ရဟန်းတော်များ အာပတ်သင့်ခြင်းအကြောင်း

လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရ၌ ဝတ်ဆောက်တည်ကြသည့် ရဟန်းတော်များအတွက် ပရိဝါသ်ကံနှင့် မာနတ်ကံတို့ကို တောရကျောင်း၏ သိမ်ထဲတွင် ဆောင်နိုင်ပါသည်။ သို့သော် အဗ္ဘာန်ကံကို ဆောင်ရန်အတွက် သံဃာ့ပရိသတ် အပါး (၂၀) စုဝေးမိရန် အခက်အခဲ ရှိတတ်ပါသည်။ ထို့ကြောင့် သံဃာပြည့်စုံသည့် စာသင်တိုက်ကြီးများသို့ ကြွရောက်ကာ ကံဆောင်ကြရပါသည်။

အချို့ရဟန်းတော်များသည် အကြောင်းကြောင်းကြောင့် တစ်ကြိမ်မှသည် နှစ်ကြိမ် ဝတ်ဆောက်တည်လာလျှင်မူ -

*"တောကျောင်းမှာ သံဃာမလုံလောက်လို့ စာသင်တိုက်တွေကို သွားပြီး အဖွာန်ကံ ဆောင်နေရတယ်၊ တောကျောင်းဘုန်းကြီးတွေ ခဏခဏ ဝတ်ဆောက်တည်ကြတာကိုကြည့်ပြီး တောဘုန်းကြီးတွေက ဒါပဲလုပ်နေကြတယ်လို့ စာသင်တိုက်က စာသင်သားတွေ ထင်မှတ်မှားကုန်မယ်၊ အာပတ်ကတော့ သူတို့လည်း သင့်နိုင်တာပါပဲ"*ဟု မိန့်ကြားတော်မူဖူးပါသည်။

ဤသာသနာတော်၌ အချို့သောရဟန်းသည် -

၁။ အရှက်မရှိခြင်းကြောင့် အာပတ်သင့်တတ်သည်၊

၂။ မသိခြင်းကြောင့် အာပတ်သင့်တတ်သည်၊

၃။ ကုက္ကုစ္စ နှိပ်စက်ခံရခြင်းကြောင့် အာပတ်သင့်တတ်သည်

၄။ မအပ်သောအရာ၌ အပ်၏ဟု မှတ်ထင်ခြင်းကြောင့်လည်း အာပတ်သင့်တတ်သည်၊

၅။ အပ်သောအရာ၌ မအပ်ဟု မှတ်ထင်ခြင်းကြောင့်လည်း အာပတ်သင့်တတ်သည်၊

၆။ သတိကင်းပျောက်၍ မေ့လျော့ခြင်းကြောင့် အာပတ်သင့်တတ်ပါသေးသည်၊

ဒုလ္လဘရဟန်းဖြစ်စေ၊ တောထွက်ရဟန်းဖြစ်စေ၊ ငယ်ဖြူရဟန်းဖြစ်စေ ယနေ့မှ ရဟန်းပြုသူဖြစ်စေ၊ ဝါတော် (၆၀)ရသည့် ရဟန်းဖြစ်စေ ဝိနည်းသိက္ခာပုဒ်များကို စောင့်စည်းလိုက်နာရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဝိနည်းသိက္ခာပုဒ်တို့ကို သိရှိနားလည်အောင်

လေ့ကျင့် သင်ကြားထားရပါမည်။ မသိသဖြင့် မလိုက်နာမိသော ရဟန်းလည်း အာပတ်မှ မလွတ်ပေ။ ထို့ကြောင့် မိမိအာပတ်သင့်လျှင် သင့်မှန်း သိရမည်ဖြစ်သကဲ့သို့ အာပတ်အားလျော်စွာ ကုစားရန်မှာလည်း ရဟန်း၏ တာဝန်သာဖြစ်၏။

## ဝတ်ဆောက်တည်ရန် စစ်မေးရပြန်

နဘူးကျောင်းဆရာတော်ကြီး ရှေ့မှောက်သို့ ဝတ်ဆောက်တည်ရန် ရောက်ရှိလာသည့် ရဟန်းကို ရှေးဦးစွာ စစ်မေးတော်မူလေ့ရှိပါသည်။

*ဘယ်ကာလက အာပတ်သင့်တာလဲဘုရား ? မသိပါဘုရား။*

*ဖုံးလွှမ်းရက် ဘယ်လောက်ရှိပါသလဲဘုရား ? မသိပါဘုရား။*

*ပရိဝါသ် ဆောက်တည်ဖူးပါသလား ? မဆောက်တည်ဖူးပါဘုရား။*

*ဥပုသ် ပုံမှန် ပြုဖြစ်ခဲ့ပါသလားဘုရား ? မပြုဖြစ်ခဲ့ပါဘုရား။*

*အာပတ်သင့်တာနှင့် ဒေသနာကြားတဲ့ကာလက ဘယ်လောက်ခြားပါသလဲဘုရား ? မသိပါဘုရား။*

ဒါဆိုရင် အာပတ်သင့်တယ်လို့ကော အရှင်ဘုရား သေသေချာချာ သိပါသလားဘုရား? မသိပါဘုရားဟု လျှောက်သည့် ရဟန်းများလည်း ဆရာတော်ထံ ရောက်လာတတ်ပါသည်။

ဤသို့ သံသယဖြင့် ကြွရောက်လာသည့် ရဟန်းတော်များကိုလည်း သူ့နှလုံးသားထဲမှာ ရဟန်းသီလဆိုင်ရာ သံသယကို နှုတ်ပယ်နိုင်ပါစေခြင်း အကျိုးငှာ သေချာစေ့ငုစဉ်းစားကာ ဝတ်ဆောက်တည်ရမည့် ကာလကိုလည်း သတ်မှတ် ပြဋ္ဌာန်းပေးတော်

မူပါသည်။ ထို့နောက်  သိမ်ထဲဝင် ပရိဝါသ်ကမ္မဝါ ဖတ်ကြားပေးတော် မူပါသည်။ သူတို့သည် ကာလရှည်ကြာ ပရိဝါသ် ဆောက်တည်ကာ သူတို့၏ သီလဆိုင်ရာ သံသယကို ထန်းတစ်ပင်တောရ၌ ပယ်ဖျောက် သည့် အလေ့အထမှာ ရှေးယခင်ကာလက ရှိခဲ့ပါသည်။ ယနေ့အချိန်၌ ဆရာတော်ကြီး မရှိသော်လည်း ထန်းတစ်ပင်တောရကျောင်းသည် သီလမြတ်နိုးသည့် ရဟန်းတော်များ၏ မှီခိုအားထားရာ ဖြစ်နေပါသည်။

## တစ်နှစ်တစ်ခါ ဝတ်ဆောက်တည်သင့်တယ်

နဘူးကျောင်းဆရာတော်၏ ဆရာဖြစ်တော်မူသည့် ဇီးဖြူကုန်း ဆရာတော်ဘုရားကြီး ဦးဥက္ကံသက-

*"တစ်နှစ်တစ်ခါ ဝတ်ဆောက်တည်သင့်တယ်၊ နှစ်စဉ် မစွမ်း နိုင်ရင်တောင် နှစ်နှစ်ခြား၊ သုံးနှစ်ခြားတော့ ဆောက်တည်သင့်တယ်"* ဟု ဩဝါဒ ပြုတော်မူလေ့ ရှိပါသည်။

ဇီးဖြူကုန်းဆရာတော်၏ ဆန္ဒတော်မှာ 'အညတြ သုပိနန္တာ'ဟု ဝိနည်းတော်၌ လာရှိသဖြင့် အိပ်မက်ထဲ သုတ်လွတ်ခြင်းကို ကြဉ် ဖယ်ထားပြီး သံဃာဒိသိသ်အာပတ် သင့်တတ်သဖြင့် ပုထုဇဉ် ရဟန်း အနေဖြင့် အခါအားလျော်စွာ ဝတ်ဆောက်တည်ရန် မိန့်တော်မူလိုရင်း ဖြစ်ပေလိမ့်မည်။

သို့သော် မိမိကိုယ်တိုင်လည်း ဝိနည်းအရာ၌ သိက္ခမ်း နား လည်ပြီး မိမိကိုယ်ကို အာပတ်သင့်သည်ဟူ၍ သံသယမရှိဘဲ ပရိဝတ် ဆောက်တည်ခြင်းကိုမူ အချို့သော ဆရာအရှင်မြတ်များက လိုလား နှစ်သက်တော်မမူပေ။

# ၅၂။ မပြုဒုက္ကဋ် ပြုဒုက္ကဋ်

ဟေမန္တဆောင်းတွင်းကာလ၏ လပြည့်နေ့ ညနေပိုင်း ဖြစ်ပါသည်။ ထန်းတစ်ပင်တောရ၌ သက်တော် ၇၅-နှစ် နဘူးကျောင်း ဆရာတော်ကြီး (AD ၁၈၄၁-၁၉၂၀)ထံပါး အန္တေဝါသိက တပည့်တစ်ပါး ဖြစ်သည့် သက်တော် ၇၄-နှစ် လဲဘူးဆရာတော်ကြီးက ဤသို့ မေး လျှောက်ပါသည်-

*"ဒီနေ့ ပြာသိုလပြည့် ဥပုသ်နေ့ပါဘုရား၊ ဥပုသ်ပြုပြီးပြီးလား ဘုရား"* နဘူးကျောင်းဆရာတော်ကြီးက-

*"မပြုဖြစ်ဘူး၊ အရှင်ဘုရားကော ဥပုသ်ပြုပြီးပလား" "တပည့် တော်ကိုယ်တိုင် ပါတိမောက်ပြခဲ့ပါတယ်ဘုရား""အရင်က တပည့်တော် လည်း ထန်းတစ်ပင်သိမ်မှာ ကိုယ်တိုင် ပါတိမောက်ပြပါတယ်၊ အခု ကာလမှာက ငွေမစွန့်ဘဲ ဒေသနာ ကြားကြတယ်၊ သိမ်ထဲဝင် ဥပုသ် ပြုကြတယ်၊ အာပတ်မစင်ကြယ်ဘဲနှင့် စင်ကြယ်တယ်လို့ ဝန်ခံပြီး ဘုရားကို လိမ်နေကြတယ်၊ ဒီတော့ ဥပုသ်မပြုတော့လည်း ဒုက္ကဋ် အာပတ်၊ အာပတ်တန်းလန်းရှိတဲ့ ပုဂ္ဂိုလ်တွေနှင့် ဥပုသ်ပြုလည်း ဒုက္ကဋ်ပဲလေ၊ ဒါကြောင့် သံဃာ့ဥပုသ် မပြုဖြစ်တော့ဘူး"*ဟု အကျယ် တဝင့် မိန့်တော်မူပါသည်။

နဘူးကျောင်းဆရာတော်ကြီးသည် သံဃာတော်များ ဥပုသ်ပြုပြီး သည့်အချိန် ရံခါ ညပိုင်း၌ သိမ်ထဲသို့ တစ်ပါးတည်း ကြွတော်မူပါသည်။ ထို့နောက် သိမ်ထဲ၌ သီတင်းသုံးသည့် သံဃာတစ်ပါးပါးထံ ဒေသနာ ကြားတော်မူပါသည်။ ထို့နောက် ထိုသံဃာကိုပါ *"သိမ်အပြင်ခေတ္တ ကြွတော်မူပါဘုရား"*ဟု လျှောက်ကြားပြီး ဆရာတော်ကြီး တစ်ပါးတည်း

အဓိဋ္ဌာန်ဥပုသ် ပြုတော်မူလေ့ရှိပါသည်။ ရံဖန်ရံခါ၌လည်း သံဃာ့ဥပုသ် ပြုတော်မူပါသည်။ ပရိသတ်အပေါ် သံသယဖြစ်ဟန်တူကြောင်း အနီးနေတပည့်ကြီးများက ယူဆကြပါသည်။

## နိဿဂ္ဂိ အာပတ်တန်းလန်းနှင့် ဝတ်ဆောက်တည်

လဲဘူးဆရာတော်ကြီးက စာရေးသည့်ဘုန်းကြီးကို မိန့်ကြားတော်မူသည်မှာ-

"*ဘုန်းကြီးတွေက လက်ဝယ် ငွေကိုင်ထားကြတယ်၊ အာလယ ပြတ်မစွန့်ချင်ကြဘူး၊ ဒီခေတ်ထဲ တစ်ချို့ကိုယ်တော်တွေက ဝတ်ဆောက်တည်ဖို့ သွားကြတယ်၊ ဘုန်းကြီးပါလာတဲ့ငွေကို အဲဒီကျောင်းက ကပ္ပိယလက်ထဲ ဘုန်းကြီးကိုယ်တိုင် အပ်သတဲ့၊ ပြီးတော့ ဝတ်ဆောက်တည်ကြတယ်တဲ့၊ အဓိဋ္ဌာန်ထွက်ပြီးတော့ အပ်ထားတဲ့ငွေတွေကို ကပ္ပိယလက်ထဲက တောင်းပြီး ပြန်ကြွကြသတဲ့ကိုယ်တော်၊ တောင်ကြီးက ကိုယ်တော်တစ်ပါးကျတော့ ပါလာတဲ့ငွေ များလို့တဲ့ ကပ္ပိယကို စိတ်မချတာနှင့် ကမ္ဘောဇဘဏ်မှာ သွားအပ်ပြီး အညာဘက်က ကျောင်းတစ်ကျောင်းမှာ ဝတ်ဆောက်တည်သတဲ့ ကိုယ်တော်၊ နိဿဂ္ဂိ အာပတ်တန်းလန်းနှင့် ဝတ်ဆောက်တည်ကြသတဲ့၊ ဝတ်ဆောက်တည်ရင် သံဃာဒိသိသ်အာပတ်တော့ ပြေပါလိမ့်မယ်၊ ဒါပေမယ့် နိဿဂ္ဂိ အာပတ်ကတော့ တန်းလန်းပဲ။ ဒါကြောင့် အာပတ်တစ်ဝက်ပဲ ပြေတယ် ကိုယ်တော်တို့လို့ ဒီနေ့ညနေ သိမ်ထဲမှာ ဩဝါဒါပေးလိုက်တယ်။ အဲသလို ပုဂ္ဂိုလ်တွေနှင့် တစ်သိမ်ထဲ ဥပုသ်ပြုရင် ဒုက္ကဋ်အာပတ်၊ ဥပုသ်မပြုလည်း ဒုက္ကဋ်အာပတ်ပဲလေ ဦးခေမာ*" "*မှန်ပါဘုရား၊ မှတ်သားထားပါ့မယ်ဘုရား*"

**ကျမ်းညွှန်း** * နိဒါနဝဏ္ဏနာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၉၂)

# ၅၃။ လဇ္ဇီနှင့် အလဇ္ဇီရဟန်းတို့ အများအားဖြင့် ဥပုသ်အတူတကွ ပြုနေကြရတယ်

ရဟန်းများကိုယ်တိုင် ငွေကိုအလှူခံပြီး ထိုအလှူခံရငွေဖြင့် ရဟန်းကိုယ်တိုင် ဝယ်ယူထားသည့် ပစ္စည်းကို စွန့်ပစ်ခြင်းမပြုဘဲ ဒေသနာကြားကာမျှဖြင့် အာပတ် မပြေငြိမ်းပါ။

ထို့ကြောင့် တစ်သိမ်တည်း အာပတ်မှ စင်ကြယ်သည့် ရဟန်းနှင့် အာပတ်တန်းလန်းနှင့် ရဟန်းများ ဥပုသ်ပြုခဲ့သည့် သာဓကများ ဘုရားရှင်လက်ထက်ကပင် ရှိလေသလောဟု ယုံမှားစရာ ရှိလာသဖြင့် မေးမြန်းလျှောက်ထားရာ ကျေးဇူးရှင် ဆရာတော်ကြီးက သံသယကို ဖြေရှင်းပေးတော်မူခဲ့ပါသည်။

စူဠဝဂ္ဂပါဠိ၊ ပါတိမောက္ခဌပနက္ခန္ဓကကို ထောက်လျှင် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဥပုသ်ပြု ပါတိမောက်ပြရာ၌ အလဇ္ဇီရဟန်းများ ထင်ရှားပေါ်လွင်စွာ မပါမဝင်နိုင်ပါဟု ယူဆမိပါ၏ဟု မိန့်တော်မူပါသည်။

## အာပတ်ရှိသော ရဟန်းသည် အလဇ္ဇီရဟန်း

အကြောင်းပြစရာ ပါဠိကား **"န စ ဘိက္ခဝေ ဘိက္ခုနာ သာပတ္တိကေန ပါတိမောက္ခံ သောတဗ္ဗံ၊ ယော သုဏေယျ၊ အာပတ္တိ ဒုက္ကဋဿ"** (ဝိ၊ ၄၊ ၄၂၄) ဖြစ်ပါသည်။

**ဘိက္ခဝေ**၊ ရဟန်းတို့။ **သာပတ္တိကေန**၊ အာပတ်ရှိသော။ **ဘိက္ခုနာ**၊ ရဟန်းသည်။ **ပါတိမောက္ခံ**၊ ပါတိမောက်ကို။ **န စ သောတဗ္ဗံ**၊ မနာအပ်-ဟူသော ဤစကားကို ဆင်ခြင်၍ သိအပ်၏။ ဤသို့ သာပတ္တိက အာပတ်ရှိသောရဟန်းနှင့် အလဇ္ဇီရဟန်းများ အတူတူဟု မှတ်ပါ။ ဥပုသ်ပြုရာ၌ အလဇ္ဇီရဟန်းများသည် ထင်ရှားပေါ်လွင်စွာ မပါသော်လည်း ပုန်းလျှိုး ကွယ်ဝှက်၍ကား ပါဝင်နေသည်ဟု သတိပြုကာ မှတ်သားရ၏။

ဆဗ္ဗဂ္ဂိယာ ဘိက္ခူ **"နာမေ့ ကောစိ ဇာနာတီ"**တိ သာပတ္တိကာဝ ပါတိမောက္ခံ သုဏန္တိ။ **ဆဗ္ဗဂ္ဂိယာ**၊ ခြောက်ပါးစုဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ **အမ္ဗေ**၊ ငါတို့ကို။ **ကောစိ**၊ တစ်စုံတစ်ယောက်သော သူသည်။ **"နဇာနာတိ**၊ (အာပတ်သင့်တာကို) မသိ။ **က္တတိ**၊ ဤသို့။ **သာပတ္တိကာဝ**၊ အာပတ် ရှိကုန်လျက်သာလျှင်။ **ပါတိမောက္ခံ**၊ ပါတိမောက်ကို။ **သုဏန္တိ** ၊ နာကြားကြကုန်၏။" ဤစကားများကို ထောက်ဆ၍ ဘုရားရှင်လက်ထက်မှာပင် အလဇ္ဇီရဟန်းများနှင့် အတူတူ ဥပုသ်ပြုမှုသည် ထင်ရှား ပေါ်လွင်စွာ မရှိသော်လည်း ပုန်းလျှိုး ကွယ်ဝှက်၍ ရှိနေသည်ဟု သိအပ်၏။

ယခုခေတ်အခါ ဥပုသ်ပြုရာ၌ကား အလဇ္ဇီပါဝင်မှု မရှိအောင် (တစ်နည်း) အာပတ်ရှိသော ရဟန်းများ အာပတ် ငြိမ်းပျောက်သွားအောင် ဥပုသ်ပြုခါနီး၌ ဒေသနာ ပြောကြားကြကုန်၏။ ဤသို့ ကြားခြင်းကြောင့် အာပတ်များစွာ ငြိမ်းပျောက်ကြကုန်၏။ ငြိမ်းပျောက်နိုင်သော အာပတ်များကား -

သုဒ္ဓပါစိတ်အာပတ် ၉၂-ပါး၊ ပါဋိဒေသနီအာပတ် ၄-ပါး၊ သေခိယအာပတ် ၇၅-ပါးအားဖြင့် အာပတ် (၁၇၁)ပါးတို့သည် ငြိမ်းပျောက်သွားနိုင်ကြကုန်၏။

သို့သော်လည်း ငွေအလှူခံ အာပတ်၊ ငွေဖြင့် ဝယ်ယူမှု အာပတ် အစရှိသော နိဿဂ္ဂိအာပတ်တို့ကား ငွေစသော ပစ္စည်းတို့ကို စွန့်ပစ်ခြင်း မရှိသေးသောကြောင့် ဒေသနာပြောကြားရုံမျှဖြင့် အာပတ် မငြိမ်းမပျောက်ဘဲ ရှိမြဲ ရှိနေကြကုန်၏။

အာပတ်မငြိမ်းမပျောက်လျှင် အာပတ်ရှိသော ရဟန်းသည် ဥပုသ်ပြုရာ၌ ပါဝင်လျက်ပင် ရှိနေမည် ဖြစ်သည်။ ထို့ကြောင့် ဥပုသ်ပြုရာတွင် သိမ်များစွာတို့၌ လဇ္ဇီသူတော်ကောင်း ရဟန်းများသည် အလဇ္ဇီ သူယုတ်မာရဟန်းတို့နှင့် များသောအားဖြင့် အတူတူ ဥပုသ်ပြုနေကြရသည်ဟု နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)က ဆုံးဖြတ်ပေးတော်မူပါသည်။

---

**ကျမ်းညွှန်း**

* စူဠဝဂ္ဂပါဠိ၊ ပါတိမောက္ခသဝနာရဟ (နှာ-၄၂၄)
* စူဠဝဂ္ဂပါဠိ၊ ပါတိမောက္ခသဝနာရဟ (နှာ-၄၂၅)
* သာသနဇောသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရညဝါသီ ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ အရှင်သာသန၏ပုစ္ဆာ (နှာ-၇၁-၇၂)

# ၅၄။ သံသယရှိလျှင် သိက္ခာထပ်ကြပါသည်

နဘူးကျောင်း ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်တစ်ပါး ဖြစ်သည့် ဆရာတော်ဦးကေဝလက ရဟန်းသိက္ခာ ထပ်ခြင်းဆိုင်ရာ ကိစ္စရပ်ကို လျှောက်ထားအပြီး ထန်းတစ်ပင်ရွာက ဒါယိကာမကြီး ဒေါ်ညွန့်က မိမိအား သိက္ခာထပ်လိုသည့် အကြောင်းကိုပါ လျှောက်ထားရာ ဆရာတော်ကြီးက-

*"ဒီဘုန်းကြီးလည်း မသိခင်တုန်းက တစ်ခါတော့ လက်ခံဖူးတယ်၊ နောက်တော့ စဉ်းစားမိတယ်၊ ငါ ရဟန်းလည်းဖြစ်ပြီးသား၊ ငါ့မှာ ရဟန်းဖြစ်တုန်းက သံသယဖြစ်စရာလည်း ဘာမှမရှိဘူး၊ အဲဒါကို ထပ်ပြီး ရဟန်းခံတော့ ဘာထူးမှာလဲ၊ လုပ်နည်း မဟုတ်သေးဘူး ဆိုတဲ့အဖြေ ထွက်တယ်။ ကိုယ်တော်လည်း ဒီတစ်ခါ လက်ခံလိုက်ပါ၊ နောက်နောင် မလုပ်နှင့်တော့"*ဟု မိန့်ကြားတော်မူပြီးနောက်-

*"ဒီဘုန်းကြီးတို့ငယ်ငယ်က ဆုအထူးပန်တဲ့ ဆရာတော်ဆိုတာ ရှိတယ်၊ သူ့ဘွဲ့တော့ မသိဘူး၊ ဘာဆုကို အထူးပန်တာလဲ မသိဘူး၊ သူက နှစ်တိုင်းသိက္ခာထပ်တယ်၊ သိက္ခာမထပ်ခင် အကြိုတစ်ရက် ညနေပိုင်းမှာ သိက္ခာချပြီး အဲဒီည မာတုဂါမနှင့် နေသတဲ့၊ နောက်နေ့ မနက်ကျတော့မှ သိမ်ဝင် သိက္ခာထပ်သတဲ့၊ ဒီဇာတ်လမ်းကို မာတုဂါမ ကိုယ်တိုင်ပြောလို့ အကျယ် အကျယ် သိလာကြရတာ။ ဒါကြောင့် သတိထားကြ၊ ကိုယ်တော် တို့လည်း အဲဒီလို အထင်ခံနေရဦးမယ်"*

## နဘူးကျောင်းဆရာတော်ကိုယ်တိုင် သိက္ခာထပ်ပေးသည်

တောင်ကြီးမြို့မှ ဦးဇဝနက သူရဟန်းဖြစ်ခဲ့သည့် ကျောင်း၏ သိမ်၊ ကာရကသံဃာများကို သံသယရှိကြောင်း၊ ဝိနည်းအားနည်း

သည့်ကျောင်း၌ ရဟန်းဖြစ်ခဲ့မိကြောင်း နဘူးကျောင်းဆရာတော်ထံပါး လျှောက်ထားရာ -

*"ကိုယ်တော်က အဲသလို သံသယဖြစ်တယ်ဆိုရင်လည်း ညနေ ဥပုသ်ပြုရင်း သိမ်ထဲဝင်ပြီး ကမ္မဝါ ဖတ်ပေးပါ့မယ်"*

*"တပည့်တော် သိက္ခာချရမှာလားဘုရား"*

*"လုပ်ပြန်ပြီ၊ သိက္ခာချပြီးတော့ ဒီည ဘာလုပ်ဖို့ အစီအစဉ် ရှိနေသလဲ"*

*"ဘာမှမရှိပါဘုရား၊ ဝါကို - ၁ ကနေ စရမလားလို့ ထင်မိတာ ပါဘုရား"*

*"မလိုအပ်ပါဘူး၊ ကိုယ်တော်ရဟန်းမဖြစ်ခဲ့တာမှ မဟုတ်တာ၊ သံသယဖြစ်လို့သာ သိမ်ထပ်တာလေ၊ ဒါကြောင့် သိက္ခာချစရာလည်း မလိုဘူး၊ ဝါကို - ၁ ကနေ စဖို့လည်း မလိုပါဘူး"*

## သံသယကြီးတော်မူသည့် သီရိလင်္ကာနိုင်ငံသားရဟန်းတော်

သာသနာ့သမိုင်းတွင် ဤသို့ပင် သံသယကြောင့် အထပ်ထပ် သိမ်ထပ်ခဲ့ရသည့် သာဓကများလည်း ရှိပါသည်။ သီရိလင်္ကာ နိုင်ငံသား အရှင်သရဏင်္ကရအမှူးရှိသော ရဟန်းတော်တို့သည် မန္တလေးရတနာပုံ နေပြည်တော်သို့ ခရစ်သက္ကရာဇ် ၁၈၆၁-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ရောက်ရှိတော် မူခဲ့ကြပါသည်။

ထို့နောက် ရာဇဂုရုဘွဲ့တံဆိပ်တော် (၃)ထပ်ရ ဒုတိယ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး ဦးဥေယျမ္မ (AD ၁၇၉၉-၁၈၆၅) ထံသို့ ချဉ်းကပ်ကာ ရဟန်းခံခြင်း ဥပသမ္ပဒအမှု ပြုလိုပါကြောင်း အသနားခံလျှောက်ထား တောင်းပန်ချက်အရ သာသနာပိုင် ဆရာ

တော်ကြီးသည် ကိုယ်တော်တိုင် ဉပဇ္ဈာယ်ပြုလျက် ကောဇာ-၁၂၂၃ ခု၊ နယုန်လဆန်း (၈)ရက်နေ့တွင် မန္တလေးရတနာပုံနေပြည်တော် အရှေ့ပြင်ရှိ မဟာဝိသုတာရာမတိုက်တော်၌ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိစေခဲ့ပါသည်။ အရှင်သရဏင်္ကရ၏ ဘွဲ့အမည်ကို "အရှင်ဣန္ဒာသဘဝရဉာဏသာမိ"ဟု သာသနာပိုင် ဆရာတော်ကြီးက ပြင်ဆင်မှည့်ခေါ်တော်မူခဲ့ပါသည်။

အရှင်ဣန္ဒာသဘဝရဉာဏသာမိ အမှူးရှိသော ရဟန်းတော်တို့သည် သံသယကုက္ကုစ္စ ကင်းရှင်းစွာဖြင့် သာသနာ့တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ရေသိမ်တွင် ထပ်မံ၍ ရဟန်းခံလိုပါကြောင်း သာသနာပိုင် ဆရာတော်ကြီးထံ ထပ်မံ၍ လျှောက်ထား တောင်းပန်ကြပြန်ရာ သာသနာပိုင် ဆရာတော်ကြီးကလည်း ဧရာဝတီမြစ် ဥဒကုက္ခေပသိမ်၌ ထပ်မံ၍ ဥပသမ္ပဒကမ္မ(သိက္ခာထပ်မှု) ပြုလုပ်ပေးခဲ့ပါသည်။

တစ်ဖန် ဆက်လက်၍ အရှင်ဣန္ဒာသဘဝရဉာဏသာမိ အမှူးရှိသော ရဟန်းတော်တို့သည် "မြဲရာ သံပတ်" ဆိုသကဲ့သို့ နိသံသယ (သံသယကင်းစွာ)ဖြင့် သာသနာ့အကျိုး သယ်ပိုးနိုင်ရန် မန္တလေးရတနာပုံ ရွှေမြို့တော်မှ ရာမညတိုင်း ပဲခူးမြို့သို့ ကြွရောက်တော်မူကြကာ ရာမညဂိုဏ်း သံဃနာယက ရာဇဂုရု ဆရာတော်အရှင်မေဓာနန္ဒဓဇ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့၊ တောရဂိုဏ်း ရဟန်းတော်များ၏ ကမ္မဝါစာ ဖတ်ရွတ် ချီးမြှောက်မှုဖြင့် ပဲခူးမြို့ကလျာဏီသိမ်တော်တွင် ဒဠှီကမ္မအကျိုးငှာ ထပ်မံ ပဥ္စင်းခံခဲ့ကြပါသည်။

# ၅၅။ သံဃာတစ်ပါး လို့နေသောကြောင့် ကျောက်ဆင်းတုကို ရဟန်းလောင်းရှေ့ချကာ ကမ္မဝါဖတ်သည့် ရဟန်းခံပွဲ

နဘူးကျောင်းဆရာတော်ကြီး(AD ၁၉၂၁-၂၀၀၄)သည် ပျဉ်းမနား ထန်းတစ်ပင်တောရနှင့် ရမည်းသင်းမြို့ နဘူးကျောင်းတောရတို့တွင် အခါအားလျော်စွာ သီတင်းသုံးတော်မူပါသည်။ ဆရာတော်ကြီး သီတင်းသုံးရာသို့ အနယ်နယ်အရပ်ရပ်မှ သံဃာတော်များသည် ဓူတင်ဆိုင်ရာ နည်းခံရန် ဝိနည်းဆိုင်ရာ ခဲရာခဲဆစ်များကို မေးမြန်း လျှောက်ထားကြရန် ကြွလာတော်မူလေ့ ရှိကြပါသည်။

ဆရာတော်ကြီးသည် တောရ ဆောက်တည်တော်မူသည့် အစောပိုင်းကာလများ၌ တပည့် ရဟန်းပရိသတ် ထားတော်မမူဘဲ တစ်ပါးတည်း ဧကစာရီ နေတော်မူခဲ့ပါသည်။ နဘူးကျောင်း ဆရာတော်ကြီး၏ ဦးဆုံးတပည့်များမှာ ပျဉ်းမနား မဟာမြိုင်တောရ ဆရာတော် လောင်းလျာ အရှင်ဇောတိကနှင့် ပင်းဒယ အရှင်နရိန္ဒတို့ နှစ်ပါးပင် ဖြစ်၏။ နဘူးကျောင်းဆရာတော်၏ ခြေတော်သို့ ခိုလှုံ ရောက်ရှိ လာတော်မူသည့် အရှင်ဇောတိကသည် ဆရာတော်ကြီးထံပါးမှ ပါဠိစာပေများကို သင်ကြားတော်မူခဲ့ပြီး ဝိနည်းနှင့် ဓူတင်ဆိုင်ရာ ကိုလည်း ဆရာတော်ကြီးထံတော်ပါးမှ နည်းနာနိဿယများ ခံယူ ခဲ့ပါသည်။

နဘူးကျောင်းဆရာတော်ကြီးသည် ထိုကာလမှ ရဟန်းတော်များ လက်ခံလာခဲ့ရာ လွန်တော်မူပြီး နောက်ပိုင်းကာလ ဆရာတော်ကြီး ထူထောင်တော်မူခဲ့သည့် နေပြည်တော် ဒက္ခိဏသီရိမြို့ ထန်းတစ်ပင် တောရကျောင်း၌ ရံခါ သံဃာအပါးငါးဆယ်ကျော်မျှ ပရိဝါသ်

ဆောက်တည်ခြင်း၊ မာနတ်ကံ၊ အဗ္ဘာန်ကံများကို ဆောင်လျက် ရှိကြောင်း ထန်းတစ်ပင်တောရ၏ ပဓာနနာယက ဆရာတော် ဦးကေဝလမှ မိန့်တော်မူပါသည်။

## ဥပသမ္ပဒါ ကံဆောင်ရာမှာ ကျောက်ဆင်းတုပါလာ

ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်ကာလ ဤတောရ ကျောင်းသို့ အနယ်နယ်အရပ်ရပ်မှ သံဃာတော်များ ဆုံဆည်းကာ မိမိတို့၏ရင်ထဲမှ ဓူတင်ဆိုင်ရာ၊ ဝိနည်းဆိုင်ရာ မေးမြန်း လျှောက်ထားစဉ် ရဟန်းတော်တစ်ပါးက မိမိရဟန်းမှ ဖြစ်ပါလေစဟု သံသယ ဖြစ်ကာ ဤသို့ မေးလျှောက်လေသည်-

*"ဆရာတော်ဘုရား၊ တပည့်တော် ရဟန်းပြုစဉ် သံဃာပင့် လျှောက်ထားပါသော်လည်း သံဃာလေးပါးသာ ကြွရောက်တော် မူလာကြပြီး တစ်ပါးလိုနေပါသည်ဘုရား။ အချိန်မှာလည်း နှောင်း နေပြီ။ ထပ်မံ၍လည်း သံဃာကြွရန် မရှိတော့သဖြင့် ဓမ္မာရုံပေါ်မှ ကျောက်ဆင်းတုတစ်ဆူကို တပည့်တော် အပါအဝင် ဒါယကာ သုံးဦးက ပင့်လာ၍ ကမ္မဝါဖတ်ကြားမည့် သံဃာ့ပရိသတ် အလယ်၌ ထားကာ ဥပသမ္ပဒကမ္မဝါစာကို ဖတ်ကြားတော်မူကြပြီး ဘုရား တပည့် တော်အား ရဟန်းပြုပေးတော်မူပါသည်ဘုရား။ ဘုရားတပည့်တော် ဟိုယခင်က သံသယကုက္ကုစ္စ မရှိခဲ့ပါသော်လည်း ဆရာတော် ဘုရားကြီး ခြေတော်ရင်း၌ ဝိနည်းအကြောင်းများ နည်းခံ မှတ်သား လာရာမှ တပည့်တော် စိတ်နှလုံး မသာမယာဖြစ်ကာ တပည့်တော် ရဟန်းမှဖြစ်ပါရဲ့လားလို့ အတွေးဝင်ကာ ပင်ပန်းနေပါသည်ဘုရား"*ဟု

သူရဟန်းဖြစ်ရာ သမိုင်းကြောင်းကို ရှည်လျားပြည့်စုံစွာ လျှောက်ထား လေသည်။

## ကံဆောင်ရာမှာ ပါရာဇိကကျပြီးသားရဟန်း ပါနိုင်တယ်

ကြားနာရသည့် သံဃာ့ပရိသတ်အဖို့ ယနေ့ မြန်မာနိုင်ငံ၏ သာသနာ့ဝန်ထမ်းနေကြသည့် ရဟန်းများက ဤမျှပင် ကပိုကရို ဖြစ်နေပါပကောလားဟု နှလုံးမသာမယာ ဖြစ်နေကြစဉ် ဆရာတော် ကြီးမှ-

*"သံဃာငါးပါးနှင့် ဆောင်ရမည့်ကံကို တပည့်တော်ဆန္ဒ ကတော့ သံဃာနှစ်ဆ ဆယ်ပါးနှင့် ကံဆောင်စေချင်တယ်၊ သံဃာ နှစ်ဆယ်နှင့် ကံဆောင်ရမည့် အဗ္ဘာန်ကံကို သံဃာလေးဆယ် မရှိ တောင်မှ သုံးဆယ်တော့ ရှိစေချင်ပါတယ်။ ဘာ့ကြောင့် ခုလိုသံဃာ အပိုဆောင်ရတာလဲဆိုရင် ဒီသံဃာ့ပရိသတ်ထဲ ပါရာဇိကကျပြီးသား ရဟန်း ဘယ်နှစ်ပါး ပါမယ်မှန်းမှ မသိတာ၊ ပါရာဇိက ဒုတိယ အာပတ်က ခက်သား၊ သင့်လို့သင့်မှန်းသိ သင့်နေတတ်တယ်။ တော် တော်လေးသိမ်မွေ့တယ်၊ ဒါကြောင့် အရေးကြီးတဲ့ သံဃာ့ကံမျိုးမှာက အပိုဘက်က ယူထားတာ ကောင်းပါတယ်၊ ၅-ပါးဆောင်ရမယ့်ကံကို ၁၀-ပါးဆောင်လို့ မှားစရာမရှိပါဘူး။ သံဃာထက်ဝက် ပါရာဇိက ကျနေစေဦးတော့ မိမိတို့ ဆောင်နေတဲ့ကံအတွက် အနှောင့်အယှက် မရှိနိုင်ဘူး။ သံဃာ ၅-ပါး အပိုရှိနေတဲ့အတွက် ၅-ပါး ပါရာဇိက ကျခံနိုင်သေးတယ်။ ဒါပေမယ့် ကိုယ်တော့်ဟာက သံဃာတောင် မပြည့်လို့ ကျောက်ဆင်းတုပါ ရေတွက်ရတာဆိုတော့ ဘယ်ကောင်း*

*တော့မလဲ၊ ခဏနေ သိမ်ထဲ ကံဆောင်တဲ့အခါ ဥပသမ္ပဒ ကမ္မဝါ ဖတ်ပေးပါ့မယ်။"*

*"မှန်ပါဘုရား" "ဘယ်နှစ်ဝါရှိပြီလဲ" သနားကရုဏာသံဖြင့် မေးမြန်းတော်မူပါသည်။*

*"ဘုရားတပည့်တော် နှစ်ဝါရှိပါပြီဘုရား"ဟု ဖြေကြားပါသည်။*

*"ရဟန်းမဖြစ်ခဲ့တာ သေချာတဲ့အတွက် ဒီနေ့ ကမ္မဝါဖတ်ပြီး မှပဲ ရဟန်းရက်ချုပ်အရ ဝါကိုယူတာ ပိုပြီးသင့်ပါတယ်"*

## သံသယသာမက ရပြီးဝါကိုလည်း ပယ်ဖျက်

ဆရာတော်ကြီးထံတော်ပါး မိမိရဟန်းဖြစ်ရာကို သံသယ ရှိတော်မူကြသည့် သံဃာတော်များစွာ ရောက်ရှိကာ သူတို့ရင်ထဲမှ သံသယများကို နုတ်ပယ်နိုင်ခဲ့ကြပါသည်။ သံသယကြီးတော်မူ ရှာသည့် ရဟန်းတော်အချို့သည် ရရှိပြီးဝါကို ပယ်ရှားကာ ထန်း တစ်ပင်သိမ်မှ ကမ္မဝါဖတ်ပြီးသည့် အချိန်ကိုသာ ငါရဟန်းဖြစ်ပေပြီဟု နှလုံးသွင်းတော်မူသူလည်း ရှိသကဲ့သို့ အချို့မှာလည်း ရဟန်းဖြစ်စဉ် သိမ်ကိုလည်းကောင်း ပရိသတ်ကိုလည်းကောင်း ကမ္မဝါကို လည်း ကောင်း သံသယရှိကာ ထန်းတစ်ပင်သိမ်၌ ကမ္မဝါဖတ်ပြီး မိမိတို့၏ သံသယကို ပယ်ဖျောက်တော်မူပါသည်။ ဝါကိုမူ ပယ်ဖျောက်ခြင်း မရှိပေ။ ဆရာတော်ကြီး၏ တစ်သက်တာ၌မူ ရဟန်းတော်များ သီလစင်ကြယ်ရေးနှင့် မိမိတို့၏ သီလဆိုင်ရာသံသယ ပယ်ဖျောက် ရေးကိုသာ ပဓာနပြုကာ ကြောင့်ကြစိုက်တော်မူပါသည်။

# ၅၆။ ဒုလ္လဘရဟန်းခံခြင်းဖြင့် သာသနာမကြီးပွားသောကြောင့် အားမပေးပါ

ဦးတေဇနိယ၏ ရဟန်းဒါယကာ ဦးဖိုးဖြူက သူ၏သား မောင်ခိုင်ဝါကို နဘူးကျောင်းတောရ၌ ဒုလ္လဘရဟန်း ဝတ်စေချင်ပါသည်။ ထို့ကြောင့် ဦးဖိုးဖြူသည် အချိန်အခါသင့်သည့် တစ်ညနေ နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)ထံပါး ချဉ်းကပ်ကာ ဝတ်ပြုအပြီး သူ့သားကို တောရကျောင်း၌ ဒုလ္လဘရဟန်းဝတ်ခွင့်ပြုရန် လျှောက်ထားပါသည်။ ဆရာတော်ကြီးက တိုတိုပင် ဖြေကြားတော်မူပါသည်။

"*ဘုန်းကြီးက ဒုလ္လဘရဟန်းဝတ်တာကို အားမပေးပါဘူး*"ဟု *မိန့်တော်မူရာ* လာလျှောက်သည့် ဒါယကာက မျက်နှာမသာမယာဖြင့် ပြန်သွားပါသည်။ ဤအခြေအနေ အရပ်ရပ်ကို သိတော်မူလိုက်သည့် လဲဘူးဆရာတော်က ဒုလ္လဘရဟန်းနှင့် စပ်လျဉ်း၍ မှတ်သားဖွယ် အဆုံးအမတစ်ခုခုကို နဘူးကျောင်းဆရာတော်ကြီး ထံတော်ပါးမှ ရနိုင်မည်ဟု မျှော်လင့်ထားပါသည်။

ထို့ကြောင့် ဆရာတော်ဘုရား သီတင်းသုံးတော်မူရာကျောင်းသို့ ကြွသွားတော်မူပါသည်။ ဆရာတော်ကြီးကို အဆင်သင့် ဖူးမြင်ရသဖြင့် ဝတ်ပြုပြီးနောက်-

"*ဆရာတော် စကားမစပ်၊ ဒုလ္လဘ ရဟန်းဝတ်တာကို ဘာကြောင့် အားပေးချီးမြှောက်ခြင်း မပြုတာပါလဲဘုရား*"ဟု လျှောက်လေသည်။ ဆရာတော်ကြီးက "*ဒုလ္လဘရဟန်းခံတာက သာသနာ ကြီးပွားရာ၊ ကြီးပွားကြောင်း မဖြစ်ဘူးဘုရား၊ ဒါကြောင့် တပည့်တော်က အားမပေးတာပါ*"

## မဝတ်ရဘူးလို့ မပိတ်ပင်ပါဘူး

ထိုအခါ လဲဘူးဆရာတော်က-

*"စိတ္တပ္ပါဒမတ္တံပိ ကုသလေသု ဗမ္မေသု ဗဟူပကာရံ ဝဒါမိ-လို့ စာက ဆိုပါတယ်ဘုရား၊ လူက ကုသိုလ်စိတ် ကုသိုလ်အကြံ ဖြစ်တောင့် ဖြစ်ခဲကြီးပါဘုရား။ အခုလို ကုသိုလ်စိတ်၊ ကုသိုလ်အကြံ ဖြစ်ခဲတဲ့ လူအတွက် ကုသိုလ်ပြုချင်တဲ့ စိတ်အကြံအစည် ဖြစ်တာကကို အကျိုး ကျေးဇူးများလှပါပြီလို့ မြတ်စွာဘုရား ဟောတော်မူထားပါတယ် ဘုရား၊ သူ့ရဲ့ ရဟန်းခံဖို့ စိတ်ဆန္ဒဖြစ်လာတာကို ဟန့်တားမိရင် ပုညန္တရာယ် မထိုက်ပါလားဘုရား"*ဟု လျှောက်ပါသည်။ နဘူးကျောင်း ဆရာတော်က-

*"တပည့်တော်က မဝတ်ရဘူးလို့ မပိတ်ပင်ပါဘူး၊ သာသနာ အတွက် အကျိုးမများလို့ အားမပေးတာပါ"* ဟု မိန့်တော်မူပါသည်။ ဆက်လက်ပြီး-

*"ရန်ကုန်မှာ တပည့်တော် စာချနေတုန်းကာလ ဒုလ္လဘရဟန်း လက်ခံပေးတယ်၊ (၄၅)ရက်တဲ့၊ ထွက်မယ့်ရက်က သတ်မှတ်ထား ပြီးသား၊ အမြဲသဖြင့်နေမယ်၊ အကြောင်း မညီညွတ်ရင်တော့လည်း ထွက်မယ်ဆိုရင်တော့ တော်သေးတာပေါ့၊ အခုတော့ ထွက်ဖို့ကြိုတင် သတ်မှတ်ထားတယ်၊ စားစရာတွေလည်း (၄၅)ရက်စာ ဂျစ်ကား တစ်စီးတိုက် လာပို့ကြတယ်၊ ပျော်ပွဲစားလာသလိုပါပဲဘုရား၊ စားချင် ရာစား၊ နေသာသလိုနေနှင့် စိတ်က အိမ်ကိုရောက်နေတာဘုရား၊ သို့သော် ဇီးဖြူကုန်းရွာက ဒုလ္လဘလာဝတ်တဲ့ ဦးကုလားကျတော့ တော်တော်အကျိုးရှိသွားတာ တွေ့ရတယ်၊ သူအကျိုးရှိပုံက ရွာမှာ*

*ဆွမ်းခံစားတယ်၊ ပြီးတော့ တောထဲသွားပြီး သစ်ပင်တစ်ပင်အောက်မှာ တရားအားထုတ်တယ် သူ့ဒုလ္လဘသက် (၇)ရက်စလုံး အခုလိုပဲ အကျိုးရှိအောင်နေသွားတာကို တပည့်တော် မြင်ဖူးတယ်”*

## ပဗ္ဗဇိတသုံးမျိုး

ထိုအခါ လဲဘူးဆရာတော်ကလည်း “*မှန်ပါဘုရား တပည့်တော် ညီတစ်ယောက်ကလည်း သာသနာ့ဘောင် ဝင်ချင်တာတဲ့ဘုရား၊ သာသနာမှာ ကောင်းကောင်းမနေနိုင်ရင် ဝတ်မနေပါနဲ့ကွာ၊ ဘုရား အဆုံးအမအတိုင်း ကောင်းကောင်းမနေနိုင်လို့ရှိရင် လူတွေထက်ကို အကျနာတယ်နော်လို့ ပြောပြလိုက်ပါတယ်ဘုရား*”ဟု လဲဘူးဆရာ တော်က မိန့်ကြားတော်မူပါသည်။

ပါဠိတော်၌ (၁)သဒ္ဓါပဗ္ဗဇိတ၊ (၂)ပညာပဗ္ဗဇိတနှင့် (၃)ဘယာ ပဗ္ဗဇိတဟူ၍ ပဗ္ဗဇိတသုံးမျိုး ပြပါသည်။

(၁) **သဒ္ဓါပဗ္ဗဇိတ**-ဟူသည် ရတနာသုံးပါးနှင့် ဘုရားအဆုံး အမ သာသနာကို သဒ္ဓါကြည်ညိုစိတ်ဖြစ်ကာ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်လိုသောကြောင့် ရဟန်းဝတ်သောသူဖြစ်သည်။ ထိုရဟန်း မျိုးသည် ဘုရားအဆုံးအမသာသနာကို ယုံကြည်လေးစားသော သဒ္ဓါ တရားရှိခြင်းကြောင့် သီလသိက္ခာပုဒ်များကိုလည်း သိရှိအောင် လေ့လာကာ ထိုသိရှိလာသော သီလသိက္ခာပုဒ်များကိုလည်း မကျိုး မပေါက်ရအောင် အလေးဂရုပြု၍ စောင့်ထိန်း၏။ ဤသို့ သိက္ခာပုဒ် များကို စောင့်ထိန်းနိုင်မှ ကုသိုလ်ရ၍ ရဟန်းပြုရကျိုးနပ်၏။ ထို့ကြောင့် ဤပုဂ္ဂိုလ်တို့သည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို

လိုက်နာကျင့်သုံးမည့်သူများဖြစ်သဖြင့် သာသနာတော်ကို ဂုဏ်ကျက်သရေ ဆောင်နိုင်ပေလိမ့်မည်။

(၂) **ပညာပဗ္ဗဇိတ**-ဟူသည် ဗုဒ္ဓ၏ပိဋကတ်ကျမ်းဂန် စာပေအသိပညာ၊ အတတ်ပညာတွေရလို၍ ရဟန်းပြုသူ ဖြစ်သောကြောင့် သာသနာတော်ကို ဂုဏ်ကျက်သရေ ဆောင်နိုင်ပေလိမ့်မည်။

(၃) **ဘယာပဗ္ဗဇိတ**-ဟူသည် လူ့လောက၌ စားဝတ်နေရေး၊ အနေမချောင်သဖြင့် ရဟန်းဘောင်ဝင်လျှင် အဆင်ပြေနိုးနိုးဖြင့် ဘုန်းကြီးဝတ်လာသူများ၊ အနာရောဂါများကာ ကျန်းမာရေးကောင်းလာရန် ဗေဒင်ဆရာ၏ယတြာကြောင့် သာသနာ့ဘောင် ဝင်ရောက်လာကာ ကတုံးတုံး ဝတ်စုံလဲထားသူမျိုး ဖြစ်ပါသည်။ သဒ္ဓါအား၊ ပညာအား ခေါင်းပါးလွန်းသဖြင့် သာသနာတော်အတွက် အကျိုးမများနိုင်သူများ ဖြစ်ပါသည်။ သူတို့၏ အနေအထိုင်သည် အလွန်ပင်ချို့ယွင်း အားနည်းလွန်းကြသည်။

ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့် သီဟိုဠ်နိုင်ငံတွင်မူ ရဟန်းဝတ်မည့် ရဟန်းလောင်းသည် မည်သည့်နေ့တွင် လူထွက်မည်ကို ကြိုတင်မပြောရပေ။ မပျော်သည့်တစ်နေ့ ထွက်ခွင့်ရှိပါသည်။ သို့သော်မဝတ်ခင်ကပင် မည်သည့်နေ့အထိသာ သာသနာတွင် နေမည်ဟုဆိုလာလျှင်မူ ရှေးအခါက သီဟိုဠ်ဆရာတော်များက ရဟန်းခံပေးလေ့မရှိကြောင်း မှတ်သားဖူးပါသည်။ ယနေ့ကာလ သီဟိုဠ်နိုင်ငံ၌ ထိုအစဉ်အလာကောင်းများ ရှိ မရှိ မသိရပါ။

---

**ကျမ်းညွှန်း**

* (၈၄)၊ သလ္လေခသုတ္တ၊ မူလပဏ္ဏာသပါဠိ (နှာ-၅၂)

# ၅၇။ ရဟန်းဘဝနှင့် ပစ္စည်းလေးပါး

ဗုဒ္ဓသာသနာတော်အတွင်း ယခုမှ ဝင်ရောက်လာသည့် ရဟန်းအသစ်အတွက် သူ၏ စား၊ ဝတ်၊ နေရေး၊ ဆေးကုသရေး ကိစ္စအဝဝအတွက် မည်ကဲ့သို့ ဆောင်ရွက် သွားရမည်ဟူသော လမ်းညွှန်မှုကို သိမ်ထဲ၌ပင် ဆရာဘုန်းကြီးများက သွန်သင်ဆုံးမ ပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရဟန်းသစ်အနေဖြင့် ဘဝရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်မည့် စားရေး၊ ဝတ်ရေး၊ နေရေးစသည်အတွက် ပူပင်ကြောင့်ကြရန် မလိုအပ်တော့ပေ။ သို့သော် ရဟန်းဘဝတွင် မရှိမဖြစ် လိုအပ်လာတတ်သည့် ပစ္စည်းများကိုမူ ဆွေမျိုး သွေးသားတော်စပ်သူ ဉာတိနှင့် ပစ္စည်းလေးပါးလျှောက်ထားသူ ပဝါရိတတို့ထံမှ အလှူခံခွင့်ရှိပါသည်။ အလှူခံရာတွင် ဒါယကာများ၏ သဒ္ဓါတရားကို ငဲ့ကွက်ကာ၊ သတိပြုကာ၊ ချင့်ချိန်ကာဖြင့် အလှူခံရပါသည်။

## ပစ္စည်းလေးပါးလျှောက်ထားသူ

ပစ္စည်းလေးပါး လျှောက်ထားသူဟူသည်မှာ -

"*ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လိုအပ်ပါက တပည့်တော်ထံ အလှူခံတော်မူပါဘုရား*"ဟု လျှောက်ထားသူကို ခေါ်ပါသည်။

သံသယဖြစ်ဖွယ်တစ်ခု ကြုံဖူးသည်မှာ ထန်းတစ်ပင်တောရ၌ ဝါဆိုနေသည့် ရဟန်းတော်တစ်ပါးသည် ဆွမ်းခံပြန်ကြွလာပါသည်။ ရွှံ့ပေကျံနေသည့် ခြေထောက်ကို ဆေးရန်အတွက် ကျောင်းရှေ့ တံစက်မြိတ်အောက် မိုးရေခံထားသည့် ရေအိုးထဲကရေကို အခါတိုင်း နည်းတူ ခပ်ယူလိုက်စဉ် ရေအိုးကွဲသွားပါသည်။

ဆရာတော်ကို ပစ္စည်းလေးပါး လျှောက်ထားသည့် ဒါယိကာမ ကြီးတစ်ဦး ရှိပါသည်။ သို့သော် ဒါယိကာမကြီး လျှောက်ထားသည်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်းနှင့် ဆေးဟူသော ပစ္စည်းလေးပါးသာ ပါဝင်ပြီး ရေအိုးမပါဘဲ ဖြစ်နေပါသည်။ ထို့ကြောင့် ဆရာတော်မှာ ရေအိုးကို အလှူခံရန် သင့် မသင့် ဝေခွဲမရ ဖြစ်နေမိခဲ့ကြောင်း မိန့်တော်မူသည်ကို မှတ်သားရဖူးပါသည်။

သို့ဖြစ်ပါ၍ ဝိနည်းလေးစားတော်မူကြသည့် သံဃာတော် များက ထိုသို့ သံသယမဖြစ်စေရန် -

*"တပည့်တော်၏ အထံ၌ ပစ္စည်းလေးပါးနှင့်တကွ လိုအပ်ရာရာ အပ်စပ်သောပစ္စည်းများကို အလိုရှိ သောအခါ အလှူခံတော်မူပါ ဘုရား။ ဝေယျာဝစ္စများကိုလည်း စေခိုင်းတော်မူပါဘုရား"* ဟု လျှောက် ခြင်းက ပို၍ ပြည့်စုံကြောင်း မိန့်ကြားတော်မူဖူးပါသည်။ သို့သော် ပစ္စည်းလေးပါး လျှောက်ထားသည့် ဗုဒ္ဓဘာသာဝင် ဒါယကာများ ကပင် သမဏဝေါဟာရနှင့်အညီ ပြည့်ပြည့်စုံစုံဖြင့် လျှောက်ထား တတ်ရန် မဖြစ်နိုင်ကောင်းပေ။

## အလိုရှိတာကို မိန့်တော်မူပါ

*"အရှင်ဘုရားအလိုရှိတာ တပည့်တော်ကိုလည်း မိန့်ပါဘုရား"* ဟု မြစ်သားဆရာတော် ဦးကောသလ္လ၏ ကျောင်းနေဘက် သူငယ် ချင်းဖြစ်သူ ဘာသာခြားတစ်ဦးက လျှောက်လာပါသည်။ သူ၏ လျှောက်ထားပုံမှာ အလွန်ရိုးရှင်းပြီး ပစ္စည်းလေးပါး ဖိတ်ကြား သည့်သဘောလည်း သက်ရောက်နေပါသည်။ သို့သော် သမဏ ဝေါဟာရဖြင့် ဆီလျော်လျောက်ပတ်သည်အထိ လျှောက်ထားသည်ဟု ပြောရန်လည်း ခက်ခဲနေပြန်သဖြင့် သံသယဖြစ်ဖွယ် ရှိလာပါသည်။

ထို့ကြောင့် မြစ်သားဆရာတော်သည် ထန်းတစ်ပင်ဆရာတော် ဘုရားထံပါး မေးမြန်းလျှောက်ထားရန် အခါအခွင့် စောင့်လာခဲ့ပါသည်။ ထိုတစ်ညနေတွင်မူ အခွင့်သင့်လာသဖြင့် လျှောက်ထားရာတွင်မူ ဆရာတော်ကြီးက-

*"ရပါတယ်၊ လိုတာရှိရင် ပြောပါဆိုတာက ပိုတောင် ကောင်းပါသေးတယ်၊ ပစ္စည်းလေးပါးဆိုရင် လေးပါးသာ သန့်သန့်ဖြစ်နေတဲ့အတွက် သံသယဖြစ်စရာ ကြုံရတတ်ပါတယ်၊ ဒီလျှောက်ထားပုံက လိုရာ တောင်းလို့ရတာပေါ့"*ဟု ဖြေကြားပေးတော်မူပါသည်။

## ဒါယကာ၏သဒ္ဓါကို ချိန်ဆရမည်

အလှူခံရာတွင် ဒါယကာ၏သဒ္ဓါကို ချိန်ဆတတ်ရန်လည်း သတိပြုသင့်ကြောင်း ဝိနယဂရုက ဆရာထေရ်တစ်ပါးက သာဓကဖြင့် ဆုံးမဖူးပါသည်။

*"သာဓကရှိတယ်ကိုယ်တော်၊ ဘုရားလောင်း အဌိသေန သတို့သား ရသေ့ရဟန်းပြုပြီး ဟိမဝန္တာတောမှာ နေပါတယ်။ တစ်ခုသောကာလမှာ မင်းဥယျာဉ်တော်ကို ကြွရောက် သီတင်းသုံးတော်မူတယ်။ ရှင်ဘုရင်က ကြည်ညိုပြီး အလိုရှိရာရာပစ္စည်း အလှူခံဖို့ အကြောင်း အကြိမ်ကြိမ် လျှောက်ထားပေမယ့်လည်း ဘာမှ အလှူမခံဘူး။ ဒါကြောင့် ရှင်ဘုရင်က 'ဘာကြောင့် တပည့်တော်ဆီမှာ အလှူမခံတာပါလဲဘုရား'လို့ မေးလျှောက်တော့မှ ရသေ့က-*

*အသင်မင်းကြီး တောင်းတဲ့သူကို ပေးလှူရတဲ့သူက ငြိုငြင်တတ်သလို၊ တောင်းတိုင်းမရရင်လည်း တောင်းသူက ပေးလှူသူကို ငြိုငြင်တတ်ပါတယ်၊ ဒါကြောင့် ငြိုငြင်ခြင်းကို အလိုမရှိလို့ မတောင်းတာ၊ အလှူမခံတာပါ" တဲ့ဘုရား၊ သီလကို မြတ်နိုးတော်မူကြသည့် အရှင်မြတ်များအတွက် မှတ်သားဖွယ် စံနမူနာထား အတုယူစရာ အဆုံးအမပါဘုရား"*

အလှူရှင်၏ သဒ္ဓါတရားနှင့် အလှူပစ္စည်းတို့၏ ဆက်စပ်မှုကို အလှူခံပုဂ္ဂိုလ်က ဆန်းစစ်ရန် လိုအပ်ပါသေးသည်။ လှူဘွယ်ပစ္စည်း ရှိသော်လည်း သဒ္ဓါတရားမရှိသော ဒါယကာက ရဟန်းထံပါး အလှူခံရန် မကြာခဏ လျှောက်ထားလာလျှင် အနည်းငယ်မျှ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမည်။ လှူဘွယ်ပစ္စည်း မရှိသော်လည်း သဒ္ဓါတရားရှိသော ဒါယကာက ရဟန်းထံပါး အလှူခံရန် မကြာခဏ လျှောက်ထားလာလျှင် အနည်းငယ်မျှ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမည်။

လှူဘွယ်ပစ္စည်းလည်းမရှိ သဒ္ဓါတရားလည်း မရှိသော ဒါယကာက ရဟန်းထံပါး အလှူခံရန် မကြာခဏ လျှောက်ထားလာလျှင် အနည်းငယ်မျှ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမည်။ လှူဘွယ်ပစ္စည်းလည်းရှိပြီး သဒ္ဓါတရားလည်းရှိသည့် ဒါယကာက ရဟန်းထံပါး အလှူခံရန် မကြာခဏလျှောက်ထားလာလျှင် မိမိ၏ လိုအပ်ချက်အားလျော်စွာ လိုအပ်သမျှသာ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမည်ဟု လာရှိပါသေးသည်။

ရဟန်းသံဃာတော်များ ဒါယကာများထံမှ အလှူခံခြင်းကို ပျားပိတုန်းများ ပန်းပွင့်အထဲမှ ပန်းဝတ်ရည်စုပ်ယူလျှင် ပန်းပွင့် မပျက်စီးဘဲ ဝတ်ရည်ကို ဆောင်ယူသည့်နှယ် ဒါယကာ၏ သဒ္ဓါတရား မထိခိုက်စေဘဲ ရဟန်းဘဝ အသက်မွေးမြူရမည်ဟု ဗုဒ္ဓစာပေ၌ ဥပမာ လာရှိပါသည်။

**ကျမ်းညွှန်း**

* (၅၄)၊ အင္ဂိုသေနဇာတကဝဏ္ဏနာ၊ သတ္တကနိပါတ၊ ဇာတကအဋ္ဌကထာ-၃ (နှာ-၃၃၁)

## ၅၈။ ဘုရားစကား နားထောင်လိုက်တာနှင့်ကို အစစအရာရာ ပြည့်စုံပါတယ်

ကျေးဇူးရှင် လဲဘူးတောရဆရာတော်ကြီးသည် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄)ထက် သက်တော် တစ်နှစ်၊ တစ်ဝါမျှသာ ငယ်ပါသော်လည်း ဆရာသခင်ရှေ့တွင် ပကတိ ကိုရင်လေးပမာ ကျိုးကျိုးနွံနွံ တလေးတစား ရိုရိုသေသေ လက်အုပ် ချီမိုးကာ သီတင်းသုံး နေထိုင်တော်မူသည်ကို မိမိတို့ ရဟန်းငယ် များအဖို့ တစ်သက်မမေ့စရာ အားကျကြည်ညို မဆုံးသည့် မျက်မြင် သင်ခန်းစာများစွာကို ရရှိစေခဲ့ပါသည်။ တစ်သက်တာ တန်ဖိုးဖြတ် မရနိုင်သည့် အတုယူအားကျစရာ ဝိနည်း မှတ်စု၊ မှတ်ရာကိုလည်း ဆရာတော်ကြီးများမှ ဆိုဆုံးမပေးတော်မူလေ့ ရှိပါသည်။

### နေပြည်တော် မဖြစ်သေးခင်က ပျဉ်းမနားမြို့

ထိုစဉ်က နေပြည်တော်လည်း မဖြစ်သေး။ လူစီး ဘတ်စ်ကား များ ယခုကဲ့သို့ ပြေးဆွဲခြင်း မရှိသောကြောင့် မီးရထားကိုပင် အား ကိုးကာ ခရီးသွားလာကြရပါသည်။ ရံခါ ကာလများ၌မူ မီးရထား သည် အကြောင်းအမျိုးမျိုးကြောင့် နေဝင်မိုးချုပ် သန်းခေါင် သန်းလွဲ

အချိန် ဆိုက်ရောက်တတ်ပါသည်။ တောရနေ ရဟန်း သံဃာတော်များ သွားလာရေး မခက်ခဲစေရန်အလို့ငှာ ပျဉ်းမနား ဘူတာရုံအနီးနေထိုင်သူ ဆန်ကုန်သည် ဦးလှအောင်၊ ဒေါ်ခင်သိန်းတို့သည် နဘူးကျောင်းဆရာတော်ကြီး၏ တပည့်များပီသစွာ ရဟန်းတော်များဝိနည်းသံသယ ကင်းရှင်းစွာ ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ရန် သံဃာဆောင်တစ်ဆောင် ဆောက်လုပ်ကာ ခရီးသွား သံဃာတော်များ အိမ်ကိုကျောင်းအဖြစ် သီတင်းသုံးတော်မူပါရန် လျှောက်ထားပါသည်။

ထို့ကြောင့် လယ်ဝေးနယ်နှင့် ပျဉ်းမနားနယ်များရှိ တောများ၌ တောရဆောက်တည်ကာနေကြသည့် သံဃာတော်များ အကြောင်းအမျိုးမျိုးကြောင့် မီးရထားနောက်ကျလျှင် သဒ္ဓါတရား ပြည့်ဝသည့် ထိုအမယ်အို၊ အဘိုးအို ဇနီးမောင်နှံကို ချီးမြှောက်သောအားဖြင့် သူတို့၏ ကျောင်း၌ ကြောင့်ကြမဲ့ သီတင်းသုံးတော်မူလေ့ရှိပါသည်။

## ဆရာကောင်းတပည့်များ

တောရအသီးသီးမှ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်တို့အားလည်း ဆွမ်းချိန်ဆိုလျှင် ဆွမ်း၊ ယာဂုနှင့်သင့်တော်ပါက ယာဂု၊ ဖျော်ရည်နှင့် သင့်တော်ပါက ဖျော်ရည်ကို ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြပါသည်။ သူတို့၏ကျောင်းမှသည် ကြွလိုရာခရီး ကြွနိုင်ရန်လည်း ကုသိုလ်ယူကြပါသေးသည်။

*"ဘုရားတပည့်တော်များ အသက်အရွယ် ကြီးရင့်လှပါပြီဘုရား၊ ခရီးကွာဝေးတဲ့ တောရကျောင်းကိုလည်း အရင်လို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါဘူးဘုရား၊ ဒါကြောင့် တပည့်တော်တို့ လူအိုများကို သနားသောအားဖြင့် ချီးမြှောက်သောအားဖြင့် ခရီးကြုံကြိုက်ရင်*

*နေ့နေ့ညည အချိန်မရွေး အရှင်ဘုရားများအတွက် တံခါးဖွင့်ထား ပါတယ်ဘုရား”*ဟု သူတို့၏ ကျောင်းကို ကြွလာတော်မူကြသည့် ဆရာတော် သံဃာတော်တို့အား လက်အုပ်ချီမိုးကာ အထပ်ထပ် လျှောက်တင်ကြလေသည်။

စာရေးသည့် ဘုန်းကြီးလည်း ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ် ကုသမှုတစ်ခုကို ခံယူပြီးနောက် ထန်းတစ်ပင်တောရကျောင်းသို့ ကြွရန် ကပ္ပိယနှင့်အတူ ရန်ကုန်မြို့မှ ပျဉ်းမနားမြို့သို့ မီးရထားဖြင့် ကြွလာခဲ့ရာ မိမိစီးလာသည့် ရထားသည် သန်းခေါင်ကျော်မှ ပျဉ်း မနားဘူတာသို့ ဆိုက်ရောက်လေသည်။ ထို့ကြောင့် ထိုဒါယကာ အိုကြီးများ၏ကျောင်း၌ တစ်ညတာ ခေတ္တသီတင်းသုံးပါသည်။

ထိုည၏ တစ်ခဏအကြာ စာရေးသည့်ဘုန်းကြီး ကျိန်း နေသည့် ကျောင်းတံခါးကို သာသာခေါက်ကာ-

*“အရှင်ဘုရား၊ အရှင်ဘုရား၊ လဲဘူးဆရာတော်ကြီး ပျဉ်းမနား ဘူတာရုံကနေ ကြွလာပါတယ်ဘုရား”*ဟု ဒါယကာကြီး ဦးလှအောင်က လျှောက်ပါသည်။ ထို့ကြောင့် ကျောင်းတံခါးဖွင့်ပြီး သက်နှန်း လက် ကတော့ထိုးကာ သက်တော်ရှည်ဆရာတော်ကြီးအား ခရီးဦးကြို ဆိုကာ ဝတ်ပြုအပြီး နာရီကြည့်မိရာ ည ၂-နာရီ ၁၀-မိနစ် ရှိနေပါ သည်။

## ကိုယ်တော် ငွေကိုင်သလား

ဆရာတော်ကြီးအား မဖူးမြင်ရသည်မှာ ကာလအတန် ကြာခဲ့ပြီး ဖြစ်သဖြင့် အမှတ်ရဖွယ် ရှေးဟောင်းနှောင်းဖြစ်များကို မိန့်ကြားတော်မူအပြီး -

*"တပည့်တော် နဘူးကျောင်း ဆရာတော်ဘုရားကြီးထံပါး မဆည်းကပ်မီသေးခင် ငွေကိုင်တယ် ကိုယ်တော်၊ ခုလိုခရီးသွားမယ်ဆိုရင်ငါ့ ဘယ်လောက်ရှိတယ် ဘယ်လောက်သုံးရင်ဖြင့် ဘယ်လောက် ကျန်မယ်ဆိုပြီး ဒါတွေတွက်နေရတယ်၊ ရထားစီးရင် ကုန်ကျမများအောင်လို့ ရိုးရိုးတန်းက ငါးပိသိပ် ငါးချဉ်သိပ်ပေါ့ ကိုယ်တော်၊ နောက်တော့ တပည့်တော်က ဆရာသမားရဲ့ဩဝါဒနှင့် ဘုရားဥပဒေကို လိုက်နာပြီးတော့ နိဿဂ္ဂိစွန့်လိုက်ပြီ ကိုယ်တော်၊ ငွေလုံးဝမကိုင်တော့ဘူး၊ ကိုယ်တော်ရော ငွေကိုင်သလား"*ဟု မိုးခြိမ်းသည့်နှယ် ရုတ်တရက် စကားမစပ် ဒိုးဒိုးဒေါက်ဒေါက် မေးတော်မူပါသည်၊ မိမိသည်လည်း ဆရာတော်ဘုရားကြီးအား ခြေဆုပ်လက်နယ် ဝတ်ဖြည့်နေရာမှ လက်အုပ်ချီမိုးကာ -

*"ရဟန်းဖြစ်ချိန်မှသည် ယနေ့တိုင် နိဿဂ္ဂိ ကင်းရှင်းပါသည် ဘုရား"*ဟု လျှောက်တင်လိုက်ပါသည်။ အကယ်၍ ထိုအချိန်ကာလ မိမိလက်ဝယ် အနာမာသဝတ္ထုငွေကြေးသာ ကိုင်ဆောင်ထားမိနေပါက ဆရာတော် မည်သို့ မိန့်ကြားမည်ကို မတွေးဆဝံ့ပါ။ မိမိ၏ အဖြေစကားကို ကျေနပ်စွာဖြင့် လက်ခံတော်မူပြီးနောက်-

*"ကိုယ်တော်တို့က ဆရာကောင်း အမှီရလိုက်တာကိုး၊ ဆရာ့စကားကိုလည်း လေးစားလိုက်နာတာ သာဓု ခေါ်ပါတယ်ဘုရား"*ဟု မိန့်ကြားတော်မူအပြီး-



## ကျေးဇူးရှင် လဲဘူးတောရဆရာတော်ကြီး

(မြန်မာ ၁၂၈၄ - ) (ခရစ် ၁၉၂၂ - )

"တပည့်တော် နဘူးကျောင်း ဆရာတော်ဘုရားကြီးထံပါး မဆည်းကပ်မီခင်က ငွေကိုင်တယ်ကိုယ်တော်၊ ခုလို ခရီးသွားမယ်ဆိုရင် ငါ့မှာ ငွေဘယ်လောက်ရှိတယ် ဘယ်လောက်သုံးရင်ဖြင့် ဘယ်လောက်ကျန်မယ်ဆိုပြီး ဒါတွေ တွက်နေရတယ်၊ အခုနောက်တော့ တပည့်တော်က ဆရာသမားရဲ့ ဩဝါဒနှင့် ဘုရားဥပဒေကို လိုက်နာပြီး အာလယ ဖြတ်ပြီး နိဿဂ္ဂိစွန့်လိုက်ပြီ ကိုယ်တော်"

# ငွေမကိုင်တော့မှ ဘုန်းကံတက်လာ

*"တပည့်တော်ကလည်း ခုငွေမကိုင်တော့မှ ရထားစီးလာတာက အထက်တန်းတွဲနှင့်ဘုရား၊ အထက်တန်းလက်မှတ် လျှော့မယ့်သူက နှစ်ယောက်တောင်ဖြစ်နေတာ ကိုယ်တော်၊ ဒါနှင့်စကားမစပ် ဒကာတစ်ယောက်က လေယာဉ်ပျံလက်မှတ် လှူမယ်လျှောက်တယ်၊ လေယာဉ်ပျံ ဘယ်စီးရကောင်းမလဲ ကိုယ်တော်"* ဆရာတော်ကြီး နှုတ်တော်မှ ဘုရားရှင်၏ အဆုံးအမကို လိုက်နာဖို့ ဩဝါဒကထာ မိန့်မြွက်နေစဉ်မှာပင် ခပ်လှမ်းလှမ်း ဘုန်းတော်ကြီးကျောင်းဆီမှ အုန်းမောင်းသံများ ကြားလာရပါသည်။

*"ကိုယ်တော်က ဂိလာန၊ အိပ်ရေးပျက်တာ မကောင်းဘူး၊ တပည့်တော်လည်း ခရီးတော့ ပန်းလာတယ်၊ အရုဏ်မတက်သေးဘူး ခဏလောက် ခါးဆန့်ကြရအောင်၊ ဒါနှင့်စကားမစပ် ဆရာတော်ကြီး မိန့်တော်မူနေတဲ့ တောနေရဟန်းများအတွက် ကောင်းကင်ကြယ်ကြည့်နည်းနှင့် အရုဏ်တက်ချိန်စာအုပ် ပြုစုနေပြီလား"*

*"မှန်ပါဘုရား စ,နေပါပြီဘုရား၊ အချိန်ကာလ တော်တော်ကြာတွက်ချက်ပြီး လက်တွေ့လည်း သုတေသနပြုရမှာပါဘုရား"*

*"သာသနာမှာ အရေးကြီးလို့မို့ ကျန်းမာအောင်နေပြီး ကြိုးစားပါ ကိုယ်တော်"*

*"မှန်လှပါ၊ ကြိုးစားပါ့မယ်ဘုရား"*

---

**ကျမ်းညွှန်း**

* ရူပိယသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၄၄)

# ၅၉။ ဆွမ်းတစ်နပ်ကို အလှူတ်ခံတော်မူပြီး သင်ပြပေးခဲ့သည့် ဝိနည်းသင်ခန်းစာ

ပျဉ်းမနားမြို့ ထန်းတစ်ပင်တောရကျောင်း၌ သီတင်းသုံး နေတော်မူကြသည့် သံဃာတော်များသည် နံနက်အရုဏ်တက်ပြီး သည်နှင့် ဆွမ်းခံရွာအသီးသီးသို့ ကြွရောက်ကာ ဒါယကာတို့က သဒ္ဓါတရားအားလျော်စွာ လှူဒါန်းသည့်ဆွမ်းကို ခံယူတော် မူကြ ပါသည်။ ရံခါ မြို့မှ ဒါယကာတို့က ဆွမ်းခံပြန်ကြွလာသည့် ရဟန်း တော်များအား ဖြည့်ဆွမ်းအဖြစ် ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ မုန့်များကို လောင်းလှူလေ့ ရှိတတ်ပါသည်။ ရံခါမူလည်း ရွာများသို့ ဆွမ်းခံ မကြွရတော့ဘဲ ကျောင်း၌ပင် ဆွမ်းကို ပြည့်စုံစွာ လောင်းလှူကြ သည်လည်း ရှိတတ်ပါသည်။

တစ်ခုသော ဝါကျွတ်ဆောင်းဦးကာလ၌ ဆုတောင်းပြည့် တောရကျောင်းရှေ့ဇရပ်၌ ဒါယကာတို့က ဆွမ်းလောင်းလှူကြမည် ဖြစ်သဖြင့် အရုဏ်တက်လျှင်တက်ချင်း တောရနေသံဃာတော်များ သက်န်းရုံ သပိတ်ပိုက်၍ ထေရ်စဉ်ဝါစဉ်တန်းကာ ဆွမ်းဒါယကာ တို့အား ချီးမြှောက်တော်မူကြမည် ဖြစ်ပါသည်။

## သပိတ်အကပ်ခံပြီးပြီလား

နဘူးကျင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄) သည် ထန်းတစ်ပင်တောရ ကျောင်းဝင်းထဲမှ ဆွမ်းခံကြွလာတော်မူပါသည်။ ဒါယကာတို့က ဆရာတော်ကြီးထံမှ သပိတ်ကိုယူပြီး သပိတ်ထဲ ဆွမ်း,

ဆွမ်းဟင်းအချို့ပွဲ ဘောဇဉ်စသည်ကို ပြည့်ပြည့်စုံစုံ လောင်းလှူကာ သပိတ်အဖုံးဖုံးပြီး ဆရာတော်လက်ဝယ် ဆက်ကပ်ရန် အသင့်ဖြစ်နေလေပြီ။ ထိုအခိုက်အတန့်ကလေး၌ မမျှော်လင့်သည့် အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာပါသည်။

ထိုနေ့က ဆွမ်းလောင်းလှူသည့် ဒါယကာတို့နှင့်အတူ မြို့မှရဟန်းတစ်ပါး ပါလာပါသည်။ ထိုရဟန်းသည် ဆွမ်းလောင်းဇရပ်၏ ဒေါင့်တစ်နေရာ၌ ရပ်နေပါသည်။ ထိုရဟန်းသည် တက္ကသီလမှာ စရိယဘွဲ့ရပြီးနောက် အူမကြီးကင်ဆာရောဂါ ဖြစ်နေရှာသည့် ဂိလာနရဟန်း ဖြစ်ပါသည်။ တောရကျောင်းသို့ ဆရာတော်ကြီးကို ဖူးမြင်ရန် လိုက်ပါလာခြင်းဖြစ်ကြောင်း နောက်မှ သိရှိရပါသည်။

ထိုစာတတ်ပေတတ် ဂိလာနရဟန်းတော်မြတ်သည် မည်သို့စိတ်ကူးမိသည်မသိ အာမိသဆွမ်း စသည်တို့ဖြင့် ပြည့်နေသည့် နဘူးကျောင်းဆရာတော်ကြီး၏ သပိတ်ကို ရုတ်တရက် ဝင်မ, ကာ ဆရာတော်ကြီး လက်တော်ထဲသို့ ကြည်နူးဝမ်းမြောက်စွာဖြင့် ပေးအပ်လေသည်။ ဆရာတော် ဘုရားကြီးက ထိုဦးပဉ္စင်းအား -

*"ဦးဇင်း သပိတ်အကပ်ခံပြီးပြီလား"* ဟု မေးမြန်းတော်မူပါသည်။

ဆွမ်းခံရန် တန်းစီနေသည့် ရဟန်းပရိသတ်များနှင့် ဆွမ်းလောင်းလှူနေသည့် ဒါယကာများ အားလုံးက ဤမမျှော်လင့်သည့် မေးခွန်းကြောင့် မှင်သက်မိသွားကြသည်။ ဆွမ်းသပိတ်ကို လက်ဝယ်ကိုင်ထားသည့် ဂိလာနရဟန်းခမျာမှာလည်း ရုတ်တရက် သဒ္ဒါလွန်ကဲ ပညာမဲ့သွားဟန် တူပါသည်။ ဆရာတော်ကြီး၏ ဤမေးခွန်းကြောင့် မည်သူကမျှ စကားတစ်ခွန်းမှ မလျှောက်ဝံ့ကြတော့ပေ။

## မကပ်ရသေးပါဘုရား

နေထွက်ပြူလာလေပြီ။ ဆွမ်းလောင်းဇရပ်အနီး လယ်ကွင်းအစပ် သရက်ပင်ပေါ်မှ ချိုးကူသံမှအပ ပကတိ တိတ်ဆိတ်ငြိမ်သက်နေပါသည်-

*"ဦးပဥ္စင်း ဒီသပိတ် အကပ်ခံပြီးပြီလားဘုရား"*ဟု ဒုတိယအကြိမ်မေးတော်မူသည့် မေးခွန်းအဆုံး၌မူ တစ်စုံတစ်ခု မှားယွင်းသွားပြီဟု ဒါယကာတို့က သေသေချာချာ နားလည်လိုက်ပုံ ပေါ်ပါသည်။ *"မကပ်ရသေးပါဘုရား"*ဟူသော အဖြေ၏ နောက်ပိုင်း၌မူ ရဟန်းပရိသတ် လူပရိသတ်က ဖြစ်စဉ်တစ်ခုလုံးကို သုံးသပ်မိကြဟန် လှုပ်လှုပ်ရွရွဖြစ်လာကာ စကားသံတိုးတိုး ကြားလာရပါသည်။ မျက်လုံးအစုံပေါင်းများစွာက သပိတ်ပိုက်ကာ ဆရာတော်ကြီးရှေ့ ရပ်နေသည့် ဂိလာနရဟန်းဆီသို့ ရောက်နေကြပါတော့သည်။

ဆရာတော်ကြီးက သပိတ်ကို ယူတော်မမူသေး။ အာဂန္တုဂိလာနဦးပဥ္စင်းကလည်း ဆရာတော်ကြီးရှေ့ သူ၏ သဒ္ဓါလွန်ကဲသည့် အမှားအတွက် ဒူးတုန်ကာ ချွေးသီးချွေးပေါက်များပင် ကျနေလေပြီ။ ထိုအခိုက် တောရဆရာတော်ကြီးက ဂိလာနရဟန်းလက်ထဲမှ သပိတ်ကို ယူပြီးနောက် တောရကျောင်းဝင်းရှိရာသို့ မျက်နှာမူကာ ထွက်ကြွတော်မူသွားသဖြင့် အားလုံး သက်ပြင်း ချနိုင်ပါတော့သည်။

# နောင်လာနောက်သား မှတ်သားစေဖို့

သို့သော် ဆရာတော်ကြီးသည် ခြေလှမ်း ငါးလှမ်းခန့် ကြွတော်မူပြီး သပိတ်အဖုံးကိုဖွင့်ကာ သပိတ်နှုတ်ခမ်းကိုကိုင်ပြီး သပိတ်ထဲမှ ဆွမ်းကို လမ်းဘေး သင့်ရာနေရာရွေးချယ်ပြီး သွန်ပစ်တော်မူပါသည်။ ရဟန်းရှင်လူ ပရိသတ်အဖို့ စိတ်မသက်မသာဖြင့် အသက်ရှူရန်ပင် မေ့နေကြပါသည်။ ဆရာတော်ဘုရားကြီး ထိုတစ်နေ့ ဆွမ်းမဘုဉ်းပေးရတော့ဘဲ ရေဖြင့် တစ်နေ့တာ မျှတကာ နေတော်မူပါသည်။

ကာလအတန်ကြာသောခါ ဆရာတော်ကြီးထံပါး ဆရာတော် ဦးကေဝလမှ ချဉ်းကပ်၍-

*"ဆရာတော်ဘုရား ဆွမ်းသပိတ်ကို ပရိသတ်ရှေ့ သွန်တော်မူရာဝယ် အားလုံး စိတ်မကောင်း ဖြစ်ကြရပါသည်။ မအပ်မစပ်ဖြစ်သည့်ဆွမ်းကို ကွယ်ရာ၌ သွန်ပစ်လျှင်လည်း ဖြစ်နိုင်တန်ကောင်းပါသည်ဘုရား"*ဟု လျှောက်ထားရာတွင် -

*"သာသနာမှာ နောင်ကာလတိုင် မှတ်မှတ်သားသားဖြစ် ကျန်ရစ်ခဲ့ဖို့ ခုလိုလုပ်ရတာပါ"*ဟု မိန့်တော်မူပါသည်။ တန်ဖိုးကြီးမြတ်လှပါသည်။

ဆွမ်းတစ်နပ် အလွတ်ခံတော်မူပြီး နောင်လာနောက်သားများကို ဝိနည်းဆိုင်ရာ သင်ခန်းစာတစ်ခု စံနမူနာပြ အသိပေးတော်မူခဲ့ပါသည်။ ကျေးဇူးကြီးလှပါသည်။ အဖိုးမဖြတ်နိုင်သော မမေ့နိုင်သည့် သင်ခန်းစာပေတည်း။

# ၆၀။ အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူသင့် မယူသင့်

ရဟန်းတစ်ပါးသည် အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူသင့် မသင့်၊ စာပေသင်ကြား သင့်မသင့်ကို မြစ်သားဆရာတော် ဦးကောသလ္လမှ ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄) ထံပါး လျှောက်ထားခဲ့သဖြင့် ဆရာတော်ကြီး၏ ဖြေကြားမှုကို သံဃာအများ နာယူမှတ်သားရပါသည်။

**"န အလဇ္ဇီနံ နိဿာယ ဝတ္ထဗ္ဗံ"**ဟု အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူ၍ မနေရဟု ရှိပါ၏။ နိဿရည်းမယူရဟု မရှိပါဟု စာပေ၌ လာရှိပါသဖြင့်-

## ဓမ္မသမ္ဘောဂနှင့် အာမိသသမ္ဘောဂ

ယူ၍မနေရ၊ မယူရ၊ ဤစကားနှစ်ခု အတူတူဟု ထင်မိပါ၏။ "စာပေမသင်ကြားရ"ဟူသော မေးခွန်းပါစကားသည် ဓမ္မသမ္ဘောဂ ဓမ္မပရိဘောဂ-ဟူသော စကားတို့၏ ဆက်စပ်သောစကား ဖြစ်နေပါ၏။ လဇ္ဇီရဟန်းသည် အလဇ္ဇီရဟန်းအား ပစ္စည်းပေးခြင်း၊ ယူခြင်း၊ ပြုလျှင် အာမိသသမ္ဘောဂ ပြုလုပ်သည်မည်၏။

ပါဠိစာပေကို သင်ပေးခြင်း၊ သင်ယူခြင်းပြုလျှင် ဓမ္မသမ္ဘောဂ ပြုသည်မည်၏။ ထိုနှစ်ခုလုံးပင် မအပ်ဟု အဋ္ဌကထာ၊ ဋီကာတို့၌ အဆိုရှိနေရကား မသင်ကြားရဟု ပညတ်ချက်ရှိသကဲ့သို့ ဖြစ်သည်ဟု မှတ်အပ်၏။ ပါဠိများ၌ -

**ဧကော အလဇ္ဇီ အလဇ္ဇီသတမ္ပိ ကရောတိ။**
**လဇ္ဇီနမေဝ ဟိ အလဇ္ဇီနာ သဟ တဒုဘယပရိဘောဂါ န ဝဋ္ဋန္တိ။**

အလဇ္ဇီတစ်ယောက်သည် အလဇ္ဇီတစ်ရာကိုလည်း ပြုနိုင်စွမ်းသည်။ အလဇ္ဇီနှင့် လဇ္ဇီတို့သည် အတူတကွ မသုံးဆောင်ရပါဟု လာရှိပါသည်။

လူသာမဏေတို့၌မူ အပြစ်မဖြစ်ပါ။ သို့သော် ရဟန်းဖြစ်ပြီးမှ အလဇ္ဇီရဟန်းကို မှီ၍နေလျှင်မူ ဒုက္ကဋ်အာပတ်သင့်၏။ ဗာလ အဗျတ္တ ရဟန်းက ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။ အလဇ္ဇီရဟန်းက ရဟန်းခံပေးသောဝတ္ထု မတွေ့သေးဟု ဆိုချင်ပါ၏။

ပိဋကသုံးပုံကို အခေါက်ခေါက် ကြည့်ရှုလေ့လာတော်မူပြီး ဓုတင်ဆောင် ဝိနယဂရုက၊ လဇ္ဇီပေသလ ဖြစ်တော်မူသည့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး၏ အတွေးအခေါ် အယူအဆ ကျမ်းညှိနိုင်းပုံ အဆုံးအဖြတ်နှင့် လက်တွေ့ကျကျ ကျင့်သုံးနည်းများသည် အလွန်ပင် တန်ဖိုးကြီးမားသည့်အပြင် အချိန်အခွင့်ယူပြီး၍ စိတ်ရှည်လက်ရှည် အထောက်အထား ယုတ္တိယုတ္တာနှင့်တကွ စနစ်တကျ ဖြေရှင်း သနားတော်မူသည့်အတွက်လည်း နှောင်းခေတ် သဒ္ဓါတရား ထက်သန်ကြသည့် ရဟန်းတော်များအဖို့ အဖိုးမဖြတ်နိုင်သည့် ရတနာများ ဖြစ်ပေသည်။

---

**ကျမ်းညွှန်း**

* သာသနဓဇ သိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရညဝါသီ ကျေးဇူးတော်ရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ (နှာ-၅၃-၅၄)
* အလဇ္ဇီနိဿယဝတ္ထုနိ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၂၇)
* ရူပိယ သိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ - ၂ (နှာ-၂၇၃)
* ရူပိယ သိက္ခာပဒဝဏ္ဏနာ၊ ဝိမတိဝိနောဒနီဋီကာ-၁ (နှာ-၃၃၈)

# ၆၁။ ဟိုဟိုဒီဒီ ယူသွားလို့မရရင် သံဃိက၊ ဟိုဟိုဒီဒီ ယူသွားလို့ရရင် ပုဂ္ဂလိက

သာသနာတော်တွင်းရှိ ရဟန်းသံဃာတော်များသည် သံဃိကပစ္စည်းနှင့် ပတ်သက်လာလျှင် အထူးကြောင့်ကြစိုက်တော် မူကြရပါသည်။ ရိုသေသမှုလည်း ပြုကြရပါသည်။ အကယ်၍ မိမိကြောင့် သံဃိကပစ္စည်းများ အကြောင်းကြောင်းကြောင့် ပျက်စီးပါက သို့မဟုတ် ပျောက်ဆုံးသွားပါက မဖြစ်မနေ ဘဏ္ဍာစားပေးရပါသည်။

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)၏ သံဃိကနှင့် ပုဂ္ဂလိကပစ္စည်းအပေါ် ထားရှိသည့် အမြင်မှာလည်း နောင်တပည့်အစဉ်အဆက် အတုယူထိုက်ပါပေသည်။ ဆရာတော်ကြီး ကျင့်သုံးသည်မှာ လှူဒါန်းသည့် ဒါယကာ၏ သဘောဆန္ဒ မပါခဲ့ပါက -

## ဟိုဟိုဒီဒီယူလို့မရရင် သံဃိက

"ဟိုဟိုဒီဒီ ယူသွားလို့မရရင် သံဃိက၊ ဟိုဟိုဒီဒီ ယူသွားလို့ရရင် ပုဂ္ဂလိက" သို့ပါသော်လည်း ဒါယကာ၏ဆန္ဒမှာ သံဃိကပင် အာသီသ ပြင်းပြကလည်း သံဃိကပင် အလှူခံပေးတော်မူပါသည်။

ရံခါ ဆရာတော်ဘုရားကြီး ထံတော်ပါးမှ ဓူတင်အရာ၊ ဝိနည်းအရာနည်းခံကာ ချဉ်းကပ်တော် မူကြသည့် သံဃာတော်များ ကျောင်းမှ ပြန်ကြွရန် ဆရာတော့်ထံပါး ဝတ်ပြုသခိုက်-

*"ဘုရားတပည့်တော်များ ဤကျောင်းတိုက်၌ သီတင်းသုံးနေထိုင်စဉ် သံဃိကပစ္စည်းများ မရိုမသေ ပြုမှားမိသည်များ ရှိပါလျှင်*

*ခွင့်လွှတ်ပေးတော်မူပါရန်"* စသည်ဖြင့် တောင်းပန် လျှောက်ထား လာကြလျှင်-

*"တပည့်တော်ပိုင် ပုဂ္ဂလိကပစ္စည်းများ ပျက်စီးပါလျှင် ခွင့်မပန်လည်း ခွင့်လွှတ်ပြီး ဖြစ်ပါတယ်ဘုရား၊ အကယ်၍ သံဃိက ပစ္စည်းများ အရှင်ဘုရားတို့ကြောင့် ပျက်စီးခဲ့တာ ရှိခဲ့ရင်တော့ တပည့်တော် ခွင့်ပြုပေးလို့ မရပါဘုရား၊ ဘဏ္ဍာစားပေးမှသာ ဝိနည်းအပြစ် လွတ်ပါမည်ဘုရား၊ သနားသည်းခံရုံနှင့်လည်း မရပါဘုရား"* ဤသို့ ရှည်လျားစွာ ဩဝါဒစကားများ မိန့်တော်မူလေ့ ရှိပါသည်။

## သံဃဿ ဒေမ–တော့ဆိုတယ်

တစ်ခုသော ညနေချမ်းအချိန်၌ ဆရာတော်ကြီးထံပါး အန္တေဝါသိက တပည့်ရင်း ဆရာတော်ဦးကေဝလသည် ဆရာတော်ကြီး ခိုင်းစရာ၊ မိန့်မှာစရာများ ရှိပါကလည်း မိန့်မှာနိုင်ရန် အခါတိုင်း ကဲ့သို့ပင် ချဉ်းကပ်တော်မူပါသည်။ ဆရာတော်ကြီးအနား၌ ဝိနည်းဆိုင်ရာ စာအုပ်တစ်အုပ် တွေ့ရှိသဖြင့် ဖတ်ရှုလိုသည့်ဆန္ဒ ရှိသောကြောင့်-

*"ဆရာတော်ဘုရား၊ ဒီစာအုပ် တပည့်တော် ဖတ်လိုပါတယ်၊ ဆရာတော်ဘုရား ဖတ်ပြီးပါက ဘုရားတပည့်တော်အား ချီးမြှင့်ပေးတော်မူပါဘုရား"*ဟု လျှောက်ထားလိုက်ရာ၊ ဆရာတော်ကြီးမှ ခေတ္တ တွေးတောနေပြီးနောက်-

*"ပျော်ဘွယ်က ဒကာတစ်ယောက်က သံဃဿ ဒေမ-ဆိုပြီး ဆိုဆိုလှူလှူ လှူခဲ့တာ စာအုပ်က သံဃိကဖြစ်နေတယ်၊ အင်း. . .*

*သို့သော် အဲဒီအိမ်မှာ စာအုပ်လှူစဉ်က ဒီဘုန်းကြီးတစ်ပါးတည်း ဖြစ်နေတယ်၊ တခြားသောသံဃာ မရှိကြဘူး၊ တစ်ပါးထဲ ပိုင်အနေနှင့် နှလုံးသွင်းထားခဲ့မိတယ်၊ ဒါကြောင့် အခြားသံဃာ ပန်ကြားဖို့ မလိုတော့ဘူးလေ။ အင်း. . ပေးရင်တော့လည်း ရတယ်၊ ဖတ်ချင်ရင် ယူသွားလေ”*ဟု ဝိနည်းရှုဒေါင့်မှ တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန်ဖြင့် မှတ်သားဖွယ်ရာ အဆုံးအဖြတ်တစ်ခု ပေးတော်မူခဲ့ပါသည်။

## ဦးစမ္မိကသ ဒေမ–ဆိုပါ

သာသနာတော်၌ ထင်ရှားသည့် ဆရာသခင်ထံပါး ဒါယကာ တစ်ဦးမှ သာသနာတော်အတွက် အကျိုးများမည့် စာအုပ်လှူဒါန်းရန် ဆုံးဖြတ်ထားလေသည်။ ထို့ကြောင့် ထိုသဒ္ဓါတရားနှင့် ပြည့်စုံသည့် ဒါယကာသည် ဆရာတော်ထံပါး ချဉ်းကပ်ကာ ထိုထိုစာအုပ်တို့ကို သာသနာတော်အတွက်၊ စာချ စာသင် သံဃာတော်များအတွက် အကျိုးများစေရန် သံဃိကနှင့် ပုဂ္ဂလိက မည်သို့ လှူဒါန်းသင့်ကြောင်း ဩဝါဒ ပြုပေးတော်မူပါရန် လျှောက်ထားရာ အသိဉာဏ် အမြော်အမြင် ပြည့်စုံသည့် ထိုဒါယကာကြီးအား ဆရာတော်ဘုရားကြီးမှ တိုတိုဖြင့် မမေ့နိုင်စရာ အဆုံးအမ ချီးမြှောက်တော်မူပါသည်။

*“စာအုပ်တွေကို* ***‘သံဃဿ ဒေမ’****ဆိုရင်တော့ ဘီဒိုထဲထည့် သော့ခတ်ထားရုံပဲဒကာ၊* ***‘ဦးစမ္မိကသ ဒေမ’****ဆိုရင်တော့ စာအုပ်ကို စာသင်စာချသံဃာတွေ ရဲရဲဝံ့ဝံ့ ကိုင်ကြည့်နိုင်ကြမှာပါ”*

---

**ကျမ်းညွှန်း**

* အညတြပရိဘောဂပဋိက္ခေပါဒိကထာ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂအဋ္ဌကထာ၊ (နှာ-၈၆-၈၇)

# ၆၂။ လူတို့၏ ရေတွင်းမှရေကို ရဟန်းသုံးခြင်းနှင့် ကျောင်းဝင်းမှရေကို လူတို့သုံးခြင်းဆိုင်ရာ အဆုံးအဖြတ်

ရေတွင်းရေကန်ဟူသည် အစတူးစဉ်ကပင် တစ်ကျောင်းပိုင်၊ တစ်ဦးတည်းသောက်သုံးရန် တူးခဲ့ကြသည် မဟုတ်ပေ။ လူအများ လွယ်ကူချမ်းသာစွာ ခပ်ယူကာ သောက်သုံးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တူးခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရေသည် အများဆိုင် အများပိုင် ဖြစ်သည်ဟု မှတ်အပ်ကြောင်း ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)မှ မိန့်တော်မူဖူးပါသည်။

## ရေသည်ဘုံပိုင်

အများအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် တူးခဲ့သည့် ရေတွင်း ရေကန်ရှိ ရေများကို လူတို့က ခပ်ယူ သုံးစွဲသည်ကို ရဟန်းက ပေးသည်ဟု မဆိုသင့်ပါ။ ရဟန်းက ပေးသကဲ့သို့ ပြောဆိုနေကြ သည်မှာ ရဟန်း၏ ကျောင်းဝင်းအတွင်းရှိ ရေတွင်းရေကန်ဖြစ်၍သာ ပြောဆိုကြခြင်း ဖြစ်ပါသည်။

ကျောင်းဝင်းအတွင်း၌ ရေတွင်းရေကန် တူးကြသည်မှာလည်း ရေနီးသည် ရေထွက်မည်ကို ခန့်မှန်း၍သာလျှင် လူတွေက တူးခဲ့ ကြခြင်း ဖြစ်ပါသည်။ ရဟန်းက တူးသည်လည်း မဟုတ်ပါ။

## အပဝါရိတ၏ရေ

အကယ်၍ လူပိုင်မြေကွက်၌ရှိသော ရေတွင်းရေကန်မှ ရေကို ရဟန်းတို့က ခပ်ယူသုံးစွဲလျှင်လည်း အပဝါရိတ၏ရေကို ရဟန်းတွေက ယူသည်ဟု မစွပ်စွဲသင့်ပါ။ အဘယ်ကြောင့်နည်း ရေသည် အများပိုင် ဖြစ်သောကြောင့်တည်း။

အများသောက်သုံးရန် ရည်ရွယ်ချက်ရှိပြီးမှ တူးကြခြင်းကြောင့် ဤလူများကို အမြဲ ကုသိုလ်တိုးပွား နေသူများဟု မိန့်ဆိုကြသည်။

**ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။**

**တေသံ ဒိဝါစ ရတ္တောစ၊ သဒါ ပုညံ ပဝဍ္ဎတိ။**

**ယေ၊** အကြင်လူတို့သည်။ **ပပဉ္စ၊** ရေအိုးစင် ရေချမ်းစင်ကို လည်းကောင်း။ **ဥဒပါနဉ္စ၊** ရေတွင်း ရေကန်ကို လည်းကောင်း၊ **ဥပဿယဉ္စ၊** ကျောင်းကိုလည်းကောင်း **ဒဒန္တိ၊** ပေးလှူကြကုန်၏။ **တေသံ၊** ထိုလူတို့အား။ **ဒိဝါစ၊** နေ့၌လည်းကောင်း၊ **ရတ္တောစ၊** ညဉ့်၌လည်းကောင်း။ **သဒါ၊** အခါခပ်သိမ်း။ **ပုညံ၊** ကောင်းမှု ကုသိုလ်သည်၊ **ပဝဍ္ဎတိ၊** တိုးပွားလေ၏။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်း ဆရာတော်ဘုရားကြီးမှ မြစ်သားဦးကောသလ္လသို့ အဖြေကျမ်းစာအုပ် (နှာ-၆၀)

* ဝနရောပသုတ္တာ၊ အာဒိတ္တဝဂ္ဂ၊ သဂါထာဝဂ္ဂပါဠိ (နှာ-၃၀)

## ၆၃။ ကျောင်းဝင်းထဲမှ သစ်ပင်ခိုးခုတ်သူကို ခွင့်ပြုပေးက ကုလဒူသန၊ ခုတ်ပြီးထင်း ပြန်ထားခိုင်းပါက ဘဏ္ဍာစားဆိုင်ရာ အဆုံးအဖြတ်

တောရကျောင်းဝင်းမှန်း သိလျက်နှင့်ပင် ဇွတ်ဝင်ကာ ထင်းခိုးခုတ်သော သူခိုးတို့ကို တားမြစ်ကောင်းပါသော်လည်း သူတို့ခုတ်ပြီးသားထင်းသည် သူခိုးဓားပြပိုင်ပစ္စည်း ဖြစ်သွားလေပြီလားဟု သံသယရှိသည်က တစ်ကြောင်း၊ ကျောင်းပိုင်သစ်တောမှ ဖြစ်လာသည့် ထင်းကို မသိမ်းဘဲ ခိုးသူတို့အား ယူသွားခွင့် ပေးပြန်လျှင်လည်း ကုလဒူသနအမှု ဖြစ်နေမည်လားဟု ဒွိဟသံသယ ဖြစ်ရပြန်သဖြင့် မလေးရှားနိုင်ငံသား အရှင်ဥတ္တမဝံသက နဘူးကျောင်း ဆရာတော်ဘုရားကြီးထံပါး မေးလျှောက်သဖြင့် ဆရာတော်ဘုရားကြီးက ရဟန်းပိုင်ပစ္စည်း ဘဏ္ဍာကို ခိုးခံရလျှင် ခိုးသူ၏ လက်ထဲရောက်သော ပစ္စည်းသူခိုး ပစ္စည်းဖြစ်နေ၏။ သို့သော်လည်း ထိုပစ္စည်းကို (သကသညာဖြင့်) ပြန်ယူရာ၌ အပြစ်မရှိပေ။

ဤတွင် ရဟန်းက မိမိ တိတိကျကျ တကယ်စင်စစ် မပိုင်ဆိုင်သေးသောပစ္စည်းကို သူခိုးခိုးခံရာ၌ကား မိမိပိုင်ပစ္စည်းကို ခိုးယူသကဲ့သို့ မစဉ်းစားသင့်ပါ။ အကြောင်းမှာ သကသညာ စစ်စစ် ဖြစ်ရန်ခဲယဉ်းသောကြောင့်ဖြစ်ပါ၏။

ထို့ကြောင့် သကသညာစစ်စစ်ထား၍ မဖြစ်နိုင်သေးသောထိုပစ္စည်းကို တစ်စုံတစ်ဦးအား ယူသွားခွင့်ပေးခြင်းကိုလည်း ကုလဒူသန ဖြစ်သည်ဟု မစဉ်းစားသင့်ပါ။

ကုလဒူသနအရာ ဆုံးဖြတ်ရာ၌ စိုက်ပျိုးထားသော ရဟန်းပိုင်သစ်ပင်၊ သစ်သီး၊ ပန်းစသည်ကို ပေးခြင်းနှင့် ရဟန်းပိုင် ပုဂ္ဂလိက၊ ဂဏိက၊ သံဃိကဖြစ်သော ပစ္စည်းကိုပေးခြင်း စသည်ကိုသာ ကုလဒူသန ဖြစ်သည်ဟု ယူသင့်သည့်အကြောင်း နဘူးကျောင်းဆရာတော်ကြီးက ဆုံးဖြတ်ပေးတော်မူပါသည်။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရညဝါသီ ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး ပုစ္ဆာအဖြေကျမ်း၊ မလေးရှားနိုင်ငံသား ဆရာတော် ဦးဥတ္တမဝံသ၏ အမေးပုစ္ဆာ (နှာ-၂)

# ၆၄။ လယ်ဝေးမြို့ ရန်ကင်းတောရ၏ စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်၏ ကြည်ညိုဖွယ်ရာပုံရိပ်များ

သန္တုဋ္ဌိသလ္လေခ ယထာလာဘသန္တောသ သံဃပိတု ဝိနယ ဂရုကထေရ်ရှင် ရန်ကင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်မြတ်ကြီး (AD ၁၉၀၁-၁၉၇၈)သည် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)၏ စာသင်ဘက် ဖြစ်တော်မူပြီး ညောင်လွန့်တောရ ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ရင်းတစ်ပါးလည်း ဖြစ်တော်မူပါသည်။

လယ်ဝေးမြို့နယ် သပြေပင်စံပြကျေးရွာ ရန်ကင်းတောရ၌ (၁၉၄၇ မှ ၁၉၇၈ ခုနှစ်)အထိ လွန်တော်မူသည့်တိုင် သီတင်းသုံးတော်မူသွားသည့် စတုတ္ထမြောက် သပြေပင် ရန်ကင်းတောရ ဆရာတော်ဖြစ်ပါသည်။

တောရဆောက်တည်ပြီး တောကျောင်း၌ တစ်ပါးတည်း သီတင်းသုံးတော်မူလေ့ရှိသဖြင့် ဥပုသ်နေ့များတွင် သီလယူရန် အမျိုးသား ဒကာမပါဘဲ အမျိုးသမီး မာတုဂါမများသာ ရောက်လာလျှင် ကျောင်းအထဲ အဝင်မခံသေးဘဲ-

*"ဒကာမကြီးတွေ သီလမယူခင် တောင်အောက်က နွား ကျောင်းသားတစ်ယောက်လောက် ခေါ်ခဲ့ကြပါဦး"*ဟု မိန့်တော်မူလေ့ ရှိပါသည်။ နွားကျောင်းသားဒကာကို အနားမှာ ထိုင်စေကာ ဥပုသ် သယ်တို့အား သီလပေးတော်မူလေ့ ရှိပါသည်။

သီတင်းသုံးရာကျောင်းအဝင် သစ်သားတံခါးမကြီးကို ပိတ်ထားလေ့ ရှိပါသည်။ သို့သော် အမှတ်မထင် လေတိုက်၍ ဟနေသည့် တံခါးကို ဆွဲဖွင့်ကာ ဝိနည်းဗဟုသုတမရှိသည့် ဒါယိကာမများ ဆရာတော်ကြီးကျောင်းတော်ပေါ်သို့ တက်လာပါက ချက်ခြင်း ဆင်းခိုင်းတော်မူလေ့ ရှိပါသည်။

## သတ္တဝါများကို ဂရုဏာဖြစ်တော်မူသည့် ဆရာတော်

ထိုစဉ်ကာလ ရန်ကင်းတောင်တော်ပေါ်၌ ရေရှားပါးပါသည်။ ထို့ကြောင့် မိုးရာသီတွင် မိုးရေကို အုတ်ကန်ကြီးဖြင့် တစ်နှစ်စာ သောက်ရေ သိုလှောင်ထားရပါသည်။ တစ်ခုသော နွေကာလတွင် နွားကျောင်းသားတစ်ဦးက -

*"နွားတွေ ရေငတ်လို့ ဆရာတော့် မိုးရေခံကန်ကြီးကရေကို နွားတွေတိုက်ခွင့် ပြုတော်မူပါဘုရား"*ဟု လျှောက်ထားရာ နွားကို သနားဂရုဏာ ဖြစ်တော်မူကာ ခွင့်ပြုပေးတော်မူလိုက်ပါသည်။ နွားအုပ်ကြီးကလည်း ရေကို အဝသောက်လိုက်ရပါသည်။ တောရကျောင်း၌ သိုလှောင်ထားသည့် တစ်နှစ်စာရေ ကုန်ခမ်းသွားပါသည်။

တောင်ပေါ်၌ ရေမရှိတော့ကြောင်းကို ရွာကကြားသိကြသဖြင့် ဒါယိကာမများက ခေါင်းရွက်အိုးများဖြင့် သယ်ဆောင်ကာ သောက်ရေ သုံးရေ လှူဒါန်းရပါသည်။ ဆရာတော်ကြီးက ရေခပ်သည့်ဒကာ၊ ဒကာမများ မပင်ပန်းရအောင် ရေကို ချွေတာသုံးတော်မူလေ့ ရှိပါသည်။ သပြေပင်ရွာမှ ရွာလူကြီးက နွားကျောင်းသားကို ပြစ်တင်ကာ ရိုက်ပုတ်မည်ပြုသည်ကို ကြားသိတော်မူသဖြင့် ဆရာတော်ကြီးက-

*“သည်းခံပေးပါ ဒကာ၊ နွားတွေ ရေငတ်ပြီး ဆင်းရဲနေကြလို့ ဘုန်းကြီးက ရေသောက်ခွင့် ပြုလိုက်တာပါ”*ဟု မိန့်ကာ တားမြစ်တော်မူပါသည်။

## ရဲတွေ၊ ဂါတ်တွေလည်း မတိုင်ပါနဲ့

တစ်ညဉ့် လူဆိုး၊ သူခိုးများက ဆရာတော်ကြီးကျောင်းသို့ လာရောက် ဒုက္ခပေးကြပါသည်။ ဆရာတော်ကြီးက-

*“ငါ့ပိုင်ပစ္စည်းတော့ မရှိဘူး၊ သံဃိက ပစ္စည်းတွေပဲရှိတယ်”*ဟု မိန့်တော်မူရာ လူဆိုးဓါးပြ ခေါင်းဆောင်က “ဘာမှမပြောနဲ့၊ *ဘာပစ္စည်းဖြစ်ဖြစ် အကုန်ယူမယ်*”ဟု အော်ဟစ် ကြိမ်းမောင်းပါသည်။ ထိုအခါ ဆရာတော်ကြီးက-

*“မင်းတို့ သဘောအတိုင်းပါပဲ”*ဟု မိန့်တော်မူ လိုက်ပါသည်။ လူဆိုးများက အိုးခွက်ပန်းကန် ကရားအိုး အပါဝင် ကျောင်း၏ သံဃိကပစ္စည်းများကို ယူဆောင်သွားကြပါသည်။

နောက်တစ်နေ့နံနက်တွင် သပြေပင်ရွာလူကြီး ဒါယကာ ဦးစိန်မောင်က အကျိုးအကြောင်း မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက-

*“သူတို့လိုချင်လို့ ယူသွားကြတာ၊ ဘာမှမလုပ်ပါနဲ့၊ ရဲတွေ ဂါတ်တွေလည်း မတိုင်ပါနဲ့”*ဟု မိန့်တော်မူပါသည်။ လူဆိုး သူခိုးတို့၏ ရုပ်ရည်အမူအရာ အဝတ်အစားအရောင် စသည်ကိုလည်း မိန့်တော်မမူတော့ပေ။

## ဝိနယဂရုကာသာမက ရှုတင်တေရသဆောင်သည့်ဆရာတော်ကြီး

ဆရာတော်ကြီးကား နဝကမ္မကို ရဟန်းဖြစ်စမှပင် ပယ်မြစ်ထားတော်မူပြီးဖြစ်သဖြင့် ငွေစက္ကူ ဘယ်အရောင်က ဘယ်လောက်တန်သည်ကို သိတော်မမူရုံမက ဆွမ်းခံလမ်း၌ ငွေစက္ကူ ကျနေသည်ကိုပင် ငွေစက္ကူမှန်း သိတော်မမူပေ။ ထို့ကြောင့် တစ်နေ့ ဆွမ်းခံလမ်း၌ ကပ္ပိယအား -

*"ဟောဒီ ရောင်စုံစက္ကူလေးတွေက ဘာသုံးတာလဲ"*ဟု နှုတ်က မေးမြန်းပြီး ခါးကိုင်းကာ သေသေချာချာ ကြည့်တော်မူရာ ကပ္ပိယကြီးက -

*"ဆရာတော်ဘုရား ရဟန်းမကိုင်ကောင်းတဲ့ အနာမာသ ငွေစက္ကူတွေပါဘုရား"*ဟု လျှောက်ထားရလေသည်။

ဆရာတော်ကြီးသည် မြတ်စွာဘုရား ချီးမွမ်းတော်မူသည့် တောရကျောင်း၌နေခြင်း၊ ဆွမ်းခံစားခြင်းကို အထူး အလေးအမြတ်ပြုတော်မူပါသည်။ လေဖြန်းသွားသော်လည်း ခြေထော့နဲ့ထော့နဲ့နှင့်ပင် တောလမ်းနှင့် လယ်ကန်သင်းလမ်း အသွားအပြန် (၄)မိုင်ခရီးကို လွန်တော်မူသည့်တိုင် ဆွမ်းခံကြွပါသည်။ ဆွမ်းကို တစ်ကြိမ်တည်းသာ ဘုဉ်းပေးတော်မူလေ့ ရှိပါသည်။

ဆရာတော်ကြီးသည် သပိတ်ဖြင့်သာ ဆွမ်းဘုဉ်းတော်မူလေ့ ရှိပါသည်။ ဆွမ်းဘုဉ်းပြီးနောက် သပိတ်ကို စင်ကြယ်အောင် ဆေးကြောပြီး ရေများကုန်စင်သည်အထိ ကိုယ်တိုင် သုတ်ပါသည်။ တစ်ခါတစ်ရံမှသာ ကပ္ပိယများကို ချီးမြှောက်သောအားဖြင့် သပိတ်သုတ်ခွင့် ပေးတော်မူသော်လည်း ရေစင်ကြယ်မှု ရှိ မရှိကိုမူ ကိုယ်တိုင် စစ်ဆေးပြီး -

*“ရေစရေနကလေး ကျန်ရင်ဒုက္ကဋ် အာပတ်သင့်တတ်တယ်၊ ဒါကြောင့် သတိထားရတယ်”*ဟု မိန့် ကြားတော်မူလေ့ ရှိပါသည်။

ဆရာတော်ကြီးသည် ဓုတင် ၁၃-ပါးအနက် ဆွမ်းဓုတင်၊ သက်နိုးဓုတင်နှင့် အခြား ဓုတင်များကို ဆောင်တော်မူပါသော်လည်း မည်သည့်ဓုတင်များကို ဆောင်ထားကြောင်း အကဲခတ်သိရှိရန်ခက်ခဲ လှအောင်ပင် အနေအထိုင် ကျစ်လစ် သိုသိပ်တော်မူသည့် သူတော် ကောင်းကြီးစစ်စစ် ဖြစ်တော်မူပါသည်။

ထိုမျှသာမက ဆရာတော်ကြီး လွန်တော်မူသည့်တိုင်အောင်ပင် အဘယ်အရပ်က ကြွလာသည်၊ အဘယ်ဇာတိဖြစ်သည်ကို အနီးနေ ကပ္ပိယများမှအစ သပြေပင်ကျေးရွာမှ ဒါယကာများကပင် မသိရှိ ခဲ့ရကြောင်းကို နှစ်ပေါင်းများစွာ ကြာသည့်တိုင် မှတ်မှတ်ရရ ပြောကြား လေ့ ရှိကြပါသည်။

## မှုခုံးပြောင်းတာဝန်

သက်တော် ကြီးရင့်လာပြီဖြစ်သည့် ဆရာတော်ကြီးသည် ကျန်းမာရေးပါ အနည်းငယ် ချွတ်ယွင်းလာပါသည်။ ထို့ကြောင့် လယ်ဝေးမြို့နယ်၊ သပြေပင် ရန်ကင်းတောရ၏ အနာဂတ်အရေး အတွက် နဘူးကျောင်းဆရာတော်အား-

*“တပည့်တော် မရှိတော့တဲ့နောက်ပိုင်း တောရသာသနာကို မြတ်နိုးတော်မူကြတဲ့ ရဟန်းတော်များအတွက် အားထားရာ၊ မှီခိုရာ တောဖြစ်နေရစ်ဖို့အတွက် အရှင်ဘုရားကပဲ တာဝန်ယူပေးတော်မူပါ ဘုရား”*ဟု လျှောက်ထားပါသည်။

ဘဒ္ဒန္တနန္ဒိယထေရ် လွန်တော်မူသည့်နောက် နဘူးကျင်း ဆရာတော်ကြီးက တပည့်တစ်ပါးဖြစ်သည့် ဦးဓမ္မပါလ(ရမည်းသင်း) အား တာဝန်ပေးအပ်တော်မူပါသည်။

ဆယ်စုနှစ်တစ်စုကျော်ကာလ ရောက်သောအခါတွင်မူ ဦးဓမ္မ ပါလ လွန်တော်မူပြန်သဖြင့် သပြေပင် မှန်ကျောင်းဆရာတော်က တောရကို ခေတ္တထိန်းသိမ်းပေးတော်မူပါသည်။

ထိုသို့ အုပ်ချုပ်မှု လစ်လပ်နေသည့်ကာလအတွင်း သပြေပင် ဆရာတော်များထံပါး လျှောက်ထားကာ ရန်ကုန်မြို့၊ ရွှေဥမင် တောရ တွင် သီတင်းသုံးတော်မူနေသည့် အရှင်ခေမာနန္ဒအား ရန်ကင်းတောရ ကို ပင့်ဆောင်ကြပါသည်။

နဘူးကျင်းဆရာတော်ကြီးထံပါး လျှောက်ထားရာတွင် -

*"သပြေပင် ရန်ကင်းတောရရဲ့ တာဝန်က ဒီဘုန်းကြီးရဲ့ ပုခုံးပေါ် ကို ရောက်နေတာ လေးလှပြီ၊ အခု ဗြာဟ္မဏဦးဇင်း ဦးခေမာ ရောက်ပြီ ဆိုတော့ ဒို့မှာ တာဝန်ပေါ့သွားပြီ၊ ရှေးသိမ်ကြီး မိုးယိုနေတာ လည်း ပြုပြင်ဖို့ လိုနေတယ်၊ လိုအပ်တာစောင့်ရှောက်ပေးကြပါ"*ဟု ဝမ်းမြောက် ဝမ်းသာ မိန့်ကြားတော်မူပြီး သပြေပင်ရန်ကင်းတောရ သာသနာကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်စေတော်မူပါသည်။

ပျဉ်းမနား၊ လယ်ဝေးမြို့နယ်တို့သည် (၂၇၊၃၊၂၀၀၆)ရက်နေ့မှ စတင်ကာ နေပြည်တော်ဧရိယာထဲ ပါဝင်သွားသဖြင့် မြို့ပြ၏ အငွေ့ အသက်ကြောင့် တောရအင်္ဂါရပ်များ ပျက်ယွင်းသွားပါသော်လည်း နဘူးကျင်းဆရာတော်ကြီး မြတ်နိုးတော်မူသည့် ဆိတ်ငြိမ်တောရ ကျောင်းအဖြစ် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကာ ဝိနည်းသီလ မြတ်နိုးတော်မူကြသည့် ရဟန်းကောင်းများ ချမ်းသာစွာ သီတင်းသုံး တော်မူလျက်ရှိပါသည်။

# (ဃ) ဝိနည်းတည်လျှင် သာသနာတည်သည်

# ၆၅။ တောရသာသနာကို ကြည်ညိုတတ်စေချင်ပါသည်

ယနေ့ခေတ် အခါကာလ၌ တောရဆောက်တည်တော် မူကြသည့် ရဟန်း၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများသည် အနေစိမ်းလာကြပါသည်။ အနာဂတ်ကာလတွင် ပို၍ ပို၍ အနေစိမ်းကာ ဝေးကွာရန်သာ ရှိပေတော့မည်။ အကြောင်းမှာ တောရသာသနာနှင့် ဓုတင်အကျင့်ကို မြတ်နိုးသည့် ရဟန်းတော်များ ပို၍ပို၍ ပါးရှားလာသောကြောင့် ဖြစ်၏။

တောရဆောက်တည်သည့် ရဟန်းတစ်ပါးသည် ဆွမ်းဓုတင်ငါးပါးကို မုချ ကျင့်နေပေလိမ့်မည်။ ထို့ကြောင့် ဒါယကာတစ်ဦးဦးက ဆွမ်းပင့်လျှင် လိုက်မည်မဟုတ်ပေ၊ ပို့ဆွမ်းလည်း လက်ခံမည် မဟုတ်ပေ 'ဘာဘုဉ်းပေးချင်တယ်'ဟူ၍လည်း မိန့်ကြားမည် မဟုတ်ပေ။ ရွာထဲ အိမ်စဉ်ဆွမ်းခံနေစဉ် လောင်းခွင့် ရှိသော်လည်း တင်ပလ္လင်ခွေကာ သပိတ်ဖြင့် ဆွမ်းဘုဉ်းစဉ်၌မူ လောင်းလှူခွင့် ရမည်မဟုတ်တော့ပေ။ ကျောင်းရောက်လာသည့် ဒါယကာ၊ ဒါယိကာမတို့ကိုလည်း လက်ဖက်သုတ်၊ ရေနွေးကြမ်း၊ ငှက်ပျောသီးတို့ဖြင့် ဧည့်ခံမည် မဟုတ်ပေ။ အယုတ်ဆုံးအားဖြင့် ရောက်လာသည့် ဒါယကာ၊ ဒါယိကာမတို့ကို ဧည့်ဝတ်ပျူငှါ ကြိုဆိုနှုတ်ဆက်၊ လိုက်ပါပို့ဆောင်မည် မဟုတ်ပေ။

သက်န်းစုတင်ကို ဥက္ကဋ္ဌဆောင်ထားသည့် ပုဂ္ဂိုလ်ဖြစ်လျှင် ဒါယကာ၏ သင်္ကန်းကိုလည်း အလှူခံမည် မဟုတ်ပေ။ သုံးလက်စ သင်္ကန်းအဟောင်းအနွမ်းကိုသာ ဖာထေးကာ ဆက်လက် အသုံးပြု နေမည်ဖြစ်ပါသည်။ ပစ္စည်းလေးပါး လျှောက်ထားသူ မရှိလျှင် ကျောင်းထရံ ပေါက်နေလျှင်လည်း သင်္ကန်းဟောင်းဖြင့် ကာရံ၍သာ နေမည်။ အလှူခံမည် မဟုတ်ပေ။

## အမြင်ဆန်းနေပြီ

ထိုအခါ ဒါယကာ၊ ဒါယိကာမတို့၏ အမြင်တွင် "ငါတို့ တွေ့ဖူး နေကျ ဘုန်းကြီးနှင့်လည်း မတူပါလား၊ မေးထူးခေါ်ပြော ခရီးဦးကြို လည်းမရှိ၊ ဆက်ဆံရေးကလည်း ကျဲလိုက်တာ၊ ကျောင်းရောက်တဲ့ ဧည့်သည်ကို လောကဝတ်အရ ဝတ္တရားကျေ ရေနွေးကြမ်းနှင့် ဧည့်ခံ တာတောင် မရှိဘူးကွာ၊ သင်္ကန်းသွားလှူတာကို အလှူမခံလို့ ခေါင်း ရွက်ပြီး ပြန်သယ်လာရတယ်၊ ငွေကို စာအိတ်ထဲထည့်ပြီး သပိတ်ဖုံး ပေါ် တင်လှူတာကို *'ဒီဘုန်းကြီးက ငွေမကိုင်ဘူး'*လို့ပြောပြီး၊ သပိတ်ဖုံး ပေါ်ကနေ လမ်းပေါ် ခါချပစ်တယ်။ မနက်က ရွာမှာ မလောင်းလိုက် ရတဲ့ အချိုပွဲကို ဆွမ်းဘုဉ်းနေတုန်း သပိတ်ထဲ လောင်းလှူမလို့ ကျောင်းကို အပြေးသွားတာ အလောင်းမခံဘဲ သပိတ်ကို လက်နှင့် ကာထားတယ်ကွာ၊ ကတ္တီပါဖိနပ် အကောင်းစားလှူတာ ဝိနည်းနှင့် မညီလို့ဆိုပြီး အလှူမခံဘူး၊ ချဲဂဏန်း တောင်းမိတာကွာ ငေါက်ခံ လိုက်ရတယ်၊ ပါးစပ်ထဲတွေ့တာ ပေးလိုက်ပါလား၊ ပေါက်တာ မပေါက် တာ သူ့ကံပေါ့၊ ဒကာမတစ်ယောက်ထဲ ကျောင်းကို လာရသလား ဆိုပြီး ဆွမ်းဒကာမကို မနေ့က ငေါက်တယ်တဲ့" ဟူသော အမြင်

အမျိုးမျိုး၊ ရှုထောင့်အသီးသီး၊ အကြောင်းအရာ အဖုံဖုံကို ပြောဆို ဝေဖန်သံများကို ယနေ့ တောရအသိုင်းအဝိုင်း၌ အခါမလပ် ကြားနေရတတ်ပါသည်။ ကြုံလည်း ကြုံနေရတတ်ပါသည်။

## သူတော်ကောင်းကျင့်စဉ်ကို ကျင့်နေကြခြင်းဖြစ်ပါသည်

တကယ်တန်းမှာမူ တောရဆောက်တည်နေသည့် မူတင်ဆောင် သံဃာတော်များသည် လူအသိခံ၍ မဖြစ်သည့် ခက်ခဲနက်နဲသော ကျင့်စဉ်များကို ကျင့်နေကြသည့်အကြောင်း ဒါယကာများ၌ ဗဟုသုတ ပါးရှားလာခြင်းက အဓိကအကြောင်း ဖြစ်ပါသည်။

တောရဆောက်တည်နေကြသည့် ထေရ်ရှင်များအတွက် သင်္ကန်းလည်း လိုအပ်ပါသည်၊ ဆွမ်းလည်း လိုအပ်ပါသည်။ ကျောင်း၊ ဆေးလည်း လိုအပ်ပါသည်။ လှူဒါန်းရမည့် နည်းလမ်းကိုမူ ဒါယကာတို့က သေသေချာချာ သိထားရန် လိုအပ်သည်။ သင်္ကန်းလှူဒါန်းမည့် ဒါယကာအနေဖြင့် ပံ့သကူသင်္ကန်း လှူဒါန်းပေးမည်ဆိုလျှင် တောရအရှင်အတွက် လိုအပ်သည့်သင်္ကန်းကို သံသယကင်းစွာဖြင့် ရရှိနိုင်မည် ဖြစ်ပါသည်။

ထေရ်ရှင် ဆွမ်းခံကြွလာစဉ် မိမိတို့၏ အိမ်ရှေ့ အိမ်ရှေ့၌ သပိတ်ဖုံးဖွင့်ကာ ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲ စသည်ကို လေးလေးစားစားဖြင့် အလှူခံတော်မူပေမည်။ ထိုအချိန်တွင် အားရကျေနပ်စွာ လောင်းလှူနိုင်မည် ဖြစ်ပါသည်။ တောရနေထေရ်ရှင်က သူ့အတွက် ဘာလိုအပ်သည်ဟု ဘယ်သောအခါမှာမျှ မိန့်ကြားတော်မူမည် မဟုတ်ပေ။

"အရှင်ဘုရား တပည့်တော် မိသားစုထံပါးက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လိုအပ်ရာရာ အလှူခံတော်မူပါဘုရား၊ ဝေယျာဝစ္စများ ဆောင်ရွက်ရန် ရှိပါကလည်း ခေါ်တော်မူပါဘုရား"လို့ လျှောက်ထား မှသာလျှင် တောရထေရ်ရှင်အတွက် လိုအပ်မည့် အကြောင်းအရာကို နှုတ်မြွက်ကာ အလှူခံပါလိမ့်မည်။ ဤတွင်လည်း တစ်ကြိမ် လျှောက် ထားခြင်းဖြင့် အလှူမခံသေးပါက၊ နှစ်ကြိမ်၊ သုံးကြိမ် လျှောက်ရ ပါမည်။ "တပည့်တော် မိသားစုကို နိဗ္ဗာန်အလို့ငှါ ချီးမြှောက်သော အားဖြင့် အလှူခံပေးတော်မူပါဘုရား"ဟု အခါအားလျော်စွာ လျှောက် ထားမည်ဆိုလျှင် တောရမထေရ်မြတ်များအတွက် ပစ္စည်းလေးပါးနှင့် စပ်လျဉ်း၍ မပင်မပန်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## သာသနာ့ဗဟုသုတရှိရန် လိုပါသည်

'ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု' ဝိနည်းသည် သာသနာ တော်၏အသက်ဟု အဋ္ဌကထာလာ စကားအတိုင်း တောရထေရ်ရှင် တို့သည် ဝိနည်းကို ဦးထိပ်ပန်ဆင်ကာ စောင့်ထိန်းတော်မူကြပါသည်။

ထို့ကြောင့် ထိပ်တန်းကျသည့် သာသနာ့အဆုံးအမကို လိုက်နာတော်မူကြသည့် သံဃာတော်များထံပါး ဆည်းကပ်ကာ၊ လှူဒါန်းကာ ကုသိုလ်ယူတတ်ရန်၊ ဆက်ဆံတတ်ရန်မှာမူ ဒါယကာ တို့၌လည်း လုံလောက်သည့် ဗဟုသုတ ရှိရပါမည်။ ထို့ကြောင့် နဘူးကျောင်းဆရာတော်ကြီးက -

"*ဒကာ ဒကာမတွေမှာ သာသနာ့ဗဟုသုတ အတော်အတန် ရှိမှသာ ဓူတင်ဆောင်ရဟန်းတွေ အမြတ်စားဓူတင်ကို ချမ်းချမ်း သာသာ ဆောင်နိုင်ကြမှာ*" ဟု နှစ်ပေါင်း (၄၀)ဖြတ်သန်းခဲ့ရသည့်

ဓုတင်ခရီးစဉ်၏ အတွေ့အကြုံများပေါ် မူတည်ကာ စဉ်းစဉ်းစားစား၊ ချိန်ချိန်ဆဆဖြင့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)က ဩဝါဒ ပြုတော်မူဖူးပါသည်။

ဤသို့ ဗဟုသုတ ရှိသူများမှသာ တောရဆောက်တည် နေသည့် ထေရ်ရှင်များအတွက် ဘုရားဟော ဝိနည်းလမ်းကြောင်းနှင့်အညီ အပ်အပ်စပ်စပ် ဆွမ်းလှူဒါန်းရန် နည်းလမ်း၊ သင်္ကန်း လှူဒါန်းရန် နည်းလမ်း၊ နဝကမ္မလှူဒါန်းရန်နည်းလမ်း၊ ခရီးကြွလျှောက် ယာဉ်၊ ရထား လေယာဉ်ခရီးစဉ်တို့ကို လှူဒါန်းမည့် နည်းလမ်း၊ တောရကျောင်း ဆောက်လုပ် လှူဒါန်းရမည့် နည်းလမ်း၊ မကျန်း မာသည့်အခါ သင့်တော်သည့်ဆေး စသည်တို့ကို လှူဒါန်းမည့် နည်းလမ်းတို့ကို သိရှိနိုင်မည် ဖြစ်ပါသည်။

တောရ ဆောက်တည်နိုင်လောက်သည့် သဒ္ဓါထက်သန်သော ရဟန်းတစ်ပါး ပေါ်ထွက်လာနိုင်ရန် ခက်ခဲသကဲ့သို့ တောရသာသနာကို ကြည်ညိုမြတ်နိုးတတ်သည့် နှလုံးသားပိုင်ရှင် ဒါယကာ၊ ဒါယိကာမ တစ်ဦးဦး ပေါ်ထွန်းလာရန်လည်း ခက်ခဲလှပါသည်။ ထိုနည်းအတူ သာသနာ့ဝန်ထမ်း တောရထေရ်ရှင်တို့၏ ဆိုင်ရာ၊ ဆိုင်ရာ အကျင့်မြတ်တို့ကို ချမ်းသာစွာ ကျင့်သုံးနိုင်ရန် စောင့်ရှောက်ပေးနိုင်မည့် ကပ္ပိယကောင်းများ ပေါ်ထွက်လာရန်မှာမူ သာ၍ပင် ခက်ခဲလှပါသည်။

## ၆၆။ ငွေမကိုင်ရင် ပေါ်ကောင်ဖြစ်ပြီ

တောရဆောက်တည်ကာ သီတင်းသုံးနေထိုင်သည့် အရည ဝါသီ (ဝါ) ဝနဝါသီ ရဟန်းတော်ဖြစ်စေ၊ ကျေးလက်၊ မြို့ပြ၌ သီတင်းသုံး နေထိုင်သည့် ဂါမဝါသီ (ဝါ) နဂရဝါသီ ရဟန်းတော်ဖြစ်စေ၊ ဒုလ္လဘ ရဟန်းဖြစ်စေ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဝိနည်းဒေသနာတော်လာ ရူပိယသိက္ခာပုဒ်အရ ငွေမကိုင်ကောင်းပါ။ ငွေအလှူမခံကောင်းပါ။ အယုတ်ဆုံးအားဖြင့် သာယာမိလျှင်ပင် အပြစ်ရှိပါသည်။

ထို့ကြောင့် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄)က *"ငွေကို လက်ထဲကိုင်ထားမှ မဟုတ်ဘူးဘုရား၊ နိုင်ငံရပ်ခြား ဆွီဇလန်နိုင်ငံကဘဏ်မှာ အပ်ထားဦးတော့ စိတ်က သာယာနေရင် နိဿဂ္ဂိပါစိတ်အာပတ်ပဲ၊ ဒါကြောင့် ရဟန်းတော်များ ငွေကို ကိုယ်တိုင် လက်နှင့် ခံယူမှသာ မဟုတ်ဘူး၊ ယပ်တောင်ကလေး ထိုးပေးပြီး ခံယူ တာလည်း မရပါဘူး၊ စက္ကူအိတ်တွေ၊ စာအိတ်တွေနှင့်ထည့်ပြီး ခံယူ တာလည်းပဲ အပြစ်မလွတ်နိုင်ပါဘုရား"*ဟု ဆိုဆုံးမတော်မူဖူးပါသည်။

## ငွေမကိုင်လျှင် ငွေမကိုင်သည့် အဝန်းအဝိုင်းမှာနေသင့်သည်

စိတ်တူ၊ ကိုယ်တူ ငွေမကိုင်ကြသည့် ရဟန်းတော်များနှင့် အတူတကွ သီတင်းသုံးနေထိုင်သူအနေဖြင့် မိမိငွေမကိုင်ခြင်းက ထူးခြားမှု အလျဉ်းမရှိသော်လည်း ငွေကိုင်သည့် သီတင်းသုံးဖော် ရဟန်းတော်များ၏အကြား နေမိလျှင်မူ ဖေါ်ကောင်ဖြစ်တတ် ကြောင်းကို ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်တော်မူဖူး ပါသည်-

"*ငွေမကိုင်ရင် ငွေမကိုင်တဲ့ အဝန်းအဝိုင်းမှာပဲနေရင် မသိ သာဘူး၊ သူလည်း ငွေမကိုင်ဘူး၊ ကိုယ်လည်း ငွေမကိုင်ဘူးဆိုတော့ ဘာမှမထူးဘူး၊ ငွေကိုင်တဲ့ ကြားထဲနေပြီး ကိုယ်တစ်ပါးထဲက ငွေ မကိုင်ရင်တော့ ဖေါ်ကောင်ဖြစ်သွားတယ်*"ဟု မိန့်တော်မူရာ စကား အဆန်း ဖြစ်နေသဖြင့်-

"*ဖေါ်ကောင်ဆိုတာ ဘယ်လို အဓိပ္ပါယ်ပါလဲဘုရား*"ဟု မေး လျှောက်ပါသည်။ ထိုအခါ ဆရာတော်ကြီးက-

"*ဖေါ်ကောင်ဆိုတာက အကြောင်းဆုံတိုင်း၊ အကြောင်းဆုံတိုင်း 'တပည့်တော် ငွေမကိုင်ပါဘုရား' 'ဦးဇင်း ငွေမကိုင်ဘူး ဒကာကြီး' 'ဘုန်းကြီး ငွေမကိုင်ဘူး ဒကာမကြီး'နှင့် ပြောပြောပြနေရတာကကို ဖေါ်ကောင် ဖြစ်သွားတာ၊ ဥပမာပြရရင် မျောက်အုပ်ကြားထဲ ခွေး ရောက်သွားသလို၊ ခွေးအုပ်ထဲ မျောက်ရောက်သွားသလို ဖြစ်သွား တယ်ဘုရား*"ဟု မိန့်တော်မူပါသည်။

---

**ကျန်းညွှန်း** * (၅၈၃)၊ ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ ပါရာဇိကပါဠိ (နှာ-၃၄၅)

# ၆၇။ လှူဒါန်းလာသည့် စာအုပ်ကြားထဲ ငွေစက္ကူ ပါလာမည်ကို စိုးရိမ်သဖြင့် ဦးစွာခါချပြီးမှ ဖတ်ရှုတော်မူပါသည်

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄) ထံတော်ပါးသို့ ဒါယကာ ဒါယိကာမများက သာသနာတော်ဆိုင်ရာ၊ ဝိနည်းဆိုင်ရာ ကျမ်းစာအုပ်များကို အခါအားလျော်စွာ လှူဒါန်းလေ့ ရှိပါသည်။

ထိုသို့လှူဒါန်းကြရာတွင် ဆရာတော်ကြီး စာအုပ်ကို အလှူခံတော်မူပြီးပြီးချင်း ဖွင့်၍ ဖတ်တော်မူသည် မဟုတ်ဘဲ စာအုပ်ကို ထက်အောက် လှန်လှောကာ ဇောက်ထိုးထားပြီး ခါချတော်မူလေ့ ရှိပါသည်။

ဤဖြစ်စဉ်ကို အကြိမ်များစွာ ဖူးမြင်ရသဖြင့် စာရေးသည့် ဘုန်းကြီးက ဝိနည်းဆိုင်ရာ ကိစ္စရပ်များပင် ဖြစ်လေမည်လောဟု တွေးထင်မိလာပါသဖြင့် အရဲစွန့်ကာ-

*"ဆရာတော်ဘုရား ဒါယကာတွေ လှူဒါန်းတဲ့ စာအုပ်ကို ခုလို လှန်လှောခါချရတဲ့ အကြောင်းရင်းကို သိပါရစေဘုရား"*ဟု မေး လျှောက်ရာတွင်-

*"ဒါယကာတွေက စာအုပ်ကပ္ပိပြီးရင် ပိုတဲ့ဝတ္ထု ငွေစက္ကူကို ရံခါ စာအုပ်ကြားထဲ ညှပ်ပြီး ထည့်ထားလေ့ရှိကြတယ်။ အဲဒီ အနာမာသ ဝတ္ထုငွေစက္ကူကို အမှတ်တမဲ့ သူတို့မထုတ်ယူမိဘဲ စာအုပ်ကြားထဲ ပါလာပြီး ဘုန်းကြီးလက်ထဲရောက်မှ ထိမိ ကိုင်မိရင် ဒုက္ကဋ် အာပတ် လေ"*ဟု မိန့်ကြားတော်မူပါသည်။

စည်များသည် တီးမှမြည်သကဲ့သို့ ပညာရှိ သူတော်ကောင်း တို့၏ အဖျွတ္တ၌လည်း သာမန်ပုဂ္ဂိုလ်တို့ သိနိုင်၊ မြင်နိုင်ခဲသည့် အသိ တရား၊ ဉာဏ်ပညာများစွာ ရှိပါသည်။ သို့သော် မေးမြန်းစုံစမ်းမှသာ မှတ်မှတ်ရရ တစ်သက်အောက်မေ့ဖွယ်၊ မမေ့ပျောက်နိုင်သည့် ဩဝါဒ များကို ကြားရတတ်ပါသည်။ မတီးမမြည်၊ တီးမှမြည်သည့် စည်ကြီး နှယ်ပါတကား။ ပညာရှိ သူတော်ကောင်းများသည် လိုရာရာကို ပေးစွမ်းနိုင်သည့် မြေပဒေသာပင်ကြီးနှယ်ပါတကား။

## ၆၈။ သဒ္ဓါလွန်ကဲ အသိဉာဏ်မဲ့သည့် ဒါယကာတို့၏ မျက်ကန်းယုံကြည် ချဉ်းကပ်မှုကြောင့် ဆရာတော်ကြီးများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄)သည် ရန်ကုန်မြို့ ဘုရားဖြူတိုက် စာချဘုန်းကြီးဘဝကစပြီး နိဿဂ္ဂိ စွန့်တော်မူပြီးနောက် တစ်ဘဝ ဇာတ်သိမ်းတော်မူသည့် တစ်သက်တာ ကာလတိုင် ရွှေငွေဝတ္ထုကို မထိမကိုင်ရုံမက ဤရောင်စုံခြယ်သထားသော စက္ကူသည် မည်ရွေ့မည်မျှ တန်ဖိုး သတ်မှတ်ထားဖြစ်သည်ကိုပင် သိတော်မမူခဲ့ပေ။

ဤမည်သော စက္ကူပိုင်းသေးသေး ငယ်ငယ်တို့သည် ရဟန်းမကိုင်ကောင်းသော အရာပေတည်း ဟူ၍သာ သိတော်မူပါသည်။ ဆွမ်းခံလမ်းပေါ်တွင် ကျနေသည့် သတင်းစာဂျာနယ် ရောင်စုံပုံခြယ်သထားသည့် စက္ကူပိုင်းငယ်ကိုပင် မြွေကိုရှောင်ရှားသည့်ပမာ ဝေးဝေးကသာ ကွင်းရှောင်၍ ကြွသွားတော်မူလေ့ ရှိပါသည်။

## သဒ္ဓါလွန်ကဲ ပညာမဲ့

သို့သော် သဒ္ဓါလွန်ကဲ ဉာဏ်ပညာမဲ့သည့် ဒကာ ဒကာမတို့၏ ကြည်ညိုလွန်ကဲမှုသည် သီလသိက္ခာ ဖြည့်ကျင့်တော်မူကြသည့် ဆရာတော် သံဃာတော်များအတွက် ရံခါ ကြီးစွာသော အနှောင့် အယှက် ဖြစ်သွားတတ်လေသည်။

တစ်ခုသော ဝါကျွတ်ပြီး တန်ဆောင်မုန်းလထဲ၌ ဒါယကာ စုံတွဲတစ်တွဲ ဆရာတော်ကြီး သီတင်းသုံးရာကျောင်းကို လာရောက် ကာ ဧကသီမပါ သင်းပိုင်တစ်ထည်ကို လှူဒါန်းကြလေသည်။ ထိုဒါယကာများ ပြန်သွားပြီး မကြာခင် ဆရာတော်ကြီးသည် သံဃာ တစ်ပါးထံကြွကာ ဒေသနာ ကြားတော်မူပါသည်။

ဖြစ်စဉ်မှာ ပေဒင်ဆရာက သီလပြည့်စုံသော သံဃာတစ် ပါးအား ခါးဝတ်သင်းပိုင်တစ်ထည်နှင့် ငွေတစ်ရာ့ရှစ်ကျပ် ဆက်ကပ်ရန် ယတြာပေးသည်ဟူ၏။ ထိုဒကာသည် သီလပြည့်စုံသည့် ရဟန်းကို သူဉာဏ်မီသမျှ စူးစမ်းလေရာ နဘူးကျင်းဆရာတော်ကြီးအား သူ့ အာရုံထဲ ပေါ်လာသတတ်။ ဆရာတော်ကြီးသည် ငွေမကိုင်ကြောင်း ကိုလည်း ထိုလင်မယားက သိပြီးဟူ၏။ ပေဒင်ဆရာ၏ အဟော အတိုင်း ဧကသီမလို ခါးဝတ်သင်းပိုင်တစ်ထည် ရှာကြံကာ ငွေအသပြာ ကိုမူ ဆရာတော်ကြီး လက်ဝယ် ကပ်မိလျှင် အဆူခံရမည်ကြောက်၍ သင်္ကန်းကြား ငွေစက္ကူညှပ်ကာ ဖုံးဖုံးဖိဖိ ကွယ်ကွယ် ဝှက်ဝှက် ဆက်ကပ်လေရာ ထိုဉာဏ်နည်းကာ သဒ္ဓါလွန်ကဲသည့် ဒါယကာ မိုက်ကြောင့် နဘူးကျင်းဆရာတော်ကြီးမှာ အာပတ်သင့်တော့သည်။ ထိုပေဒင်ဆရာကလည်း သီလပြည့်စုံသော ရဟန်းဟူသည် ငွေမကိုင် ကြောင်းကို သိဟန်မတူရှာပေ။

# သက်န်းတစ်ခါဝတ်ပြီး ကြိုက်တာလုပ်ပါ

တစ်ခါသော် တောရကျောင်းတစ်ကျောင်း၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်ထံပါးသို့ ဝါဆိုသင်္ကန်း လှူဒါန်းနိုင်ရန် ဒါယိကာမတစ်ဦးသည် မိုးတွင်း ဝါဆိုဦးကာလ သင်္ကန်းထုပ်ကို ခေါင်းရွက်ကာ ကျောင်းသို့ ရောက်ရှိလာပါသည်။

*"ဝါဆိုသင်္ကန်း ကပ်လှူရန် လာခဲ့တာပါဘုရား၊ ကျောင်းလာတဲ့ လမ်း ဒီလောက်ကြီး ဆိုးလိမ့်မယ်လို့ အစက မထင်မှတ်ထားပါဘုရား၊ ကားပေါ်ကဆင်းပြီး တစ်နာရီနီးနီး လမ်းလျှောက်လာတာပါဘုရား"* စသည်ဖြင့် ပဋိသန္ထာရစကားများ လျှောက်ကြားအပြီး သင်္ကန်း ကပ်လေသည်။ တောနေရဟန်းက -

*"ဣဒံ မေ ပုညံ"* ဖြင့် အလှူခံပေးတော်မူပါသည်။ ဒါယိကာမလည်း ဝမ်းမြောက်စွာ လှူဒါန်းပြီးနောက် အောက်ပါစကားကို ဆက်၍ ဆိုလာလေသည်။

*"အရှင်ဘုရား ဒီသင်္ကန်းကို အနည်းဆုံး တစ်ခါသုံးပြီးရင် ကြိုက်တာလုပ်ပါဘုရား"* ဟု လျှောက်လာပါသည်။ သံဃာတော်များ အနေဖြင့် ဒါယကာတို့ လှူဒါန်းသည့် အလှူပစ္စည်းကို ထင်ရာ၊ ကြိုက်ရာ စိတ်ကူးတည့်ရာ လုပ်ခွင့်မရှိပေ၊ ထိုသို့ပြုလုပ်ပါက "သဒ္ဓါဒေယျ ဝိနိပါတနအာပတ်" ရှိလေသည်။ ထို့ကြောင့် ဒါယကာတို့၏ သဒ္ဓါတရားကြောင့် လှူဒါန်းသည့်ပစ္စည်းကို ဝိနည်းလမ်းကြောင်း အတိုင်းသာ စီမံ ခန့်ခွဲကြရပါသည်။

## ဓူတင်ကျင့်မြတ်၌ အနှောင့်အယှက်ဖြစ်နိုင်သည်

ထို့ပြင် တောရဆောက်တည်ကာနေသည့် ရဟန်းတစ်ပါး အနေဖြင့် သက်န်းဓူတင်လည်း ဆောင်ထားနိုင်သေးသဖြင့် ထို သင်္ကန်းကို တစ်ခါသုံးပေးပါဟု လျှောက်ထားခြင်းကြောင့် ရဟန်း တော်၏ ဓူတင်အကျင့်အတွက်လည်း နည်းများမဆို အနှောင့်အယှက် ဖြစ်ကောင်း ဖြစ်နိုင်သည်သာ။

ထို့ပြင် အလှူခံရရသမျှ သင်္ကန်းကို တစ်ခါမျှသာ အသုံးပြု ရုံမျှသုံးပြီး စွန့်ရိုးလည်း သံဃာအများ၌ မရှိတတ်ပေ။ မိမိအတွက် မျှတရုံ အသုံးပြုကာ ပိုလျှံသည့် သင်္ကန်းကောင်းတို့ကို လိုအပ်ရာရာ ကျောင်းများသို့ လှူဒါန်းကြသည်က များပါသည်။ ထို့ကြောင့် အလှူရှင် ဒါယိကာမ၏ အပရစေတနာလည်း မထိခိုက်စေရန်အတွက် ဖြစ်နိုင်သမျှထဲမှ အကောင်းဆုံး ဆောင်ရွက်ပေးရန် ဆွမ်းပင် မဘုဉ်း ပေးသေးဘဲ စဉ်းစားတော်မူရလေသည်။

သို့သော် ထိုအလှူရှင်၏ဆန္ဒကား သူ၏သင်္ကန်းကို အခု ချက်ချင်း သူ့ရှေ့၌ပင် လဲလှယ် ဝတ်စေလိုဟန် တူပါသည်။ အလှူရှင် ဒါယိကာမသည် သူ၏အလှူပစ္စည်းကို အလှူခံပုဂ္ဂိုလ်က သုံးဆောင် မပေးလျှင် အလှူအကျိုး မရနိုင်တော့ပါဟူ၍များ ယူဆနေလေရော့ သလား မသိရပါ။

## ချင့်ချိန်စဉ်းစားပေးရမည်

ပမာတစ်ခုဆိုရသော် ဆရာတော် သံဃာတော်များအနေဖြင့် စားပွဲအပြည့် ဆက်ကပ် လှူဒါန်းထားသည့် ချိုချဉ်ငန်စပ်ခါးအဖန်

အားလုံးကို အဘယ်သို့ ဘုဉ်းပေးတော်မူနိုင်ပါမည်နည်း။ ဆရာတော် သံဃာတော်များ၏ ဓူတင်ဆိုင်ရာ ဝိနည်းသီလဆိုင်ရာကို ဉာဏ်မမီ စေကာမူ ဆရာတော်ကြီးများ ကျန်းမာရေးနှင့် သင့်ရာရာ၊ ပါစက ဝမ်းမီးနှင့် လျော်ရာရာကိုသာ သုံးဆောင်တော်မူမည်ကိုမူ အလှူ ဒါယကာများမှ ဖြည့်စွက်ကာ ချင့်ချင့်ချိန်ချိန် စဉ်းစားပေး ကြရမည်သာ။

## သန္တောသသုံးပါ

ထို့ထက်စွမ်းနိုင်မည်ဆိုလျှင်မူ သန္တောသသုံးပါးကိုလည်း စဉ်းစားပေးစေချင်ပါသည်။ ယထာဗလသန္တောသ = ရဟန်းတော် များသည် တရားနှင့်အညီ ရသမျှဖြင့် ရောင့်ရဲ တင်းတိမ်တော်မူလေ့ ရှိကြပါသည်။ ယထာလာဘသန္တောသ=ရဟန်းတော်များသည် ရသမျှ ဖြင့် တင်းတိမ် ရောင့်ရဲတော်မူကြပါသည်။ ယထာသာရုပ္ပသန္တောသ =ရဟန်းတော်များသည် မိမိနှင့် သင့်တင့်လျောက်ပတ်သည့် ပစ္စည်း မျှဖြင့် ရောင့်ရဲတော်မူကြပါသည်။ သဒ္ဓါလွန်ကဲကြသည့် ထိုထို အလှူ ရှင်များအား သံဃာတော်များ မြတ်မြတ်နိုး ဆောက်တည်တော် မူကြသည့် သက်န်း ဓူတင်နှစ်ပါးကိုလည်း သိစေချင်ပါသည်။ ဖြစ်နိုင် မည်ဆိုလျှင် ဆွမ်းဓူတင် ငါးပါးကိုလည်း သိစေချင်ပါသေးသည်။

---

**ကျမ်းညွှန်း**

* ရူပိယသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ၊ (နှာ-၃၄၄)

* ပစ္ဆိမဝိကပ္ပနုပဂစီဝရာဒိကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ၊ (နှာ-၄၁၂)

* ဝီရိယာရမ္ဘာဒိဝဂ္ဂဝဏ္ဏနာ၊ ဧကကနိပါတ၊ အင်္ဂုတ္တရဋ္ဌကထာ (အတွဲ-၁) (နှာ-၆၀)

## ၆၉။ နဝကမ္မဝတ္ထုငွေကို ပယ်ရုံမက ကပ္ပိယကာရကထံ ဝတ္ထုငွေအပ်နှံခြင်းကိုပင် ပယ်တော်မူသည့်ဆရာတော်

နဘူးကျောင်းဆရာတော်လောင်းလျာသည် သောတုဇန စာသင်သားဘဝကပင် "ရူပိယသံဝေါဟာရ သိက္ခာပုဒ်"ကို လုံခြုံအောင် စောင့်ထိန်းနိုင်ခဲ့၏။ တစ်ရံရောအခါ မိတ်ဆွေ ရဟန်းတစ်ပါးက -

*"အရှင်တိဿရ ဒီစာအုပ် ဘယ်လောက်ပေးရသလဲ?" ဟိုပစ္စည်း ဘယ်လောက် ပေးရသလဲ? မေးသောအခါ 'တပည့်တော်မှာ နိဿဂ္ဂိထိုက်သောပစ္စည်း ဘာတစ်ခုမျှ မရှိပါ'*ဟု ပြန်လျှောက်လေ၏။

ဆရာတော်ကြီးသည် ငွေအစစ် ငွေစက္ကူ စသည်ကို သုံးဆောင်ခြင်းဟူသော အကြောင်းကြောင့် လောဘအစရှိသော ကိလေသာအညစ်အကြေးတို့သည် အနည်းငယ်မျှ လျော့ပါး ကုန်ခန်းခြင်းသို့ မရောက်ကြသည်သာမက စင်စစ်အမှန်အားဖြင့် ထိုအညစ်အကြေးများ တိုးပွားလာကြကုန်၏ဟု ဆိုဆုံးမတော်မူဖူးပါသည်။

သာသနာတော် ၂၅၀၀-ပြည့်သည့်နှစ် စာချဘုန်းကြီးဖြစ်စက ဤသို့အကြံဖြစ်၏။ "ကပ္ပိယကာရကထံ နဝကမ္မဝတ္ထု သိမ်းဆည်းစေပြီး ရဟန်းတို့အား အပ်စပ်သောပစ္စည်းကို တောင်းခံသောနည်းသည် ဝိနည်းအပြစ်၊ သိက္ခာပုဒ်အပြစ်မှ လွတ်၏။ သို့သော် ငါပိုင်နဝကမ္မဝတ္ထုငွေ ကပ္ပိယကာရကထံမှာ ဘယ်ရွေ့ဘယ်မျှ ရှိသနည်းဟု စိတ်ရောက်လျှင် သက္ကာယဒိဋ္ဌိ၊ ကိလေသာအပြစ်ဖြစ်၏"ဟု အကြံဖြစ်ကာ ကပ္ပိယကာရကအား ငွဲကွက်မှုကင်းစွာ အာလယပြတ် စွန့်လွှတ်တော်မူ၏။ ထိုနေ့မှစ၍ ငွေတစ်ပြားမျှ မရှိသော စာချဘုန်းကြီးဘဝ ရောက်တော်မူ၏။

နဝကမ္မ သိမ်းဆည်းသူ ကပ္ပိယအား ရှိသမျှငွေအကုန် ပုဆိုးအကျီဝယ်ဝတ်ပါ၊ ဝတ်ပြီးရင် လာပြပါဟု မိန့်တော်မူလေရာ ကပ္ပိယလည်း ဝမ်းမြောက်ဝမ်းသာ ဈေးသို့ပြေးပြီး ပုဆိုးအကျီဝယ်ပြီး ဆရာတော်ကြီးရှေ့ လာရောက်ကာ ပြခဲ့သေးကြောင်း မိန့်တော်မူဖူးပါသည်။

## ၇၀။ ငွေစက္ကူကို ခတ်မီးထဲက ခတ်ခဲ့ကိုပတ်ပြီး တောရဆောက်တည်သွားသည့်ကိုယ်တော်ကြီး

တောရကျောင်းများတွင် ခေါင်းပါးစွာ ကျင့်တော်မူကြသည့် သံဃာတော်များအနေဖြင့် သက်န်းကိုလည်း ရိုသေရပါသည်။ ဆွမ်း၌လည်း ရောင့်ရဲရပါသည်။ ပရိက္ခရာ အသုံးအဆောင် ပစ္စည်းတို့ကိုလည်း ချွေတာရပါသည်။ အကြောင်းမှာ မရလွယ်သည်က တစ်ကြောင်း၊ ပစ္စည်းလေးပါး အလှူခံရန် လျှောက်ထားသူ နည်းပါးသည်က တစ်ကြောင်း၊ ဆွေမျိုးဉာတိတို့နှင့်လည်း အဆက်အသွယ် ပြတ်နေသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် တောရနေ သံဃာတော်များသည် ထေရ်ရှင်များ ဆုံးမတော်မူသည့်အတိုင်း "*ရဟန်းဆိုတာ လူတွေနဲ့ ဝတ်တာ၊ စားတာ၊ နေတာမှာ မတူပါဘူး။ ဒ့ါအပြင် လူတွေမှာရှိခဲတဲ့ အပိစ္ဆတာ-အလိုနည်းခြင်းဂုဏ်နှင့် ပြည့်စုံရတယ်၊ သန္တုဋ္ဌိတာ-ရောင့်ရဲတတ်ခြင်းဆိုတဲ့ဂုဏ်နှင့် ပြည့်စုံရတယ်၊ သလ္လေခတာ-ခေါင်းပါးစွာ မွေးမြူခြင်းဂုဏ်တို့နှင့် ပြည့်စုံရတယ်၊ ဆင်းဆင်းရဲရဲ ခြိုးခြိုးခြံခြံနေတတ်မှ ရဟန်းဂုဏ် ပေါ်လွင်ပါတယ်*"ဟူသော အဆုံးအမနှင့် ညီညွတ်ပေ၏။

ထန်းတစ်ပင်တောရကျောင်း၌ သီတင်းသုံးတော်မူကြသည့်

သံဃာတော်များသည် လျှပ်စစ်မီး မရှိသဖြင့် ဓာတ်မီးကို အသုံးပြုတော်မူကြရပါသည်။ ဓာတ်မီးထဲထည့်သည့် ဓာတ်ခဲဆားပေါက်ပါက ဓာတ်မီး ပျက်စီးတတ်ပါသည်။ ထို့ကြောင့် ဓာတ်ခဲဆားပေါက်လျှင် ကာကွယ်နိုင်ရန် သတင်းစာစက္ကူဖြင့် ပတ်ထားလေ့ ရှိပါသည်။ ဤသည်ကို အခွင့်ကောင်းယူလိုသည့် ဘုန်းကြီးရှိလာသဖြင့် နဘူးကျောင်းဆရာတော်ကြီးက-

*"ဘုန်းကြီးတွေ တောရကျောင်းကိုလာပြီး ဓုတင်ဆိုင်ရာတွေလည်း မေးလျှောက်ကြတယ်၊ ငွေမကိုင်ဘူးလို့လည်း ဝန်ခံစကားလျှောက်ပြန်သေးတယ်၊ အဲဒီဘုန်းကြီးတွေ ပြန်တဲ့အခါမှာ ကိုရင်တွေက ကျောင်းသန့်ရှင်းရေးလုပ်ရင်း ခုတင်ပေါ်က ဖျာအောက်မှာ ငွေစက္ကူတွေနှင့် အကြွေစေ့တွေ တွေ့တွေ့နေရတယ်။ အထက်အညာဘက်က ဘုန်းကြီးတစ်ပါးက ငွေမကိုင်ဘူးလို့ လျှောက်တယ်။ တကယ်လည်း မကိုင်ဘူး။ သူက ဘာလုပ်ထားသလဲဆိုရင် ဓာတ်မီးထဲက ဓာတ်ခဲကို ငွေစက္ကူအရွက် ထွားထွားကြီးကြီးတွေနှင့် ပတ်ထားပြီး ထန်းတစ်ပင်တောရမှာ လာနေတယ်၊ သူ့မှာ ငွေရှိတယ်ဆိုတာ ချက်ခြင်း မသိရဘူး၊ ပြန်မှ သိလာရတာ၊ ဒီတောရကျောင်းကိုလာတဲ့ ဘုန်းကြီးတွေ လက်ဝယ် ငွေကိုင်မကိုင် ဘယ်လိုများ သိရကောင်း မလဲ"*ဟု စာရေးသည့် ဘုန်းကြီးကို မေးတော်မူဖူးပါသည်။ မိမိ၌လည်း လျှောက်ထားရန် အဖြေမရှိသဖြင့် လက်အုပ်ချီလျက် ဆိတ်ဆိတ်ပင် နေမိပါသည်။

နဘူးကျောင်းဆရာတော်ကြီးသည် နဝကမ္မဝတ္ထုကို ပယ်စွန့်ထားရုံသာမက ကပ္ပိယထံ နဝကမ္မအပ်နှံခြင်းကိုပါ ပယ်စွန့်တော်မူထားသည့် ဆရာတော်ဖြစ်ပါသဖြင့် အကျင့်သီလ လျော့ပါး ပျက်စီးနေသည့် ရဟန်းများကို အလွန်ပင် စက်ဆုပ် ရွံရှာတော်မူခဲ့ပါသည်။

## ၇၁။ မအပ်မစပ်သည့်ပစ္စည်း အကျိုးမပေးပါစေသား

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူစာသင်တိုက်၌ (AD ၁၉၄၉) ခုနှစ်က ပရိယတ္တိစာပေ ဆည်းပူးရန် စတင်ရောက်ရှိခဲ့ပါသည်။

ထိုအချိန်၌ ဘုရားဖြူကျောင်းတိုက်ကြီး၏ ပရိယတ္တိပို့ချမှုနှင့်၊ အောင်မြင်မှု ဂုဏ်သတင်း ကြီးမားနေပါသည်။ စာချဆရာတော် မထေရ်ကြီးများ၏ (ဝိနယဂရုက) ဝိနည်းလေးစားမှု ဂုဏ်သတင်းတို့ကြောင့် နိုင်ငံတော်သမ္မတမင်းတို့ ကိုးကွယ်သည့် ကျောင်းတိုက်ကြီးဖြစ်နေပါသည်။ ဆရာတော်သည် စာမေးပွဲ အောင်မြင်မှုဂုဏ်ကို မလိုချင်သဖြင့် စာတတ်မြောက်ရေးကိုသာ ပဓာနထားပြီး ရဟန်း (၇)ဝါရသည်အထိ အစိုးရပါဠိ ပထမပြန်စာမေးပွဲကို မဖြေဆိုဘဲ နေတော်မူခဲ့ပါသည်။



ကျေးရှူးရှင် နဘူးကျောင်းတောရဆရာတော်ကြီး
(မြန်မာ ၁၂၈၃ - ၁၃၆၆) (ခရစ် ၁၉၂၁ - ၂၀၀၄)

သာသနာရေး ဝန်ကြီးဌာန အကြံပေးအရာရှိ ဓမ္မာစရိယ ဦးဌေးလှိုင်က -

" ဒီလိုဆရာတော်ကြီးမျိုးကို ဘာမဟုတ်တဲ့ ဘွဲ့တံဆိပ်လောက်နှင့် ပူဇော်တယ် ဆိုပြီးတော့ ဘာလို့တန်ဖိုးဖြတ်ပြီး နှိုင်းယှဉ်ချင်ရတာလဲ၊ ဒို့က ဘွဲ့တံဆိပ် လက်မခံ ကြောင်းသိရလို့ အလွန်ကြည်ညိုပါတယ်၊ ဒီနေ့ကစပြီး ဆရာတော်ကြီးရှိရာ အရပ်ကို ရည်မှန်းပြီး မပျက်မကွက် ရှိခိုးပါ့မယ်၊ အသားအတိုင်းပဲ ကောင်းပါတယ်ဗျာ၊ အရောင် ဆိုးပြီး မကိုးကွယ်ချင်ကြပါနဲ့"

## စာသင်သားဘဝ

(AD ၁၉၅၀) ခုနှစ်ရောက်မှ သီတင်းသုံးဖော်တို့၏ တိုက်တွန်းချက်ဖြင့် အစိုးရ ပထမပြန်စာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့ပါသည်။ ထိုခုနှစ်တွင် ပထမကြီးတန်းကို အောင်မြင်တော်မူပြီး မန္တလေးသို့ သွား၍ စာချတန်းစာဝါများ သွားရောက် သင်ယူပါသည်။

ဆရာတော်သည် မန္တလေး၌ အိမ်စဉ်လှည့်၍ ဆွမ်းခံစဉ် ငါးအိမ်မျှ ဆွမ်းလောင်းပြီးပါက ကျောင်းသို့ ပြန်ကြွလေတော့သည်။ ရသမျှဖြင့်ပင် ရောင့်ရဲ၍ စာပေကျမ်းဂန်များကို ကြိုးစားသင်ယူတော်မူလေသည်။ ထိုသို့ကြိုးစားသည့် အတွက်ကြောင့်လည်း စာချတန်းကို တစ်နှစ်တည်းဖြင့် ဖြေဆိုအောင်မြင်ကာ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ဆွတ်ခူးတော်မူခဲ့ပါသည်။

ဓမ္မာစရိယဘွဲ့ရရှိပြီးနောက် ရန်ကုန် ဘုရားဖြူကျောင်းတိုက်၌ (ဂဏဝါစက) စာချဘုန်းကြီးအဖြစ် ခန့်အပ်ခံရပါသည်။ ထိုကျောင်းတိုက်၌ (၉)နှစ်တိုင်တိုင် တပည့်များအား စာပေ ပရိယတ်အမွေ လက်ဆင့်ကမ်းတော်မူခဲ့ပါသည်။

## တောနေရဟန်း၏အစိဋ္ဌာန်

ထို့နောက် (AD ၁၉၆၃) ခုနှစ်တွင် တောထွက်တော်မူသည်။ တောရပထမဝါကို စကုမြို့ ရွှေစက်တော်တောရ၌ ဝါကပ်တော်မူခဲ့ပါသည်။ ဆရာတော်သည် တောရဆောက်တည်စဉ် ဒကာများ လာလှူဒါန်းသည့် ပစ္စည်းကိုပင် ဝိနည်းသံသယ ရှိတော်မူဟန် တူပါသည်။ ထို့ကြောင့် "မအပ်မစပ်သည့်ပစ္စည်း အကျိုးမပေးပါစေသား" ဟု အဓိဋ္ဌာန်တော်မူခဲ့ပါသည်။

အဝိဋ္ဌာန်ပြီး (၈)နှစ်အကြာ၌ နဘူးကျောင်းတောရသို့ ရောက်ရှိတော်မူပါသည်။ ထိုနှစ် ဝါဆိုကာလ၌ အောင်ချမ်းသာရွာမှ ဒကာတစ်ဦးက ဖိနပ်တစ်ရံ လာရောက်လှူဒါန်း၏။ ဒကာကလှူဒါန်းသော ဖိနပ်ဖြစ်သည့်အတွက် အပ်အပ်စပ်စပ် ဖြစ်ပေသည်ဟု ထင်မှတ်တော်မူပါသည်။ ထို့ကြောင့် ဆရာတော်သည် ဖိနပ်ကို ခွေးမကိုက်အောင် ရေနံချေးသုတ်ပြီး စိတ်ချလက်ချ စီးတော်မူပါသည်။ ထိုဖိနပ်သည် ရက်များ မကြာမီ ခေါင်နှစ်ဖက်လုံး ရုတ်တရက် ပြုတ်သွားပါသည်။

ဖိနပ်ခေါင်ပြုတ်ပြီးသည့်နေ့၏ နောက်တစ်နေ့ ဖိနပ်ဒါယကာလည်း တိုက်တိုက်ဆိုင်ဆိုင် ကျောင်းသို့ ရောက်လာပါသည်။ ဆရာတော်က ဖိနပ်ဒကာအား-

*"ဒကာလာလှူတဲ့ဖိနပ်က စီးပြီးမကြာခင် တစ်နေ့ထဲ ခေါင်နှစ်ဖက်လုံး ပြုတ်ထွက်သွားတယ်"*ဟု မိန့်တော်မူလေသည်။ ထိုအခါ ဖိနပ်ဒါယကာက-

*"ဘုရားတပည့်တော် အရှင်ဘုရားကို ဖိနပ်လှူချင်လွန်းလို့ ရွာကျောင်းဘုန်းကြီးဆီ ဖိနပ် သွားဝယ်တာပါဘုရား။ ရွာဘုန်းကြီးက ငါမင်းကို ဖိနပ်မရောင်းဘူး၊ ဦးတိဿရကို ငါကြည်ညိုတယ်။ ဒါ့ကြောင့် ပိုက်ဆံမပေးနဲ့ မင်းကပဲယူသွားပြီး ငါ့ကိုယ်စား လှူပေးပါလို့ ပြောပါတယ်ဘုရား။ ဒါကြောင့် အဲဒီဖိနပ်ကို ဘုရားတပည့်တော် လာလှူခဲ့တာပါဘုရား"*ဟု ပြည့်စုံစွာ လျှောက်ထားလေသည်။

ဖိနပ်ဒါယကာ လျှောက်ထားမှုပင် *"မအပ်မစပ်ပစ္စည်း အကျိုးမပေးပါစေသား"*ဟု ရွှေစက်တော်တောရ၌ အဓိဋ္ဌာန်ခဲ့သည်ကို သတိရလာကြောင်း မိန့်ကြားတော်မူပါသည်။

# ၇၂။ ဆင်စီး၍ကြွရသည့် ကျောက်ဖျာရွာ သိမ်သမုတ်ပွဲ

တောရဆောက်တည်ကာ တောထဲ သီတင်းသုံးတော်မူကြသည့် အရှင်မြတ်များသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့အတွက် ပလိဗောဓ မများလိုကြပေ။ ထို့ကြောင့် ဆွမ်းအတွက်လည်း အထူးမကြောင့်ကြရလေအောင် ဆွမ်းခူတင်ငါးပါးကို မိမိစွမ်းအားရှိသမျှ ဆောင်တော်မူကြသည်။ သင်္ကန်းကိုလည်း တောထဲရလွယ်သည့် သစ်ခေါက်ရည်ဆိုးကာ အသုံးပြုကြပါသည်။ တဖန် ကျောင်းအတွက်လည်း ကိစ္စမများစေခြင်း အကျိုးငှါ တိုင်လေးတိုင်ဖြင့် နေ့ချင်းပြီး ဆောက်လုပ်သည့် ကျောင်းများတွင် သီတင်းသုံးတော်မူကြပါသည်။ ဤကျောင်းများသည် တန်ဖိုးနည်းပါးသည်။ ဆောက်လုပ်ရ လွယ်ကူသည်။ ကျောင်းမှ ထွက်ခွာသွားလျှင်လည်း ကျောင်းအတွက် အငြိအငြင် နည်းပါးလေသည်။ နေ့ချင်းပြီးကျောင်းနှင့် စပ်လျဉ်း၍ ကျေးဇူးရှင် လဲဘူးဆရာတော်ကြီးက-

*"ကျောက်ဖျာရွာ သိမ်သမုတ်သွားတုန်းက နေ့ချင်းပြီးကျောင်းမှာ သီတင်းသုံးခဲ့ဖူးတာ မှတ်မိသေးတယ်၊ ကျသောင်းဝါးအခင်း၊ ကျသောင်းဝါးအကာ၊ ကျသောင်းဝါးတိုင် လေ။ အမိုးကတော့ ဖက်ရွက်မိုးဆိုတော့ နေ့ချင်းပြီး ဆောက်နိုင်တာပေါ့ ဦးခေမာ" "ကျောက်ဖျာရွာ သိမ်သမုတ်*

*ပွဲကို နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)လည်း ကွယ်တော်မူပါသလားဘုရား"*

## နဘူးကျောင်းဆရာတော်ကြီး ကွယ်တော်မူသည်

*"ဆရာတော်ကြီး ကွယ်တယ်လေ၊ တောင်တွေ၊ တောင်တွေ ဝိုင်းနေတာ ကိုယ်တော်၊ မတ်လည်း မတ်သေးတယ်။ တပည့်တော် အသက်က (၈၁)နှစ်၊ ဆရာတော်ကြီးက (၈၂)နှစ်လေ၊ ဆရာတော်ကြီး ကျန်းမာရေးမကောင်းဘူး ဒါကြောင့် ဆင်နှင့် ကွယ်ရတာဘုရား" "သိမ် သမုတ်တဲ့ ကျောက်ဖျာရွာက အိမ်ခြေ ဘယ်လောက်ရှိတာလဲဘုရား" "အိမ်ခြေက (၆၀)ပဲရှိတာလေ၊ သဒ္ဓါတရားက ကောင်းရှာတယ်။ ဆရာတော် သံဃာတော်များကို ဖူးဖို့ အိမ်ရှိကလေး၊ လူကြီးတင်မက ခွေးပါမကျန် အကုန်လာကြတာ ဦးဇာဂရိယကလည်း လာကြလာကြ ဆရာတော်ကိုဖူးကြ ရှားရှားပါးပါး ဖူးရခဲ့တယ်လို့ မိန့်လိုက်သေးတာကိုး၊* ဒါနှင့် ရွာက ဒကာ ဒကာမတွေကို ဦးဇာဂရိယကပဲ ဩကာသတိုင် ပေးပြီး ကန်တော့ခိုင်းတယ်၊"

## ဆင်ဖြင့်ပင့်ရန် စီစဉ်ကြပါသည်

လွန်တော်မူရန် (၇)လအလိုတွင် ဆရာတော်ကြီးမှာ အသည်း ကင်ဆာရောဂါကြောင့် အပြင်းအထန် မမာမကျန်း ဖြစ်နေပါသည်။ ထိုအတောအတွင်း တပ်ကုန်းနယ် ကျောက်ဖျာရွာတွင် သိမ်သမုတ်ရန် ကြွလာပါသည်။ ဆရာတော်ကြီးက-

*"မနက်ဖန် အရောက်ကွယ်လာမယ်"*ဟု မိန့်တော်မူလိုက်ပါသည်။ လမ်းခရီး ကြမ်းတမ်းသဖြင့် နည်းလမ်းမျိုးစုံ ကြံစည်ကြည့်သော်လည်း

အဆင်မပြေသဖြင့် နောက်ဆုံး ဆင်ဖြင့်ပင့်ရန် စီစဉ်ကြရပါသည်။ ဝိနည်းအရ ဂိလာနဆရာတော်အဖို့ ဆင်စီးမှသာ ခရီးအဆင်ပြေမည် ဖြစ်သော်လည်း ဆင်အထီးဖြစ်ရန် လိုအပ်လာပြန်ပါသည်။ ထို့ကြောင့် ရန်ကုန်ဆရာတော်က-

"*ဆင်အထီးပဲ ရှာထားနော်*"ဟု အသေအချာ မိန့်တော်မူပါသည်။ သို့သော် ထိုတောထဲတွင် ဆင်အမသာများပြီး အထီးဟူ၍ တစ်စီးတည်းသာ ရှိလေသည်။

## ထမ်းစင်အပ်ပါရဲ့ဗျာ

ရွှေကျင်ဆရာတော်ကြီး (AD ၁၈၂၂-၁၈၉၃)သည် မန်လည် အောက်တိုက်အနီး ဧရာဝတီမြစ်ကမ်းသောင်တွင် လှေတော်နား၍ သီတင်းသုံးနေသည်ဟူသော သတင်းစကားကို မန်လည်မြို့မ ပြာသာဒ် ကျောင်း ဆရာတော်ကြီး အရှင်ဇဝန ကြားသိသောအခါ ထမ်းစင်ဖြင့် ကြွလာပြီး လှေဆိပ်မရောက်မီ ခပ်ဝေးဝေးမှဆင်းကာ ခပ်ဖြည်းဖြည်း ခြေကျင်ကြွလာ၍ ရွှေကျင်ဆရာတော်ကြီးကို ဖူးမြော်၏။ ထိုအခါ ရွှေကျင်ဆရာတော်ကြီးက -

"*ကိုဇဝန ဂိလာန ထမ်းစင်အပ်ပါရဲ့ဗျာ၊ ဒီအထိ ထမ်းစင်နဲ့ လာခဲ့ရောပေါ့*"ဟု မိန့်တော်မူရာ မန်လည်ဆရာတော် (AD ၁၈၄၁-၁၉၂၀)က "*အပ်ပါသော်လည်း တပည့်တော်များက ဆရာတော်ကြီး အနီးအထိ မစီးရဲပါဘုရား*"ဟု လျှောက်ထားခဲ့ဖူး၏။

နဘူးကျောင်းဆရာတော်ကလည်း ဆင်စီးကာ ကြွရမည့်အရေးကို ငြင်းပယ်မည်ကို စိုးရိမ်ကြပါသည်။ ဤခရီးကို ဆင်ဖြင့် မကြွလျှင်လည်း အခြားသွားရန် နည်းလမ်းမရှိတော့ပေ။ နွားလှည်း၊ မြင်းလှည်း၊ ဆိုက္ကား၊

ထမ်းစင် စသည့်ယာဉ်ကို ဂိလာနရဟန်းအဖို့ အပ်ပါသည်။ ဂိလာန မဟုတ်ဘဲ မစီးရဟု ဝိနည်း၌ လာရှိပါသည်။

## ဆရာတော်ကို ကန်တော့ကြစို့နော်

တောင်ခြေအရောက် ကားဖြင့်ပင့်ကာ ကျောက်ဖျာ တစ်ချပ်အထက် ခေတ္တသီတင်းသုံးရန် ဒါယကာများက စောင်အပါးတစ်ထည် ခင်းပေးထားပါသည်။ ဆရာတော်ကြီးမှာ ပင်ပန်းတော်မူနေပါသည်။ ရောင်ယမ်း၍ မို့နေသဖြင့် ခြေမျက်စိပျောက်နေသည့် ခြေနှစ်ဖက်ကို ကျောက်ဖျာပေါ်တွင် ခြေဆင်းတော်မူကာ ထိုင်လျက် သီတင်းသုံးတော်မူစဉ် ဆင်ဦးစီးက သူ၏ဆင်ကို-

"*ဆရာတော်ကို ကန်တော့ကြစို့နော်*"ဟု ဆိုပြီး ဆရာတော်၏ ခြေဖဝါးတော်နှစ်ဘက်ကို ဆင်၏နဖူးပြင်နှင့် နှာမောင်းတို့ဖြင့် ဦးတိုက်စေပါသည်။ ဦးတစ်ခါတိုက် နောက်ပြန်တစ်ခါဆုတ်၊ ဦးတစ်ခါတိုက် နောက်ပြန်တစ်ခါဆုတ်ဖြင့် ခြေဖဝါးကို ထိကာ၊ ထိကာ ဦးတိုက်နေသဖြင့် ဆရာတော်ကြီး၏ စိတ်ဝယ် နှစ်သက်နေဟန်တူပါသည်။ ထို့ကြောင့်ထင့် ဆရာတော်ကြီး ပင်ပမ်းနေသည့်ကြားက ပြုံးရွှင်တော်မူနေပါသည်။

## ဆင်လိမ္မာ

အခွင့်အခါသင့်နေသည့် ထိုအခါမှ ဆင်ဖြင့်ကြွမှသာ ဤခရီး အဆင်ပြေနိုင်မည် အကြောင်းကို အရဲစွန့်ကာ လျှောက်ထားရာ ဆရာတော်ကြီးက ဂိလာနဖြစ်နေသည်က တစ်ကြောင်း၊ ဆင်ကလည်း အထီးဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် ငြင်းပယ်တော်မမူဘဲ ဆင်ဖြင့် သိမ်သမုတ် ကြွတော်မူပါသည်။ ပြန်ဆင်းလာသည့် အချိန် တွင်လည်း ဆင်အတွက် ငှက်ပျောသီးစသည် အစားအစာကို ကိုယ်တိုင် ကျွေးတော်မူပါသည်-

"*ဒီလောက်လိမ္မာတဲ့ဆင် ဒီတစ်ခါပဲ တွေ့ဖူးတယ်*" ဟု ဝမ်းမြောက်ဝမ်းသာဖြင့် မကြာခဏ မိန့်တော်မူပါသည် -

"*သံဃာ(၁၀)ပါး ကြွတာကိုယ်တော် အားလုံးကို ဆင်နှင့် ပင့်ဖို့ပဲ၊ ဒါပေမယ့် ဆင်က အမတွေ ဖြစ်နေတာနှင့် ဆရာတော် ကြီးရယ်၊ တပည့်တော်ရယ် နှစ်ပါးပဲ ဆင်နှင့် ဆင်းလာတာ၊ တပည့် တော်က အသွားခြေလျင်ကြွပြီး အပြန်ကျမှ ဆရာတော်ကြီးနှင့်တူတူ ဆင်စီးပြီး ဆင်းလာတာ ဦးခေမာ*" "*ကျောက်ဖျာသိမ်သမုတ်တာက ဘယ်ရက်ပါလဲဘုရား*" "*မှတ်ထားတယ်၊ မှတ်ထားတယ် မြန်မာလို ၁၃၆၅-ခု၊ နတ်တော်လပြည့်ကျော် (၁၁)ရက်၊ (၁၉. ၁၂. ၂၀၀၃) သောကြာနေ့၊ ဆရာတော် သမုတ်ခဲ့တဲ့ သိမ်အလုံး(၁၇၀)ထဲက ကျောက်ဖျာသိမ်က (၁၅၃)လုံးမြောက်ပေါ့ကိုယ်တော်* "ဟု လဲဘူး ဆရာတော်ကြီးက မိန့်တော်မူပါသည်။

---

**ကျမ်းညွှန်း**

* (၂၅၃)၊ ယာနာဒိပဋိကွေပ၊ မဟာဝဂ္ဂပါဠိ။ (နှာ -၂၈၀)

# ၇၃။ အခက်အခဲကြုံခဲ့ရသည့် သိမ်သမုတ်ပွဲ

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁ - ၂၀၀၄)သည် သက်တော် (၄၃)နှစ်မှ စတင်၍ သက်တော် (၈၃)နှစ်အထိ နှစ်ပေါင်း (၄၀)အတွင်း သာသနာတော်အတွက် သိမ်စုစုပေါင်း (၁၇၀)ကို သမုတ်ပေးတော်မူခဲ့ပါသည်။ ပထမဦးဆုံး သမုတ်တော်မူခဲ့သည့် သိမ်မှာ စကုမြို့နယ်၊ ခွန်သာရွာမှ အိုးမဲပြင် သိမ်ဖြစ်ပါသည်။ နောက်ဆုံး သမုတ်တော်မူခဲ့သည့် သိမ်မှာ တောင်ကြီးမြို့ ဘုရားကြီးသိမ် ဖြစ်ပါသည်။


သာသနာတော်၌ အင်္ဂါပြည့်စုံပြီး၊ အောင်မြင်သည့်သိမ် ဖြစ်လာနိုင်ရန် သာသနာ့အဆုံးအမနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းမှာ သာမန်အားဖြင့်ပင် သိမ်မွေ့ နက်နဲလှပါသည်။ အကယ်၍ သိမ်သမုတ်ရာဒေသရှိ သံဃာတစ်ပါးပါးက သိမ်သမုတ် ကံဆောင်တော်မူနေကြသည့် သံဃာတော်များနှင့် ပူးပေါင်းပါဝင်မှု မရှိပါက သိမ်သမုတ်သည့်ကံ မအောင်မြင်သည်အထိ ဖြစ်သွားနိုင်ပါသည်။

နဘူးကျောင်းဆရာတော်သမုတ်ခဲ့သည့် သိမ်အမှတ်စဉ် (၁၅၀) သည် ပျဉ်းမနားနယ်မှ ကျွန်းရောင်းရွာ၏ သိမ်ဖြစ်ပါသည်။ ထိုသိမ် သမုတ်ပွဲ ပြီးစီးသောအခါ ဆရာတော်ကြီးက-

*"သိမ်သမုတ်ခဲ့ပြီးသမျှထဲက ဒီကျွန်းရောင်းသိမ် သမုတ်ရတာ မှတ်မှတ်သားသားကို အခက်အခဲ ကြုံရတယ်"*ဟု ပြုံးရွှင်စွာ မိန့်ကြားတော်မူပါသည်။









## ကဆုန်လပြည့် သိမ်သမုတ်ပွဲ

ကျွန်းရောင်းသိမ်သမုတ်ရန် ရက်ကို - ၁၃၆၅ ခု၊ ကဆုန်လပြည့်နေ့ဟူ၍ ကြိုတင် ညှိနှိုင်းသတ်မှတ် ထားကြပါသည်။ သိမ်သမုတ်မည့်ရက် မတိုင်ခင်ကပင် ကျွန်းရောင်းကျောင်း၏ သိမ်သမုတ်မည့် မြေပြင်ကို (၂၂)ကြိမ်မျှ သိမ်နှုတ်ထားပြီး ဖြစ်ပါသည်။ သိမ်သမုတ်မည့်နေ့ နံနက်ခင်း၌ ထန်းတစ်ပင်တောရမှ သံဃာတော်များသည် ဂေါစရဂါမ်ရွာများသို့ ဆွမ်းခံကြွတော်မူပြီး ဆွမ်းဘုန်းပေးတော်မူပါသည်။ ထို့နောက် သိမ်သမုတ်မည့်ကျောင်းသို့ ကြွတော်မူရာ နေမွန်းမတည့်မီကပင် ရောက်ရှိတော်မူကြပါသည်။

ကျေးရွာအုပ်စု နယ်နိမိတ်အတွင်းမှ သံဃာတော်များလည်း စုဝေးမိပြီး ဖြစ်သော်လည်း သံဃာတစ်ပါး ကျန်ရှိနေသေးကြောင်း နဘူးကျောင်း ဆရာတော်ထံပါး ထိုကျေးရွာမှ ဆရာတော်များက လျှောက်ထားကြပါသည်။ သို့ဆိုလျှင် ဆန္ဒယူထားရန်လိုကြောင်း၊ နယ်သိမ်း၍ သိမ်သမုတ်ရမည် ဖြစ်သဖြင့် သိမ်သမုတ်ကံ အောင်မြင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ကြရန်အကြောင်း မိန့်ကြားတော်မူပါသည်။

# မကြွနိုင်ပါက ဆန္ဒပေးရမည်

သို့သော် သိမ်သမုတ်ရန် အဆင်သင့် ဖြစ်သည့်အချိန်၌ သတင်းစကားတစ်ခု ရောက်လာပြန်ပါသည်။

*"ဆန္ဒတောင်းဖို့ တပည့်တော်သွားတာ တံခါးဖွင့်မပေးဘူး ဘုရား၊ သိမ်သမုတ်ဖို့ ကြို့တင် ညှိနှိုင်းတုန်းက 'ငါတော့မလာဘူး၊ ဆန္ဒပေးမယ်'လို့ မိန့်တယ်၊ အခုတော့ တံခါးပိတ်ပြီး ကျောင်းထဲ နေနေတယ်၊ ဆန္ဒလည်း တောင်းလို့မရခဲ့ပါဘုရား"*ဟု လျှောက်ထား လာချိန်မှာ ညနေ နေဝင်ရီတရောအချိန် ဖြစ်နေပေပြီ။ သိမ်သမုတ်ရန် နှောင့်နှေးနေရသည့် အကြောင်းရင်းကို နံနက်ခင်းကပင် စုဝေး ရောက်ရှိနေသည့် သံဃာတော်များက နေဝင်ချိန်ရောက်မှပင် သေသေ ချာချာ သိရပါတော့သည်။ ထိုအခါ နဘူးကျင်းဆရာတော်က-

*"သိမ်သမုတ်မယ့် ရွာရဲ့ နယ်နိမိတ်အတွင်းမှာ သီတင်းသုံးပြီး၊ သိမ်သမုတ်မည့် နေရာကို မကြွလာဘူး၊ ဆန္ဒလည်း မပေးဘူးဆိုရင် သိမ်သမုတ်လို့ မရတော့ဘူး၊ ဒီနေ့တစ်နေလည်း ကုန်ပြီ၊ ဒါဆိုရင်တော့ ပြန်ကြရအောင်"*ဟု သံဃာတော်များကို မိန့်တော်မူပါသည်။

ထိုအခါမှ ပရိသတ်များက မိမိတို့ရွာ၏ သိမ်သမုတ်ခြင်း လုပ်ငန်းကြီး အောင်မြင်နိုင်တော့မည် မဟုတ်ကြောင်းကို သိလာကြ ပါသည်။ ထိုအချိန်၌ သံဃာ့အဖွဲ့အစည်းမှ တာဝန်ရှိသည့် ထေရ်ရှင် တစ်ပါးက ဆရာတော်အနီးမှ သံဃာတော်များအား တိုးတိုးလျှောက် ထားလာပါသည်-

*“အရှင်ဘုရား နဘူးကျောင်းဆရာတော် ပြန်မကြွရေးကို အရှင်ဘုရားတို့ တာဝန်ယူပေးတော်မူပါဘုရား၊ ဆန္ဒမပေးတဲ့ ဘုန်းကြီးတစ်ပါးကိုစ္စ တပည့်တော် တာဝန်ယူပါတယ်ဘုရား၊ အခုပဲ တပည့်တော်သွား ဆောင်ရွက်လိုက်ပ့ါမယ်ဘုရား”*ဟု လျှောက်ထားပြီး ထွက်သွားပါသည်။

ထွက်သွားသည်မှာ အချိန်ကာလပင် အတန်ကြာသွားပြီး နေ့တာရှည်လျားသည့် ကဆုန်လပြည့်ည၏ ညဦးပိုင်းပင် ရောက်လာပါသည်။ ထိုအခါမှ ဆန္ဒဆောင်ယူခြင်းကိစ္စ အောင်မြင်ပြီဖြစ်ကြောင်း ဆရာတော်ထံပါး လျှောက်ထားပြီးသည်နှင့် သိမ်သမုတ်ကံ စမည်ပြုရာ မထင်မှတ်ဘဲ မိုးကြီး သဲသဲမဲမဲ ရွာချလာပါတော့သည်။

မိုးတိတ်နိုးနိုး စောင့်ဆိုင်းလာရာ ည-၈ နာရီ ခွဲသောအခါတွင်မူ ဆရာတော်ကြီးက ထီးဆောင်းပြီး ရှေ့မှ ကြွတော်မူသဖြင့် သံဃာတော်များလည်း ထီးကိုယ်စီဖြင့် ကြွတော်မူပါသည်။ ကံအားလျော်စွာ မိုးလည်း တိတ်သွားပါသည်။ သိမ်သမုတ်ကံကို သံဃာတော် ၄၉-ပါးဖြင့် ဆောင်ရွက်တော်မူ၏။ ကံဆောင် ပြီးသောအခါတွင် ဆရာတော်ကြီးက-

*“သိမ်သမုတ်ကံလိုမျိုး အရေးကြီးတဲ့ သံဃာ့ကံကို ပျက်ပြားအောင်လုပ်တဲ့ နှောင့်ယှက်မှုက တော်တော်ကိုကြီးကျယ်တယ်၊ ဒါပေမဲ့ အဲဒီအပြစ်အတွက် အာပတ်ကျတော့ ဒုက္ကဋ်အာပတ်လောက်ပဲ သင့်တာ”* ဟု မိန့်ကြားတော်မူပါသည်။

# ၇၄။ သိမ်သမုတ်ရာ၌ သံသယဖြစ်တတ်သည့် နိမိတ်ဆိုင်ရာ အယူအဆများ

သိမ်သမုတ်ရာ၌ နယ်ခြားအမှတ်အသား နိမိတ်အဖြစ် ကျောက်နိမိတ်ကို အသုံးပြုရတော့မည်ဆိုလျှင် ကျောက်၏အရွယ်အစားနှင့် စပ်လျဉ်းကာ ရှေးအခါကာလမှသည် ယနေ့ထက်တိုင်အောင် သံသယဖြစ်ဖွယ် ကြုံတွေ့ရတတ်ပါသည်။ ထို့ကြောင့် နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)က -

*“ကျောက်နိမိတ်လုပ်ရင် အများသံသယကင်းဖို့ လိုတယ်၊ ဒါကြောင့် ကျောက်တုံးက လိုတာထက် ပိုကြီးနေတာ အပြစ်မရှိပါဘူး။ ဘာကြောင့်လဲဆိုရင် ဆင်ထက်ငယ်တဲ့ ကျောက်တုံးတောင် နိမိတ်ရတယ်လို့ စာက ဆိုထားတယ်”*ဟု မိန့်တော်မူဖူးသည်။

သံသယဖြစ်ဖွယ်ရှိသည့် ကျောက်နိမိတ်အစား ရေနိမိတ်ကိုသာ အသုံးပြုကြရန်ကိုလည်း နဘူးကျောင်း ဆရာတော်ကြီးက ဩဝါဒပြုတော်မူလေ့ ရှိပါသည်။ (၂၀၊ ၃၊ ၁၉၉၇)ရက် ကြာသပတေးနေ့က လယ်ဝေးမြို့နယ် ဆုတောင်းပြည့်တောရ၌ မဟာသိမ်သမုတ်ရာတွင် တွင်းတစ်ခု၌ ရေမနေသဖြင့် ရေနိမိတ် မရနိုင်ဘဲ ဖြစ်နေသည်။ ထိုကြောင့် ကျောက်နိမိတ်ဖြင့် သိမ်သမုတ်တော်မူခဲ့ရသည်ကို ထန်းတစ်ပင်တောရနှင့် ဆုတောင်းပြည့်တောရ၏ ပဓာနနာယကဆရာတော် ဦးကေဝလက-

*“ဆုတောင်းပြည့်သိမ် သမုတ်တုန်းက ရှစ်မျက်နှာအနက်က အနောက်မြောက်ထောင့်မှာ ရေမနေဘဲ ဖြစ်နေတယ်၊ ဒါနှင့် ဆရာတော်ကြီးက ကျောက်နိမိတ်နှင့် သမုတ်ဖို့ ဆုံးဖြတ်တော်မူတယ်၊*

*ကျောက်တုံးက လူတစ်ရပ်လောက်ရှိတဲ့ စကျင်ကျောက်တုံးကြီး၊ လုံးပတ်ကလည်း သုံးပေကျော်မယ်ထင်တယ်။ မြေကြီးထဲ မစိုက်နဲ့တဲ့၊ တုံးလုံးလည်း မလှဲနဲ့တဲ့၊ နိမိတ်ကျတဲ့နေရာမှာ ငုတ်တစ်ခု ကပ်ပြီး တွဲခြည်လိုက်ပါလို့ ဆရာတော်ကြီးက မိန့်တော်မူတယ်။ ရည်ရွယ်ချက်ကတော့ နိမိတ်အဖြစ်သုံးတဲ့ ကျောက်တုံး သေးများ သေးနေမလားဆိုတဲ့ သံသယကင်းအောင်လို့ပါလို့ မိန့်တော်မူသေးတယ်။ နဘူးကျောင်းတောရ မဟာသိမ်ကို သမုတ်ရာမှာတော့ နောင်သံဃာ အစဉ်အဆက်က မှတ်မှတ်သားသား ဖြစ်အောင်ဆိုပြီး ဆရာတော်ကြီးက ရေနိမိတ်၊ ကျောက်နိမိတ်၊ သစ်ပင်နိမိတ်တွေနှင့် သမုတ်တော်မူတယ်၊ တပည့်တော်စောင့်ခဲ့ရတဲ့ နိမိတ်က သစ်ပင်နိမိတ်၊ သစ်ပင်ကို ကြည့်တော့ တယ်ပင်ဖြစ်နေတယ်။ အနှစ်မရှိတဲ့ အပင်ဆိုရင်တော့ နိမိတ်မရဘူးလို့ မိန့်တော်မူပါတယ်"*

## ဓားသွေးကျောက်ကို နိမိတ်အဖြစ်သုံးခြင်း

မန်လည်ဆရာတော်ကြီး (AD ၁၈၄၁-၁၉၂၀)သည် မိုးတားမြို့ ဘုရားကြီးကျောင်းတိုက်သိမ်ကို ရေနိမိတ်ဖြင့် သမုတ်ရာ တွင်းတစ်ခု ရေမနေ၍ ယခုရောင်းချနေသော သိမ်ကျောက်တိုင်မျိုးကိုပင် ကျောက်နိမိတ်ပြုလုပ်၍ သမုတ်တော်မူဖူးသည်၊ ထိုဆရာတော် ဘုရားကြီးသည်ပင်လျှင် ရွှေဂူမြို့ အင်ကြင်းတောရသိမ်ကို ရေနိမိတ် ဖြင့် သမုတ်ရာ တွင်းတစ်ခုရေမနေ၍ ဓားသွေးသည့် ကျောက်တုံးကို စိုက်၍ ကျောက်နိမိတ်ဖြင့် ပြုလုပ် သမုတ်တော်မူဖူးသည်ဟုလည်း နဘူးကျောင်းဆရာတော်ကြီး အမိန့်ရှိသည်ကို မှတ်သားထားသော စစ်ကိုင်းတောင် ကျစွာချောင် ဆရာတော်ကြီး မှတ်တမ်းအရ သိရ

သည်ဟု ပါမောက္ခချုပ်ဆရာတော် ဦးသီလာနန္ဒာဘိဝံသ ရေးတော်မူသည့် သိမ်သင်တန်း စာအုပ်၌ ဖော်ပြထားပါသည်။

သိမ်နိမိတ်အဖြစ် သုံးပြုကြသည့် ကျောက်တုံး၏ အလေးချိန်ကို စာပေများ၌ ပိုလ်ဟုပြပါသည်။ ထို့ကြောင့် -

*"ပိုလ်နှင့် ပတ်သက်ပြီးတော့ အယူအဆ အမျိုးမျိုးရှိတာကို တွေ့နေရတယ်၊ ဝိနယသာရဂဏ္ဌိ ကျမ်းပြုထေရ်က သူ့ရဲ့ကျမ်းစာမှာ 'ရှေးဦးမင်ဆရာတော်ကား ၁-ပိဿာကို တစ်ပိုလ်ဟူ၏၊ ဆရာတို့ကား အကျပ် ငါးဆယ်ကို တစ်ပိုလ်ဟူကုန်၏၊ ကေစိတို့ကား ငါးကျပ်ကို တစ်ပိုလ်ဟူကုန်၏၊ အညေတို့ကား အကျပ်လေးဆယ်ကို တစ်ပိုလ်ဟူကုန်၏'လို့ ရေးထားတယ်၊ တစ်ခါ အိန္ဒိယကျမ်းတွေမှာကျတော့ တစ်ပိုလ်မှာ ဒင်္ဂါးကျပ်ချိန် ၄-ကျပ်သား ရှိတယ်လို့ပြပါတယ်၊ ကျောက်နိမိတ်လုပ်ဖို့ရာ တစ်ပိုလ်ကို တစ်ပိဿာလို့ယူမယ် ဆိုရင် ၃၂-ပိသာ အလေးချိန်ရှိတဲ့ ကျောက်တုံးကြီး ဖြစ်ရတော့မယ်။ တစ်ပိုလ် လေးကျပ်သားယူမယ် ဆိုရင်တော့ ၁၂၈-ကျပ်သား အလေးချိန်ရှိတဲ့ ကျောက်တုံးဖြစ်ရမယ်၊ ပြီးတော့ ၃၂-ပိုလ် တင်လဲခဲပမာဏ ဆိုတာမှာ နိမိတ်ကျောက်တုံးက ၃၂-ပိုလ်လေးမှ အပ်တယ်လို့ ဆိုလိုတာ မဟုတ်ဘူး၊ ၃၂-ပိုလ် အလေးချိန်ရှိတဲ့ တင်လဲခဲနှင့် အရွယ်ပမာဏတူတဲ့ ကျောက်ခဲလို့သာ ဆိုလိုရင်း ဖြစ်တယ်လို့ စာက ပြပြန်သေးတယ်"*ဟု မိန့်ကြားတော်မူဖူးပါသည်။

သို့ဖြစ်ပါက တစ်ပိုလ်တွင် (၁၂၈) ကျပ်သား ရှိသည်ဟု ဖော်ပြသည်ကို နှစ်သက်ပါလျှင် ယခုအခါ သုံးလေ့ရှိသည့် စကျင်ကျောက်သိမ်နိမိတ် မှတ်တိုင်များသည် တစ်ပိဿာမက အလေးချိန် ရှိနေသဖြင့် ကျောက်နိမိတ် ဖြစ်နိုင်လောက်မည်ဟု ယူဆရပါသည်။

---

**ကျမ်းညွှန်း** ✱ ဝိနယသာရဂဏ္ဌိ (၃၂၀)

# ၇၅။ သတိထားသင့်သည့် သိမ်သမုတ်ကံပျက်ရသည့်အကြောင်း

သိမ်ဟူသည်မှာ သံဃာတော်များ ကံကြီး၊ ကံငယ် ပြုလုပ်ရန် သီးခြားနယ်မြေတစ်ခုအဖြစ် သတ်မှတ်ထားသည့် နေရာဖြစ်ပါသည်။ သာသနာတော်၌ ထင်ရှားရှိနေသည့် သာသနာ့ဝန်ထမ်း ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့သည် သိမ်ထဲမှပင် ဖြစ်ပေါ်လာကြရပါသည်။ သိမ်မရှိလျှင် နောက်ထပ် ရဟန်း သံဃာတော် အစစ်အမှန်များ မပေါ်လာနိုင်တော့ပါ။

ထို့ပြင် သိမ်ရှိနေပါသော်လည်း အကြောင်းကြောင်းကြောင့် သိမ်သမုတ်ရာတွင် မအောင်ခဲ့ပါက ရဟန်းသံဃာ အစစ်အမှန်များ မပေါ်ပေါက်နိုင်တော့ပါ။ ရဟန်းသံဃာ အစစ်အမှန်များ မရှိလျှင် အသွင်မျှသာ ပေါ်လွင်မည်ဖြစ်ပြီး သာသနာ ဆိတ်သုဉ်း ကွယ်ပျောက်ပေတော့မည်။

ထို့ကြောင့် အထပ်ထပ် သိမ်နုတ်ထားသည့် မြေပြင်ပေါ်တွင် သမုတ်သောသိမ်သည် အောင်မြင်သည့်သိမ်ဖြစ်ရန် များစွာ အရေးကြီးပါသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် သိမ်သမုတ်သောကံ မအောင်မြင်ပါက ထိုသိမ်သည် အကျိုးမရှိရုံမျှသာမက အပြစ်ပင် ဖြစ်နိုင်ပါသည်။

## ကလျာဏီမြစ်ထဲ ရေသိမ်၌ သိမ်ထပ်စေခဲ့သည်

*"မွန်ဘုရင် ဓမ္မစေတီမင်း (AD ၁၄၁၇-၁၄၉၂)ဆိုတာ ရဟန်းပညာရှိကနေ ရှင်ဘုရင်ဖြစ်လာတာဆိုတော့ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ သိမ်တွေက သိမ်သမုတ်ခဲ့တဲ့ကံ ပြည့်စုံခဲ့ပါရဲ့လားလို့ သံသယ*

*ဖြစ်တယ်၊ ဒီသိမ်တွေမှာ ရဟန်းခံကြတော့ ရဟန်းအစစ်မှ ဖြစ်ပါ့ မလားလို့လည်း ထပ်ဆင့် သံသယ ရှိနေပြန်တယ်၊ ဒါကြောင့် မြန်မာ ရဟန်းတော်တို့ကို သီရိလင်္ကာနိုင်ငံကိုလွှတ်ပြီး ကလျာဏီမြစ်ထဲက ရေသိမ်မှာ သိမ်ထပ်စေခဲ့ပါတယ်၊ သီဟိုဠ်က ပြန်ကြွလာတဲ့ ရဟန်းတော် တွေက သံဃာတော်များကို ရွေးချယ်ပြီး ပဲခူးကလျာဏီသိမ်ကြီးကို သမုတ်တော်မူစေခဲ့တာ။ အဲဒီသိမ်မှာ ရှစ်ရာသော ဂဏာစရိယ၊ ဂဏ ပါမောက္ခထေရ်ကြီးများနှင့်တကွ ရဟန်းများစွာက ရဟန်းထပ်ခံ ကြတယ်”*ဟု နဘူးကျောင်းဆရာတော်ကြီးမှ သမိုင်းအထောက်အထား များဖြင့် ရှည်လျားစွာ မိန့်ကြားတော်မူပါသည်။

ဓမ္မစေတီမင်းက (AD ၁၉၄၂-ခုနှစ်)တွင် မောဂ္ဂလာန်ထေရ် အမှူးပြုသည့် သံဃာတော် (၁၁၁)ပါး၊ ပဥ္စင်းလောင်းသာမဏေ (၁၁၁)ပါး စုစုပေါင်း (၂၂၂)ပါးတို့ကို သီရိလင်္ကာနိုင်ငံသို့ ကြွစေတော် မူခဲ့ကြောင်း သမိုင်း၌ လာရှိပါသည်။

## ရွာသာရွာသိမ်

ရှေးအခါကာလက ကွန်မြူနစ်ရွာဖြစ်ခဲ့သည့် ပျဉ်းမနားမြို့၏ မြောက်ဖက် တောင်ညိုနယ်ထဲမှ ရွာသာရွာ၏သိမ်ကို သမုတ်ရာတွင် မထင်မှတ်ထားသည့် အခက်အခဲတစ်ခု ကြုံရလေသည်။ နယ်သိမ်းပြီး သိမ်သမုတ်ကံဆောင်နေစဉ် ထိုကျေးရွာ၏ နယ်နိမိတ်အတွင်းသို့ မည်သည့်သံဃာတော်တစ်ပါးမှ ဖြတ်သန်း သွားလာခွင့် မရှိရပေ၊ အကယ်၍ သံဃာတော်များ စုဝေးရာသို့လည်း မကြွလာ၊ ဆန္ဒလည်း မပေးဘဲ သံဃာတစ်ပါးပါးက သိမ်သမုတ်ရာ ရပ်ရွာဒေသ၏ နယ် နိမိတ်အတွင်း ဝင်လာခဲ့ပါက သိမ်သမုတ်ကံ ဧကန်မုချ ပျက်မည်။

# မကြွနိုင်က ဆန္ဒပေးရမည်

နယ်သိမ်းကာ သိမ်သမုတ်ရန် ပြင်ဆင်နေသည့် နေရာသို့ ထိုနယ်မြေအတွင်းမှ သံဃာတော်များ အားလုံး တစ်ပါးမကျန် ကြွရောက်လာရပါမည်။ အကယ်၍ သံဃာတစ်ပါးပါးက မကျန်းမာ၍ဖြစ်စေ၊ အကြောင်းကြောင်းကြောင့်ဖြစ်စေ စည်းဝေးရာဌာနသို့ မကြွနိုင်ပါက ဆန္ဒပေးရပါသည်။

(ဆန္ဒံ ဒမ္မိ) တပည့်တော် ဆန္ဒပေးပါ၏၊

(ဆန္ဒံ မေ ဟရ) တပည့်တော်၏ ဆန္ဒကို သံဃာ့ထံသို့ ဆောင်ယူသွားပါ၊

(ဆန္ဒံ မေ အာရောစေဟိ) တပည့်တော်၏ ဆန္ဒကို သံဃာတော်အား လျှောက်ထားပေးတော်မူပါဟု ပန်ကြားရပါသည်။ သို့မဟုတ်ဘဲ သံဃာတစ်ပါးပါး နယ်အတွင်းရှိပြီး စည်းဝေးရာသို့ ကြွလည်းမကြွလာ၊ ဆန္ဒကိုလည်း မပေးခဲ့ပါက သိမ်သမုတ်ကံ ပျက်ပါသည်။ ထို့ကြောင့် နဘူးကျောင်းဆရာတော်ကြီးက -

"*နယ်စောင့်တွေ သေသေချာချာ ထားပြီးပြီလား*" ဟု မေးတော်မူပါသည်။ ကျေးရွာမှ တာဝန်ရှိသူများက-

"*ဘုရားတပည့်တော်တို့ရွာမှာ ဘုန်းကြီးကျောင်း သုံးကျောင်းပဲ ရှိပါတယ်ဘုရား၊ အဲဒီကျောင်း သုံးကျောင်းက သံဃာအားလုံး အခု ဒီနေရာမှာပဲ စုဝေးမိပါပြီဘုရား၊ တပည့်တော်တို့ တောနယ်မှာက ရွာတန်းရှည် သုံးရွာ ရှိပါတယ်ဘုရား၊ ပြင်ပဒေသနှင့် ခရီးတာလည်း*

*ပေးတဲ့အတွက် ဒီအချိန်မှာ ဘယ်ဘုန်းကြီးမှ ဝင်လာစရာ အကြောင်း မရှိတော့ပါဘူးဘုရား၊ သံဃာအားလုံး ဒီနေရာမှာ စုဝေးမိပါပြီဘုရား"* ဟု ရဲဝံ့စွာ လျှောက်လေသည်။ ထို့ကြောင့် သံဃာတော်များက သိမ်ကို ကောင်းမွန်စွာ သမုတ်တော်မူကြပါသည်။

## ပျက်အောင် တမင်လုပ်တာမဟုတ်ရပါဘုရား

သို့သော် နဘူးကျောင်းဆရာတော်ကြီး အမှူးပြုသည့် သံဃာတော်များ ထန်းတစ်ပင်တောရသို့ ပြန်ကြွတော်မူပြီးနောက် နာရီပိုင်းအတွင်း၌ပင် သိမ်သမုတ်သည့်ကံ အောင်မအောင် သံသယဖြစ်စရာ ပေါ်ပေါက်လာပါသည်။ တပ်ကုန်းနယ်ဘက်မှ ရွာတန်းရှည်သို့ အလှူခံလာသည့် ဘုန်းကြီးတစ်ပါးသည် သံဃာတော်များ သိမ်သမုတ်ကံ ဆောင်နေသည့်အချိန်တွင် ရွာ၏ နယ်နိမိတ်အတွင်း၌ တည်ရှိသည့် လယ်တဲတစ်လုံးတွင် အိပ်နေကြောင်း သတင်းစကား ပေါ်ပေါက်လာပါသည်။

*"တပည့်တော်ကို နွားကျောင်းသားတစ်ယောက်က ပြောလို့ ဒီည သိမ်သမုတ်မယ်လို့ သိထားပါတယ်ဘုရား၊ တပည့်တော်ကိုလည်း ပင့်တာမဟုတ်တော့ မလာရဲတာနှင့် ရွာထဲမဝင်ဘဲ လယ်တဲမှာ အိပ်နေတာပါဘုရား၊ တပည့်တော်ကြောင့် ဒီလောက်ကြီး ထိခိုက်မယ်လို့ မသိလို့ပါဘုရား၊ သိမ်ကံဆောင်တာကို ပျက်အောင် တမင်တကာလုပ်တာ မဟုတ်ရပါဘုရား"*ဟု ရွာကျောင်းဆရာတော်ကို အလှူခံလာသည့် ဘုန်းကြီးက လျှောက်ပါသည်။









## ပြင်လို့မရဘူး နောက်တစ်ခေါက် ပြန်သမုတ်ရမယ်

ခက်ခဲစွာဖြင့် လပေါင်းများစွာ အချိန်ယူကာ ဆောင်ရွက်ခဲ့သည့် သိမ်သမုတ်သည့်လုပ်ငန်း ပျက်သွားကြောင်း၊ ဆရာတော်ကြီးရဲ့ စကားကို အလေးဂရုထား နားမထောင်မိလို့ ဖြစ်သွားပါကြောင်းကို ရွာလူကြီး ဒါယကာများက ခရီးရောက်မဆိုက် သတင်းစကား လျှောက်လာပါသည်။ နဘူးကျောင်းဆရာတော်ကြီးက -

"*ဘုန်းကြီးတိုင်း သိထားသင့်တဲ့ ကိစ္စပဲလေ၊ အခု ဒါက မသိလို့ ကံဆောင်တာ ပျက်သွားပြီ၊ ပြင်လို့မရတဲ့ အကြောင်းအရာဆိုတော့ နောက်တစ်ခေါက် ပြန်သမုတ်ရမယ်၊ တစ်ချို့ဒေသတွေမှာကျတော့ ဘုန်းကြီးတွေက ကံဆောင်တာပျက်အောင် ကံဆောင်နေတုန်း တမင်တကာ ရွာရဲ့နယ်နိမိတ်ထဲကို ဝင်ပြီး နေနေတာလည်း ရှိတတ်သေးတယ်၊ အတော်ကြီးကို ဂရုစိုက်မှ တန်ကာကျတာ*"ဟု မိန့်တော်မူပါသည်။

အကြောင်းကြောင်းကြောင့် ထိုသိမ်ကို တစ်နှစ်ကျော် ကြာသည့်အခါ နောက်ထပ်တစ်ကြိမ် အောင်မြင်စွာ သမုတ်နိုင်ခဲ့ပါသည်။ ဆရာတော်ကြီး၏ သိမ်မှတ်တမ်းစာအုပ်တွင် တပ်ကုန်းနယ်က ရွာသာကျောင်းသိမ်ဟု ဖေါ်ပြထားပါသည်။ ရွာသာသိမ်သည် ဆရာတော်၏ သိမ်အလုံးပေါင်း (၁၇၀)သမုတ်ခဲ့သည့် မှတ်တမ်းများထဲမှ (၁၄၇)ခုမြောက်ဖြစ်၏။

**ကျမ်းညွှန်း**

* (၁၆၅)၊ ဆန္ဒဒါနကထာ၊ ဥပေါသထက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၆၄)

# ၇၆။ သိမ်နုတ်ကမ္မဝါစာ

"သိမ်နုတ်မယ့်နေရာကို သံဃာတွေအများကြီး တပြိုင်နက် ကြွရောက်လာပြီး သိမ်နုတ်ကမ္မဝါစာ ဖတ်ကြတယ်။ သံဃာအပါး (၅၀) ရှိရင် (၅၀)လုံး၊ အပါး (၁၀၀) ရှိရင် (၁၀၀)လုံးက သိမ်နုတ်ကမ္မဝါစာကို ဖတ်ကြတယ်၊ ဒါကို ကံအောင်မအောင် စဉ်းစားစရာတော့ဖြစ်တယ်။ စာထဲမှာက 'ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော' 'ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်'လို့ ဆိုထားပါတယ်၊ ပြီးတော့ 'သုဏာတု မေ ဘန္တေ သံဃော' 'အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နားထောင်တော်မူလော့'လို့ လာပါသေးတယ်၊ ဒါကြောင့် ဖတ်ကြားနေတဲ့ ကမ္မဝါကို နားထောင်တဲ့ သံဃာ့ပရိသတ် ရှိရပါမယ်၊ တစ်ခါ ကမ္မဝါရဲ့အဆုံးမှာ 'ခမတိ သံဃဿ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ'လို့ လာပြန်သေးတယ် 'အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏'တဲ့။ ဒီစာတွေကို ထောက်ထားပြီး ဆရာတော်ကြီးက ဖတ်သူလည်းရှိရမယ်၊ နားထောင်သူလည်း ရှိရမယ်။ တစ်ပါးမကျန် အားလုံးက သိမ်နုတ်ကမ္မဝါစာကို ကိုင်ပြီးဖတ်တာက စာနှင့်မညီသလို ဖြစ်နေတယ်"လို့ မိန့်ဖူးတယ်။

သို့သော် "သိမ်ကိစ္စမှာ အယူအဆကွဲပြားလာရင် ပြောလို့ရရင် ပြောကြည့်၊ မရရင်တော့ ဆိတ်ဆိတ်ပဲ နေရမယ်တဲ့၊ ဘာကြောင့်လဲ ဆိုရင် သိမ်ဆိုတာ တစ်ဦးတည်းပိုင်တာ မဟုတ်ဘူး၊ အများဆိုင်တဲ့

*နေရာဖြစ်တယ်*”လို့ ဆရာတော်ကြီးက မိန့်တော်မူပါတယ်ဟု ထန်းတစ်ပင်တောရနှင့် ဆုတောင်းပြည့်တောရ၏ ပဓာနာယက ဆရာတော်ဦးကေဝလက မြန်မာနိုင်ငံတစ်ဝန်း သိမ်အလုံးပေါင်း စုစုပေါင်း (၁၇၀) သမုတ်ပေးတော်မူသွားသည့် နဘူးကျောင်းဆရာတော် (AD ၁၉၂၁-၂၀၀၄)၏ ဩဝါဒ အဆုံးအမစကားကို စဉ်းစဉ်းစားစားဖြင့် မိန့်ကြားတော်မူပါသည်။

## သိမ်သမုတ်မည့်နေရာကို သိမ်နုတ်ရမည်

နဘူးကျောင်းဆရာတော်ကြီး၏ ရာပြည့်သိမ်သမုတ်မှတ်တမ်း၌ အောက်ပါအတိုင်း လာရှိပါသည်။ သိမ်သမုတ်ရန် ရည်ရွယ်မှန်းထားသော မြေကွက်၌ ညောင်စောင်းကွက်ချ၍ သိမ်နုတ်ရမည်။ အဘယ့်ကြောင့်နည်း?

**“ယေသံ ဘိက္ခဝေ သီမာ ပစ္ဆာ သမ္မတာ၊ တေသံ တံ ကမ္မံ အဓမ္မိကံ ကုပ္ပံ အဋ္ဌာနာရဟံ၊**

**န ဘိက္ခဝေ သီမာယ သီမာ သမ္ဘိန္ဒိတဗ္ဗာ”** (ဝိ၊ ၃၊ ၁၅၀) ဟူ၍ ရှေးသိမ်ဟောင်းရှိနေလျှင် နောက်သိမ်သစ် မဖြစ်ရ၊ ပျက်စေရမည်ဟု ပယ်မြစ်လျက် ပညတ်ချက် ရှိသောကြောင့်တည်း။ ယင်းသို့ သိမ်နုတ်ရာမြေ၌ အမိုးမဏ္ဍပ် မထိုးရ၊ ဖျာစသော အခင်းလည်း မခင်းရ၊ ထိုင်နေသော ရဟန်းချင်း မထိရ၊ သင်္ကန်းစွန်းချင်းလည်း မထိရပါ။ အဘယ့်ကြောင့်နည်း?

ထိုရဟန်းများ ထိုင်နေရာမြေ၌ အနည်းဆုံး သိမ်ဟောင်း (၂)ခု ရှိနေပါက ထိုသိမ် (၂)ခု ရောနှော ဆက်စပ်သော သီမာသင်္ကရ ဖြစ်လျက် ကံပျက်မည် ဖြစ်သောကြောင့်တည်း။

## သိမ်နှုတ် ကမ္မဝါစာဖတ်နည်း (၂) နည်း

သိမ်နုတ်ရာ၌ ရဟန်း ၅-ပါး ၆-ပါး တစ်ဖွဲ့တည်း ကမ္မဝါစာ ဖတ်သောနည်းကို ဝိမတိဋီကာ၌ မိန့်ဆို၏။ ထိုတစ်ဖွဲ့၌လည်း ရဟန်း ၁-ပါးသော်လည်းကောင်း၊ ၂-ပါးသော်လည်းကောင်း၊ ၃-ပါးသော် လည်းကောင်း ဖတ်နိုင်သည်။ ၄-ပါး မဖတ်ရပါ၊ ယခုအခါ ၄-ပါး အဖတ်များ၏။

ရဟန်း ၄-ပါး၊ ၄-ပါး ထက်လွန်လျှင် ရဟန်းများသလောက် ၅-ပါးစီသော်လည်းကောင်း၊ ၆-ပါးစီ သော်လည်းကောင်း တွဲ၍ ၁-ဖွဲ့၊ ၂-ဖွဲ့၊ ၃-ဖွဲ့၊ ၄-ဖွဲ့၊ ၅-ဖွဲ့ စသည်အားဖြင့် အဖွဲ့များ ဖွဲ့ပြီးလျှင် -

(က) တစ်ဖွဲ့ တစ်လှည့် ဖတ်သောနည်း၊

(ခ ) ၅ - ဖွဲ့လုံး တပြိုင်နက် ဖတ်သောနည်းဟူ၍ အနည်းဆုံး ၂-နည်းရှိ၏။ ထိုတွင် ၁-ဖွဲ့ တစ်လှည့် ဖတ်သောနည်းသည် ထိုရဟန်း များတည်ရာ ထိုင်ရာမြေ၌ သိမ်ဟောင်းများ ရှိနေပါက ရှေ့နောက် တစ်လှည့်စီ ကျွတ်သွားစေပါသည်။ သိမ်ဟောင်း ပျက်စီးပျောက်ကွယ် သွားစေနိုင်ပါသည်။

## ကမ္မဝါစာဆရာ ၃-ပါးအထက် မလွန်ရပါ

၅-ဖွဲ့လုံး တပြိုင်နက် ဖတ်သောနည်း၌ကား စိစစ်ဖွယ် ရှိနေ ပါ၏။ စိစစ်ပုံကား ထိုရဟန်း ၅-ဖွဲ့လုံး တည်ရာထိုင်ရာမြေ၌ အကယ် ၍ အသီးသီး သိမ်ဟောင်း ၅-ခု ရှိနေပါက သိမ် ၅-ခုလုံးပင် တပြိုင် နက်တည်း ကျွတ်သွားနိုင်သောကြောင့် သင့်လျော်ဖွယ် ရှိသော် လည်း ထိုမြေ၌ သိမ်ဟောင်း ၁-ခုမျှသာ ရှိပါမူကား တပြိုင်နက် ဖတ်သောနည်းသည် မသင့်မလျော်ပါ။ အဘယ့်ကြောင့်နည်း ?

ကမ္မဝါစာဆရာ ၃-ပါးထက် လွန်နေသောကြောင့်တည်း။ အဋ္ဌကထာများ၌ကား "ကမ္မဝါစာ ဆရာသည် အများဆုံး ၃-ပါးသာ ဖြစ်ရမည်။ ၄-ပါး စသည် မဖြစ်ရ"ဟု မိန့်ဆိုထားကြပါ၏။ မဟာဝဂ္ဂ အဋ္ဌကထာ၌ -

ဒွိပိ ဝါ တိပိ ဝါ အာစရိယေပိ (ပ) ကမ္မဝါစာ ကာတဗ္ဗာ ဟူ၍လည်းကောင်း၊ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ(၂၄၅)၌ -

**တီဟိ အာစရိယေဟေဝ၊ ဧကေတော အနုသာဝနံ။**

**သြသာရေတွာ ကတံ ကမ္မံ၊ န စ ကုပ္ပတိ ကပ္ပတိ။**

ဟူ၍လည်းကောင်း မိန့်ဆိုကြ၏။ ဤ၌ ကမ္မဝါစာဆရာ ၃-ပါးတို့သာ ကံမပျက်ပါ၊ အပ်၏ဟု ဆိုရကား ၃-ပါးထက် လွန်လျှင် ကံပျက်၏၊ မအပ်ဟု ဆိုရာရောက်၏။ ထို့ကြောင့် ၅-ဖွဲ့လုံး တပြိုင်နက် ဖတ်သောနည်းသည် နှစ်သက်ဖွယ်မရှိပါ။ ဤကဲ့သို့ စိစစ်ဖွယ် ရှိနေပါ၏။

တစ်ဖွဲ့တစ်လှည့်စီ ဖတ်သောနည်း၌ကား အချိန်ကြာသော်လည်း ဤကဲ့သို့ စိစစ်ဖွယ် မရှိပါ၊ သိမ်ဟောင်း ၅-ခု ရှိသည်ဖြစ်စေ၊ တစ်ခုပင် ရှိသည်ဖြစ်စေ အားလုံး ပျောက်ကွယ်သွားစေနိုင်ပါ၏။

---

**ကျမ်းညွှန်း**

* နဘူးကျောင်းဆရာတော် သမုတ်ခဲ့သော ရာပြည့်သိမ်သမုတ် မှတ်တမ်းများ၊ ပထမအကြိမ် -၂၀၀၀ ပြည့်

## ၇၇။ ပဝါရဏာပြုခဲ့သည့်ဘုန်းကြီး တရားရုံး၌အမှုနိုင်သည်

နဘူးကျောင်းဆရာတော် (AD ၁၉၂၁-၂၀၀၄)သည် ဝိနည်းသိက္ခာအရာတွင် စာမရိစိတ်ဓာတ်ဖြင့် အပြစ်ဟူသမျှ မြူမျှမတင်အောင် သန့်ရှင်းစင်ကြယ်သည့် ဝိနယဂရုက၊ ဝိနယကုက္ကုစ္စ၊ သီလဝိသုဒ္ဓိနှင့် ပြည့်စုံသော လဇ္ဇီပေသလ၊ သိက္ခာကာမ ပုဂ္ဂိုလ်သူမြတ်ဖြစ်၏။ ဓူတင်အရာတွင်လည်း အရှင်မဟာကဿပအလား ဓူတင်(၁၃)ပါးကို ကျင့်သုံးတော်မူခဲ့ပြီး ပျံလွန်တော်မူမည့် ရက်တိုင်အောင် ဓူတင်တို့ကို ချထားခြင်းမရှိဘဲ စွမ်းနိုင်ရာရာ ဓူတင်ပဋိပတ်ကို စုတိစိတ် မကျခင်ထိတိုင်အောင် ကျင့်သုံးတော်မူသွားသည့် ဆရာတော်ဖြစ်ပေသည်။

AD ၂၀၀၀-ပြည့်၏ ဝါတွင်းကာလ ဝါကျွတ်ရန် - ၃ ပတ်ခန့်အလိုတွင် မန္တလေး ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသနေသည့် ဆရာတော်ဦးတေဇိန္ဒ ပြန်ကြွလာပါသည်။ သူ၏ဦးခေါင်း၌ ဒက်ပေါက်သကဲ့သို့ အကွက်အကွက် ပေါ်နေရာမှ တဖြည်းဖြည်း အဖုအကျိတ်သဏ္ဍာန် ပြောင်းလာပါသည်။ ထို့ကြောင့် လယ်ဝေးဆေးရုံက ဆရာဝန်ကြီးက မန္တလေးဆေးရုံသို့ ဆေးကုသရန် လွှောက်ထားသောကြောင့် ထိုနှစ် ဝါဆိုဦးက ကြွသွားခြင်း ဖြစ်ပါသည်။

နဘူးကျောင်းဆရာတော်ကြီးက ယခုကဲ့သို့ အကြောင်းမဲ့ ဝါကျိုးလာခြင်းကို နှစ်သက်တော်မူခြင်း မရှိပေ။ ဝါကျွတ်လေပြီ၊ တောရရှိ သံဃာတော်များအားလုံး ပဝါရဏာ ပြုကြရပေတော့မည်။ သိမ်ထဲ သံဃာစုမိပြီး ကံမဆောင်ခင် ဆရာတော်ကြီးက-

*“ဦးတေဇိန္ဒက ဝါကျိုးလာတယ်၊ ဒါကြောင့် ပဝါရဏာပြုခွင့် မရှိဘူး၊ ပါရိသုဒ္ဓိဥပုသ်ပဲပြုပါ”*ဟု မိန့်ကြားတော်မူပါသည်။ ပဝါရဏာ ပြုခြင်းဟူသည် သိမ်ထဲတွင် သံဃာတော်များ ရှေ့မှောက်၌ မြင်၍ ဖြစ်စေ၊ ကြား၍ ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသော အကြောင်း တို့ဖြင့် ဖိတ်ကြားခြင်း (ပဝါရဏာပြုခြင်း)ငှာ ခွင့်ပြု၏။ ထိုသို့ ဖိတ်ကြား ခြင်းသည် သင်ရဟန်းတို့အတွက် အချင်းချင်း လိုက်လျောခြင်း၊ အာပတ်မှ ထမြောက်စေခြင်း ဝိနည်းကို ရှေ့ရှုခြင်း ဖြစ်လတ္တံ့ဟု မိန့်တော်မူကာ ပဝါရဏာကို စတင် ခွင့်ပြုတော် မူခဲ့ပါသည်။

*ပဝါရဏာပြုပုံမှာ “သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ”* ဟု သုံးကြိမ် ဆိုရပါသည်။

နဘူးကျောင်းဆရာတော်ကြီးသည် အကြောင်းအရာ တိုက်ဆိုင် လာတိုင်း တပည့်များအား မှတ်သားထိုက်သည့် အဆုံးအမများကို ပေးတော်မူမြဲ ဖြစ်ပါသည်။

## တရားရုံး၌ သက်သေခံသည့် ပဝါရဏာ

ရမည်းသင်းမြို့နယ် ဇီဖြူကုန်းရွာနားက ဘုန်းကြီးနှစ်ပါး ဝါမဝင်ခင်ကတည်းက ဂရုကအာပတ်ဆိုင်ရာ စွပ်စွဲမှု အပြန်အလှန် ဖြစ်နေကြတယ်။ တစ်ပါးကစွပ်စွဲ၊ တစ်ပါးကငြင်းနှင့် ကြာတော့ ငြင်းရတာ အားမရလို့ထင်တယ် တရားရုံး ရောက်သွားကြတယ်။ အခုခေတ်လိုမျိုး သံဃနာယကအဖွဲ့အစည်း မရှိသေးတော့ လူလိုပဲ

လူနှင့် ဆိုင်တဲ့ ဥပဒေနှင့်ပဲ ရှင်းကြရတာပါ။ ရုံးတော်မှာ အစွပ်စွဲခံရတဲ့ ဘုန်းကြီး လျှောက်လဲချက်တင်တာက-

*"သိမ်ထဲ ပဝါရဏာပြုတဲ့နေ့တုန်းက ဘုန်းကြီးတွေ အများကြီး ရှေ့ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးတော့ တပည့်တော်အပေါ် မြင်လို့ပဲဖြစ်ဖြစ်၊ ကြားလို့ပဲဖြစ်ဖြစ်၊ ယုံမှားသံသယ ရှိလို့ပဲဖြစ်ဖြစ် အပြစ် တစ်ခုခုရှိရင် ပြောဆိုကြပါ၊ တပည့်တော် အနေနဲ့လည်း အဲ့ဒီ အပြစ်ကို ကျေကျေနပ်နပ်ကြီး ခံယူပါ့မယ်။ နောင်မဖြစ်အောင်လည်း သတိထားပြီး နေထိုင်ပါ့မယ်လို့ လျှောက်တုန်းက အခုစွပ်စွဲတဲ့ ဘုန်းကြီး အပါအဝင် ဘုန်းကြီးအားလုံးက ဘာမှစောဒက မတက်ကြဘဲ သာဓု ခေါ်ခဲ့ကြပါတယ်။ အခုမှထပြီး စွပ်စွဲတဲ့အတွက် ကျုပ်မှာ အပြစ်မရှိဘူး လို့ တရားသူကြီးကို တင်လိုက်တယ်။ ဖြစ်ချင်တော့ တရားသူကြီးက ဘာသာခြား ဖြစ်နေတယ်ဘုရား၊ သူက ဒီလျှောက်ထားချက် မှန် မမှန် သိရအောင် ညောင်လွန့်ဆရာတော်ကြီးဆီကို သွားမေးလျှောက်တယ်။ ဆရာတော်ကြီးက မူရင်းပါဠိတော် ကျမ်းစာအုပ်၊ မြန်မာပြန် ကျမ်းစာ အုပ်တွေကို ဖွင့်ပြတော်မူတယ်။ တရားသူကြီးက အဲဒီစာမျက်နှာကို စာရွက်တစ်ရွက်နှင့် အမှတ်အသားလုပ်ပြီး စာအုပ် ခေတ္တငှါးသွား ပါတယ်။ 'ဒိဋ္ဌေနဝါ သုတေနဝါ' ဆိုတဲ့ ပဝါရဏာကို သက်သေထားပြီး လျှောက်လဲတဲ့ ဘုန်းကြီးက မှန်တယ်ဆိုပြီး နောက်ဆုံးမှာ အမှုနိုင်သွား ပါတယ်ဘုရား"*

---

**ကျမ်းညွှန်း**

* (၂၁၀) မဟာဝဂ္ဂပါဠိ၊ ပဝါရဏာက္ခန္ဓက ( နှာ-၂၂၃)

# ၇၈။ ရဟန်းတော်များ အမှတ်မထင် ဝါကျိုးတတ်ပါသည်

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည် ရမည်းသင်းမြို့နယ် သရက်ကန်အုပ်စု၊ သရက်ကန်ကျောင်းထွက် ဖြစ်ပါသည်။ ဆရာတော်သည် နှစ်စဉ် ဝါကျွတ်ကာလ ပဝါရဏာပြုရန် ဆရာ၏ကျောင်းဖြစ်သည့် သရက်ကန်ကျောင်းသို့ ကြွတော်မူလေ့ ရှိပါသည်။

တစ်ခုသော ဝါကျွတ် ပဝါရဏာပွဲသို့ နဘူးကျောင်းဆရာတော်၏ စာသင်ဖက်လည်းဖြစ်၊ သက်တူ၊ ဝါတူလည်းဖြစ်သည့် ကန်ကြီး ဆရာတော်လည်း ကြွလာပါသည်။ ကန်ကြီးဆရာတော်သည် ထို ဝါတွင်း ဝါကျိုးထားပါသည်။ သို့သော် သူဝါကျိုးသည်ကို နဘူးကျောင်း ဆရာတော် သိတော်မူသော်လည်း ကာယကံရှင်ဖြစ်သူကိုယ်တိုင် သတိမပြုမိသေးပါ။

ကန်ကြီးဆရာတော် ဝါကျိုးရခြင်းအကြောင်းမှာ စိတ်ဝင် စားစရာကောင်းပါသည်။ ထိုခေတ်ကာလ ကက်ဆက်ပေါ်ခါစဖြစ်ပြီး ကန်ကြီးဆရာတော်က ကက်ဆက်တစ်လုံး လိုချင်နေပါသည်။ သို့သော် ဝယ်ရသည်မှာ စိတ်တိုင်းမကျ ဖြစ်နေ၏။ ထိုစဉ်ကာလ တောင်ကြီးသို့ သွားဝယ်ပါက စိတ်တိုင်းကျ ကက်ဆက် ရနိုင်သည်ဟု သတင်းစကား တစ်ခု ရောက်လာပါသည်။ ထို့ကြောင့် ကန်ကြီးဆရာတော်သည် ကက်ဆက်ဝယ်ရန် ဝါပန်ပြီး ရှမ်းပြည်ကြွသွားကြောင်း နဘူးကျောင်း ဆရာတော် ကြားသိထားပါသည်။

ပဝါရဏာပြုရာတွင် ဝါကျိုးထားလျှင် သိမ်ထဲ၌ 'သံဃံ ဘန္တေ ပဝါရေမိ. . . 'ဟု လျှောက်ထားခွင့်မရှိဘဲ၊ ပါရိသုဒ္ဓိဥပုသ်မျှသာ ပြုခွင့်ရှိပါသည်။ ထို့ကြောင့် ကန်ကြီးဆရာတော်ကို နဘူးကျောင်း ဆရာတော်က ပါရိသုဒ္ဓိဥပုသ်ပြုရန် တိုးတိုး သတိပေးတော်မူပါသည်။

## တုံ့သုံးတုံ့မှ ဝါပန်ရ

'ကုစ္ဆာမိ ဒါနဥ္စ ဒါတုံ၊ ခမ္မဥ္စ သောတုံ၊ ဘိက္ခူ စ ပဿိတုံ' ဟူသော ပါဠိတော်နှင့်အညီ 'အရှင်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူလိုပါသည်။ ဟောကြားအပ်သော တရားတို့ကို နာယူလိုပါသည်။ ရဟန်းတော်တို့ကို (အရှင်ဘုရားကို)ဖူးမြင်လိုပါသည်'ဟု ကပ္ပိယ ဝေါဟာရစကားဖြင့် ပင့်လျှောက်လျှင် ဝါပန်၍ သွားကောင်းပါသည်ဟု စာ၌လာရှိပါသည်။ ထို့ကြောင့် နဘူးကျောင်းဆရာတော်ကြီးက-

*"တုံသုံးတုံမှာ ဝါပန်ပြီး ကက်ဆက်ဝယ်သွားဖို့ ခွင့်ပြုချက် မရှိကြောင်း ပြောပြလိုက်ရတယ်"*ဟု ထန်းတစ်ပင်တောရမှ သံဃာ တော်များအား ဆရာတော်ဘုရား၏ အတွေ့အကြုံတစ်ခုကို စံနမူနာ အဖြစ် မိန့်ကြားတော်မူပါသည်။

# ၇၉။ ဝါပန်ပြီး တရားဟောသွားနိုင်သော်လည်း တရားနာသွားလျှင် ဝါကျိုးတတ်သည်

နဘူးကျောင်းဆရာတော် (AD ၁၉၂၁- ၂၀၀၄)၏ ထံတော်ပါးသို့ ရဟန်းသီလနှင့် ဓုတင်ဆိုင်ရာ ခက်ခဲ၊ နက်နဲ၊ သိမ်မွေ့သည့် အယူအဆများကို နည်းခံ သင်ကြား၊ လေ့လာ၊ မေးလျှောက်ရန် ရည်ရွယ်ချက်ကိုယ်စီဖြင့် နိုင်ငံတစ်ဝန်းမှ ဝိနည်းသီလကို ဦးထိပ်ပန်ဆင် မြတ်နိုးတော်မူကြသည့် ရဟန်းတော်များ ကြွရောက်တော်မူလေ့ ရှိပါသည်။

ဆရာတော်ကြီးသည် ရဟန်းတစ်ပါးတည်းကိုဖြစ်စေ၊ ရဟန်းအများကိုဖြစ်စေ သဘာဝယုတ္တိ၊ အာဂမယုတ္တိများဖြင့် မှတ်သားဖွယ်ရာ ရှေးဟောင်းနှောင်းဖြစ်၊ ဖြစ်စဉ်များကို ပမာပြုကာ ချိုမြိန်သည့် ဆုံးမစကား၊ ဩဝါဒများကို အခါအားလျော်စွာ မိန့်ကြားတော်မူလေ့ ရှိပါသည်။

ဒုတိယကမ္ဘာစစ်များ မတိုင်ခင်ကာလက ရမည်းသင်းမြို့နယ် သရက်ကန်ကျောင်းမှ ရဟန်းတော် တစ်ပါးသည် ဝါဆိုရာကျောင်းမှ ဝါပန်ပြီး ပိဋကတ် မောင်ထွန်းကြိုင် ဟောကြားမည့် တရားတော်ကို နာကြားရန် တရားပွဲကျင်းပရာသို့ ကြွသွားတော်မူပါသည်။ ညတရားပွဲပြီးသောအခါ မိုးချုပ်မည်က တစ်ကြောင်း၊ ခရီးတာကွာဝေးသည်က တစ်ကြောင်းတို့ကြောင့် ကျောင်းပြန်ရောက်ရန် မသေချာတော့သဖြင့် ဝါပန်ခြင်း ဖြစ်ပါသည်။

## အရှင်ဘုရား ဝါကျိုးပြီ

တရားပွဲကို ညောင်လွန့်တောရအနီးမှ သွားရပါသည်။ ထို့ကြောင့် လမ်းလည်းကြုံပြီး၊ အချိန်လည်း စောနေသေးသဖြင့် ညောင်လွန့်တောရဆရာတော် (AD ၁၈၆၈-၁၉၃၃)ထံပါး ဝင်ရောက်ကန်တော့ပါသည်။ အချိန်အတန်ကြာ ပြောဆိုလျှောက်ထားပြီးနောက် ပြန်မည်ဟု ဝတ်ပြုရာ ညောင်လွန့်ဆရာတော်က-

*"အရှင်ဘုရား ဘယ်ကိုကြွမှာလဲ"*ဟု မေးတော်မူရာ ဦးပဥ္စင်းက တရားနာသွားမည်ဖြစ်ကြောင်း လျှောက်ထားပါသည် *"ဝေးလွန်းတယ်၊ ညကျောင်းပြန်ရောက်ပ့ါမလား"*ဟု မေးတော်မူရာ*"တပည့်တော် ဝါပန်ပြီးမှ ကျောင်းက ထွက်လာတာပါဘုရား"*ဟု လျှောက်လိုက်ပါသည်။ ထိုအခါ ညောင်လွန့်ဆရာတော်က-

*"ဒါဆိုရင်တော့ အရှင်ဘုရား ဝါကျိုးသွားပြီ"*ဟု မိန့်တော်မူပါသည်။

ကျောင်းအောက်ရောက်သော် မိုးမချုပ်သေးသည်က တစ်ကြောင်း၊ ညလည်း မအိပ်ရသေးသည်က တစ်ကြောင်း၊ အရုဏ်လည်း မတက်သေးသည်ကတစ်ကြောင်းတို့ကြောင့် 'ဘာဖြစ်လို့များ ဝါကျိုးမှာပါလိမ့်'ဟု စိတ်ဝယ် ဇဝေဇဝါဖြစ်လာသဖြင့် ညောင်လွန့်တောရအနီးမှ ဘုန်းကြီးဇောထံဝင်ကာ ဖြစ်စဉ်ကို လျှောက်ထားလေသည်။ ဘုန်းကြီးဇော၏ အဆုံးအဖြတ်မှာ-

*"ဝါမကျိုးပါဘူးကိုယ်တော်၊ သူတို့က စာတတ်လို့ ပြောတာနေမှာပါ"*ဟု ဆုံးဖြတ်ပေးလိုက်ပါသည်။ ဦးဇင်းသည် တရားနာသွားရန် စိတ်မရွှင်လန်းသဖြင့် ဝါဆိုရာ သရက်ကန်ကျောင်းသို့ ပြန်ကြွသွားပါသည်။ ညဦးပိုင်း သရက်ကန်ဆရာတော်အား ဝတ်ဖြည့်ရင်း နေ့လည်က ဖြစ်စဉ်ကို အသေးစိတ်လျှောက်ထားပြီး -

*"ဘုရားတပည့်တော် ဝါကျိုး၊ မကျိုး ဆုံးဖြတ်ပေးတော်မူပါဘုရား"*ဟု လျှောက်ထားရာ သရက်ကန် ဆရာတော်ကြီးက ခေတ္တစဉ်းစားတော်မူပြီး-

*"ကိုယ်တော်တို့လည်း စာတတ်နေတာပဲ၊ စာကြည့်ပါ"*ဟု မိန့်တော်မူလိုက်ပါသည်။

## ဝါပန်ရာမှာ သတိပြုဖွယ်ရာများ

'ကုစ္ဆာမိ ဒါနဥ္စ ဒါတုံ၊ ဓမ္မဥ္စ သောတုံ၊ ဘိက္ခူ စ ပဿိတုံ' ဟူသော ပါဠိတော်နှင့်အညီ 'အရှင်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူလိုပါသည်။ ဟောကြားအပ်သော တရားတို့ကို နာယူလိုပါသည်။ ရဟန်းတော်တို့ကို (အရှင်ဘုရားကို) ဖူးမြင်လိုပါသည်'ဟူသော စကားသုံးခွန်းအနက် တစ်ခုခုဖြင့် ပင့်လျှောက်လျှင် ဝါပန်၍ သွားကောင်းပါသည်။

*"ဝါပန်ထွက်ပြီးမှ ထီးမေ့ကျန်လို့ပဲဖြစ်ဖြစ်၊ ဖိနပ်မေ့ကျန်လို့ပဲ ဖြစ်ဖြစ် ကျောင်းတိုက်ဥပစာထဲ ပြန်ဝင်လာရင် ဝါပန်ထားတာပျက်*

တယ်၊ သွားချင်ရင်တော့ တစ်အရုဏ်နေပြီးမှ နောက်နေ့ဝါပန်ပြီးမှ ထွက်ရပါတယ်၊ အဲဒီနေ့ပဲ နောက်တစ်ခေါက် ဝါပန်ပြီးထွက်ရင် ဝါကျိုးတယ်။ ဝါပန်ပြီးထွက်ရာမှာ သတိပြုစရာ တစ်ခုရှိသေးတယ်၊ ဝါဆိုရာကျောင်းတိုက် ဥပစာကနေ အပြင်မရောက်ခင်မှာဘဲ (၇) ရက်အတွင်း ပြန်လာမယ်လို့ နှလုံးသွင်းထားရတယ်ဘုရား။ နှလုံးသွင်းမရှိဘဲ ကျောင်းတိုက်ဥပစာကို ကျော်လွန်မိရင် ဝါပျက်တယ်လို့ ဋီကာသစ်က ဆိုပြန်သေးတယ်။ အလှူခံဖို့ကြွတော်မူပါ၊ တရား နာလိုပါတယ်ဘုရား ကြွတော်မူပါ၊ မျက်နှာတော် ဖူးမြင်ပါရစေဘုရားလို့ ခိုင်လုံတဲ့အကြောင်းမရှိဘဲ ဝါပန်ပြီး ကျောင်းဝင်းဥပစာက ထွက်မိရင်တော့ ပထမခြေလှမ်းမှာ ဝါမကျိုးသေးဘူး၊ ဒုတိယခြေလှမ်းမှာ ဝါကျိုးတယ်၊ တစ်ခါ 'ဓမ္မဥ္စ သောတုံအရ' ကိုယ့်ကို တရားဟောဖို့ ပင့်လို့ တရားဟောသွားတာဆိုရင် ဝိနည်းနှင့် ညီညွတ်တယ်၊ ဝါမကျိုးဘူး၊ တရားနာ သွားဖို့ရာကျတော့ ဝါပန်လို့ မရဘူးဘုရား"ဟု နဘူးကျောင်းဆရာတော်ကြီးက ပြည့်ပြည့်စုံစုံ ရှင်းလင်း မိန့်ကြား ပေးတော်မူပါသည်။

# ၈၀။ သံဃာတော်များ လပြည့်၊ လကွယ်နေ့တိုင်း ဥပုသ်ပြုကြပါသည်

သံဃာတော်များသည် လပြည့်လကွယ် ဥပုသ်နေ့တိုင်း သိမ်ထဲတွင် ဥပုသ်ပြုကြရပါသည်။ တောရဂုံမြိုင်တွင်း ကေစာတစ်ပါးတည်း သီတင်းသုံးတော်မူကြသည့် ထေရ်ရှင်များအဖို့ ရံခါ သိမ်နှင့်စပ်လျဉ်းသည့် ပလိဗောဓ ရှိလာတတ်ပါသည်။

တောရ ဆောက်တည်တော်မူကြသည့် ရဟန်းတော်များအတွက် သီတင်းသုံးရာ တောရကျောင်းများတွင် သိမ်တစ်လုံးဖြစ်ပေါ်လာရန် လွန်စွာ ခက်ခဲတတ်၏။ အချို့ အချို့ဒေသများ၌ ဂါမဝါသီ သံဃာတော်တို့၏ ကန့်ကွက် ဆန့်ကျင်မှု၊ ဝိနည်းအရ ဆန္ဒပေးရန် ငြင်းဆန်မှုများ ကြုံရတတ်ပြန်သေးသည်။ ထိုအခါ သိမ်သမုတ်ကံ အောင်မြင်ရန် အလွန် ခက်ခဲပါသည်။ သိမ်သမုတ်နိုင်စေကာမူ သံသယကင်းသော သိမ်ဖြစ်ရန်မှာမူ မလွယ်ကူလှပေ။

နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄) မိန့်ကြားတော်မူဖူးသည်မှာ-

*"တစ်ချို့ဒေသတွေမှာကျတော့ သိမ်နှင့်ပတ်သက်ပြီး ဗဟုသုတရှိတဲ့ ဘုန်းကြီးတွေက ကံဆောင်နေတုန်း ကံဆောင်တာပျက်အောင်တမင်တကာ ဒိုင်နယ်ရဲ့ နယ်နိမိတ်ထဲကိုဝင်ပြီး နေနေတာလည်းရှိတတ်သေးတယ်၊ ဒါကြောင့် သံသယကင်းပြီး အောင်မြင်တဲ့ သိမ်တစ်လုံး ဖြစ်ပေါ်လာဖို့ရာ အတော်ကြီးကို ဂရုစိုက်ရတယ်"*

## ဆွမ်းခံကြွရာလမ်း၌ ဒေသနာကြားနိုင်ပါသည်

အာရညဝါသီ ဝိနယဂရုကထေရ်ရှင်တို့သည် ဥပုသ်နေ့တွင် ဥပုသ်ကို မပျက်မကွက် ပြုလိုတော်မူကြပါသည်။ ဝိနည်းသံသယ ရှိ၍ ဒေသနာကြားလိုပါမူကား ဆွမ်းခံကြွရာလမ်းမှ ဂါမဝါသီ ကျောင်း ၌လည်း ကြားနိုင်ပေသေးသည်။ ဥပုသ်ပြုရန်အတွက်မှာမူ ရွာ ကျောင်းရှိ သိမ်များမှာ ရဟန်းကိုယ်တိုင် ငွေကိုင်ပြီး စီမံထားလေရော့ သလားဟု နိဿဂ္ဂိသံသယ ရှိတော်မူကြပါသဖြင့် တွေ့နိုးရာရာ သိမ် အဆောက်အဦတွင်းဝင်ကာ ဥပုသ်ပြုရန် ဝန်လေးတော်မူကြသည် ကိုလည်း ကြုံဖူး၏။

## မစင်ကြယ်သည့်ပရိသတ်

လယ်ဝေးမြို့ ထန်းတစ်ပင်တောရ၌ သံဃာ့ပရိသတ် တဖြည်း ဖြည်း များလာပြီး အချို့ရဟန်းများက ဆရာတော်ကြီးရှေ့တွင် ရွှေ ငွေကို ပယ်စွန့်ထားပြီးဖြစ်ကြောင်း လိမ်ညာ လျှောက်ထားမှုများပင် ရှိလာပါသည်။ ထို့ကြောင့် နဘူးကျင်းဆရာတော်ကြီးသည် မစင် ကြယ်သည့် ရဟန်းပရိသတ်နှင့် ဥပုသ်မပြုတော့ပေ။

*“ဆရာတော်ကြီးက ဝိနည်းသံသယရှိရင်တော့ ဥပုသ်နေ့သာ မဟုတ်ဘူး၊ ဘယ်နေ့ဖြစ်ဖြစ် နီးစပ်ရာ သံဃာတစ်ပါးပါးနှင့် ဒေသနာ ကြားတော်မူပါတယ်။ ဥပုသ်နေ့မှာတော့ ပရိသတ်မစင်ကြယ်လို့ သံဃာ့ ဥပုသ်ပြုဖို့ သိမ်ထဲကို မကြွလာတော့ဘူး”*ဟု ဆရာတော်ဦးကေဝလမှ မိန့်ကြားတော်မူဖူးပါသည်။

# သိမ်ပြင်ပ၌ ဥပုသ်ပြုခြင်း

အာရညကင်ခုတင် ဆောင်တော်မူထားသဖြင့် မိုးလေးလကုန်သည့် တန်ဆောင်မုန်းလပြည့်ကျော်တွင် တောရအရှင်တစ်ပါးက စာရေးသည့်ဘုန်းကြီး သီတင်းသုံးရာ ရန်ကင်းတောရသို့ ဒေသစာရီ ကြွလာတော်မူပါသည်။

တောရသာသနာဆိုင်ရာ အတွေ့အကြုံများစွာကို အားပါးတရ မိန့်ကြားတော်မူစဉ် သိမ်ပြင်ပ၌ ဥပုသ်ပြုခြင်းအကြောင်းကို ကျမ်းစာ အထောက်အထားများဖြင့် မိန့်ကြားတော်မူသဖြင့် မှတ်သားခွင့် ရခဲ့ပါသည်။

*“ဦးခေမာ ဥပုသ်ကဉ တ်ထားပြီးပြုရတဲ့ ဥပုသ်ရယ်၊ ဉ တ်မထားဘဲနှင့် ပြုလို့ရတဲ့ ဥပုသ်ရယ်ဆိုပြီး ဥပုသ်က နှစ်မျိုးရှိတယ်လေ၊ ပြီးတော့ သိမ်ထဲမှာမှ ပြုရတဲ့ဥပုသ်ရယ် သိမ်ပြင်ပမှာလည်း ပြုခွင့်ရှိတဲ့ ဥပုသ်ရယ်ဆိုပြီး နှစ်မျိုးရှိပြန်တယ်ကိုယ်တော်၊ ဥပုသ်ပြုမည့်နေ့မှာ ရဟန်း ၃-ပါး ရှိရင်တော့ သိမ်ကိုသွားပြီး တစ်ပါးက ‘သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ’လို့ ဉ တ်ထားရတယ်လေ၊ ၁၄-ရက်ဥပုသ်(စာတုဒ္ဒသီ)ဖြစ်ရင်လည်း ‘စာတုဒ္ဒသော’ ပြောရမှာပေါ့၊ ဒါက သံဃာမပြည့်လို့ ၃-ပါး ရှိတဲ့အတွက် ‘ဂဏဉ တ်’လို့လည်း ခေါ်တယ် ကိုယ်တော်။ အကြီးဆုံးက သင်္ကန်းကို လက်ကတော့တင်၊ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးတော့ ‘ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ’လို့ဆို ပြီးတော့ ပါရိသုဒ္ဓိ ဥပုသ်ပြုရတာပါ။ ကျောင်းမှာသံဃာ ၂- ပါးပဲ ရှိရင်တော့ ဂဏဉ တ် မထားတော့ဘဲ ပါရိသုဒ္ဓိဥပုသ် ပြုရပါတယ်၊ အခုလို ဉ တ်မထားဘဲ*

*ပြုရတဲ့ ပါရိသုဒ္ဓိဥပုသ်ကိုကျတော့ သိမ်အတွင်းမှာပဲ ပြုကောင်းတာ မဟုတ်ဘူးတဲ့ကိုယ်တော် သိမ်ကျောင်းရဲ့ အပြင်ဘက်မှာလည်း ပြုကောင်းတယ်တဲ့၊ ဘာ့ကြောင့်လဲဆိုရင် ဥ တ်မထားရတဲ့အတွက် ကြောင့်ပါပဲလို့ ဘာသာဋီကာ ဆရာတော်က ကင်္ခါဘာသာဋီကာ* ကျမ်းရဲ့ စာမျက်နှာ(၈၁၊ ၈၂)မှာ အကျယ်တဝင့် ဖော်ပြထားပါတယ် ဘုရား။ ကျမ်းပြုအကျော် မှော်ဘီပန်းကုံးဆရာတော်ကြီး (AD ၁၉၁၈-၂၀၀၁)ကလည်း *'ဥ တ်မထားရတဲ့အတွက် နှစ်ပါး ပါရိသုဒ္ဓိဥပုသ်နှင့် အဓိဋ္ဌာန် ဥပုသ်ကို သိမ်ပြင်ပမှာ ပဲပြုလို့ရပါတယ်'ဟု အမိန့်ရှိဖူးတာကို မှတ်သားထားမိကြောင်း သာသနာ့ဝန်ဆောင်ကျောင်းတိုက်ရဲ့ ပဓာန နာယကဆရာတော် ဦးစန္ဒသိရီက မိန့်ကြားတော်မူဖူးတယ်'* တောရ ကျောင်းမှာ တစ်ပါးထဲနေတာ ဆိုရင်တော့ *'တံမြက်လှည်းခြင်း'စတဲ့ ပုဗ္ဗကရဏကို ပြုရမယ်။ ပုဗ္ဗကရဏကို ပြုပြီးနောက် အခြား အာဂန္တု ကများ လာလေမလားဆိုပြီး စောင့်မျှော်ရဦးမယ်တဲ့ ကိုယ်တော်၊ မလာ လောက်တော့ဘူးဆိုရင်တော့ 'ယနေ့ ငါ၏ စာတုဒ္ဒသီ ဥပုသ်ဖြစ်သည်၊ ဒါမှမဟုတ် ပန္နရသီဥပုသ်ဖြစ်သည်'လို့ ဆိုရမယ်၊ ကင်္ခါအဋ္ဌကထာ မှာတော့ နှုတ်နှင့်ဆိုပြီး အဓိဋ္ဌာန်နိုင်ပါတယ်လို့ လာတယ်၊ 'အဇ္ဇ မေ ဥပေါသထော ပန္နရသောတိပိ အဓိဋ္ဌာတုံ ဝဋ္ဋတိ'တဲ့ ဦးခေမာ"*

## ဧရာဝတီမြစ် ရေသိမ်၌ ဥပုသ်ပြုခြင်း

ရှေးအခါကာလက ရွှေကျင်ဆရာတော်ကြီးသည် ရာဇဝလ္လဘ မဖြစ်လိုပြီဟူ၍ သံဝေဂဖြစ်တော်မူကာ မင်းတုန်းမင်းတရားကြီး ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ကို လက်တော်မခံ ပယ်လှန်တော် မူပြီး ကောဇာသက္ကရာဇ် ၁၂၃၈-ခုနှစ် AD ၁၈၇၆-ခုနှစ်တွင် မန္တလေး

ရတနာပုံ နန်းမြို့တော်ကြီးကို စွန့်ခွါကာ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းတော်မူပါသည်။

ဧရာဝတီမြစ်ကမ်းနဖူး မင်းလှခံတပ်နှင့် မနီးမဝေး မလွန်မြို့ မင်းလှကျေးရွာ၏ အရှေ့တောင်အရပ် မဟာပါသာဒတောင်၊ အင်ကြင်းတောင်နှင့် နွားလန်တောင်ဟူသော တောင်သုံးတောင် ပတ်လည် ဝိုင်းရံလျက်ရှိသော နန္ဒမူလိုဏ်မဥ္ဇူသကကျောင်း၌ တောရ ဆောက်တည်တော်မူခဲ့ပါသည်။

ထိုမဟာပါသာဒတောင်ထိပ်တွင် မဟာမင်းလှမင်းခေါင်ကို ဝိသုံဂါမမြေစား သနားတော်မြတ် ခံစေကာ သိမ်သမုတ်တော်မူခဲ့ပါသည်။ ထိုသိမ်ကို သီလဝိသောဓနီ ကလျာဏီသိမ်ဟု အမည်ပေးတော် မူခဲ့ပါသည်။ မလွန်၊ မင်းလှဒေသမှ ဒေသခံများက ပထမ ရွှေကျင်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သဖြင့် ယနေ့တိုင် ရွှေကျင်ဂူတောရဟု ခေါ်ဝေါ်ကြပါသည်။

ယခုအခါ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ရင်းဖြစ်တော်မူသော အရှင်ပညာတပက သီတင်းသုံးကာ သာသနာ့တာဝန်များ ထမ်းရွက်တော်မူလျက် ရှိပါသည်။

စာရေးသည့်ဘုန်းကြီးသည် ဧရာဝတီမြစ်ကမ်းနဖူး မလွန်မြို့ တစ်ဖက်ကမ်းရှိ တောရကျောင်း၌ ရံခါ သီတင်းသုံးသည့် အခါကာလများတွင် သုံးမိုင်ခန့် ကွာလှမ်းသည့် သီလဝိသောဓနီ ကလျာဏီ သိမ်၌ ဥပုသ်ပြုလေ့ ရှိပါသည်။

တစ်နေ့ဥပုသ်ပြုရန် ကြွသွားရာ ရွှေကျင်ဂူကျောင်း ဆရာတော်နှင့် ကျောင်းအဝင်ဝ၌ ဖူးတွေ့ရသဖြင့်-

*“တပည့်တော် ရေသိမ်မှာ ဥပုသ်ပြုဖူးချင်နေတာဘုရား” “ကောင်းသားပဲ ရောဝတီမြစ်ထဲဆင်းပြီး ဥပုသ်ပြုကြရအောင်လေ”*ဟု မိန့်သဖြင့် မြစ်ဆိပ်သို့ နှစ်ပါးကြွသွားရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းက *‘‘ဘာအလိုရှိပါသလဲဘုရား”*ဟု မေးလျှောက်ပါသည်။ ရွှေကျင်ဂူကျောင်းဆရာတော်က *“ရေသိမ်ထဲ ဥပုသ်ပြုချင်လို့ ကူးတို့နှင့် ဘုန်းကြီးနှစ်ပါး ရေစပ်နှင့် နည်းနည်းဝေးရာကိုသွားပြီး တခဏလောက် ကျောက်ချ ရပ်ချင်ပါတယ် ဒကာကြီး”*ဟု မိန့်တော်မူလိုက်ပါသည်။ ဆိပ်ကမ်းနှင့် ရေတစ်ကျမကဝေးရာသို့ ကူးတို့ဖြင့် ကြွသွားပါသည်။ ထို့နောက် ကူးတို့သမား ဒကာကို နှစ်တောင့်တစ်ထွာ ဟတ္တပါသ်မှ အပပြုကာ ဒေသနာကြားပြီး ပါရိသုဒ္ဓိဥပုသ် ပြုကြပါသည်။

## အလိုလိုဖြစ်နေသောသိမ်

မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ကမ္မဝါစာဖြင့် သိမ်သမုတ်ရန် မလိုပါ။ ၎င်းတို့သည် အလိုလို ဖြစ်နေသောသိမ် ဖြစ်လေသည်။ မြစ်၌ဖြစ်စေ၊ သမုဒ္ဒရာ၌ဖြစ်စေ၊ ဇာတဿရအိုင်၌ဖြစ်စေ အားအလယ်အလတ်ရှိသော ယောကျ်ား၏ ထက်ဝန်းကျင်၌ ရေတစ်ကျပမာဏရှိသောအရပ်သည် သိမ်ဖြစ်ပေတော့သည်ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူပါသည်။ ပါဠိတော်တွင် ဥဒကုက္ခေပ-ရေတစ်ပစ်၊ ရေတစ်ကျဟု လာရှိပါသည်၊ အဋ္ဌကထာတွင်မူ ရေကိုဖြစ်စေ၊ သဲကိုဖြစ်စေ ပစ်နိုင်ကြောင်း လာရှိပါသည်။

---

**ကျမ်းညွှန်း**

* ကင်္ခါဘာသာဋီကာ (နှာ-၈၁၊ ၈၂)၊ ဆရာတော် အရှင်ဝဏ္ဏိတ၏ ဝိနည်းမှတ်စု (နှာ-၁၄၆)

* (၁၄၇)၊ မဟာဝဂ္ဂပါဠိ၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၃၄)

* (၂၂၂)၊ ပဝါရဏာဒါနာနုဇာနနကထာဝဏ္ဏနာ၊ သာရတ္ထဒီပနီဋီကာ - ၃ (နှာ-၂၈၈)

* (၁)၊ မိလိန္ဒပဥှပါဠိ (ပဏာမိတဝဂ္ဂ) (နှာ-၁၆၃)

* နိဒါနဝဂ္ဂအဋ္ဌကထာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၉၀)

# ၇၁။ မထေရ်မြတ်များသည် စာပေ၌ မွေ့လျော်တော်မူကြပါသည်

ဆရာတော်ဦးဗုဓ် (AD ၁၇၈၇-၁၈၄၂)သည် ဘ၀တစ်လျှောက်လုံး စာပေကြည့်ရှုခြင်း ပို့ချခြင်းနှင့် ကျမ်းဂန် ရေးသားပြုစုခြင်းတို့ ဖြင့်သာ အချိန်ကို အကျိုးရှိစွာ အသုံးချခဲ့ပါသည်။ ငယ်စဉ်က ပေတစ်ချပ်ကို သုံးကြိမ်ကြည့်မိလျှင် အာဂုံဆောင်နိုင်ပြီး ရဟန်း(၂)ဝါ အရတွင်မူ ဝိနည်း (၅)ကျမ်းကို အာဂုံဆောင်နိုင်ခဲ့ပါသည်။

ဆရာတော်သည် မြန်မာပြည်အထက်ပိုင်း မုံရွာခရိုင်၊ ဘုတလင် မြို့နယ် ညောင်ကန်ရပ်၌ သီတင်းသုံးနေစဉ် ကျောင်းတိုင်ကိုမှီ၍ စာကြည့်တော်မူနေချိန်၌ မိုးသည်းထန်စွာ ထစ်ချုန်းရွာလာပြီး ကျောင်းတိုင်ကို မိုးကြိုးပစ်လေသည်။ သို့သော် ဆရာတော်သည် စာကြည့်မပျက်ခဲ့ပေဟူသော မှတ်တမ်းရှိလေသည်။

ဆရာတော်သည် သက်တော်-၄၀ တွင် ဒူလာရောဂါ စွဲကပ်လာခဲ့ပါသည်။ နေ့ရောညပါ ကုဋီထဲ၌ နေရစဉ် တပည့်များက ကုဋီထဲ၌ပင် သင်ပုန်းပြုလုပ်ပေးရပါသည်။ ထိုသင်ပုန်း၌ ဆရာတော်သည် ကုဋီတက်ရင်း ရောဂါဒဏ်ကို တွန်းလှန်ကာ ဂါထာပေါင်း (၄၈၁)ဂါထာ ပါသည့် ခုဒ္ဒသိက္ခာနိဿယကို ကန့်ကူဆံဖြင့် ရေးသားတော်မူခဲ့ပါသည်။

ဆရာတော်ရေးသားပြီးသော စာများကို တပည့်များက တဖန်ပုရပိုက်၌ ပြန်ရေးကူးကြရလေသည်။ ဤနည်းဖြင့် ဆရာတော်သည် စာသင်သားများအတွက် ကျေးဇူးများသည့် ခုဒ္ဒသိက္ခာ နိဿယကျမ်းကို အသက်ရှိသမျှ ပြီးဆုံးသည်အထိ ရေးသားပြုစုတော်မူခဲ့ပါသည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး (AD ၁၈၃၈-၁၉၁၆)ကို အနီးကပ် သိမီခဲ့ကြသည့် ဆရာတော်ကြီးတို့က *"မဟာဝိသုဒ္ဓါရုံဟာ စိတ်အေး လက်အေးနေတတ်တယ်။ စာကြည့်တာ ဇွဲရှိတယ်၊ ရှေးက ဆရာတော် ကြီးများ၊ ခင်မွန်ဆရာတော်ကြီးများ ပြောသံကြားဖူးတယ်။ မဟာ ဝိသုဒ္ဓါရုံက ရွှေကျင်ဆရာတော်ကြီးထက်ကို သမာဓိကြီးတယ်လို့ ကြားရဖူးတယ်။ ကိုယ်တိုင်တွေ့တော့လည်း ဒီအတိုင်းပဲ။ စာကြည့် နေပြီဆို လူလာတာမသိတော့ဘူး။ စာကြည့်တဲ့အခါ မှောက်လျက် ကြည့်လေ့ရှိတယ်။ ဒီလိုစာကြည့်နေတုန်း ဧည့်သည်အာဂန္တုများလာရင် ရင်းနှီးရင် မှောက်ရက် စကားပြောလိုက်တာပဲ။ နည်းနည်းစိမ်းရင် ခေါင်းအုံးပေါ်လက်ထောက် လက်ပေါ်ခေါင်းထားပြီး စောင်းစောင်း လျောင်းရက် စကားပြောတယ်"*ဟု မိန့်တော်မူဖူးသည်။

## ကြေးမြင့်ဆရာတော်ကြီး

ထို့အတူပင် ကောဒသမ ရွှေကျင်သာသနာပိုင် ကြေးမြင့် ဆရာတော်ကြီး (AD ၁၈၈၅-၁၉၈၉)အကြောင်းကို လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင် ဆရာတော်ကြီးများစာအုပ်၌ ဤသို့ ပူဇော်ထား ပါသည်။

*"ကျွန်မတို့ဆရာတော်ကြီးကို သွားဖူးတယ်ဆိုရင် ဆရာတော် ကြီးက ဘယ်တော့မဆို ဣရိယာပုတ် အမျိုးမျိုးနဲ့ စာဖတ်နေတာကို တွေ့ရတာချည့်ပါပဲ။ ထိုင်ရက်၊ မှောက်ရက်၊ အိပ်ရက် စာကြည့်နေတာ ချည့်ပဲ။ မျက်မှန်မပါဘူး။ ပကတိမျက်စိနဲ့ ကြည့်နေတော်မူတာပါ"*။

# နဘူးကျောင်းဆရာတော်ကြီး

အလားတူပင် စိဝရဝဏ္ဏဝိနိစ္ဆယ၊ ခုတင်ဂ်ဝိနိစ္ဆယ၊ ဆန္ဒဒါန ဝိနိစ္ဆယ၊ ဓမ္မသံယုတ္တဂါထာနှင့် ကလျာဏီ ကျောက်စာပါဌ် နိဿယ ကျမ်းဂန်များကို ရေးသားပြုစုတော်မူခဲ့သည့် နဘူးကျောင်း ဆရာတော်ကြီး (AD ၁၉၂၁-၂၀၀၄)သည်လည်း စာပေကြည့်ရှုရာတွင် အလွန်ပင် သမာဓိ ကောင်းတော်မူလေသည်။

ဆရာတော်ကြီး သီတင်းသုံးတော်မူသည့် ကျောင်းဆောင် အတွင်း၌ကား ပရိက္ခရာအသုံးအဆောင် လိုအပ်သမျှ အနည်းငယ် သာရှိပြီး ကျမ်းဂန် ပိဋကတ်စာအုပ် ဗီရိုများကသာ နေရာယူထားလေ သည်။ ဆရာတော်ကြီးသည် ရံခါ ထိုင်၍ စာကြည့်တော်မူလေသည်။ ရံခါလျောင်း၍ ကြည့်တော်မူလေသည်။ ရံခါမှောက်၍ ကြည့်တော် မူလေသည်။ နေ့လယ်အခါ ကျောင်းဆောင်အပေါ်ထပ်၌ စာကြည့်စဉ် ရာသီဥတုပူအိုက်လာက အောက်ထပ်သို့ပြောင်း၍ စာကြည့်တော် မူပါသည်။ ဣရိယာပုတ်ကို မျှတစေပြီး စာပေ၌ မွေ့လျော်တော် မူသောကြောင့်လည်း သာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် စာပေ ကျမ်းဂန်များစွာ ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်။

---

**ကျမ်းညွှန်း**

* ညိုမြ၏ ကုန်းဘောင်ရှာပုံတော်၊ ၁၉၉၇-ခု၊ တတိယအကြိမ် (နှာ၂၈၂)

* လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ မှိုင်းဖြိုင်

# ၈၂။ ပါရမီခါတ်ခံအားလျော်စွာ တောင်းဆုကွဲပြားသည်

ပရိယတ် ပဋိပတ် အကျော်အမော် အချို့ဆရာတော်ကြီးများသာ ဘုရားဆုပန်တော်မူကြပါသည်။ အချို့က ဤဘဝမှာပင် သံသရာဝဲသြဃကို ဖြတ်၍ ဘဝဇာတ်သိမ်းရန် ကြိုးပမ်းတော်မူကြပါသည်။ သံသရာတွင် ဖြည့်ကျင့်တော်မူခဲ့ကြသည့် ပါရမီဓာတ်ခံအားလျော်စွာပင် ဖြစ်ပေတော့မည်။

## ဘုရားဆုပန် ယောက်ျားမြတ်

ယမိုက်အရကောက် ကျမ်းပြုဆရာတော် နန္ဒမေဓာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ထန်းတစ်ပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာသည် အရိမေတ္တေယျဘုရားရှင်ထံပါးမှ ဘုရားဖြစ်လတ္တံ့ဟူသော ဗျာဒိတ်စကားကို ရပါစေသားဟု ကျမ်းအဆုံး နိဂုံး၌ ဆုတောင်းတော်မူခဲ့ပါသည်။

ဓူတင်ကိုကျင့်လျှင် ကမ္မဋ္ဌာန်းကြီးပွား၏၊ ထိုရဟန်းသည် ဓူတင်ကို ကျင့်အပ်၏။ ဓူတင်ကို ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ ကမ္မဋ္ဌာန်း ကြီးပွား၏၊ ထိုရဟန်းသည် နောင်လာနောက်သားများ နည်းယူစေရန် ချီးမြှောက်သောအားဖြင့် ဓူတင်ကို ကျင့်အပ်၏။ ဓူတင်ကို ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ ကမ္မဋ္ဌာန်း မတိုးတက်၊ မကြီးပွားပါက နောင်အခါ အလေ့အကျင့်ကောင်း အထုံဝါသနာအလို့ငှါ ဓူတင်ကို ကျင့်အပ်သည်ဟု ဝိသုဒ္ဓိမဂ်၊ ဓူတင်္ဂနိဒ္ဒေသ၌ လာရှိပါသည်။ နဘူးကျောင်းဆရာတော်ကြီး (AD ၁၉၂၀-၂၀၀၄)သည်

ဓူတင်အကျင့်မြတ်ကို ရာသက်ပန် ကျင့်သုံးတော်မူသွားပါသည်။ ဆရာတော်ကြီးသည် နောင်လာနောက်သားများ နည်းယူစေရန် ချီးမြှောက်သောအားဖြင့် ကျင့်သုံးတော်မူခြင်း ဖြစ်ပေရာသည်။ အကြောင်းမှာ နဘူးကျောင်းဆရာတော်ကြီးသည် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကာ ဘဝတိုတိုဖြင့် ကျွတ်တန်းဝင်ရန် ဆန္ဒရှိကြောင်းကို တစ်ကြိမ်တစ်ခါမျှ မိန့်တော်မူခြင်း မရှိခဲ့ပါ။ လောကတွင် အနည်းငယ်မျှသော ထူးမြတ်သည့် ယောကျ်ားမြတ်တို့သာ တောင့်တလေ့ရှိသည့် ဘုရားဆုပန်ပုဂ္ဂိုလ် ဖြစ်သောကြောင့်တည်း။

## တရားထူးမရပေမဲ့ အကြည်ညိုဆုံး

အနောက်ပရက္ကမဆရာတော် (AD ၁၉၀၆-၁၉၇၅)သည် တစ်နှစ်သော ဝါကျွတ်တွင် မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (AD ၁၈၇၉-၁၉၇၅)ထံတော်ပါး လာရောက်ကန်တော့၏။ ထိုဆရာတော်သည် တရားထူးရသူဟု နာမည်ကြီးနေသည်။

မစိုးရိမ်ဆရာတော်က အနောက်ပရက္ကမဆရာတော်အား -

“*ဆရာတော်တို့ ရဟန်းကိစ္စပြီးလျှင် တပည့်များကို လမ်းညွှန်ပါဦး*”ဟု မေးမြန်း လျှောက်ထားကြသည်တွင် အနောက်ပရက္ကမဆရာတော်က -

“*တပည့်တော် ရဟန်းကိစ္စ မပြီးပါဘုရား၊ ဆုကြီးပန်ဖြစ်ပါသည်*” ဟု ပွင့်လင်းစွာ လျှောက်ထားသွားလေသည်။ “*အဆိုးလောကခံကို ကြိတ်မှိတ်ခံလို့ရတယ်၊ အကောင်းလောကခံကို ခံနိုင်ခဲတယ်*” ဟု မစိုးရိမ်ဆရာတော်က တိုတိုတုတ်တုတ်ပင် တရားဟောလိုက်သေး၏။

ဝေဘူဆရာတော် လာရောက် ကန်တော့စဉ်ကလည်း ထိုတရားတို ကလေးကိုပင် ဟောကြားလိုက်သည်။

ဆရာတော် ပျံလွန်တော်မူမည့်နှစ်တွင်-

*"ငါတော့ အသက်-၉၆ ပြည့်တော့မည်၊ ဘာတရားထူးမှ မရ"* ဟု ပွင့်ပွင့်လင်းလင်းပင် မိန့်တော်မူသည်။ ယင်းအကြောင်းကို ဦးမောင်မောင် (လူပျံတော်ပတ္တမြား) အားပြောပြရာ ဦးမောင်မောင်က-

*"တပည့်တော် ဆရာတော်ဟာ တရားထူးမရပေမဲ့ ပုထုဇဉ် ထဲမှာတော့ အနီးကပ်အကြည်ညို အခံနိုင်ဆုံး ဆရာတော်ပါ"* ဟု မှတ်ချက်ချခဲ့သည်။

## တာဝတိံသာနတ်ဘုံရောက်လို့ကြောင်း

ဘုရားဖြူတိုက်၏ စတုတ္ထမြောက်ဆရာတော် အရှင်ရာဇိန္ဒ မဟာထေရ်အရှင်က သာသနာ ဗဟုသုတပွကာသနီကျမ်း၏ နိဂုံး၌ ဤကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ဖြစ်ကာ ကာမဂုဏ်တို့၌ အနည်းငယ်မျှ ငြိကပ်ခြင်းမရှိ သီလကိုမြတ်နိုးကာ သောတာပန် မှသည် အဆင့်ဆင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းဖြင့် ဖဘုရား ၏ သာသနာတော်ကို တင့်တယ်စေရပါလို၏ဟု ဆုတောင်းတော်မူခဲ့ ပါသည်။ ထိုကျမ်းစာအုပ်ကို မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်ချုပ် နေသည့် ၁၉၂၆-ခုနှစ် အောက်တိုဘာလတွင် ရေးသားပြီးစီးခဲ့ခြင်း ဖြစ်ပါသည်။

သပိတ်အိုင်တောရဆရာတော်ကြီး (AD ၁၈၉၃-၁၉၆၉)သည် နက်နဲလှသည့် ခတ်ကမ္မဋ္ဌာန်းကျမ်းကို ပြုစုတော်မူပြီးနောက် ကျမ်း၏ နိဂုံးပိုင်းတွင် တာဝတိံသာနတ်ဘုံသို့ ရောက်လိုသည့်အကြောင်း ဆုတောင်းတော်မူခဲ့ပါသည်။

ဆရာတော်ကြီး တောင့်တတော်မူခဲ့သည့် နတ်ပြည်မှာ သူလို ကိုယ်လို အာရုံကာမဂုဏ် ခံစားရန် အလို့ငှါ နတ်ပြည်၌ ဖြစ်လိုခြင်း မဟုတ်ပါ။ လူ့ပြည်လူ့ခန္ဓာထက် ပိုမိုသာလွန်သည့် နတ်ခန္ဓာဖြင့် ဆရာတော်ကြီး ရည်မှန်းထားရာ အရဟတ္တမဂ် လမ်းဆုံး ပန်းတိုင် ကို ဆက်လက် လျှောက်လှမ်းရန် အတွက်သာ ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးက "*ဟေ့ . . လူ့ပြည်မှာ အားထုတ် ရတာ တယ်ပြီး ဒုက္ခများတယ်၊ အနာရောဂါကလည်း နှိပ်စက်တယ်၊ ခဏခဏစားသောက်ရ . . ကိုယ်လက်သုတ်သင်ရ . . . ပလိဗောဓ တွေ တယ်များတယ်ကွယ်။ နတ်ပြည်မှာက ဒီလိုကြောင့်ကြ . . . တောင့်တမှုတွေ . . အနှောင့်အယှက် မရှိဘူး၊ ပြီးတော့ လူ့ပြည် သက်တမ်းကလည်း တိုလေရဲ့။ ကိစ္စမပြီးသေးခင် သေသွားမှ ဒုက္ခ။ အဲဒီတော့ အနာကင်းကင်း အသက်ရှည်ရှည် ပလိဗောဓနည်းနဲ့ အားထုတ်ရလေအောင် နတ်ပြည် ဆုတောင်းတာပါကွာ . . .။ တစ်လွဲမတွေးကြနဲ့*"။

## ရှုကွက်စိုးနတ်ဖြစ်ရန် အားသန်တောင့်တဟန်တူသည်

မိုးနံကုန်းဆရာတော်ကြီးသည် (AD ၁၈၄၇-၁၉၁၂) သက်တော် ၆၅-နှစ်အရတွင် ဝမ်းသွန်ရောဂါဖြင့် ပျံလွန်တော်မူပါသည်။ အချို့ စာတတ်အကျော် ဆရာတော်ကြီးများသည် '*ခေတု ပရိနိဗ္ဗာန်*'ကို ဝင်နွဲရန် ရှုကွက်စိုးနတ်ဖြစ်ရန် အားသန်တောင့်တကြကုန်၏။

ဆရာတော်ကြီး လွန်တော်မမူခင် မည်သို့မှ မိန့်တော်မူခြင်း မရှိသော်လည်း ညကာလ ကမ္မဋ္ဌာန်း ချောင်အတွင်း ပဋ္ဌာန်းပါဠိတော်၊ ပဉ္စာဝါရကို အသံတစ်စာစာနှင့် ရွက်အံသံများ ကြားရ၏။ လပြည့်နေ့ ညများတွင် ပို၍ ကြားရသည်။ အသံကြားရာသို့ လိုက်ကြည့်ရာ အသံမှာပို၍ ဝေး၍ ဝေး၍ သွား၏။ ရံခါ အသံရှင်ကို သင်္ကန်းဝတ်ဖြင့် တွေ့ရသည်။ မိုးနံကုန်းဆရာတော် ရှုကွက်စိုးကြီး ဖြစ်၏။ တရား အားထုတ်သူတို့အား တစ်စုံတစ်ရာ အန္တရာယ်ရှိလျှင် ကြိုတင်၍ သိလောက်အောင် သတိပေးခြင်း၊ အန္တရာယ်ကာကွယ် ပေးခြင်း စသည်ဖြင့် အမြဲစောင့်ရှောက်ကာ အရိုးအိုးစေတီအနီး သစ်ပင်တစ်ပင် ၌ အမြဲနေ၍ ထိုကမ္မဋ္ဌာန်းချောင် တောစပ်၌သာ လှည့်လည်လျက် ရှိသည်ဟုဆို၏။

## တောင်ဖီလာဆရာတော်ကြီး၏ဆုတောင်း

တိပိဋကာလင်္ကာရဘွဲ့တော်ရ တောင်ဖီလာဆရာတော်ကြီး (AD ၁၅၇၈-၁၆၅၀) ပြုစုတော်မူခဲ့သည့် ဝိနယာလင်္ကာရဋီကာ၏ နိဂုံး၌ တောင်းဆုပန်တော်မူပါသည်။ ဤကျမ်းပြုစုရသော ကုသိုလ်

ကောင်းမှုနှင့် အခြားကောင်းမှုတို့ကြောင့် ယခုဘဝမှ စုတေသော် ဒုတိယဘဝ၌ ဟိမဝန္တာဒေသတွင် အလွန် အသက်ရှည်သော ဘုမ္မစိုး နတ် ဖြစ်ရပါလို၏။ ပဋိပတ်ကျင့်သော ရဟန်းတို့၏ ဝေယျာဝစ္စ ပြုရလို၏၊ ပရိယတ်ကို အားထုတ်သော ရဟန်းတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ပေးလို၏။ သာသနာတော်ကို ချီးမြှောက်ကုန်သော မင်းတို့၏ အဆွေခင်ပွန်း ဖြစ်ရပါလို၏၊ သာသနာတော်ကို နှိပ်ကွပ်သော မင်းတို့ကို တားမြစ်စွမ်းပါလို၏။ ထိုအတ္တဘောဖြင့်သာလျှင် အရိမေတ္တယျဘုရား ပွင့်သည့်တိုင် တည်လျက် ဘုရားပွင့်သော် လူဖြစ်ရပါလို၏။ မေတ္တယျ ဘုရားသာသနာတော်၌ ရဟန်းပြုလျက် ဗျာဒိတ်တော် ရရပါလို၏။ ဗျာဒိတ်တော်ရပြီး ပါရမီတော်ကို ဖြည့်ကာ သုံးလောက ထွဋ်ထား ဘုရားဖြစ်ရပါလို၏ဟု ဆုပန်တော်မူပါသည်။

အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် အလွန် ထင်ရှားသည့် ဆရာတော်ဖြစ်ပေသည်။ တိပိဋကာလင်္ကာရဘွဲ့တော်ရ တောင်ဖီလာဆရာတော်ကြီးသည် သက်တော် ၇၂-နှစ်တွင် ပျံလွန်တော် မူပါသည်။ ဆရာတော်သည် မိမိပျံလွန်တော်မူခါနီးတွင် လူမတွေ့ နိုင်သော တောသို့ ဝင်တော်မူ၍ ခန္ဓာကိုယ်ကို တောတိရစ္ဆာန်တို့ စားသုံးရန်အတွက် ရေချမ်းအိုးကို တည်တော်မူပြီးလျှင် တိတ်တဆိတ် ပျံလွန်တော်မူကြောင်း မှတ်တမ်းများ၌ လာရှိပါသည်။

**ကျမ်းညွှန်း**

* ဆရာတော်အရှင်ရာဇိန္ဒထေရ်၏ သာသနဗဟုသုတပွကာသနီကျမ်း နှာ(၃၅၅)
* ဆရာတော်အရှင်ရာဇိန္ဒထေရ်၏ သာသနဗဟုသုတပွကာသနီကျမ်း နှာ(၃၅၅)
* အရှင်ရာဇဓမ္မာဘိဝံသ ရေးသားပြုစုတော်မူသည့် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ၊ ၁၉၇၆-ပထမအကြိမ်၊ (နှာ-၂၀၃)

# စာမျက်နှာအညွှန်း

နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာ ကျင့်သီလ စာအုပ်ထဲတွင် ပါဝင်သည့် ဆရာတော်ကြီးများ၏ ဖွားသက္ကရာဇ်နှင့် ပျံလွန်တော်မူသည့် သက္ကရာဇ်တို့အပေါ် မူတည်ကာ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ကို သုတေသီ ပညာရှင်များအနေဖြင့် သုတေသန ပြုနိုင်ရန်ရည်ရွယ်ကာ စာမျက်နှာအညွှန်းဖြင့် ထည့်သွင်းဖေါ်ပြပေးထား ခြင်းဖြစ်ပါသည်။

| စဉ် | ဘွဲ့တော်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | တောင်ဖီလာဆရာတော်<br>(ကောဇာ ၉၄၀-၁၀၁၂) (AD ၁၅၇၈-၁၆၅၀) | ၃၀၀ |
| ၂။ | ဆရာတော်ဦးပုမ်<br>(ကောဇာ ၁၁၄၉-၁၂၀၄) (AD ၁၇၈၇-၁၈၄၂) | ၂၉၃ |
| ၃။ | ထွင့်ခေါင်ဆရာတော်<br>(ကောဇာ ၁၁၆၀-၁၂၄၂) (AD ၁၇၉၈-၁၈၈၀) | ၉၃ |
| ၄။ | ဒုတိယမောင်းထောင်သာသနာပိုင်<br>ဆရာတော်ကြီးဦးဥ ယျဇမ္မ<br>(ကောဇာ၁၁၆၁-၁၂၂၇) (AD ၁၇၉၉-၁၈၆၅) | ၁၉၁ |
| ၅။ | ရွှေကျင်ဆရာတော်<br>(ကောဇာ ၁၁၈၄-၁၂၅၅) (AD ၁၈၂၂-၁၈၉၃) | ၂၅၅၊ ၂၉၀ |
| ၆။ | ဘုန်းတော်ကြီးဦးသီလ<br>(ကောဇာ-၁၁၉၄-၁၂၆၉) (AD ၁၈၃၂-၁၉၀၇) | ၉၁ |
| ၇။ | မဟာဝိသုဒ္ဓါရုံဆရာတော်<br>(ကောဇာ ၁၂၀၀-၁၂၇၈) (AD ၁၈၃၈-၁၉၁၆) | ၂၉၄ |

| စဉ် | ဘွဲ့တော်အမည် | စာမျက်နှာ |
|---|---|---|
| ၈။ | မန်လည်ဆရာတော်<br>(ကောဇာ ၁၂၀၃-၁၂၈၂) (AD ၁၈၄၁-၁၉၂၀) | ၂၅၅၊ ၂၆၅ |
| ၉။ | မိုးနံကုန်းဆရာတော်<br>(ကောဇာ ၁၂၀၉-၁၂၇၄) (AD ၁၈၄၇-၁၉၁၂) | ၃၀၀ |
| ၁၀။ | လှေသင်းမင်းကျောင်း ဆရာတော်<br>(ကောဇာ ၁၂၁၅-၁၂၈၈) (AD ၁၈၅၃-၁၉၂၆) | ၃၁ |
| ၁၁။ | ညောင်လွန့်တောရဆရာတော်<br>(ကောဇာ ၁၂၂၉-၁၂၉၅) (AD ၁၈၆၈-၁၉၃၃) | ၂၈၄ |
| ၁၂။ | စံကင်းဆရာတော်<br>(ကောဇာ ၁၂၃၂-၁၃၃၄) (AD ၁၈၇၀-၁၉၇၂) | ၅၂ |
| ၁၃။ | ကြေးမြင့်ဆရာတော်<br>(ကောဇာ ၁၂၄၇-၁၃၅၁) (AD ၁၈၈၅-၁၉၈၉) | |
| ၁၄။ | မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ<br>(ကောဇာ ၁၂၄၁-၁၃၃၇) (AD ၁၈၇၉-၁၉၇၅) | ၄၅၊ ၂၉၇ |
| ၁၅။ | ဧကောဒသမရွှေကျင်သာသနာပိုင်<br>ကြေးမြင့်ဆရာတော်<br>(ကောဇာ၁၂၄၇-၁၃၅၁) (AD ၁၈၈၅-၁၉၈၉) | ၂၉၄ |
| ၁၆။ | သပိတ်အိုင်တောရဆရာတော်<br>(ကောဇာ ၁၂၅၅-၁၃၃၁) (AD ၁၈၉၃-၁၉၆၉) | ၁၀၄၊ ၂၉၉ |
| ၁၇။ | အနောက်ပရက္ကမချောင် ဆရာတော်ဦးဝဏ္ဏာစာရ<br>(ကောဇာ၁၂၆၈ -၁၃၃၇) (AD ၁၉၀၆-၁၉၇၅) | ၆၃၊ ၂၉၇ |
| ၁၈။ | ရွှေဥမင်ဆရာတော်<br>(ကောဇာ ၁၂၇၅-၁၃၆၄) (AD ၁၉၁၃-၂၀၀၂) | ၅၃၊ ၇၈ |

| စဉ် | ဘွဲ့တော်အမည် | စာမျက်နှာ |
|---|---|---|
| ၁၉။ | ပန်းကုံးဆရာတော်<br>(ကောဇာ ၁၂၈၀-၁၃၆၃) (AD ၁၉၁၈ -၂၀၀၁) | ၅၃၊ ၂၉၀ |
| ၂၀။ | ရွှေဒါးတောရဆရာတော်<br>(ကောဇာ ၁၂၈၁-၁၃၇၃) (AD ၁၉၁၉-၂၀၁၁) | ၆၀ |
| ၂၁။ | ဗာရာဏသီဆရာတော်<br>(ကောဇာ ၁၂၈၂-၁၃၅၆) (AD ၁၉၂၀-၁၉၉၄) | ၅၂ |
| ၂၂။ | မွန်ဘုရင် ဓမ္မစေတီမင်း<br>(ကောဇာ ၇၇၁-၈၄၆) (AD ၁၄၁၇-၁၄၉၂) | ၂၆၇ |
| ၂၃။ | လဲဘူးဆရာတော်<br>(ကောဇာ ၁၂၈၄-　　) (AD ၁၉၂၂-　　) | ၁၃၊ ၁၈၊ ၂၂၊<br>၁၁၇၊ ၁၆၈၊ ၁၈၅ |

## မြန်မာရာဇဝင်ပါခေတ်များ

ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်း၊ ဘောင် ဟူသော လင်္ကာဖြင့် မြန်မာ့ရာဇဝင်ပါခေတ်တို့ကို -

၁။ ပုဂံခေတ်　　　　２။ ပင်းယခေတ်
၃။ အင်းဝခေတ်　　　　၄။ တောင်ငူခေတ်
၅။ ညောင်ရမ်းခေတ်　　　　၆။ ကုန်းဘောင်ခေတ်

ဟူ၍ ပညာရှင်များက (၆)ပိုင်း ခွဲခြားထားပါသည်။

ထို့နောက် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ ဗြိတိသျှ ကိုလိုနီခေတ်၊ လွတ်လပ်ရေး ရပြီးနောက်မှသည် ဒီမိုကရေစီခေတ်တိုင်အောင် (၆)ပိုင်း ခွဲခြားထားပါသည်။ ထိုထိုခေတ်များအလိုက် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်ကို ခေတ်အလိုက် ပိုင်းခြားကာ လေ့လာနိုင်ရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(၁)ပုဂံခေတ် (ကောဇာ ၄၀၆-၇၃၀) (AD ၁၀၄၄-၁၃၆၈)
(၂)ပင်းယခေတ် (ကောဇာ ၆၆၀-၇၂၆) (AD ၁၂၉၈-၁၃၆၄)
(၃)အင်းဝခေတ် (ကောဇာ ၇၂၆-၁၁၁၃) (AD ၁၃၆၄-၁၇၅၁)
(၄)တောင်ငူခေတ် (ကောဇာ ၇၅၅-၉၆၁) (AD ၁၃၄၇-၁၅၉၉)
(၅)ညောင်ရမ်းခေတ် (ကောဇာ ၉၅၉-၁၁၁၃) (AD ၁၅၉၇-၁၇၅၂)
(၆)ကုန်းဘောင်ခေတ် (ကောဇာ ၁၁၁၄-၁၂၄၇) (AD ၁၇၅၂-၁၈၈၅)
(၇)ဗြိတိသျှကိုလိုနီခေတ် (ကောဇာ ၁၂၄၇-၁၃၁၀) (AD ၁၈၈၅-၁၉၄၈)
(၈ ) လွတ်လပ်ရေးရပြီးခေတ်
(ကောဇာ ၁၃၁၀-၁၃၂၄) (AD ၁၉၄၈-၁၉၆၂)
(၉ ) တော်လှန်ရေးအစိုးရခေတ်
(ကောဇာ ၁၃၂၄-၁၃၃၆) (AD ၁၉၆၂-၁၉၇၄)
(၁၀) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်
(ကောဇာ ၁၃၃၆-၁၃၅၀) (AD ၁၉၇၄-၁၉၈၈)
(၁၁) တပ်မတော်အစိုးရခေတ်
(ကောဇာ ၁၃၅၀-၁၃၇၂) (AD ၁၉၈၈-၂၀၁၀)
(၁၂) ဒီမိုကရေစီခေတ်
(ကောဇာ ၁၃၇၂-မှ ယနေ့တိုင်) (AD ၂၀၁၀ - မှ ယနေ့တိုင်)

**မှတ်ချက်**။ ။ ရာဇဝင်မှတ်တမ်းများအရ ပုဂံခေတ်ကို (AD ၁၀၇-၁၃၆၈)တိုင် မင်းဆက် ၅၅-ဆက်၊ ကာလအားဖြင့် စုစုပေါင်း ၁၂၆၁-နှစ်ကို ပုံဂံခေတ်ဟု မှတ်တမ်းတင်ထားပါသည်။ ဤစာအုပ်၌ ပုဂံခေတ်ကို ယူရာတွင်မူ ဗုဒ္ဓသာသနာတော် ပုဂံမြေ၌ စတင်ခဲ့သည့် မင်း အနော်ရထာ နန်းစံသက်မှသည် မင်းစောမွန်နစ် လက်ထက်တိုင် ၃၂၄-နှစ်ကိုသာ သာသနာတော်နှင့် သက်ဆိုင်သဖြင့် ပုဂံခေတ်ဟု ပြထားခြင်း ဖြစ်ပါသည်။